www.burmeseclassic.com

# စနနွယ်ဝင်းမြိုင်

ချစ်သူတို့ပွဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## ချစ်သူတို့ပွဲ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၆၂၀၆၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၃၁၃၀၆၀၀

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၀၀၉)ချစ်မင်းလျှံစာပေ
အမှတ်-၄၃(က)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### နိုင်ငံတော်တာဝန်သုံးရပ်

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com





# နေနွယ်ဇင်မြင့်

## ချစ်သူတို့ပွဲ




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ကြက် · ဥ

တယ်လီဖုန်းခေါ်သံလား၊ နာရီနိုးစက်သံလား ... မကွဲပြားစွာ၊ နားညည်းစွာ ... အိပ်ရာမှ နိုးလာရလေ၏။

ဩော် ... ဖုန်းခေါ်သံပဲ။

တယ်လီဖုန်း မြည်နေ၏။ မေမေ့အစီအစဉ်ဖြင့်၊ အဲသည် ... လိုင်းဖုန်းရဲ့ လိုင်းခွဲတစ်ခု အခန်းထဲ ရောက်လာရခြင်းက အိပ်ရေးကို ကောင်းကောင်းဖျက်တော့၏။

"ဖုန်းဆို ... သားလေး ဖုန်းချည်းပဲ။ သားကလည်း အိပ်ပြင်ထွက်လည်ရင်လည်၊ မလည်ရင် အခန်းထဲအောင်း ... ဆိုတော့၊ ဖုန်းလာရင် အပြင်ထွက်ပြီး လာကိုင်စရာ မလိုတော့ဘူးပေါ့" ... တဲ့။

"အေးလေကွာ ... ဖုန်းလာရင် ပြေးလွှားများလည်း ကိုင်ဦးမှပေါ့။ ခုတော့ ... အဘိုးကြီးက ပြေးကိုင်လိုက်ရ၊ အဘွားကြီးက ပြေးကိုင်လိုက်ရ ... ခေါ်ပေးရပလားဆို ... သားလူပျိုလေး"

မင်းအံ့ထူးက တယ်လီဖုန်း ကိုင်ရမှာ တော်တော်ကြောက်သူဖြစ်၏။ ကြောက်ဆို ... ကိုယ့်အပေါင်းအသင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ကိုယ်အသိဆုံးမို့ပါ။ ဖုန်းလာလျှင် ဖေဖေ့ဖုန်း၊ မေမေ့ဖုန်း ဆိုတာကလည်း မရှိသလောက်ရှားလျက်၊ ကိုယ့်ဖုန်းချည်း။ အဲသည်ဖုန်းတွေကလည်း ကိုယ်လက်ခံမပြောချင်သော ဖုန်းတွေချည်း။ ဒီတော့ ဖုန်းမြည်သံကြားလျှင် ကိုယ့်အိပ်ခန်းထဲက ထွက်ပြီး ကိုင်ချင်စိတ်ကို မရှိ။ ကိုင်ချင်စိတ် မရှိတာထက် ... လက်ခံမပြောချင်လို့ ကိုင်ရမှာ ကြောက်စိတ်က ပိုပါသေးသည်။

"ထားလိုက်စမ်းပါ မေမေရာ ... မကိုင်ပါနဲ့"

"ဖြစ်မလား သားလေးရဲ့ ... အရေးတကြီးဖုန်း ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"မေမေ မလွဲမသွေ သိကိုသိရမဲ့အကြောင်း၊ သိမှဖြစ်မဲ့ ကိစ္စဆိုရင် ဖုန်းဆက်လို့မရလည်း ... အဲဒီသတင်းဟာ မေမေ့ဆီကို တစ်နည်းနည်းနဲ့ မလွဲမသွေ ရောက်ကိုရောက်လာမှာပဲ၊ စောတာနဲ့ နောက်ကျတာပဲ ကွာမယ်"

"ကိုမင်းအံ့လူးရေ ... ဆင်ခြေမတက်ပါနဲ့၊ ဖုန်းလာရင် ကိုယ်တော်လေးပဲ လာကိုင်တော်မူပါ"

မေမေ မျက်စောင်းထိုးလျှင် အရမ်းချစ်ဖို့ကောင်းသည်။ အဲသည်လို ချစ်ဖို့ကောင်းမှန်း သိလို့ပဲလား ထင်ပါရဲ့ ... မေမေက ချစ်မျက်စောင်းကလေး ... တစ်နေ့ကို အနည်းဆုံး ဆယ်ကြိမ်လောက်တော့ ထိုးတတ်၏။ ခုလည်း မျက်စောင်းလေး ထိုး၍ ပြောနေသည်။

"မေမေ မျက်စောင်းထိုးပုံလေးက တော်တော်လှတယ်။ ရုပ်ရှင်မင်းသမီး မြင့်မြင့်ခိုင်လိုပဲ"

တစ်ခါတုန်းက ပြောမိခဲ့ ...



"မင်းအမေလည်း ရုပ်ရှင်မရိုက်လို့သာကိုး ... ရိုက်များရိုက်ရင်၊ အဲဒီမျက်စောင်းလေးနဲ့တင်၊ အကယ်ဒမီရမှာ"

ဟု ဖေဖေက အားရပါးရကြီး ဝင်ပြောခဲ့ဖူး၏။

"မျက်စောင်းမြားက ဖေဖေ့ရင်ညွှန့်တည့်တည့် စိုက်တယ်ပေါ့လေ။

"မင်းအမေကို မှာထား၊ အဖေနဲ့ သားနဲ့ကလွဲရင် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ... ဘယ်သူ့ကိုမှ မျက်စောင်းမထိုးရ။ မိန်းမချင်း မျက်စောင်းထိုးရင်လည်း၊ သူလိုလှအောင် မထိုးတတ်ဘဲနဲ့၊ လှမလားလို့ လိုက်ထိုးကုန်ကြရင် ...

"မိန်းမသားထုကြီး တစ်ရပ်လုံး မျက်စိစွေယိမ်းထွက်ကုန်ကြရမှာ စိုးတယ်။ ယောကျ်ားတွေကို သွားထိုးမိရင်လည်း ... ရည်ညွှန့်တွေစိုက်ပြီး၊ ယောကျ်ားတွေ ဓားခုတ်ပွဲ ဖြစ်ကုန်မှာ စိုးရတယ်"

ဖေဖေက ပြောပြီး ရယ်တော့ မေမေက မျက်စောင်းကိုပဲ ထပ်ထိုးနေပြန်သေး၏။ အဲသည်မျက်စောင်းလေးကို ချစ်စနိုးထိုးပြီးကာမှ မေမေက ဦးနှောက်ထဲ မီးလုံးတစ်လုံး ထလင်းပုံနှင့် ...။

"သားအိပ်ခန်းထဲမှာ အိပ်က်စ်တင်းရှင်း(လိုင်းခွဲ Extension) ဆွဲပေးထားလိုက်မယ်။ သားမရှိရင် အပြင်ကဖုန်းကို မေမေတို့ ကိုင်မယ်။ သားအိမ်မှာရှိတုန်း၊ ဖုန်းလာရင် မေမေတို့ ဘယ်တော့မှ မကိုင်ဘူး၊ သားက အိပ်ခန်းထဲမှာ ကွန်မြူတာတစ်လုံးနဲ့ နေနေကျဆိုတော့ ... သားလေးဘာသာကိုင်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက သား ... သားလေး ... ဟူ၍ ချစ်စနိုးခေါ်လေ့ရှိသလို၊ စိတ်တိုဒေါသထွက်ပြီ ဆိုလျှင်တော့ "ကိုမင်းအုံထူးရေ ..."ဟု ခေါ်တတ်၏။

ဘာပဲဖြစ်ဖြစ် ... ခုတော့ ... တယ်လီဖုန်းက မြည်နေပြီ။ ကိုယ့်ခုတင်ဘေးနားမှာတင်ရှိသော တယ်လီဖုန်းခွက်ကိုမှ ကောက်မကိုင်လျှင်၊ ဖေဖေက အိမ်ရှေ့ဧည့်ခန်းမှ နားညည်းပြီး အခန်းထဲဝင်လာ၊ ဒေါသနှင့်ဆွဲထူ၊ စကားပြောခွက်ကို နားနှင့် တပ်ပေးသွားတာမျိုး လုပ်မှာသေချာ၏။ ဖေဖေ့စိတ်က ခပ်တိုတိုရယ်။ လောကမှာ ... ဖေဖေ စိတ်ရှည်တာဆိုလို့ မေမေတစ်ယောက်တည်းရယ် ... ဟု တွေးမိတော့ ပြုံးဖြစ်ရသေးသည်။

စကားပြောခွက်ကို မ,လေ၏။

"ဟယ်လို"

"ကျေးဇူးရှင်"

ကျေးဇူးရှင် ... ဆိုပဲ။ ဘယ်က ကျေးဇူးစားများ ဖုန်းဆက်ပါလိမ့်။ အသံကို ကောင်းကောင်းမမှတ်မိချင်။ တကယ်မမှတ်မိတာလား၊ အိပ်မှုန်စုံမွှားနှင့်မို့ မသေချာတာလားတော့ မပြောတတ်ချေ။ အခန်းထဲရှိ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်တော့ ... ခြောက်နာရီ။ မနက်ခြောက်နာရီ ဆိုတာ မင်းအုံထူး အိပ်ရာမှ ထသည့်အချိန် မဟုတ်ဘူးလေ။

"ဘယ်က ကျေးဇူးစားလဲ။ ဒီမှာအိပ်တုန်း"

"ဟေ့ကောင် ဖုန်းမချလိုက်နဲ့နော်၊ ဒီအချိန် အိပ်ရာထ မထဘူးဆိုတော့ မင်းက ရှင်ဘုရင်လား"



"ရှင်ဘုရင်ဆို ... နိုးတာကြာလှပြီ။ မသိရင် မှတ်ထား၊ ရှင်ဘုရင်ဆိုတဲ့ အမျိုးအစားက ညဉ့်သုံးယံမှာ တစ်ယံပဲ အိပ်တယ်တဲ့။ အိပ်ပုပ်ကြီးနေရင် သူများသတ်လို့ သေရော ပေါ့"

"ငါ့ကို ကူပါဦးကွ"

"အံ့ပါရဲ့။ မင်းအုံထူး ကိုယ်တိုင် အုံ့ဩလိုက်ရတဲ့ ပြဿနာပဲ။ အကူအညီကိုများ ... မနက်ခြောက်နာရီ ထတောင်း ရတယ်လို့"

"ခုနစ်နာရီဆို ... သူက ... ကလေးကျောင်းပို့ရာက ပြန်လာပြီကွ၊ ခုနစ်နာရီအမီ"

"ကျော်မကောင်း ကြားမကောင်း၊ ဘယ်က ကလေးအမေ ကြီးကို သွားပြစ်မှားနေလဲကွာ ... ပြဿနာပဲ"

"ဟေ့ကောင် ... ကလေးရဲ့အဒေါ်၊ အပျိုစင်ကလေး"

"တော်သေးတာပေါ့"

"ငါ တကောက်ကောက် လိုက်နေတာတော့ ကြာပြီကွ။ ငါလိုက်နေမှန်းလည်း သူ သတိထားမိမှာပါ။ တစ်ခါမှတော့ စကားမပြောရသေးဘူး။ လူချင်းကလည်း မသိတော့ ဘာကစပြောရမှန်း မသိဘူး၊ လုပ်စမ်းပါ။ ဘယ်နည်းနဲ့ ဝင်ရမလဲ"

"မည်သည့် အတိုင်ပင်ခံပုဂ္ဂိုလ်မဆို ... တိုင်ပင်နိုးနှောခ ဆိုတာ ရှိမြဲ ..."

"အောင်မြင်ရင် ... ဝမ်းတောဘယ်လ်ကွာ။ အစားတောင်မကျ ဘူး၊ အသောက်လည်း ပါစေရမယ်၊ စိတ်ချ"

www.burmeseclassic.com



"အကြံဉာဏ်က ရှေ့ကပြေးနေရပြီ။ အစားအသောက်က အောင်မြင်မှုဆိုတာ ... နည်းလမ်းမကျဘူး။ ငါ့အကြံဉာဏ်က ထိပ်တန်းပေမဲ့ မင်း အကောင်အထည် ဖော်ပုံက အသုံးမကျရင် အောင်မြင်ချင်မှ အောင်မြင်မှာပေါ့ကွ။ အဲဒီအခါကျ ... ငါ့မှာ နေရင်း ထိုင်ရင်း အကြံဉာဏ်တစ်ခု မဆုံးရှုံးရဘူးလား"

"ဒီညနေ ကျွေးမယ်ကွာ ... ပရောမစ်စ်"

မင်းအံ့ထူးက ဟက်ခနဲ ... တစ်ချက်ရယ်လိုက်သည်။ ညီချစ်ကိုများ ဖြစ်လိုက်လျှင် အသည်းအသန်။ တစ်ခါမှ ... ရည်းစားရဖူးဖို့ဝေးစွ၊ စကားကောင်း လိုက်မပြောဖူးသည့်ကောင်။ တလောကမှ ... ငါသဘောကျနေတာ တစ်ယောက်တွေ့ပြီ ... ဟု ပြော၍ ဝိုင်းရယ်ကြရသေးသည်။

"လိုတဲ့အခါ အကူအညီပေးဖို့ စိတ်ကူးထား" ... တဲ့။

မင်းအံ့ထူးဟာ ဘွားယ်လိုက အယ်လို ... အဲသည်လို ဖြစ်သွားရမှန်း မသိ။ မင်းအံ့ထူး ဖွံ့လွန်းလို့ဟုဆိုကာ ... နည်းလမ်းကလေးများ စွန့်ကြပါ ... ဆိုသော ရည်းစားစကားပြောနည်း တောင်းသည့် သူတောင်းစားတွေ ပေါ်ပေါက်လာလိုက်ကြတာ၊ တစ်ယောက်ကစ ... တစ်ရာဆိုသလို၊ ပြန့်ကားသွားခဲ့ရသည်ပင်။

"ဒီကောင့်နည်းတွေက ဟန့်တယ်" ... တဲ့။

စင်စစ် ... ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို သေလုမြောပါး ချစ်ပြီး လိုက်ပြီဆိုလျှင်၊ ကောင်မလေးဘက်မှာ လက်မခံနိုင်သည့် ခါးသီးမှု တစ်ခုခုသာ



မရှိပါက ... မေတ္တာဟူသည် (အချစ်စစ်စစ်ဆိုလျှင်) အသွားအပြန် ရှိတတ်တာများပါသည်။ သူ့အလိုအလျောက် ဖြစ်ကိုဖြစ်တော့မည့် အခြေအနေမှာ မင်းအံ့ထူး အကြံဉာဏ်က ဝင်ရောက်နှမ်းဖြူးရုံသာ။ သို့ပေမဲ့ ... မင်းအံ့ထူး နာမည်ကောင်း ထွက်လာသည်။ ဆရာကြီးလိုင်း ဝင်သွားသည်။ မင်းအံ့ထူးက လက်မထောင်၏။

"ငါနဲ့ တိုင်ပင်ရင် ဝမ်းတေဘယ်လ်"

ကိုယ်ချစ်နေသည့် မိန်းမသားထံမှ အချစ်ကို မလွဲမသွေရဖို့အတွက် ထိုက်တန်သော အကြံဉာဏ်ဆိုတာ ဝမ်းတေဘယ်လ် အယ်က,ပါ့မလဲ။ အကူအညီတောင်းသူများက ဆယ်ဆလောက်တောင် ကျွေးချင် မွေးချင် သဒ္ဓါစိတ် ဖြစ်ကြပါသေးသည်။ ဤနည်းအားဖြင့် သတင်းပွားကာ ...

"မင်းအံ့ထူး ပို့ချသော သင်တန်း" ... ဆိုတာဖြစ်ပေါ်လာရတော့၏။

"မင်းကောင်မလေးက ဟော့ရှာ့ထဲကလား။ ညင်သာညက်သောရဲ့လား၊ ခေတ်နောက်မှာ ကျန်ရစ်တာလား"

"ညင်သာညက်သောရဲ့ပဲ။ ခေတ်နောက်မှာလည်း မကျန်ရစ်ဘူး၊ ခေတ်ရှေ့လည်း မပြေးဘူး"

"ဆံပင်"

"အနက်ရောင်"

"အရှည်"

"ကျောလယ်လောက်ပဲ"

"မားလျားချထားတယ်ပေါ့"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ... မိန်းကလေးတစ်ယောက် နောက်သို့လိုက်၍ (ရည်းစားစကား ပြောဦးမှာ မဟုတ်၊ စောသေးသည်) မိတ်ဖွဲ့စကားပြောရုံ အရေးကိစ္စမှာ ဆံပင်ရောင်နှင့် အတိုအရှည်ဟာ ဘယ်လိုသက်ဆိုင်နေသလဲ ... မေးသူခမျာ နားမလည်ပေမဲ့ မင်းအုံထွူးကတော့ (လိုအပ်လို့လား၊ စတိုင်ထုတ်တာလား၊ ကိန်းကြီးခန်းကြီး လုပ်တာလား မသိပါ) သိထားရန် လိုအပ်သော အချက်အလက်များ အဖြစ် မေးမြန်းဖြစ်၏။

"အင်္ကျီဘာဝတ်လဲ၊ ဘလောက်စ်ပေါ့။ ဟုတ်လား"

"အေး၊ ထဘီတော့ မဟုတ်ဘူး၊ စကတ်ထင်တယ်။ ဘောင်းကွဲတွေ နောက်ကွဲတွေလည်း မဟုတ်ဘူး။ ထဘီဖုံးသလိုပဲ ဖုံးထားတယ်၊ ထဘီစစ်စစ်တော့လည်း မဟုတ်ဘူးကွ။ မင်းမေးမှသိလို့ ကြံပြောတာ။ အဲဒါမျိုး နေ့တိုင်းဝတ်တယ်"

"ဒီလောက်ဆို ရပြီ။ အလွယ်လေး။ ရယ်ပြလိုက်ပေါ့ကွ။ စပ်ဖြီးဖြီးတော့ မဖြစ်စေနဲ့ပေါ့။ မင်းမျက်နှာလေးကို အရိုးသားဆုံး လုပ်ထားလိုက်။ နေ့တိုင်း ကလေးကျောင်းပို့တယ် ထင်တယ်နော်၊ ကျွန်တော်လည်း ဒီအချိန် အမြဲလမ်းလျှောက်လေ့ရှိတော့၊ တွေ့တွေ့နေရတယ် ... လို့ပြော ..."

"ပြီးရင် ... နာမည်တစ်ခုပြော။ ခန့်ညားဖြစ်ဖြစ်ပေါ့ကွာ၊ အဲဒီကောင် နာမည်ကို သုံးလိုက်၊ ခန့်ညားဘယ်ရောက်နေလဲ၊ သင်္ဘောမှာပဲလား၊ မြန်မာပြည် တစ်ခေါက် ပြန်မဝင်ဘူးလား၊ မတွေ့တာ ကြာပြီလို့"



"ခန့်ညားက ဆရာဝန်၊ ညဘက်တောင် ဆေးခန်းထိုင်နေတဲ့ကောင်၊ ဘယ်မှာ သင်္ဘောတက်လို့လဲ၊ နေ့တိုင်းလည်း တွေ့နေတဲ့ဟာ၊ တော်ကြာရင်တောင် သူ့အိမ် ... ကော်ဖီဝင်သောက်ဦးမှာ"

"ဟော့ကောင် ... ခန့်ညား သင်္ဘောတက်မတက် ဘယ်သူက လိုက်စစ်မှာမို့လို့လဲ။ ငါနိုင်းသလိုသာပြော"

"ပေါက်ပြီ။ ပြီးတော့ရော"

"ဟိုက အံ့သြသွားမှာပေါ့။ မင်း ဘာတွေလာပြောနေတာလဲ၊ ဘယ်သူနဲ့ မှားတာလဲ ထင်မှာပေါ့။ သူက တစ်ခုခုတော့ ပြန်ပြောမှာပေါ့၊ မင်းက ... ခန့်ညားညီမ တစ်ဝမ်းကွဲမဟုတ်ဘူးလား၊ ဘာညာ ... ရှိးပေါ့၊ အသိဖြစ်သွားရော ...

"နောက်နေ့တွေ တွေ့တိုင်း ရယ်ပြ ပြုံးပြ နှုတ်ဆက်။ တည်ကြည်ပစေ။ မင်းရင်ထဲက အစစ်အမှန်ဆိုရင် နည်းနည်းလေးမှ စပ်ဖြီးဖြီး မဖြစ်စေနဲ့။ မျက်နှာပိုးသတ်။ 'မင်းကောင်မလေးက ဟော့ရှော့လိုင်းက ဝင်လို့ရမဲ့ပုံမပေါ်ဘူး ..."

"ပြီးတော့ရော"

"လူချင်း သိဖို့ ခင်ဖို့ အရင်လေကွာ။ မင်းတကယ်ကြိုးပြောတော့မယ်ဆိုတဲ့ နေ့ကျတော့မှ တစ်ခါထပ်သင်ပေးမယ်၊ ရပြီလား"

"အေး ... ကြိုးစားကြည့်မယ်။ မင်းပြောတာ ကောင်းတယ်။ ကူညီရတယ်။ မင်းလို ဘာဖြစ်လို့ ငါမစဉ်းစားမိတာလဲ။ မင်းနည်းက သိပ်လည်းမခက်ဘဲနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ညှံ့တာကိုး။ ဘာမဟုတ်တာလေးမှ မတွေးတတ်အောင် ဖျင်းတော့ တစ်ပွဲစာ အကုန်ခံပေတော့"

"ဒါပဲ ... ဒါပဲ၊ ငါ သွားတော့မယ်"

"တော့ကောင်၊ ဂွဒ်လပ်ခ်၊ အောင်မြင်ပါစေ"

"ကျေးဇူး"

ညီချစ် ဖုန်းချသွားတော့သည်။

မင်းအံ့ထူးက ကိုယ်ပေါ်မှာ တင်ထားသော ချည်စောင်ပါးလေးကို ဆွဲတင်လိုက်၏။ အခန်းထဲမှာ လေအေးပေးစက်ဖွင့်ပြီး ချည်စောင်ပါးပါးလေး ခြုံအိပ်ရတာကို သူ အလွန်သဘောကျသည်။ သူ့အခန်းထဲမှာ နွေနွေ မိုးမိုး၊ ဆောင်းဆောင်း၊ အဲဒွန်း အမြဲဖွင့်ထားသည်။ နွေဆို ချည်စောင်ပါးလေး အနားယူ၏။ မိုးနှင့် ဆောင်းမှာ ချည်စောင်လေး အလုပ်ခွင် ဝင်ရရှာသည်။

အပြင်မှာ မိုးကလေးအုံ့လျက်၊ ဖွဲဖွဲကလေးတောင် မရွာသေး။ ဤရာသီဥတုနှင့်မှ ညီချစ် ဆိုသည့်ကောင် လမ်းလျှောက်ထွက်တယ် ... ပြောလို့ ကောင်းမှာလေ။ မိုးရွာထဲ ထီးဆောင်းပြီး လိုက်ရလို့ကတော့ ... လမ်းလျှောက်ရတာ မြိန်လိုက်တာ ... ဟု ဘယ်ပြောလို့ ဖြစ်ပါ့မလဲ။

"ဟာကွာ"

ပြန်အိပ်မည် ကြံကာရှိသေး၊ ဖုန်းမြည်ပြန်၏။ ဒီဆန်းဒေးလေးတစ်ရက် ... တစ်ပတ်မှာ အိပ်ရေးဝဝ အိပ်ရတာ။ ဒါတောင် ... ဒီတစ်ရက်ကလေး ... ဖေဖေ့ထံမှာ တိုက်ယူထားရတာမို့ ... တိုက်ယူထားရသော အားရက်တစ်နေ့ဟု မေမေ့ထံမှာ ရယ်၍ ပြောခဲ့ဖူးသေးသည်။ ဖေဖေ့လောက် အလုပ်လုပ်တာမရှိ၊



အလုပ်တွေ အများကြီး လျှောက်လုပ်သူတွေ ရှိမည်ထားဦး ... ဖေဖေ့လိုလူမျိုး များများစားစား ရှိမည်မထင်ပါ။ ဖေဖေ ရှေ့က လျှောက်လုပ်သမျှ မင်းအံ့ထူး အနောက်မှလိုက်၍ လုပ်ရ၏။ ဖေဖေက ချက်ချောင်း ခိုင်းတတ်လွန်း၏။ ဒါတောင် လုပ်ငန်းခွင်ထဲ တကယ်သွင်းသေးတာ မဟုတ်ဘူးဆိုပဲ။

"ခြောက်လတိတိ လေ့လာ၊ ဖေဖေ ခိုင်းတာလုပ်၊ ခြောက်လကျော်ရင်၊ သားကို ခွဲပေးမဲ့ ဘရန့်ချ် Branch တွေအတွက် သားသဘောနဲ့သားလုပ်။ ကောင်းရင် ချီးကျူးမယ်၊ ညံ့ရင် နစ်ပြားမတန်အောင် ဝေဖန်မယ်။ အဲဒါ ... ယောကျ်ားကောင်း အရည်အချင်း ပြသဖို့ အခွင့်အရေးပဲ ...

"ယောကျ်ားဆိုတာ ဓနိးသည်ရဲ့ အားကိုးခြင်းကို ခံယူရမယ်၊ သားသမီးတွေရဲ့ရှေ့က မီးရှူးတန်ဆောင်ဖြစ်ရမယ်။ မိခင်နဲ့ နှမတွေရဲ့ မှီခိုအားထားရာ ဖြစ်ရမယ်။ ယောကျ်ားကောင်း ဝီအဲအောင် ကြိုးစား" ... တဲ့။

"တနင်္ဂနွေတစ်ရက်တော့ ကျွန်တော့်ကိုယ်ပိုင်နေ့ ဖေဖေရာ"

အဲသည်လို ဖွင့်ပြောတာတောင် အင်ထင်တင်း။ ဖွင့်ပြောပြီး၊ အလုပ်ကို ဖွင့်မသွားဘဲ ပေကပ်နေ၊ ဆူတော့လည်း ခံလိုက်၊ ဆန်းဒေးတစ်ရက်တော့ ကိုယ်ပိုင်နေ့ ဖွင့်လုပ်ခြင်းဖြင့် ရက်သတ္တပတ် ဆယ်ပတ်တိတိရှိမှ ဖေဖေ့ အဆူအပူမှ လွတ်တာ ... ငါ ခွင့်မပြုလည်း သင်းက ဖွင့်ယူနေတဲ့တူတူ" ... ဟု ပြောကာ ခွင့်ပြုသည်လည်းမဟုတ်၊ မပြုဘူးလည်း မဟုတ်၊ တရားဝင်အသိအမှတ်မပြုသော နားရက်အဖြစ် မသိကျိုးကျွင် ပြုပေးလျက် အဆူအပူ ခံရခြင်းမှ လွတ်ကင်းခဲ့တာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

ပျင်းတိပျင်းရွဲပဲ ထူးလိုက်၏။ အိပ်ရေးပျက်လိုက်တာ လွန်ပါရော။ ဒီ တစ်နေ့ကလေးတောင် နေထွက်အောင်မအိပ်ရ၊ မိုးမှမလင်းသေး ... ဖုန်းတွေက မြည်ပြီ။

"မင်းအုံ"

"ခင်ဗျာ"

မှတ်ထား။ ရွဲ့ပြီး ထူးလိုက်တာ။ အသံကို မှတ်မိလို့မဟုတ်၊ မိန်းမသားငယ်ငယ် အသံမို့ ရွဲ့လိုက်တာ။ မိန်းကလေး ငယ်ငယ်တွေ ဖုန်းဆက်ကြ (မိတ်ဆက်ကြ၊ အလကားနေရင်း အကြောင်းမရှိ အကြောင်းရှာ စကားတွေပြော၊ ထမင်းစားဖိတ်၊ ကော်ဖီဆိုင်ဖိတ်၊ ကိုယ်ရေးရာဇဝင်စပ်စု)တာ များလွန်းလို့၊ စကားပြောဆဲမှာသာ ဖလိုက်ဖလျော၊ နောက်ပိုင်းဆို ... သူတို့နာမည်တွေလည်း မမှတ်မိ၊ အသံတွေလည်း မမှတ်မိ၊ အပြင်မှာတွေ့ဖူးဆုံဖူးသူ တချို့ဆိုလျှင်တောင် မျက်နှာကိုပါ မမှတ်မိတာတွေ ရှိတတ်သေး၏။ အဲသည် ... မေ့မှု ... အတွက် ရန်တွေ့ခံရ၊ ထုထောင်းရိုက်ပုတ် ဆွဲဆိတ်ခံရတာမျိုးတွေလည်း ကြုံရတာပင်။

"တယ်ရိုသေလေးစားနေပါလား မင်းအုံရဲ့၊ ကျွန်မ ဘယ်သူဆိုတာရော မှတ်မိလို့လား"

"အင်း ... ကျွန်မလို့ ပြောတတ်တဲ့သူ ကိုးဆယ့်ကိုးယောက်ထဲကဆိုရင် ... ဆိုရင် ..."

"သွား ... အဲဒါတွေပေါ့၊ အဲဒီအမျိုးတွေပေါ့၊ တို့ ကုတ်ဆွဲချင်တာ"

"တို့လို ပြောတဲ့သူက ကိုးဆယ့်ရှစ်ယောက်"



"သိပ်ကြွားနေတယ်ပေါ့"

"ဒါတောင် လျှော့ထားတာ။ ဟိုတ် ... နှုတ်ခမ်းငှမနေနဲ့။ တော်ရုံမိန်းကလေး ... နှုတ်ခမ်းစူရင် သိပ်အလှပျက်တာ။ ဟို ... ရှေးရှေးတုန်းက"

"ပုံပြောမလို့လား။ 'ပုံလာလာပြောတိုင်း ယုံတတ်တဲ့သူ မဟုတ်ဘူး"

"အဘွားပြောဖူးတာပေါ့။ အဘွားတို့ခေတ်က အလှဘုရင်ခင်မြရင် ဆိုတဲ့ မာတ်ရှင်မင်းသမီး"

"ရုပ်ရှင်မင်းသမီး ပြောစမ်းပါ"

"အဘွားက မာတ်ရှင်လို့ ပြောတာ"

"ထားပါတော့"

"အဲဒီ ... ဒေါ်ခင်မြရင်ပေါ့နော်။ သူဟာသူ့ခေတ်မှာ အလှဘုရင်မဘွဲ့ ရတယ်တဲ့။ သူဟာ ဘယ်တော့မှ မမဲ့ဘူး၊ နှုတ်ခမ်းမစူဘူး၊ အမြဲ ပြုံးပြုံးလေး နေတယ်တဲ့။ အသက်ကြီးလာ ဘတောင် သူ့မျက်နှာပေါ်မှာ ဇရာရဲ့ အရေးအကြောင်း တစ်တွန့်တစ်ကြေ မရှိဘူးတဲ့။ သူ့မာတ်ပုံနဲ့ ဆေးကြော်ငြာရိုက်တော့ စာတန်းလေးက မအိုသေးတဲ့သူ၊ အပျိုလေးနဲ့ တူတဲ့"

"ဒီမှာ ပြုံးနေပြီ"

"ကောင်းတာပေါ့။ အဲဒီဘက်က ပြုံးနေပေမဲ့ ဒီဘက်မှာတော့ အာပုပ်စော် နံနေတယ်"

"အမယ်လေး ရွံ့လိုက်တာ"

"မျက်နှာ မသစ်ရသေးဘူးကွ"

www.burmeseclassic.com



"အိပ်ကာခါနီးတုန်းက သွားမတိုက်ဘူးလား"

"အဲဒါ ... မမှတ်မိဘူး၊ မေ့သွားပြီ၊ တိုက်ဖြစ်လား၊ မတိုက်ဖြစ်လား"

"ကျွန်မ ဘယ်သူဆိုတာရော မှတ်မိရဲ့လား"

"ကာယကံရှင် ကိုယ်တိုင် နာမည်ဖွင့်ပြောရင် ဒီနေ့ တစ်နေ့စာ မှတ်မိအောင် မှတ်ထားလိုက်ပါ့မယ်"

"အဲဒါတွေ မုန်းတာ"

"ဟုတ်ကဲ့ ... တို့ သီချင်းတစ်ပုဒ် ရတယ် သီလား။ ခေတ်ဟောင်းလေးပဲ။ ဖေဖေ ဆိုဆိုနေလို့ ကြားဖူးပြီး ရနေတာနားထောင်။ ချစ်ပါရစေ ... အသနားခံသော်လည်း ... ငြင်းပယ်တယ် ဂုဏ်မြင့်သူကကွယ် ... မောင့်အပေါ်ဝယ် ... ဂုဏ်ရည်မတူလို့လား ... ရွှေစပယ်ဖြူ ... ပန်ချင်သူကများ ... များတယ်။ မသနားပဲ ... ရက်စက်တယ်"

"ယူ့အသံ တော်တော်ကောင်းမှန်း ကြားဖြန်တာပေါ့လေ"

"ချစ်လို့ ... အဲ ခင်လို့၊ အဲ ... မင်လို့ စ,တာပါ ရွှေစပယ်ဖြူရယ်။ ဦးခင်မောင်ဖြူရဲ့သမီး ရွှေစပယ်ဖြူရယ်။ ဖြူပါတယ်လည်းဆိုသေး၊ ရှေ့က ရွှေထည့်ထားတယ်။ တကယ်ဆို ... ငွေစပယ်ဖြူ ဖြစ်ရမှာ၊ ခြော် ... သူ့အမေက ဒေါ်တင်တင်ရွှေကိုး။ ရွှေစပယ်ဖြူပဲ ဖြစ်ရတော့မှာပေါ့"

"ကြည့် ... သူသိသားနဲ့"

စကားပြောခွက်ကို မင်းအံ့ထူးဘက်ကပဲ စ,ချလိုက်တော့သည်။ ရွှေစပယ်ဖြူ ... ဆိုသည့် သူဌေးသမီးက သူ့ဘက်မှစ၍ ဖုန်းဆက်ရုံလောက်ထိသာ အတ္တလျှော့လျက်၊ တစ်ဖက်



...မှစ၍ ဖုန်းချသွားပြီ ဆိုလျှင်တော့ ဒုတိယအကြိမ် ပြန်ခေါ်...ထိ မာနချတတ်သူ မဟုတ်မှန်း သိထားတာပင်။ ပြီးပြီပေါ့။ ...ရေးလောက်ပဲရှုရ၊ ပြန်နှပ်လိုက်ဦးမည်။

ပြန်နှပ်ပါမည် ဆိုသော်လည်း ... တကယ်တမ်း... ... အိပ်ပျော်တော့မည် မဟုတ်ပါ။ မျက်စိမှိတ်ရင်း ဟိုတွေး...တွေး။ အတွေးထဲမှာ ရွှေစပယ်ဖြူကို မြင်ယောင်လာ၏။ ...ဖြူးလှစွာသော မိန်းကလေး မိတ်ဆွေတွေထဲမှာ တချို့ဆို ...ဘယ်ကို မမှတ်မိတာပါ။ တချို့ကျတော့ အသံရော လူရော၊ ...နေကျ အသုံးအနှုန်း စကားလုံးလေးတွေကအစ မှတ်မိလိုက်...။ တချို့ကျတော့ ပြောရင်းမှ တွေးရင်းမှ မှတ်မိလာရတာ။ ...ပယ်ဖြူကို ပြောကာစက မမှတ်မိပါ။ သူ့ကိုယ်သူ "ကျွန်မ" ...လိုက်၊ "တို့" ပြောလိုက်။ တစ်ခါတလေကျတော့ ... စပယ်...လေ ... တဲ့။ ကိုယ့်ကိုကျတော့ "မင်းအံ့"လို့ပဲခေါ်၏။ များ...အားဖြင့် မိန်းကလေး တော်တော်များများက ကိုယ့်ကို "...င်းအံ့"လို့ပဲ ခေါ်ကြသည်။ သူငယ်ချင်းဖုန်းပြောင် (သူ့နာမည်...ခေါင်၊ ငယ်ငယ်ရွယ်ရွယ်နှင့် ... ဆေးစားပဲ မှားသလားမသိ ...အဆံပင်တွေ ကျွတ်ပြီး ပြောင်ပြောင်လာသည်မို့ အဖွဲ့ကဝိုင်း...သော နာမည်)က ကိုယ့်ကို "မင်းအံ့ ဆိုတော့၊ မင်းပဲအံ့။ ...အံ့တော့ဘူး" ... ဟုပြောတာ။ အဲသည်တုန်းက ...

"အဲဒါ ဟာသလား ... ရယ်လည်း မရယ်ရပါလား၊ ...ရလို့ ရယ်တောင် ရယ်ချင်လာပြီ ဝါးဟားဟား" ... ဟု...ရယ်ပေးလိုက်ခဲ့တာ အတွေးထဲဝင်တော့ ပြုံးမိရသေး၏။ ...စပယ်ဖြူဟာ အိမ်အထိ အဝင်အထွက်ရှိသူ ဖြစ်သည်။ မိဘ

www.burmeseclassic.com

www.burmeseclassic.com



ချင်းလည်း ခင်၏။ မိတ်ဟောင်း ဆွေဟောင်းတွေမို့ တော်တော် … ငယ်ငယ်ကတည်းက ခင်လာခဲ့တာ၊ ငယ်ပေါင်းဟုတောင် ပြော… နိုင်ပါသည်။ သို့ပေမဲ့ ... မင်းအုံ ... သူ့ကို သိပ်မကြည်ပါ။ သူ… ထက် သူ့အမေကို ပိုမကြည်တာဖြစ်၏။ သူ့သမီး ... မင်းအုံ့နှ… အပေါင်းအသင်း ဖြစ်ရတာကိုပဲ "နာအုံ့"ထင်သည့် အမျိုးသမီး… ကြီး။

"ဒီကောင်လေး ... မိန်းမရှုပ်သနဲ့၊ မပေါင်းနဲ့"တဲ့…

အဲဒီသတင်းကိုလည်း ရွှေစပယ်ဖြူပဲ ယူလာတာဖြ… ၏။ သူမ ... မျှော်လင့်သည်က ...

"ရှုပ်တာတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ခင်ထ… မင်တာပေါ့၊ လူငယ်တွေဆိုတော့ ရင်းနှီးတယ်၊ ပွင့်လင်းတယ်… ရင်ထဲကျတော့ ... နင်တစ်ယောက်တည်းပါ စပယ်ရယ်" ... ဟု…

သူ့ အပြောခံချင်သည့် ဝါကျ၊ ကြားချင်သည့်စကား… လုံးကို မင်းအုံ့ထူးတို့က သုံးမတဲ့လား။

"အန်တီဒေါ်တင်တင်ရွှေ ပြောတာ မှန်တယ်။ သိပ်အ… တန်တဲ့ ဆုံးမစကားပဲ။ နင် နားထောင်လိုက်နော်၊ ငါ… သူငယ်ချင်း အဖြစ်က စွန့်လွှတ် အမွေဖြတ်လိုက်"

အဲသည်တုန်း ရွှေစပယ်ဖြူ ... နှုတ်ခမ်းစူလ… ဆောင့်အောင့် ထွက်သွားခဲ့ဖူး၏။ ပြီးတော့လည်း ... သူ့ပဲ … မြန်ဆက်တာပါပဲ။ သနားစရာတော့လည်း အကောင်းသား… သနားစရာတော့လည်း မကောင်းပါဘူးလေ ...။ မင်းအုံ့မှာ လ… သုံးစကားတွေ အများကြီး ရှိပါသည်။ အဲသည်စကားတွေ… သ ယောကျ်ားလေး သူငယ်ချင်း အုပ်စုထဲမှာ အမြဲပိုချသ…



ချုန်သည့်ကောင်တွေကလည်း ... ဟုတ်လိုက်လေ၊ မှန်လိုက်လေ နှင့် နာယူကြ၏။

"မိန်းမတွေ ... သူတို့ဆုံရင် ဘာပြောလဲ။ ယောကျ်ားမ ကောင်းကြောင်း ပြောတာပဲ၊ ပြီးရင် ... အဲဒီယောကျ်ား တွေနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်တာလည်း မဟုတ်၊ မခေါ်ဘဲ မနေနိုင်တာ သူတို့။ စိတ်ကောက်တာ သူတို့၊ အတင်းပြောတာ သူတို့။ အောင်မယ် ... မိန်းမတွေမှာ လက်သုံးစကားတောင် ရှိသေး ...

"သိလား ... ဟိုအငြိမ့်သီချင်းကို သုံးထားတာ။ မောင်မောင်ဆိုလေ ... တော်တို့အမျိုးက ထီးရိုးရှည် ... သူ့အမေနွယ်တော်တို့ ... ငမွေးတတ်ပလေ ... တဲ့"

အဲသည်တုန်းက သူငယ်ချင်းတွေ ဝိုင်းရယ်ကြ၏။

"ယောကျ်ားဆိုတာ အလိုမလိုက်ရဘူး၊ အညှာမခံရဘူးတဲ့။ အလျှော့ပေးလေ ရောင့်တက်လေတဲ့။ ဘာမှ ... အိမ်ဦး သခင်ကြီးလည်း လုပ်နေစရာ မလိုဘူးတဲ့။ ရည်းစားဘဝ မှာကတည်းက ကုပ်ချိုးထားတဲ့။ ဇာတ်ကပြေးမှ ယောကျ်ား တွေက လိုက်မှာတဲ့။ တို့ကလိုက်ရင် ... သူတို့ကပြေးရော တဲ့ ...

"အဲဒါ ... ဘိုကယ်ထမ်းကျ ... သူတို့ကွ။ မိန်းမဆိုတာ အူတိုမျိုးသာဆိုတယ်၊ တော်တော်ရစ်တာ။ စိတ်ကောက် လိုက် နှုတ်ခမ်းစူလိုက်၊ ဆွဲဆိတ်လိုက်၊ ကုတ်ဖဲ့လိုက်နဲ့ ဖုန်းပြောင်ဆို ကြည့်ပါလား၊ သူ့လက်မောင်းမှာ လက်သည်း ရာချည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်လို့ ကျီစားတာပါကွ"

"မင်းကောင်မလေး ချစ်တာက အရေပြားတောင် ပေါ် တယ်၊ သည့်ညည်းမခံနဲ့ကွ။ သူတို့ မပြေးခင် ကိုယ်ကအရင် ပြေး၊ နောက်က လိုက်လာလိမ့်မယ်။ မိန်းမတွေရဲ့ သဘော က ဆန့်ကျင်ဘက် လုပ်ပြမှ အထင်ကြီးတာ။ သူတို့က တကယ်တော့ အားကိုးချင်တာ၊ အဲဒါ ရိုးရိုးသားသား အားကိုးလိုက်ရင် ပြီးရော ...

"ဆိုး၊ နွဲ့၊ အနိုင်ယူပြီးမှ အားကိုးတာ။ ဆိုးတာ အနိုင်ယူတာကို ကိုယ်က ချစ်လို့ သည်းခံနေရင် တစ် ကျေနပ်မယ်၊ တစ်နှစ်ကျေနပ်မယ်၊ နှစ်နှစ်လောက်ကြာ သူတို့ အထင်သေးလာပြီ။ ဒီယောက်ျား ... ငါ့နောက်လို ကြီးပါလား ဆိုပြီး ... အဲဒါ စိတ်စ,ပျက်တာပဲ"

"မိန်းမတွေကလည်း ပြောတာပဲ၊ မရခင် ဖျာလိုလိ ထိပ်ပေါ်တင်၊ ရလည်းပြီးရော ဖျာလိုခင်း၊ ခြေနဲ့နင်းလို့"

"မရခင်ကတည်းက ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်မထားရ ရပြီးတဲ့ နောက်ပိုင်းမှာလည်း ဖျာလိုခင်းပြီး ခြေနဲ့နင်းစရာ မလိုတော့ဘူး"

"ရည်းစားတစ်ယောက်ကို ဒူးမထောက်ဘဲ ရမလားကွ ရည်းစားစကားကို မာရေကျောရေ ပြောလို့ ဘယ်ဖြစ်မလဲ"

"ဒူးမထောက်ဘဲ အညှာခွေတဲ့နည်းတွေ ရှိပါတယ်ကွာ မိန်းမဆိုတာ စိတ်ပျော့မျိုး"

"မရရင် ... ရေထဲခုန်ချ သေလိုက်မယ်လို့ ပြောရင် ကောင်း လား"



"အဲဒီတော့ ... ဟိုက အသုဘလာချပေးမယ်လို့ ပြောမှာ ပေါ့"

"ဒါဆိုရင် ... ဓားနဲ့ ရွယ်ပြီး ငါ့ကိုကြိုက်လို့ ပြောရမ လား"

"ခြိမ်းခြောက်မှုနဲ့ ရဲစခန်း ရောက်သွားမယ်"

"ဘာလုပ်ရမှာလဲကွ"

"မင်း သေလုအောင် ကြိုက်ပါပြီဆိုတဲ့ မိန်းမတစ်ယောက် တွေ့မှ ငါ့ကိုလာပြီး ဆရာတင်လှည့်။ ဝမ်းတေဘယ်လ် ကျွေး။ ငါ နည်းလမ်းကို စနစ်တကျ သင်ပေးမယ်။ မရ မရှိစေရဘူး။ မင်း ရရင် ငါ့ကို ဝမ်းတေဘယ်လ်ပဲ။ မင်း မရရင် ငါက မင်းကို ဝမ်းတေဘယ်လ် ပြန်ကျွေးမယ်၊ ဘယ့်နှယ်လဲ"

"နှမတစ်ယောက် အဆစ်ထည့်ပေးလို့ မရဘူးလား"

"မရှိလို့ပေါ့ကွ။ ရှိရင် ငါ့အုပ်စုထဲက ကောင်တွေကဲက စိတ်ကြိုက် ခေါင်းခေါက်ပြီး ငါကိုယ်တိုင်ရွေး ... ပေးစား မှာ"

"မရှိလို့ ပြောတာ"

"မှန်တာပေါ့။ ရှိရင် ဘယ်ပြောမလဲ"

"ဝမ်းကွဲလေးများ"

"လိပ်ခါး၊ ဖားဖင်နဲ့ ရေနံရောင်အသား ကြိုက်ရင် တစ် ယောက်ရှိတယ်"

"တော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေထဲ ပျော်ဝင်ကာ မှေးမှိတ်ထားသော မျက်လုံးပင် ပွင့်လာရ၏။ မထူးပါဘူး။ မျက်နှာထသစ်တာပဲ ကောင်းမည်။ နံနက်စာကို မေမေနှင့်အတူ စောစောစီးစီး မစားဖြစ်တာတောင် ကြာပြီ။ မေမေ့စိတ်ကြိုက်ကလေး တစ်ခုတော့ ဆောင်ရွက်ပေးဦးမှ။ ဖေဖေနှင့် မေမေဟာ ကိုယ့်မိဘတွေချည်းမို့ တူတူချစ်သည်ပဲထား။ မေမေ့ကိုတော့ ပိုကိုပိုမိတာစင်။ မေမေ့ ဗိုက်ထဲမှာ ကိုးလကျော်ကျော် နေခဲ့ရလို့လားတော့ မသိပါ။ ဖေဖေ့ထက် မေမေ့ကို ပို၍ အလိုလိုက်ဖြစ်သည်။ ဖေဖေ့ ဆူသံ အော်သံကို ကြောက်ရွံ့ လိုက်နာဖြစ်ရပေမဲ့ မေမေ့ ညင်သာညက်ညော ဆုံးမစကားတွေကျတော့ နားမထောင်လျှင် မေမေ စိတ်ညစ်ရမှာ စိုးသည်နှင့်ပင် နားထောင်ဖြစ်ရတော့၏။

အဲသည်နည်းနှင့် ... မင်းအံ့ထူး ဆိုတာ အမေ့သားရယ်လို့လည်း ကောင်မလေးတွေ နှုတ်ဖျားမှာ ရေပန်းစားပါသည်။ မင်းအံ့ထူးသည်သာ ဗိတုန်းတစ်ကောင်ဆိုလျှင် ဘယ်ပန်းပွင့်ကလေးတွေဆီကိုမျှ ပျံသန်းရစ်ဝဲဖို့ မလိုပါ။ ကိုယ့်နေရာလေးမှာ ကိုယ့်ဘာသာ အတောင်ဖြန့်ဝဲနေရုံနှင့်ပင် ... ပန်းပွင့် ပန်းခိုင်လေးများက ကိုယ့်ဘက်ယိမ်း၍ တိမ်းညွတ်ကြတာချည်း။ ဒါကငြင်းလို့ မရနိုင်သော လက်တွေ့မို့ သူငယ်ချင်းတွေကြားမှာ ... ကိုယ့်နည်းလမ်းတွေကပဲ ကောင်းလို့ ရွှံသလိုလို ... အခြောက်တိုက် နာမည်ကြီးတာလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

မင်းအံ့ထူး ... အရပ်ခြောက်ပေ၊ စိမ်းဖန့်သွေးနှင့်ဖြူသောအသား၊ အရပ်နှင့် လိုက်ဖက်ရုံ အသားအရေ အပြည့်အဖြိုး၊ စီးပွားရေး ပညာရေး ... ပြောစရာမရှိ၊ ရည်းစားများသည်



နာမည်ကြီးပေမဲ့ မင်းအံ့ထူးကြောင့် ဘယ်အမျိုးကောင်းသမီးလေး တစ်ဦးတလေမျှ ဘဝပျက်ခြင်း၊ ပန်းကောင်း အညွန့်ကျိုးခြင်းမရှိတာတွေရယ် ... ဒါတွေဟာ မင်းအံ့ထူး အတွက် (မိန်းမကြိုက်) အရည်အချင်းတွေချည်း မဟုတ်လား။

မင်းအံ့ထူး ... ခုတင်ပေါ်မှ ခြေနှစ်ချောင်းကို အရင်ချ၏။ မျက်နှာသစ်မလို့။

"ဟော ..."

မြည်လာပြန်ပါပြီ တယ်လီဖုန်း။ မြည်ပစေ။ မကိုင်တော့ဘူး ဆုံးဖြတ်လျက် ရေချိုးခန်းထဲသို့ ဝင်ခဲ့၏။ မျက်နှာသစ်ရင်း ရေပါ တစ်ခါတည်း ချိုးလိုက်တော့ နည်းနည်းကြာသွားရသည်။

"သားလေး"

"ဟောဗျာ ... မေမေက ကျွန်တော့်ကို စောင့်နေတယ်၊ ဘာပြောမလို့လဲ မေမေ"

ရေချိုးခန်းမှ ထွက်တော့ ... မေမေက မင်းအံ့ထူး ခုတင်ပေါ်ကစောင်ကို ဆွဲခေါက်နေရင်း လှမ်းခေါ်၏။

"မလုပ်နဲ့လေ မေမေ ... ကျွန်တော် ခေါက်မှာပေါ့"

မေမေ့ထံမှ ဆွဲလုရ၏။ မင်းအံ့ထူး၏ အခန်းထဲသို့ အိမ်ဖော်မိန်းကလေးများ ဝင်ခွင့်မရှိ (မေမေ့အမိန့်)ပါ။ ကိုယ့်အခန်း၏ သန့်ရှင်းသပ်ရပ်မှုကို ကိုယ့်ဘာသာ တာဝန်ယူဖို့ကျတော့ ဖေဖေ့အမိန့် ဖြစ်သည်။ ဖေဖေသာ အဲသည်အမိန့်ကို မချလျှင် ... မင်းအံ့ထူးက၊ အပျင်းတစ်၊ မေမေက အချစ်ပိုတိုင်း၊ အမြင်မတော်တိုင်း၊ မိခင်တို့ မေတ္တာမေတ္တာဖြင့် ဝင်ရှင်း ... ဆိုတာမျိုး ဖြစ်တော့မှာ။ ဖေဖေနှင့် မေမေတို့ "သား"ကို ချစ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ပုံနည်းလမ်း မှန်ပါပေသည်ဟု အားကျအတုခိုးရပါမည်။ ကိုယ်တိုင် ဖခင်ဖြစ်လာသည့် တစ်နေ့ကျလျှင်ပေါ့ ...။

"သားသူငယ်ချင်း ခန့်ညားတဲ့။ ဖုန်းဆက်တယ်။ သားမ ကိုင်လို့ မေမေ အိမ်ရှေ့က ကိုင်လိုက်တယ်။ အရေးကြီးလို့တဲ့။ ပြန်ဆက်ပါတဲ့"

"ဟုတ်ကဲ့ မေမေ ... ကျွန်တော် ဆက်လိုက်ပါမယ်"

ကိုယ့်ကိုယ်ကိုယ် "သား"ဟုပြောကျင့် ... ရှစ်တန်းအောင်သည့်နှစ်မှစ၍ ပျောက်ခဲ့၏။ ဖေဖေ့ကြောင့်ပါ။ ဖေဖေ့ထံမှာ "သား" "သား"ဆိုပြီး ချွဲတိချွဲဖတ် မဖြစ်ချင်တာနှင့်ပင် "ကျွန်တော်" ဖြစ်သွားရတော့၊ မေမေ့ထံမှာပါ "ကျွန်တော်"ပဲ ဖြစ်သွားရတော့တာ။

"ကော်ဖီသောက်ဖို့ မေမေ စောင့်နေမယ်"

"ဟုတ်ကဲ့ ... ဖေဖေရော မေမေ"

"သားဖေဖေတော့ မပြောနဲ့။ ဆန်းအေးတစ်နေ့ မနားဘူး။ ဘယ်သူနဲ့ဆိုလည်း မသိပါဘူး၊ ချိန်းထားလို့ သွားစရာရှိတယ်ကွဲ၊ သွားပြီ"

"ဖေဖေတော့ ပြောမနေနဲ့၊ စီးပွားရေးအတွက်ဆို သန်းခေါင်ကျော်လည်း အိပ်ရာထဲက ထွက်တယ်"

"ဒါပေမဲ့ ... ရိုးရိုးသားသားချည်းပဲလေ သားရဲ့။ ရိုးရိုးသားသား ကြိုးစားတာ သား အတုခိုးရမယ်"

"မေမေရော ... ဆန်းအေး တစ်ရက်တော့ အတုမခိုးဘူး"

မေမေက ရယ်၍ သားပါးကို ရွတ်ခနဲ တစ်ချက်နမ်း၏။ မေမေက နှစ်ဆယ်ကျော် သားကြီးဖားဖားကို သည်လိုပဲ



ရွတ်ခနဲ ရွတ်ခနဲ နမ်းတတ်၏။ မေမေ့ခများ သူ့အရပ်ကလေးငါးပေနှစ်လက်မနှင့်မို့ ခြေဖျားလေးများပင် ထောက်လိုက်ရရှာပါ၏။

* ၆ *

"ဟေ့ကောင် ... ခန့်ညား။ ငါ ..."

"အေး ... မင်းဆီမှာ ငါအကူအညီတစ်ခု တောင်းမလို့ကွ"

"ပြော ... သူငယ်ချင်း။ မိန်းမလိုက်ခိုးပေးရမလား"

"အဲဒီလို အကူအညီမျိုး တောင်းချင်ပါတယ်ကွာ၊ ခုဟာက ငါ့အစ်ကိုကိစ္စ"

"သိပြီ ... မိန်းမနဲ့ ကွဲဖို့ဆိုတာ"

"အေး ... ငါ့အစ်ကိုက ပစ္စည်းတွေ တောင်းလိမ့်မယ်"

"သိတယ်လေ ... မင်း ပြောထားတာ၊ မရရင် တရားရုံးမှာ ရင်ဆိုင်မယ်ဆိုတာ၊ လောလောဆယ်တော့ ... သူ့မိန်းမ အိမ်ပေါ်က ဆင်းနေတာ မဟုတ်လား"

"အလွန်အကျွံတွေ ဖြစ်ကုန်မှာ စိုးတယ်။ အစ်ကို့ယောက္ခမက ငါ့အမေနဲ့ သူငယ်ချင်း"

ခန့်ညားနှင့် သူ့အစ်ကိုဆိုသူတို့က အရင်းမဟုတ်ပါ။ အဖေချင်း ညီအစ်ကိုတစ်ဝမ်းကွဲမို့၊ သူတို့ချင်းကျတော့ ညီအစ်ကို နှစ်ဝမ်းကွဲ။

"ငါ့အစ်မေက ဟိုဘက်ကို မျက်နှာပူနေတယ်။ ငါ့အဖေက လည်း သူ့တူအစား ရှက်လို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဦးလေးကံရော"

"နည်းနည်းပါးပါးတော့ ရှက်တယ်၊ ခြေမဲ့လက်မဲ့ ဆင်းရမှာကျတော့လည်း မကြိုက်ဘူးပေါ့ကွာ။ ဒါပေမဲ့ ... ထိန်းထိန်းသိမ်းသိမ်းပါ။ မကောင်းတာက ငါ့အစ်ကို။ အစကတည်းက မကြိုက်ဘဲ ယူခဲ့တာ၊ ဒီယုန်မြင်လို့ ဒီခြုံထွင်တာတော့ မဟုတ်ဘူး၊ ငါ့ဦးလေးမိန်းမ ... သူ့အမေပေါ့၊ သူ့အမေက ငါ့အမေကနေ့တစ်ဆင့် ... အဲဒီမိသားစုအကြောင်း ကြားပြီး ချမ်းသာမှန်းသိလို့ ပေးစားချင်တာ"

"သဘောပေါက်တယ်"

"အမေ့သဘောကျ လက်ထပ်ခဲ့တယ်၊ တစ်ခု ကောင်းတာက ငါ့အစ်ကိုဟာ လူမှုရေး ဖောက်ပြန်မှုတော့ မရှိဘူး၊ အဲဒါ တော်သေးတယ်"

"ဘာဖြစ်လို့ ကွဲတာလဲ"

"မိန်းမက မာနကြီးတယ်။ သူဌေးသမီးလေ။ ရထားတဲ့ ယောက်ျားက လက်ဆွဲအိတ်ကလေးတစ်လုံးနဲ့ အိမ်ပေါ် တက်လာတဲ့ ငမွဲ"

"သဘောပေါက်တယ်"

"သူဌေးကတော်ကြီးကလည်း မုဆိုးမ ဖြစ်သွားတော့၊ သမီးပျိုက နှစ်ယောက်၊ သူဌေးကြီးရဲ့ လက်ငုတ်တွေကို ဆက်လုပ်မဲ့ ယောက်ျားမားမား လိုတယ်"

"ပြန်စေ့စပ်ဖို့၊ ညှိနှိုင်းဖို့"

"အဲဒါ မင်းလိုက်သွားပေးစမ်းပါ။ ငါ့အဖေနဲ့ ငါ့ဦးလေးက အကူအညီတောင်းတာ၊ သူတို့တော့ မျက်နှာပူတယ်၊ မလိုက်



ချင်ဘူး၊ မင်းက စကားပြောကောင်းတော့လေ၊ စကားဆိုးဆိုး ဆိုရင်တောင် တစ်ဖက်သား နာခံသာတဲ့ဘက်က လှည့်ပြောတတ်တော့ အဖော်လိုက်သွားပြီး ထိန်းထိန်းသိမ်းသိမ်း ပြောဆိုဖာထေးပေးဖို့"

"မင်းအစ်ကိုက ယောက်ျားမာန မထားပါလားကွာ"

"ထားတော့ ထားတယ်၊ သူ ထားတာက တစ်မျိုး။ သူဌေးတွေ ဆိုပေမဲ့၊ သူဌေးကြီးလည်း ဆုံးရော၊ မန်နေဂျာတွေ ဝန်ထမ်းတွေက သူတစ်လူ ငါတမင်းနဲ့ ဦးကထောင် ပဲ့ကထောင်၊ မနိုင်မနင်း ဖြစ်နေတုန်း သူ ဝင်ကိုင်ပေးရတာတဲ့"

"ဒါတော့လည်း ဟုတ်သားပဲ"

"သူ ဝင်လုပ်ပြီးမှ ထပ်ဖြစ်တဲ့ စီးပွား၊ ထပ်ခွဲတဲ့ ဘရန့်ချ်တွေဟာ သူနဲ့ပဲ ဆိုင်တယ်တဲ့၊ သူ့ကြိုးစားမှုတဲ့၊ အဲဒါတွေ သူ ရထိုက်တယ်တဲ့၊ သူ့ဝီရိယ၊ သူ့လုံ့လ၊ သူ့ဉာဏ်၊ သူ့အား၊ သူ့ဖွဲ။ ဒါတွေ ခဝါချပစ်ခဲ့ရလောက်အောင် သူ့မာနက ခြေရင်း မဆင်းဘူးတဲ့ကွာ"

"မင်းအစ်ကိုကလည်း အပြောကောင်း"

"မင်းကို အကူအညီတောင်းတာနော်၊ လိုက်သွားပေး"

"ဘယ်တော့လဲ"

"အခု ... တော်ကြာ မင်းကို ဝင်ခေါ်မယ်၊ ငါလည်းပါမယ်။ ငါက ဒရိုင်ဘာ လုပ်ပေးရုံပဲ၊ ငါ့ကားနဲ့ သွားမှာ၊ ငါ့အစ်ကိုမှာ ကားမရှိဘူးကွ"

ခန့်ညား ကိုယ်တိုင် လိုက်လာမည်၊ သူ့အဖေနှင့် သူ့ဦးလေးက အကူအညီတောင်းသည် ဆိုတော့လည်း ကူညီသင့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခတ်တာက ဒါမျိုး တစ်ခါမျှ မပြောဘူး၊ မဆိုဘူး၊ ပြော လို့ ဆိုလို့ ကောင်းသည့်ကိစ္စလည်း မဟုတ်ချေ။

"ဆောကောင် ... ငါ လာတော့မှာ"

"ငါ ခုမှ ရေချိုးပြီးတာ၊ ဘာမှ မစားရသေးဘူး"

"ဘရိတ်ဖတ်စ် နည်းနည်းတော့ စားလိုက်ပေါ့၊ အပြန်ကျ... လန့်ချ် ငါကျွေးပါ့မယ်ကွာ၊ ပြီးမှ ပြန်ပို့မယ်"

"မလိုပါဘူးကွ"

"လိုလို ... မလိုလိုကွာ၊ ငါ ကျွေးမယ်၊ မင်းနဲ့ ငါနဲ့လည်း စကားပြောရတာပေါ့။ မဆုံဖြစ်တာတောင် ကြာပြီ။ ငါ လည်း အလုပ်ရှုပ်နေလို့။ ငါ ... ညနေဘက် ဆေးခန်း ထိုင်တယ်"

"ကောင်းပြီလေ။ လာခဲ့ချေ"

"ကျေးဇူးပဲ သူငယ်ချင်း"

ခန့်ညားနှင့်က ... အထက်တန်းကျောင်းကတည်း က သူငယ်ချင်းတွေပါ။ သူက ဆေးတက္ကသိုလ်ဝင်ပြီး ဆရာဝန် ဖြစ်သွားသည်။ မင်းအုံထူးလည်း ဆယ်တန်းအောင်စဉ်က ဂုဏ် ထူးတွေနှင့်ပါပဲ။ သို့ပေမဲ့ ... ဆရာဝန် နည်းနည်းကလေးမျှ ဝါသနာမပါသည်မို့ ဆေးတက္ကသိုလ် မသွားခဲ့ပါ။ ကိုယ်က ပေဆေးကုမ္ပဏီမှာပဲ မလွဲမသွေ ဝင်လုပ်ရမည့်သူမို့၊ ဆရာဝန်ဖြစ် လည်း ဆရာဝန်ဘွဲ့ကြီးပိုက်ပြီး၊ ကုမ္ပဏီမှာ မန်နေဂျင်းဒါရိုက် တာ လုပ်ရမည့် တူတူလေ။

✻ ❀ ✻



# အခန်း ၂

ခန့်ညားက ကားပေါ်မှ မဆင်းပါ။

စောစောကပဲ ... ညီချစ်၊ ကောင်မလေးတစ်ယောက် နှင့် အကြောင်းမရှိ အကြောင်းရှာပြီး မိတ်ဖွဲ့ဖို့ရာမှာ ... ခန့်ညား၊ သဘောက ပြန်ဆင်းလာပြီလားလို့ပြော ... ဟု သင်ပေးဖြစ်လိုက် သည်ကို၊ သူကျွေးသည့်လန့်ချ် စားရင်းနှင့်မှ ပြောပြီး ရယ်မော ပါဦးမည်။

အိမ်ပေါ်သာတက်ရ ... မျက်နှာက ခပ်ပူပူ။ ခန့်ညား ခင်ကို ကျော်မိုးဝင်းကတော့ ခပ်တည်တည်။ လုပ်သင့်လုပ်ထိုက် သည့် အလုပ်တစ်ခုကို တာဝန်ကျေ ဆောင်ရွက်တော့မည့် ပုံစံ ပေါ့။ မင်းအုံထူး၏ မျက်နှာပြင်ကို မတည်လွှန်း မလျော့လွှန်း ... အားဆေး ... ဆိုသည့် အသွင်သို့ ကူးရလေ၏။ လာပါ ... ထိုင် ... ဖိတ်ခေါ်သူ မရှိသော ဧည့်ခန်းဟင်းလင်းမှာ ကျော်မိုးဝင်း တို့တော့ မင်းအုံထူးလည်း ခပ်တည်တည်။ မထမဆုံး မြင်လိုက် သည်က မျက်နှာလေး တစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



ငယ်သော နုသော လှသော ... ပြီးတော့ ... ထက်မြက်သော၊ ခိုင်မာသော ... အဆင့်မြင့် ဝိသေသနများဖြင့် မှန်းခြယ်ထားပါသော ငယ်နု မျက်နှာလှလှကလေး၊ သူမက ဆိုဖာတစ်ခုပေါ် ခပ်တည်တည် ဝင်ထိုင်သည်။

"ကိစ္စကို ပြောပါ"

ဘယ်ဆိုးလို့တုန်း။ လူတာတ်ကြီး လုပ်လို့ပါလား။ နေ့ရာတကာမှာ လူတာတ်ကြီး လုပ်ချင်သည့် မင်းအံ့ထူး ... တစ်ထိုင်တည်း သဘောကျသွားရသည်မို့ မိတ်ဆက်ပြီး တစ်ခုကိုလှစ်ခနဲ ပေးလို[illegible]။ ကိုယ်တော်ချောမ,လေးက လှည့်လို့တောင်မကြည့်။ ဒီကောင်မလေးဟာ ငယ်ပုံ နုပုံအရ သူ့အသက်ကို ခန့်မှန်းရလျှင် ဆယ်ကျော်သက်ကလေးဟူ၍။ သို့ပေမဲ့ ... ဆယ်ကျော်သက် ... မဖြစ်နိုင်တာ သေချာ၏။ သူ့မျက်နှာလေး ဘယ်လောက်နုနု၊ သူ့ဆံပင်လေးဟာ နားရွက်ကိုပဲ ဖုံးလျက်သား ဘယ်လိုရှိရှိ သူ့မျက်ဝန်းတွေ၏ ရဲရင့်မှုနှင့် သူ့နှုတ်ခမ်းပေါ်မှာ ဖြတ်ပြေးနေသည့် သတ္တိ(နှုတ်ခမ်းကို တင်းတင်းစေ့ထားပုံက သတ္တိကစ်မျိုးဖြစ်၏)ထို့ကြောင့် သူမ၏ ရင့်ကျက်မှု အတိုင်းအတာကို ခန့်မှန်းရနိုင်ပါသည်။

"မြရွေးနဲ့ တွေ့ချင်တယ်"

ကိုကျော်မျိုးဝင်းက သူ့ဇနီး (ရွှေက်ရှိကွဲဖို့ ကွာရှင်းပြီးဆဲ)ကို မြရွေးဟု ခေါ်၏။ နာမည်က မြရွေးသီ။ သူ့ညီမလေးက မြစိမ်းဖန့် ဆိုတာ ကြားဖူးသည်။ ကိုကျော်မျိုးဝင်း မင်္ဂလာဆောင်စဉ်က မင်းအံ့ထူး ရောက်ပါသည်။ သို့ပေမဲ့ ... မင်္ဂလာဆောင်ကို စိတ်မဝင်စားပါ။ ခန့်ညား အပါအဝင် ပြန်ဆုံသော



ဆယ်တန်းတုန်းက သူငယ်ချင်းများ စားပွဲတစ်ဝိုင်းတည်း ထိုင်ကာ စကားတွေ လှပြောရတာနှင့် မင်္ဂလာဆောင် ဘယ်လိုပြီးဆုံးသွားမှန်းတောင် မသိလိုက်ချေ။ စားပွဲပေါ်မှ မုန့်တွေခများလည်း ဘယ်လို ပြောင်သလင်းခါသွားလိုက်ရမှန်းမသိ၊ သတို့သမီးကိုလည်း စေ့စေ့ မကြည့်ဖြစ်။ ပြန်တော့တောင် ... သတို့သားနှင့်သတို့သမီးကို နှုတ်ဆက်မနေတော့ပါ။

"တွေ့မယ် ... ဟောကောင်တွေ"

အချင်းချင်း ချိန်းကြချက်ကြ၊ ကွဲနေတာကြာသောသူငယ်ချင်းများ၊ ခန့်ညားကို ဗဟိုထား၍ ပြန်ဆုံခွင့်မှာ အပျော်ကြူးလျက် ပေါ်လားဝါးလားလုပ်ရင်း၊ ကိုယ်ချင်း ကိုယ်ချင်းဆုံပွဲလေးတွေ လုပ်ဖြစ်ကြဖို့သာ လုံးဗမ်းလျက်၊ ကားပေါ်တက် ... အောင်းထွက်ဖြစ်ခဲ့တာပင်။ မမြရွေးသီမှာ မြစိမ်းဖန့် ဆိုသည့် ညီမတစ်ယောက်ရှိတာ၊ မာနတော်တော်ကြီးတယ် ဆိုတာ၊ (ခန့်ညားပြောပြလို့) သိလိုက်ရုံမှလွဲ၍ မပိုခဲ့ပါ။ ကိုယ့်ရှေ့မှာ ခပ်တည်တည် ထိုင်လျက် "လူကြီးမ,လေး" လုပ်နေသည့် ကောင်မလေးဟာ မြစိမ်းဖန့်ပဲ ထင်ပါရဲ့။ လှလိုက်တာလေးကတော့ စက်စက်ဆိုလို့ပဲ လွယ်လွယ် ဆိုကြပါစို့။

"မမြရွေးနဲ့ ပြောမဲ့စကားတွေ ... ကျွန်မကို ပြောနိုင်တယ်။ ဘယ်လိုဆုံးဖြတ်စရာ ကိစ္စပဲဖြစ်ဖြစ် ကျွန်မနဲ့ပြီးတယ်"

အဘ,ဂ,လေးပါတကား။

"ငါလာမယ်လို့ မြရွေးဆီ ဖုန်းဆက်ထားတယ်"

"သိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ခု … မြွေးက ဘယ်မှာလဲ"

"ရှိသားပဲ။ ရှင်နဲ့ စကားမပြောချင်လို့၊ ကျွန်မက ဝတ္တရားကျေ ထွက်တွေ့တယ်"

"ပြီးတာပဲ။ အန်တီရော ရှိလား"

"ရှိတယ်"

"မတွေ့ချင်ဘူးပဲလား"

"အိမ်ပေါ်ကနေ ကိုယ့်သဘောနဲ့ကိုယ် ဆင်းသွားတဲ့ လူစိမ်းတစ်ယောက်အတွက် လူကြီးတွေက အချိန်ကုန်မခံနိုင်ဘူး"

"ပြီးရော"

အခြေအနေက တင်းမာမှုမှ စတင်၏။

"ငါ … မြွေးနဲ့ လက်ထပ်ပြီး ဒီအိမ်ပေါ်ကို ရောက်လာတာက စပြောမယ်"

"အဝတ်တစ်ထည် ကိုယ်တစ်ခုထက် နည်းနည်းလေးပဲ သာတယ်"

မင်းအံ့ထူး … မျက်နှာကြီး ဖျင်းခနဲ ပူသွားရတော့သည်။ ထိုးနက်ချက်က ထိရှ၏။ ကိုကျော်မျိုးဝင်း ဘယ်လိုရှိလေမလဲ … ဟု ဝင့်ခနဲ တစ်ချက် မော့ကြည့်ဖြစ်သည်။ ရုံခနဲလျှမ်းတက်လာသည့် သွေးရောင်နှင့်အတူ၊ မေးကြောပေါ် တင်းသွားတာ သတိထားလိုက်မိပါသည်။ လိုတ်လာမိတာ မှားပြီထင်ပါရဲ့။ ဒါမျိုးက အဖော်လိုက်လို့ ကောင်းသည့်ကိစ္စ၊ ကူပြောပေးလို့ ကောင်းသည့်ကိစ္စ မဟုတ်ချေ။ ခန့်ညားကို ကျိတ်ကျိန်ဆဲပစ်လိုက်၏။ သူဖြင့် အိမ်ပေါ်မတက်။ ကိုကျော်မျိုးဝင်း အနေနှင့်



…တော့လည်း၊ ဘာမျှ ဝိုင်းပြောမပေးဘူး ဆိုလျှင်တောင် …အား …မှာ တစ်ယောက် ပါလာတာကို သဘောကျမည် ထင်သည်။ …မောင်းပို့ဖော်ရသော ညီနှစ်ဝမ်းကွဲကို ကျေးဇူးတင်ပါလိမ့် …ည်။ ပစ္စည်းရေးရာ ခွဲဖို့ ခြမ်းဖို့ ပြောသည့်ကိစ္စအတွက်၊ ဒီခြံ …ယ်ကြီးထဲသို့ ကုန်းကြောင်းလျှောက်ဝင်ရမည်ဆိုလျှင် သူ့ဘက် … သိမ်ငယ်လွန်းပါမည်။

"မင်း၊ ဘာမှ ဝေဖန်စရာ မလိုဘူး"

"ပြောရေးဆိုခွင့်ရှိတဲ့ ကိုယ်စားလှယ်အဖြစ်၊ မိသားစုရဲ့ အာဏာကုန်ကိုယူပြီး ဒီနေရာမှာ လာထိုင်တာ"

ညှိသည့်ရယ်လို့ ကော်ဖီလေးတောင် မတိုက်ပါ။ …ယ်စေတနာရှိလိမ့်မလဲ။ ကော်ဖီတစ်ခွက်တောင် စေတနာမရှိ …း ဆိုမှတော့၊ ပစ္စည်းဥစ္စာလည်း ဘယ်ပေးချင်ပါ့မလဲ။

"ငါ … ဒီအိမ်ပေါ် ရောက်ကတည်းက မင်းတို့အဖေ အလုပ်ထဲ ဝင်လုပ်ရတယ်။ အဲဒီတုန်းက မင်းအဖေ ဆုံးပြီးကာစ၊ မင်းအမေ ဘာမှမလုပ်တတ် မကိုင်တတ်၊ စီးပွားရေး ဖရိုဖရဲနဲ့။ လှေကွဲကြီးပေါ် တက်စီးရတာ"

"မြစ်ကို အရှားလိုက် လက်ပစ်ကူးရင်း ခြေကုန်လက်ပန်းကျ၊ သေကာနီးဆဲဆဲ အမောဆို့နေတဲ့ လူဟာ ကောက်ရိုးတစ်မျှင်ကိုတောင် ဖမ်းဆွဲချင်ဦးမှာဆိုတော့၊ လှေကွဲဟာ သူ့အဖို့ တော်တော်အဆင့်အတန်း မြင့်နေပြီ"

တော်တော်စကားတတ်ပါလား … ဟု လက်ဖျားခါ …ချီးကျူးလိုက်ချင်ပါသည်။

"မင်းတို့ လှေကွဲကြီးဟာ သင်္ဘောကြီး ဖြစ်သွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မငြင်းပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယတဲ့"

"ကံက မင်းတို့တစ်ဦးပိုင် ယူရင်တောင်၊ ဉာဏ်နဲ့ ဝီရိယ က ငါချည်းသပ်သပ်"

"အဲဒီဉာဏ်နဲ့ ဝီရိယတွေ ထုတ်သုံးချင်လွန်းလို့ သေရပ တော့မယ် အောင်နေတဲ့သူတွေ၊ အခြေခံ အရင်အနှီးမရှိရ မျက်ဖြူလန်ပြီး သေမှာပဲ"

"သဘောကြီးလည်း ဖြစ်သွားရော၊ ဆွေမျိုးတွေ ခုန်တက် လာလိုက်ကြတာ ငါနေစရာတောင် နေရာမရှိတော့ဘူး"

"ဒါဟာ သဘာဝတရားပဲ"

ခန့်ညား ပြောထား၍ ကြားသိထားရပါသည်။ ယိုင်နဲ့နေသော စီးပွားရေးလုပ်ငန်းကြီးက ပြန်လည်ထူမတ်ပြ ခက်လက်ဝေဆာလာသည်နှင့်အမျှ ဆွေတစ်စ မျိုးတစ်စတွေ ရောက်လာ၊ အလုပ်တောင်းသူတောင်း၊ အသနားခံသူကခံ။ ဒီလ နှင့် ... လုပ်ငန်းထဲ ဆွေမျိုးတွေရောက်လာ၊ သူက အခွင့်အရေ ပိုရပြန်ပြီ၊ ငါက အခွင့်အရေး ပိုရပြန်နှင့် စားမာန်ခုတ်သူကခုတ် ယောက္ခမကြီးက သဘောကောင်း။ ဆွေမျိုးတွေ ပြောတိုင်းဝါ အဲသည်ဆွေမျိုးတွေကြောင့်ပဲ ... ကိုယ့်မှာ နေရာလည်းပျောက် ကိုယ့်ဩဇာလည်း မပြောင်း၊ ကိုယ့်ကိုတောင် အရေးမစိုက်ချ ကြ။ ယောက္ခမသူဌေးမကြီးထံ တိုက်ရိုက်ချဉ်းကပ်ကြ။

"မြရွှေး ... ကိုယ့်ဘာသာ ဘရန့်ချ်အသစ်တစ်ခု ခွဲထွက် ပြီး လုပ်ချင်တယ်"

လုပ်ငန်းကြီးကိုသာ သေလုမြောပါး လုပ်လိုက် ကိုယ်ပိုင်ငွေက တစ်ပြားမျှမရှိ၊ ဝင်ငွေမှန်သမျှ ယောက္ခမအ



ချင်တော့ ပြန်တောင်း၊ လုပ်အားခလခသာ ထုတ်ယူရပြီး၊ နေ ထိုင်စားသောက်စရိတ်ကျတော့ ယောက္ခမက တာဝန်ယူထားသည့် "လက်ဝေခံ"ဘဝကြီးမျိုးကို၊ ကျော်မျိုးဝင်းလို လူစားက ဘယ် ခုန်းကမျှ စိတ်ကူးခဲ့တာ မဟုတ်ချေ။ အစပိုင်းမှာ လုပ်ခဲ့တာက၊ ယောက္ခမကြီးက မိန်းမသား၊ စွမ်းစွမ်းတမံ မရှိ၊ သားယောကျ်ားလည်း မရှိ။ ခယ်မကလည်း အပျို၊ သူက သူ့လုပ်ငန်းနှင့်သူ။

သူကလည်း သူဌေးမလေးပဲ ဆိုပါတော့။ သူငယ် ချင်း သုံးယောက်ပေါင်းပြီး စိန်တိုက်တစ်ခုတောင် ဖွင့်ထားနိုင်ပါ ပြီဆိုမှ ...။

သူ့စိန်တိုက်ကိုပစ်ပြီး ဘယ်တော့မျှ ... ဒီလုပ်ငန်း ဘက် လှည့်မကြည့်မှာ သေချာသည်မို့ ကိုယ့်လက် ကိုယ့်ခြေ။ ယောက္ခမကြီး လက်ဝေခံလို့ ဆိုပေမဲ့၊ ရသည့်လခအသားတင် တာ မိန်းမကိုတောင် ပြန်ပေးစရာ မလို၊ ကိုယ်သုံးဖို့ဆိုပဲ။ စား သောက်နေရေး၊ သွားလာနေထိုင်ရေးမှာ ရန်ကုန်မြို့၏ အထက်တန်း လွှာ လူကုံထံအဆင့်။ နောင်တစ်နေ့ ... ကိုယ့်လက်က ပြေးမ လွတ်သည်မို့ ယာယီလက်ဝေခံ လုပ်ခဲ့တာ။ ခုလို ... လူမလေး ချေးမခန့် သာမန်လခစား သဘောမျိုးဖြင့် ဘယ်လုပ်လိမ့်မလဲ။

မြရွှေးသီကို "အပိုင်"ဆိုပြီး ခွဲဝေပေးပြီးသား စိန် သည်တွေ ရှိသည်။ မြရွှေးသီက အဲဒါတွေ ထုတ်ပေးသည်။ ချောင်းချ။ ရင်းနှီး။ သူ့ယောကျ်ားကို အမေ့ဆွေမျိုးတွေ ပမာမခန့် ထားကျတော့ မကျေနပ်။ သူ့ကိုယ်တိုင်ကျတော့လည်း မာနတလူလူ ကျော်မျိုးဝင်း ... လူတော်ပါ။ ထစ်ခွဲလုပ်ငန်းက ပိုအောင်မြင်လာ ၏။ မူလလုပ်ငန်းမှာက ဆွေမျိုးတွေ ... ဖရဲသီးတစ်လုံး အလကား

www.burmeseclassic.com

www.burmeseclassic.com



ရလို့ ဝိုင်းခွဲစားသောက်သလို၊ ပွဲတာပွဲ၊ ကြေတာကြေ၊ အပေ
အလွှင့်တွေဖြစ် ... ဆိုတော့ ...။

"ညည်းယောကျ်ားကလည်း ... မိသားစုစီးပွားရေးကို ပြ
ကိုလှည့်မကြည့်တော့ဘူး၊ သူ့စီးပွားသူ ကျူးရှာပြီး ခွဲထွက်
နေတာ ... တော်တော်သွေးကွဲတာပဲ။ တကယ်တမ်းက
သူ နေထိုင်စားသောက်နေတာ ... စီးနေတဲ့ကားကအ
ဓိဘက်စီးပွားရေးထဲက"

ယောက္ခမကြီးက ပြောတတ်တာ ပြောချင်တာ
ဟုတ်ချင်မှ ဟုတ်မည်။ ဟုတ်ချင်လည်း ဟုတ်မည်။ တစ်သ
လုံးက မာနတံခွန်ထူခဲ့သည့် သူဌေးမျိုးရိုး မဟုတ်လား။ အဲဒီမှ
တင် ... သမက်နှင့် ယောက္ခမ အဆင်မပြေမှုစ။ သမီးက အ
ဘက်ပါ။ ယောကျ်ားဆိုတာက တစ်သက်လုံး ယုံချင်မှ ယုံရ
မဟုတ်လား။ စပြီးလက်ထပ်ကတည်းက ... ကြားပွဲစားနှင့်
ပါတော့။

"လူတော်လေးတစ်ယောက် ရှိသည်။ ရိုးသားသည်
ပစ္စည်းဥစ္စာ မရှိသည်မို့ ကိုယ့်ညြဇာခံ ဖြစ်နိုင်သည်"... ဆိုတာ
စခဲ့တာ။

"သူဌေးသမီးလေးတစ်ယောက် ရှိသည်။ လှသည်
ဣန္ဒြေသိက္ခာကြီးသော အပျိုစင်ကလေး ဖြစ်သည်"... ဆိုတာ
စခဲ့တာ။

လူချင်းဆုံခိုက်မှာ၊ ကြိုက်လှချည့်ရဲ့ ချစ်လှချည့်
မဖြစ်ခြား ... သူဌေးသမီးဘက်ကျတော့ ရိုးသား၍တော်သော
ခင်ပွန်းတစ်ဦး၊ လူရှိသေ ရှင်ရိုသေ ရဖို့လိုသည်။ ကြိုးစားချင်



အတွက်ကျတော့ ... ကိုယ်လည်း လူပျိုကြီးလုပ်မှာ မဟုတ်သည့်
တူတူ၊ ရုပ်ရည်မဆိုး (လှသည့်ဘက်သို့ ပါသေးသည်။ ညီမကို
တော့ မမီ) ယင်ဖိုမသန်းသည့် အပျိုစင် သူဌေးသမီးလေးကိုရ
လျှင် ဘယ်ဆိုးပါ့မလဲ။

"မင်းတို့အမျိုးတွေ အားလုံး ထွက်ပေးရင် ငါ ပြန်လုပ်
ပေးမယ်၊ ဒါတောင် ... အရင်လိုတော့ မလုပ်နိုင်တော့ဘူး၊
ဒီမှာလည်း ကိုယ့်အလုပ်နဲ့ကိုယ်၊ မင်းတို့အတွက် စေတနာ့
ဝန်ထမ်း လုပ်ရမှာ"

"အောင်မယ် ... ဆွေမျိုးတွေ ထုတ်ပစ်ဆိုတာက
ဘာစကားလဲ၊ သူတစ်ယောက်တည်း လက်ဝါးကြီး အုပ်ချင်လို့၊
လူကိုယူသည် ပြီးတော့ လုပ်ငန်းကိုယူသည် ဆိုတာမျိုး၊ သူ့လက်
သူ့ခြေ အကုန်လုံးလည်း ဖြစ်ရော၊ စမောလေးတွေ ဘယ်တစ်
ယောက် ညာတစ်ယောက် ဖြစ်လာမှ ဟုတ်ပေ့ဖြစ်မယ်"...ဆိုတာ
ကတော့ ဆွေမျိုးတွေလည်းပြော၊ ယောက္ခမကလည်း ပြောချင်စိတ်
ရှိ၊ ဇနီးကိုယ်တိုင် စိတ်ပါကာ ပြောဖြစ်တော့သည့်စကားတည်း။

အမှိုက်ကစ၍ ပြသာဒ်မီးလောင်တော့ ကျော်မျိုးဝင်း
အိမ်ပေါ်က ဆင်းသည်။ သူ့အဝတ်အစားတွေ သူ့ပစ္စည်းတွေ
ကောက်သိမ်းသည်။ ကားတစ်စင်းပေါ်တက်၊ စက်နှိုး၏။

"အောင်မယ် ... ဘယ်သူပေးလို့ ဒီကားကို ယူသွားရမှာ
လဲ၊ ကိုယ်ပိုင်ဆိုက်ကားတောင် မရှိခဲ့ဖူးတဲ့ ဘဝကိုများ
ပြန်သတိရစမ်းပါဦး၊ အိမ်ပေါ်တက်လာတုန်းက ပါတဲ့
ပစ္စည်းက ကြွပ်ကြွပ်အိတ် နှစ်လုံးစာ၊ သေတ္တာကြီး
သေတ္တာငယ်နဲ့ ဆင်းရတာ ကျေးဇူးတင်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျော့ရှိုးဝင်း ဆတ်ဆတ်ခါနာ၏။ အသည်းကို သံချွန်နှင့် စိုက်သလောက် နာ၏။ ဒါဟာ လင်မယားချင်းပြောရမဲ့ စကားလား။ ကြားပွဲစားနှင့်ပဲဖြစ်ဖြစ်၊ လူကြီးတွေ စီမံလို့ပဲ ဖြစ်ဖြစ်၊ သူနှင့် ကိုယ်နှင့် ချစ်ခင်မြတ်နိုး စုံမက်ကြလို့ပဲဖြစ်ဖြစ် ...။ ဘယ်နည်းနှင့်ပဲ လက်ထပ်ဖြစ်ခဲ့စေ ...။ လင်ရယ် မယားရယ်လို့ ဖြစ်လာမှတော့ သံယောဇဉ် တွယ်သင့်သလောက် တွယ်ကြရိုး ထုံးစံ။

ဓနီးမောင်နှံဆိုတာ အရင်းနှီးဆုံး●သွားစည်းဖို့ လိုအပ်ဆုံး သူစိမ်းနှစ်ယောက် မဟုတ်ဘူးလား။ ခုချိန်မှာ ကျောချင်းကပ်ပြီး၊ မျက်နှာချင်းဆိုင်မှ ရန်သူတွေ (ဖရဲသီးခွဲစားသော ဆွေမျိုးတွေ)ကို ကိုယ့်စစ်မျက်နှာ ကိုယ်လုံအောင် ခုခံကာကွယ်ဖို့ မဟုတ်ဘူးလား။ ခုတော့ ... သူဌေးသမီးဆိုသော ကိုယ့်ဓနီးက ငွေဂုဏ်မောက်သည်။ မာနတံခွန်ထူပြီ။ သူ့လွှင့်တင်လိုက်သော မာနတံခွန်က ကိုယ့်ရဲ့ "ယောကျ်ားမာန" ဆိုတာကြီးကို အချွန်နှင့် စိုက်၏။ အဲသည်မိန်းမကို လှည့်ကြည့်ဖြစ်လျှင်တောင် ... တော်တော်ညံ့တဲ့ ငါပါလား ... ဟု ဝေဖန်မိမှာ စိုးလွန်းလို့၊ တစ်ချက်ကလေးတောင် လှည့်မကြည့်ဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ...။ ယောက္ခမခြံထဲမှ ကုန်းကြောင်းလျှောက်၍ ထွက်ခဲ့သည်။

ဘဝဆက်တိုင်း ဝေးကြပြီ။

အဲသည်လောက် ထိနာ၏။ နောင်ဘဝဆိုတာတွေများ ရှိခဲ့လျှင် ဒီမိန်းမနှင့် ... ဘယ်ဘဝမျှ မဆုံပါရစေနှင့်တော့။ လူဆိုတာ မာနရှိတတ်မျိုး။ အတ္တကြည့်တတ်မျိုး။ ဂုဏ်သိက္ခာ



မြှင့်ချင်တတ်မျိုး။ ဒါမျိုးတွေမှာ "ယောကျ်ား"က "မိန်းမ"တွေထက် ပိုသေး ... ဟု ပြောချင်၏။ ကိုယ့်ဂုဏ်သိက္ခာကို မြေမှာခင်း၊ ကိုယ့်အတ္တကို ခုတ်ပိုင်းဖြတ်ချိုး၊ ကိုယ့်မာနကို လှံနှင့် တစ္စပ်စွပ် ထိုးလိုက်ပြီဖြစ်သော မိန်းမကို ရင်ထဲ အသည်းထဲ၊ အူတွေ ကလီစာတွေထဲက နာ၏။ ဒီလိုနှင့် ... ကိုယ့်မိဘအိမ် ကိုယ်ပြန်ရောက်သည်။

"ခြော် ... ဖြစ်မှ ဖြစ်ရလေ"

ယောက္ခမအိမ်မှာ သူဌေးသမက်အဖြစ် ကုမ္ပဏီပိုင်ရှင်ကြီးအဖြစ်၊ အကောင်းတွေစား၊ အကောင်းတွေဝတ်၊ ကားကောင်းတွေစီး၊ လူ့လောက အညွန့်အဖူး ဆိုသည့် စည်းစိမ်တွေနှင့် ဓိမ်ခံ။ ကိုယ်ပိုင်သုံးစွဲခွင့်ရသော ငွေထဲမှ ကိုယ့်မိဘထံ အနည်းအကျဉ်းတော့ ကန်တော့ဖြစ်ခဲ့သည်။ ကိုယ့်မှာ ဘဏ်လက်ကျန်နည်းနည်းတော့ ရှိသေးသည်။ ကိုယ့်မိဘဟာ ကိုယ်လူ့မျိုးတုန်းကလိုပဲ ခြိုးခြိုးခြံခြံ ချွေချွေတာတာ ရှိရဆဲ။ သူဌေးခမည်းခမက်၊ သူဌေးသမက်ရဲ့မိဘ၊ သူဌေးသမီးရဲ့ယောက္ခမ ဆိုသည့် အဆင့်အတန်းမျိုးမှာ မရှိရှာ။ ကိုယ်က မိန်းမပစ္စည်း၊ ယောက္ခမပစ္စည်း ... ဆိုတာတွေကို တိုးပွားအောင် အားကြိုးမာန်တက် ကြိုးစားလေလေ ... ယောက္ခမ၏ ဆွေမျိုးတွေက ဖရဲသီးတစ်လုံး အလကားရသလို ဝိုင်းဝန်းခွဲဝေ စားသောက်လေလေ ...။ သူတို့ဘက်မှာသာ အကျိုးခံစားခွင့်တွေ သက်ဖရောက်ပြီး ကိုယ့်အမေနှင့် ကိုယ့်အမေကျတော့ ဆင်းရဲတွင်းထဲမှာပင် ကျပ်ကျပ်တည်းတည်း။

"တောက် ... နည်းနည်းမှ မတရားဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါသသည်သာ အခိုးအငွေ့ရှိလျှင် ကိုယ့်တစ်ကိုယ်လုံးဟာ အခိုးအငွေ့တွေ ဖုံးလျက်၊ မီးခိုးတန်းကြီးတောင် ဖြစ်နေနိုင်လောက်ပြီ။

"ငါ ရသင့်ရထိုက်တာကို ရအောင် ပြန်တိုက်ယူမယ်"

ဒါကို အရှက်မရှိသော ယောက်ျားဟု မယူဆပါ။ အရှက်မဲ့လုပ်ရပ်ဟုသာ ကိုယ်ခံယူလျှင် အဲသည်မိန်းမထံမှာ ကိုယ်ကျန်ရစ်သည့် တီရှပ်တစ်ထည်တောင် တောင်းမှာမဟုတ်ပါ။ ယိမ်းယိုင်ပြိုကွဲပြီး ပိတ်ရလုနီးပါး၊ ဖျက်သိမ်းရလုနီးပါး သွင်းကုန်ထုတ်ကုန် ကုမ္ပဏီကြီး ပြန်လည်ထူမတ်လာခြင်း၊ ကိုယ်ခွဲရှထောင်လိုက်သည့် ဆောက်လုပ်ရေးလုပ်ငန်းက အရင်းအနှီးထက် နှစ်ဆသုံးဆမက ပွားများလာခြင်းတို့ဟာ ကိုယ့်ဝီရိယ။ သူတို့ကံပဲထားဦး ...။ ကိုယ့်ဉာဏ်၊ ကိုယ့်လုံ့လ။ ဒီဉာဏ် ဒီလုံ့လနှင့် ဒီဝီရိယ အကျိုးတွေကို နည်းနည်းကလေးမျှ မေတ္တာမရှိတော့ပြီဖြစ်သော မိန်းမထံမှာ ပေးဆပ်စွန့်လွှုခဲ့ရမှာလား။

မတရားလိုက်တာများနယ်။ မသထာလိုက်တာများနယ်။ ရသင့်တာကို ရအောင်ယူတော့မည် ... ဟု ဆုံးဖြတ်ချက်ချပြီးမှ ဒီအိမ်ရဲ့ ဧည့်ခန်းမှာ လာထိုင်တာ။

"ငါ့လုပ်အားနဲ့ ထူမတ်လာတဲ့ စီးပွားရေးကြီးကို နင်တို့ဆွေမျိုးတစ်စု ဖုံဝေစားသောက်ကြတာ၊ အဲဒီလို ဖုံ့ရွှဲ့ကိုက်ဖြတ် စားသောက်နိုင်အောင် ငါက နွားလိုရုန်းခဲ့ရတာ"

"ဒါကတော့ ... အတိတ်ကံဆိုတာ ရှိပါတယ်။ နွားဖြစ်ရမဲ့သူဟာ နွားကံပါလာပြီး၊ ပဒေသာပင် ခူးဆွတ်ရမဲ့သူဟာလည်း ပဒေသာပင်ကံ ပါလာတာပဲ"



"နင် စကားပြောတာ လူပါးဝလှချည်လား"

ကျော်မျိုးဝင်း မျက်နှာ ဒေါသဖြင့် နီရဲထူအမ်းလာချိန်မှာ၊ အမျိုးသမီးတစ်ဦး (မျက်စိရှေ့က ကောင်မလေးထက် နည်းနည်း ပိုကြီးပုံရ၍ မြရွှေးသီ ဖြစ်ပုံရသည်)နှင့် မိခင်ဟု ယူဆရသော အမျိုးသမီးကြီးတစ်ဦး။ ယောက်ျားသားက နှစ်ယောက် (ယာဉ်မောင်းနှင့် ခြံအလုပ်သမား ဖြစ်နိုင်သည့်ပုံရ၏) စုစုပေါင်း လူသားလေးဦး ဧည့်ခန်းဝသို့ ရောက်လာကာ သူတို့အိမ် သူတို့ရာမှာပင် မထိုင်ကြဘဲ မတ်တတ်ရပ်နေကြ၏။ ပုံစံက ရန်ဖြစ်လျှင် ဝိုင်းရိုက်ဖို့ လူစုလာသလိုပင်။

အခြေအနေကတော့ ... တော်တော့်ကို ဆိုးပြီ။

"အစ်ကိုကျော်မျိုးကလည်း စကားကို အေးအေးဆေးဆေး ပြောပါ။ ဒီက ညီမ ... အဲ ... မြစိမ်းဖန့် ထင်ပါတယ်။ မြစိမ်းဖန့်ကလည်း ညှိနှိုင်းပါလားဗျာ"

ဘယ်တော့မဆို ... သူများကိစ္စ ပါနေကျ မဟုတ်လား။ မင်းအုံထူး လက်ဟန်ခြေဟန်တွေနှင့် ဝင်ပြောဖြစ်တော့၏။

"မမြရွှေးသီနဲ့ အန်တီတို့ ထင်ပါတယ်။ အစ်ကိုကျော်မျိုးပြောမှာကို နားထောင်ပြီး၊ ငြင်းရင်လည်း လုံးဝငြင်းပါ၊ ညှိချင်လည်း ညှိပါ။ နောက်ဆုံး ... ညှိမရရင်လည်း ကျွန်တော်တို့ ပြန်ပါမယ်"

ကိုယ်က သွေးဆူနေသူမှ မဟုတ်ဘဲ။ အေးအေးဆေးဆေး ပြောနိုင်၏။ ကျော်မျိုးဝင်း၏ မျက်နှာက လေပဖောင်းပြီး ပေါက်ထွက်ကာနီး ဘောလုံးတစ်လုံးနီးပါး ပေါက်ကွဲဖို့ အားယူနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောပါရစေ။ မမမြရွှေသီ ... တစ်ဆိတ် ကျေးဇူးပြုပြီး နားထောင်ပေးပါ၊ အန်တီလည်း နားထောင်ပါခင်ဗျာ ... ဒီလိုလေ။ ကျွန်တော်နဲ့လည်း မဆိုင်ပါဘူး၊ ကျွန်တော်က အဖော်လိုက်ပေးတာပါ။ လမ်းမှာ ... ကားပေါ်မှာ နည်းနည်းပါးပါးပါ ခင်ဗျာ ...

"အစ်ကိုကျော်မျိုး ပြောပြသလောက်၊ ကျွန်တော်နားလည်သလောက် အစ်ကိုကျော်မျိုးရဲ့ ဆန္ဒတချို့ကို အစ်ကိုကျော်မျိုး ကိုယ်စား တင်ပြခွင့်ပြုပါ"

ဒေါ်သအရှိန် ပြင်းလွန်းသည်မို့ သွေးတွေ ဦးနှောက်ရောက်ကာ ပန်းထွက်လုနီးပါး ဖြစ်နေသည့် ကျော်မျိုးဝင်းကသူ့ဒေါသကိုသူ တော်တော်ကြီး ချုပ်တီးရင်း ကိုယ့်ကိုယ်ကိုယ် ထိန်းနေရပုံပါ။ စကားတစ်ခွန်းလောက် ပြောလိုက်လျှင်ပင် သူ... စိတ်မထိန်းနိုင်စွာ လက်ပါခြေပါ ဖြစ်တော့မှာကိုတော့ သူလည်း လိုလားဟန် မတူပါ။ ဖြစ်နိုင်လျှင်တော့ ... မြစိမ်းဖန့်ကို လည်ပင်းထညှစ်တော့မည့် အခြေအနေ။ လူသတ်မှုဖြင့် ထောင်ထဲသွားမနေရဖို့ အတွက်ကို၊ အတော်ကြီး အားခဲချုပ်တီးနေပုံ ရတော့၏။

"အန်တီရယ် ... မမမြရွှေသီ လက်ထပ်ကာနီးမှာ အန်တီတို့ ကုမ္ပဏီရဲ့ အခြေအနေ တော်တော် ဆိုးဝါးခဲ့တာလည်း အန်တီတို့ သိပါတယ်၊ ဒါကို ပြန်လည်ဖြစ်ထွန်းလာအောင် အစ်ကိုကျော်မျိုး ကြိုးစားခဲ့တယ် ဆိုတဲ့အချက်ကတော့ ဘယ်သူမှ ငြင်းလို့မရပါဘူး ...



"မမမြရွှေသီရဲ့ကံပဲ ထားပါဦး၊ ဉာဏ်နဲ့ ဝီရိယကတော့ အစ်ကိုကျော်မျိုးပါ။ ဒါလေးတစ်ခု ပဏာမအနေနဲ့ အသိအမှတ် ပြုပေးပါ"

"သူက ပိုက်ဆံဘယ်လောက် လိုချင်သတဲ့လဲ"

မြွေသာဆို ရှူးခနဲအော်ပြီး ထောင်တက်သွားမည့် ပါးပျဉ်းကြီးကို ကျော်မျိုးဝင်း မျက်စိထဲမှာ တွေ့လိုက်ရပါသည်။ မေးလိုက်သူက သူ့ယောက္ခမကြီးပါ။

"ငွေရလို့မှ သက်သက်နဲ့ လာခဲ့တာ မဟုတ်ပါဘူး အန်တီ"

"လူလည်း ပြန်မပေးနိုင်ဘူး"

"ဟုတ်ကဲ့ ... လူလည်း ပြန်မတောင်းပါဘူး"

"ဒါဖြင့် ... ဘာလာလုပ်တာလဲ"

"ကျွန်တော် ပြောပါမယ်။ ကျွန်တော့် စကားလေးသာ ဆုံးအောင် နားထောင်ပေးပါ။ အစ်ကိုကျော်မျိုးက လူသတ်ပြီး ထောင်ထဲဝင်ရတဲ့ အဖြစ်ကို မရောက်အောင်၊ သူ့စိတ်ကို အတော်ထိန်းနေရလို့ ဒေါသဆွမဲ့ စကားလုံးလေး နည်းနည်းလျှော့ပေးပါ"

နောက်ထပ်ရောက်လာသည့် လူလေးယောက်နှင့် မြစိမ်းဖန့်ပါ ပေါင်းတော့ လူငါးယောက်။ စုစုပေါင်း မျက်စိဆယ်လုံးက နောက်ဆုံးစက္ကန့်သို့ ရောက်နေသည့် ပေါက်ကွဲတော့မည့် ဗုံးကြီးလို ဖြစ်နေသော ကျော်မျိုးဝင်း မျက်နှာကိုကြည့်ကာ နည်းနည်းတော့ လန့်သွားကြပုံ ရပါသည်။ အလုပ်သမားပုံပေါက်သော ယောကျ်ားနှစ်ယောက်ဟာလည်း၊ အစတုန်းကဆို ... ကျော်မျိုးဝင်း အဟိန်းအဟောက်ခံလျက် ကြောက်ရှိန်ရှိခဲ့ပါလိမ့်မည်။ အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှင်ထ ခေါ်လို့သာ ပါခဲ့ရ ... ရှူးတိုက်ပေးတာတောင် မကိုက်ဝံ့သည့် လစ်တောသွေးသားသား (နှိုင်းယှဉ်ချက်ကတော့ ရိုင်းပါသည်။ သို့သော်ငြား ... အဲသည်ပုံတော့ ပေါက်၏) အချိုးအချိတ်နှင့် မျက်စိမျက်နှာကလေးတွေ ငယ်ကုန်ကြတော့၏။

ကျန်သည့် မိန်းမသားသုံးယောက်လည်း ... တကယ့်တကယ် ... ပါးပျဉ်းထောင် မြွေဟောက်နှင့် ရင်ဆိုင်ရလျှင် မကြောက်ဘဲ ရှိပါ့မလား။ ပြီးတော့ ... ရွှေမှုန့်စား၍၊ ငွေနွန်းကိုက်၍၊ ပန်းမွေ့ရာ ရွှေကော်ဇောပေါ် လျှောက်လှမ်း၍ ... စိန်ကလပ်ပေါ်မှာ ပုလဲလုံးကလေး လိမ့်သလို ... ဘဝဆိုတာ စမ်းရေစီးလေးထဲမှာ ပန်းပွင့်လေး မျောသလို ... ငြိမ့်ညောင်း၊ ညက်ညော ညင်သာစွာ ရွှေ့လျောခဲ့ကြရသူတွေမို့၊ ဘယ်တုန်းကမျှ အကြမ်းပတမ်းကို မခံစားဖူးစွာ ... အသားနာမှာ အရှက်ရမှာ၊ သိက္ခာကျမှာ ... ကြောက်သွားကြပုံရပါသည်။

"အစ်ကိုကျော်မျိုး ခွဲထွက်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းက မမမြရွှေးသီ ထုတ်ပေးတဲ့ အရင်းအနှီးနဲ့ စခဲ့တာပါ။ အစ်ကိုကျော်မျိုးက အဲဒီအရင်းအနှီးကို ပြန်ဆပ်ချင်လို့ လာခဲ့တာပါ"

မင်းအုံထူး စကားပြော ... လှပါသည်။

ကျော်မျိုးဝင်း ပြောခဲ့တုန်းက ဒီလိုမဟုတ်ပါ။

"ငါကွာ ... လခလေးယူပြီး ကျေနပ်နေတာ၊ ငါ့မိဘတောင် သေချာပို့တာ မဟုတ်ဘူး။ လိပ်ပြာမသန့်လို့။ ကိုယ့်မိဘ ပို့ရင်တောင် ယောက္ခမပစ္စည်း၊ မိန်းမပစ္စည်းဆိုပြီး၊ ငါ့လခလေးထဲက ထောက်ပံ့တာ ...



"ငါ့လုပ်အားနဲ့ တိုးပွားလာတဲ့ အကျိုးအမြတ်တွေကို သူတို့အမျိုးတွေ ဝိုင်းဖဲ့စားကြတာကျတော့ ပါးပြီနားပြီ ထားတော့ ... အဲဒါကြီးကို ... ငါ မပြောတော့ဘူး။ ငါ ဘာသာလုပ်တဲ့ ကုမ္ပဏီတော့ ငါရမှ ဖြစ်မယ်၊ ငါ ဆက်လုပ်မယ် ...

"မြရွှေးရဲ့ စိန်တွေ ချွတ်ပေးလို့ စခဲ့ရတာလို့ ပြောလာရင် သူ့စိန်ဖိုးတွေ ပြန်အမ်းမယ်၊ အတိုးလိုချင်သေးလား၊ ပေးမယ်၊ ကုမ္ပဏီတော့ ငါရမှဖြစ်မယ်၊ အဲဒါကိုမှ ကပ်ဖဲ့တိုက်လာကြရင် ...

"ပထမ ... တရားမကြောင်းနဲ့ ရင်ဆိုင်မယ်၊ ဒါမှ မရရင် ... ဘယ်သူဘာဖြစ်ဖြစ်၊ ငါ လူတွေအကုန်လျှောက်သတ်ပြီးမှ ကြိုးမိန့်ကျချင်လည်းကျ၊ လုံးဝမခံချင်လို့ကို လုပ်မှာ၊ ငါ့ကိုများ နှိမ်လိုက်ကြတာကွာ ...

"ယောက်ျားတစ်ယောက်ဟာ နှစ်ပြားလည်း မတန်တော့ဘူး၊ လူမသတ်မိအောင် မနည်းကြီး ထိန်းနေရတယ်" ... တဲ့။

"အစ်ကို့ ဆောက်လုပ်ရေးလုပ်ငန်းက ဘယ်သူ့နာမည်နဲ့လဲ"

"ငါ့နာမည် ... ငါ တစ်ယောက်တည်း၊ ဘဏ်စာရင်းလည်း ငါ၊ လုပ်ငန်းအသွားအလာ အားလုံး ငါ။ အဲဒါ တမင်လုပ်ခဲ့တာတော့ မဟုတ်ဘူးကွ။ မြရွှေးက သူဌေးသမီးလေ ... သိတယ်မလား။ ဘာမှ မလုပ်ချင်ဘူး။ ရုံးပြင်ကနွား ... နဲ့ဆိုင်ရာ မသွားချင်ဘူး၊ မာနနဲ့လေ။ သူများစားပွဲရှေ့ မတ်တတ်သွားရပ်ရမှာ သိက္ခာကျတယ်ထင်တဲ့ လူတန်းစား ...

www.burmeseclassic.com

www.burmeseclassic.com



"ဘဏ်မှာ ပိုက်ဆံသွားထုတ်ဖို့တောင် ပျင်းတာ။ သူ့နာမည်ပါရင်၊ သူ နေရာတကာ လိုက်နေရမှာ စိုးလို့ကို ... ငါ့နာမည် တစ်ခုတည်း ထားတာ၊ ငါကလည်း အပိုင်သိမ်းဖို့ နည်းနည်းလေးမှ မရည်ရွယ်ခဲ့ပါဘူး။ အဲဒီတုန်းကတော့ လင်မယားက ချစ်နေတုန်းလေ ..."

"အင်း ... ဥပဒေကြောင်းနဲ့ဆို ... အစ်ကိုပဲ ရပိုင်ခွင့်ပေါ့၊ ကွာရှင်းပြတ်စဲမယ်ဆိုရင် မမမြရွှေးသီကို တန်ဖိုးတစ်ဝက် အမ်းရမှာပေါ့"

"တစ်ဝက်အမ်းရင် သူ့စိန်ဖိုးတွေလောက် မရှိဘူး"

"ဘာဖြစ်လို့လဲ ... ကျွန်တော် နားမလည်ဘူး"

"စီးပွားရေး လုပ်တယ်ဆိုတာ ... ကိုယ်က ပေးစရာတွေလည်းရှိ၊ ရစရာတွေလည်းရှိ၊ ရပိုင်ခွင့်တွေနဲ့ ပေးရန်တာဝန်တွေလို့ ခေါ်တာပေါ့။ ငါက စာရင်းချုပ်လိုက်ရင် မရသေးတဲ့ ရပိုင်ခွင့်တွေ၊ ဝင်မလာသေးတဲ့ ငွေလုံးငွေရင်းတွေ ထည့်တွက်မလား၊ ပေးစရာရှိတာတွေ နုတ်ချလိုက်ရင် သူ ... ဘယ်လောက်မှ မရဘူး၊ ငါ အဲဒီလိုလည်း မတရား မလုပ်ချင်ဘူး ...

"တိုးပွားလာတာ ငါ့ခံစားပိုင်ခွင့်၊ သူ့အရင်းအနှီး ပြန်ပေးမယ်။ အတိုးနှုန်းသတ်မှတ်ပြီး ထပ်ပေးဦးမယ်၊ ဒီလိုလုပ်ဖို့ ငါ လိုပ်ပြာသန့်တယ်။ ဒါကိုမှ မလိုက်လျောရင် ပေးရန်တာဝန်တွေ နုတ်ထားတဲ့ မရှုံးရုံတစ်မယ်သာသာ ...



"သူ့အရင်းသာသာကို ထက်ခြမ်းခွဲရင်၊ သူ ဘယ်လောက်မှ မရဘူး၊ ငါ့လာကိုက်ရင် ပြန်ကိုက်မှာပဲ၊ ဒီအချိန်မှာ လူမသတ်မိအောင်တောင် မနည်းထိန်းနေရတာ ... ငါ ဘာလုပ်လုပ်၊ ကျဆင်းသွားတဲ့ ငါ့ရဲ့ဂုဏ်သိက္ခာ ...

"ငါ့အတ္တ၊ ငါ့မာန ... ငါ့ရင်းနှီးမြှုပ်လိုက်ရတဲ့ နစ်နာမှုတွေနဲ့စာရင် ငါ ပြန်လုပ်တာ အခင်မတန်နည်းသေးတယ်။ ငါ တန်တယ်ထင်လို့ လိပ်ပြာသန့်သန့်နဲ့ လုပ်မှာ။ ဥပဒေအကြံပေးတွေနဲ့လည်း ငါ တိုင်ပင်ပြီးပြီ" ... တဲ့။

"အရင်းအနှီး ပြန်ဆပ်ချင်တယ်ဆိုတဲ့ စကားလုံးက သိပ်လှနေတယ်။ ကုမ္ပဏီအပိုင်စီးမယ်လို့ ရှင်းရှင်းပြောပါလား"

"မင်းပါးစပ် ပိတ်ထား"

မတ်တတ်ရပ် လူလေးယောက်၏ နောက်မှာ ယောကျ်ားတစ်ယောက် ထပ်ပေါ်လာကာ ခနဲ့ခနဲ့ ဝင်ပြောတော့ ကျော်မျိုးဇင်း ဝုန်းခနဲ မတ်တတ်ထရပ်သည်။ မမမြရွှေးသီမှာ အစ်ကိုရင်းတော့ မရှိ၊ ဝမ်းကွဲအစ်ကိုလား၊ မောင်လား၊ ဆွေနီးမျိုးစပ်လား ... တစ်ဦးဦး ဖြစ်ပါလိမ့်မည်။ မြရွှေးသီတို့ သားအမိသုံးယောက်က ဧလာလောဆယ်မှာ တိတ်နေ၏။

"မင်းတို့လို အချောင်သမား မဟုတ်ဘူး၊ ငါ့လုပ်အားနဲ့ ဖြစ်ထွန်းလာတဲ့ ကုမ္ပဏီ၊ ငါဆက်လုပ်မှာ တရားတယ်ထင်လို့ အပြတ်လာရှင်းတာ၊ မိန်းမတွေနောက်ကပ်ပြီး လေသံပစ်မနေနဲ့၊ မိုက်ရင် ထွက်ခဲ့"

"အစ်ကိုကျော်မျိုး ... စိတ်လျှော့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူက မမိုက်ဘူး ထင်ပါရဲ့။ ထွက်မလာပါ။

"မြွေး ... မင်းထုတ်ပေးခဲ့တဲ့ စိန်တွေရဲ့ တန်ဖိုးအပြည့် ငါ ပြန်ပေးမယ်။ အဲဒီငွေကို မင်း အတိုးနှုန်းဘယ်လောက် လိုချင်လဲ၊ ငါထပ်ပေးမယ်။ ကုမ္ပဏီကို ငါ ဆက်လုပ်မယ်။ ဒါကို မကျေနပ်ရင် တရားရုံးမှာ ရင်ဆိုင်ချင်လည်း ရင် ဆိုင်၊ လူချင်းသတ်ချင်တဲ့ကောင် ရှိရင်လည်း ထွက်ခဲ့ ဓား ... ဓားချင်း၊ လှံ ... လှံချင်းပဲ"

ကျော်မျိုးဝင်း ဝုန်းခနဲ ထရပ်၍ သူပါရောပြီး မထ တတ်ရပ်လိုက်ရသော မင်းအံ့ထူးက ... ကျော်မျိုးဝင်းဘက်သို့ လှည့်ကြည့်၏။

"ဒါပဲ မဟုတ်လား အစ်ကို ... မြွန်ကြစို့"

"တစ်ခု ရှိသေးတယ်။ ကွာရှင်းပြတ်စဲပြီးစီးခြင်း ဆိုတာ သတင်းစာထဲမှာ ကြော်ငြာထည့်မယ်။ အဖြစ်မှန်ကို သိ နိုင်ပါရန် မိတ်ဆွေအပေါင်းအသင်း အားလုံးနှင့် စိတ်ဝင် စားသူတိုင်း၊ တိုက်ရိုက်ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါ သည် ဆိုတာ ထည့်မယ်။ ငါ့နာမည်နဲ့ ငါ့လိပ်စာ၊ ဖုန်း နံပါတ်ပါ ထည့်မယ်"

"ဘယ်ဖြစ်မလဲ"

ဝင်ပြောသူက မြစိမ်းဖန့်ပါ။

"ငါမထည့်လည်း နင်တို့ ထည့်မှာပဲ"

"ဘာကိစ္စ စုံစမ်းမေးမြန်းခိုင်းစရာ လိုလဲ"

"ငါ့ဘက်က လိပ်ပြာသန့်လို့။ ငါ မဟုတ်တာ ဘာတစ်ခု မလုပ်ဘူး။ လောင်းကစား၊ အရက်၊ မိန်းမ ... အရှုပ်အရှင်



အားလုံးကင်းတယ်။ နင့်အစ်မကို စကားတောင်မာမာမ ပြောခဲ့ဘူး၊ စိတ်ချမ်းသာအောင် ထားတယ်။ ခုဖြစ်ရတာက ဆွေမျိုးတွေ၊ ကြားလူတွေ၊ အချောင်သမားတွေ ပြောသမျှ...

"နင်တို့က ငညှံ့တွေဆိုတော့ အချောင်သမားစကား နားယောင်ပြီး ငါ့ကို နှိပ်ကွပ်လာကြလို့ ဖြစ်ရတဲ့ကိစ္စ။ ငါကယောကျ်ား။ ယောကျ်ားမာန ရှိတယ် နင်တို့လို သူဌေး မဟုတ်ပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့ အစွမ်းအစနဲ့ အရည် အချင်း အပြည့်ရှိတယ်။ စောင့်ကြည့်နေပါ ...

"နင်တို့ရဲ့ သွင်းကုန်ထုတ်ကုန် ကုမ္ပဏီကြီး ... ဘယ်နှလအတွင်း ဒေဝါလီခံရမလဲ ဆိုတာ"

စကား▮အဆုံးမှာ ... ကျော်မျိုးဝင်းက ဘယ်သူ့မှ နှုတ်မဆက်ဘဲ ချာခနဲ လှည့်ထွက်သည်မို့ မင်းအံ့ထူးပါ ရောနှော ဆင်းချလိုက်လာရသည်။ ကားပေါ်မှ ခန့်ညားကဖြင့် အေးအေး ဆေးဆေးရယ်။

ကျော်မျိုးဝင်းတော့ ဘယ်လိုအတွေးတွေနှင့် အုံမွှဲ့ လာမည် မသိပါ။ မင်းအံ့ထူးကတော့ ... ဒေါ်သရိုပ်ကဲကဲ ... မာန လေးတခဲခဲနှင့် ကောင်မလေးရဲ့ ပုံရိပ်က မင်းအံ့ထူးရဲ့ တစ်ကိုယ် လုံးပေါ်မှာ စောင်တစ်ထည် ခြုံချထားလိုက်သလို သိုင်းဖွဲ့လွှမ်းခြုံ လို့ ပါလာခဲ့ရတော့သည်။

တွေ့ကြရပုံက ဆန်း၏။

ပြီးတော့ ... အဖြစ်က "မသင်း"လိုက်တာမှလေ။ ဒီထက် အဆင်ပြေပြေကလေးများ ဆုံခွင့်ရလိုက်ပါတော့။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com



## ၃

အဲသည်မျက်နှာလေးကို မေ့လို့မရပါ ... ဟူ၍ပြေ
လျှင် ဝါကျက ရိုးစင်းလွန်းနေ၏။ အဲဒါထက် ပို၏။ ရိုးရိုးစင်းစ
သတိရခြင်းထက်များစွာ ပိုသော စွဲလမ်းခြင်း တွယ်ငြိခြင်း၊ မ
မောခြင်း၊ မြတ်နိုးခြင်းတို့မှာ စုန်းစုန်းနစ်ရခြင်းတည်း။

ဒါမျိုး တစ်ခါမျှ မဖြစ်ဖူးဘူး ထင်သည်။ တကယ
ပဲ မဖြစ်ခဲ့ဘူးတာပါ။ မိန်းမ ... မမြင်ဖူးသည့်သူမှ မဟုတ်
ကောင်မလေးတွေနှင့် တရင်းတနှီး၊ ပြောမနာ ဆိုမနာ၊ သူငယ်ချင်း
ပေါင်း၊ ရည်းစားမကျ သူငယ်ချင်းမကပေါင်း၊ ဟိုမရောက် ဒီမ
ရောက် ... ဘယ်လိုပတ်သက်မှုဟု ပြောရမှန်းမသိသည့် ပေါ
ခြင်းမျိုးစုံနှင့် ကိုယ့်ပတ်ဝန်းကျင်မှာ မိန်းမသားလေးတွေ များ
များ။ "ချစ်တယ်"ဟု တစ်ခါမျှ မပြောခဲ့စဖူးသလို၊ "ချစ်ပါရစေ
ဟုလည်း တစ်ခါမျှ ခွင့်မတောင်းခဲ့စဖူး။ "ပြန်ချစ်ပါ" ... ဟုလည်း
မတောင်းဆိုခဲ့စဖူး။ ခုတော့ ... တစ်ခါမျှ မပြောခဲ့ဘူးသောစကား
မတောင်းခဲ့ဖူးသော အခွင့်အရေး၊ မတောင်းဆိုခဲ့ဖူးသော ရယူလို
အမျိုးအစားကို အကောင်အထည်ဖော်ဖို့ ... ကိုယ့်ရင်ခွင်



တောင်းဆိုလာခဲ့ပြီထင်၏။ ရင်ခွင်သည် ဘောက်ဘက်ခတ်လျက် ရှုပ်ရှားလွန်းရှာသည်တည်း။

တနင်္ဂနွေ မဟုတ်သည်မို့ ဖေဖေနှင့်အတူ ကုမ္ပဏီသို့ ပါလာရသည်။ ဖေဖေခိုင်းသော အလုပ်တွေကို လုပ်ရသည်။ ဖေဖေ သင်ပြတာတွေကို မှတ်သားနာယူရသည်။ ဖေဖေသည် ... သူ့ဝန်ထမ်းတွေ အားလုံး သူ့ကို ချစ်ကြောက်ရိုသေ ... မုံစံဝင် အောင် နေတတ်ပါဘိခြင်း။ ဖေဖေ့ အလုပ်မှာ၊ ဖေဖေ့ကို ချစ်ခင် လေးစားလို့၊ ကြောက်ရွံ့ရိုသေလို့ အလုပ်ကို ကြိုးစားကြတာ၊ ဖေဖေ့စိတ်ကြိုက် မဖြစ်မှာစိုးလို့ ကြိုးစားကြတာတွေကို တွေ့ရ တော့၊ ဖေဖေ့ကို အားကျအတုခိုးရပါသည်။ ခါတိုင်းဆို ... ကုမ္ပဏီသို့ ရောက်လာလျှင် ဖေဖေ့ကိုကြည့်ရင်း ဦးနှောက်ထဲမှာ တခြားကိစ္စတွေ ဝင်ကိုမလာတော့ဘဲ၊ အလုပ်တွေသာ အစီအရီ။

ဒီနေ့တော့ ... ဖေဖေ ဘာတွေလုပ်လို့ ဘာတွေပြော နေမှန်း မသိ။ ဖေဖေ ကြည့်ခိုင်းထားသော ငွေစာရင်းလယ်ဂျာ စာအုပ်တွေကို ဟိုလှန် ဒီလှန် လှန်သာလှန်နေရသည်။ ဘာမျှလည်း နားမလည်ချေ။

"စာရင်းအင်းဆိုတာ လူတိုင်းလုပ်နိုင်တာ မဟုတ်ဘူး။ လုပ်နိုင်တိုင်းလည်း လုပ်ချင်စိတ် သိပ်ရှိကြတာ မဟုတ်ဘူး။ များသောအားဖြင့်မှာ ထသွား ထလာ၊ စိတ်ကူးကြံစည် ... ဆိုတဲ့ လှုပ်လှုပ်ရှားရှား အလုပ်တွေပဲ စိတ်ပါကြတာများ တယ်။ စားပွဲတစ်လုံး ကုလားထိုင်တစ်လုံးနဲ့ ...

"ဖင်ခွာတက်အောင်ထိုင်ပြီး၊ ကိန်းဂဏန်းတွေ ဒီဘက်ရေးလိုက် ဟိုဘက်ရေးလိုက်၊ ပေါင်းလိုက် မြှောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက် ... ဒါချည်း လုပ်နေရတာ ဦးနှောက်ပူသလောက် ခေါင်းခြောက်ပြီး အင်မတန် ပျင်းစရာကောင်းတဲ့အလုပ်။ ငါက ဝါသနာမပါလို့ ဒီလိုခံစားရတာလည်း ဖြစ်တော့ ဖြစ်နိုင်တာပေါ့လေ ...

"စာရင်းအင်းမှ ဝါသနာအထူးပါတဲ့ ပုဂ္ဂိုလ်ကျော်ကြီးတွေလည်း ရှိလိမ့်မပေါ့။ ငါပြောချင်တာက ..."

ဖေဖေသည် ... သားနှင့် တရင်းတနှီး ပြောဆိုဆက်ဆံသည့် တချို့အခါတွေမှာ သူ့ကိုယ်သူဖေဖေ ... ဟု ပြောတတ်၏။ စိတ်ပါလက်ပါ မာန်ပါလာပြီဆိုလျှင် "ငါ"ဟု အားရပါးရကြီး ပြောတတ်ကျင့် ရှိလေ၏။

"ငါ ... စာရင်းအင်းကို နည်းနည်းလေးမှ ဝါသနာမပါဘူး၊ စာရင်းစာအုပ်ဆိုရင် လှည့်တောင်မကြည့်ချင်တာ။ အသံကြားရုံနဲ့ ခေါင်းထဲက မူးတယ်။ အဲဒါ ငါ့အားနည်းချက်ပဲ။ ဒါပေမဲ့ ... ခေါင်းမူးရုံမက လဲကာမှ လဲရော၊ ကြည့်ရတာပဲ။ အစအဆုံး မဟုတ်တောင် ခပ်ရှုန်းရှုန်းလေး တော့ ကြည့်ပေးရတယ် ...

"ဒါ ... လုပ်ငန်းပိုင်ရှင်တစ်ယောက် မလွှဲမသွေ လုပ်ရမဲ့ အလုပ် ဖြစ်တယ်။ ပိုင်ရှင်ကိုယ်တိုင် စာရင်းအင်း ကျွမ်းကျင် နားလည်ရင် ပိုကောင်းတယ်။ စာရင်းစစ် ဆိုတာတော့ ရှိတာပေါ့။ ဒါပေမဲ့ ... ပိုင်ရှင်က တတ်နေရင် တော်ရုံတန်ရုံ ပြဿနာဟာ ဖြစ်မလာတော့ဘူးပေါ့"... တဲ့။

ခုတော့ စာရင်းစာအုပ်တွေ လှန်လှောနေရသည်။

"သဘောမပေါက်ရင် အန်တီစိုးကိုမေး"... တဲ့။



စာရင်းကိုင် အန်တီကြီးက ပြောရှာပါသည်။ သဘောပေါက်လို့ မေးရမှာတောင် ... ဘာကိုသဘောမပေါက်မှန်း မသိဖြစ်နေသည်မို့၊ ဘာမေးရမှန်းကို မသိတာပါ။ ခါတိုင်း ဒီလောက်ဆိုးပါ။ ဒီနေ့တော့ ... ဆိုးကို ဆိုးပါသည်။ စာရင်းလို ခြောက်သွေ့ဖွယ်ရာ မပြောနှင့်၊ မျက်စိရှေ့မှာ မျောက်ဖိုးစိန် လာကနေလျှင်တောင် မော့ကြည့်ဖြစ်ပါ့မလား မသိပါ။ အကြည့်တွေက တစ်နေရာတည်းမှာ စူးစိုက်နေသည်။ စူးစိုက်သည့်နေရာမှာ ဘာတွေရှိမှန်းမသိ။ မြင်လည်း မမြင်။ မြင်နေတာက ဒေါသကဲသည့် မျက်နှာလေး။

"သား ... မင်းအံ့"

ဖေဖေက လှမ်းခေါ်လိုက်တော့ လူက ဆတ်ခနဲတောင် တွန့်သွားရသည်။ စိတ်က လွင့်ချင်တိုင်း လွင့်လျက် ကိုယ့်ဆီမှာမှ ရှိမနေတာ။

"မင်းအမေဆီက ဖုန်းလာလို့၊ အိမ်ခဏပြန်ခဲ့ပါတဲ့"

ရေငတ်သူ ရေတွင်းထဲ ကျတာကမှ ... အဲဒီတွင်းရေကို သောက်ချင်မှ သောက်ဖြစ်ဦးမည်။ မင်းအံ့ထူး အဖြစ်က ရေငတ်သူရှေ့ ရေခဲရေနှစ်ပုလင်းလောက် ချပေးလိုက်သလို၊ တစ်ရှိန်တည်း မော့သောက်ပစ်လိုက်ရသကဲ့သို့ အတိုင်းမသိကျေနပ်ခြင်း တည်း။

"တင်တင် အိမ်ရောင်းတာ ... အိမ်မှာ ငွေလာချေမယ်လို့ ပြောတယ်။ သူ့အိမ်မှာက သူနဲ့ သူ့သမီး နှစ်ယောက်တည်း ရှိနေလို့လေ။ ဒီမှာကတော့ ကောင်မလေးတွေလည်း များတယ်၊ ပြီးတော့ ... အဲဒီအချိန် သားကို ခဏပြန်ခေါ်လိုက်ရင် ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်း စားစရာရှိနေတာပေါ့" ... တဲ့။ မနက်ကတည်းကပြော လိုက်တာမို့ အိမ်ပြန်ရမည့် အကြောင်းရင်းကို သိထားပြီး ဖြစ်၏။

"သွားလိုက်လေ ... နာရီဝက်အတွင်း ရောက်ကြမယ်လို့ ပြောတယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ကားဖြည်းဖြည်းမောင်း"

"ဟုတ်ကဲ့"

"ကားဖြည်းဖြည်းမောင်း" ... ဆိုသည့် ဝါကျကတော့ နားထဲမှာကို ရိုးနေလွန်းရပါပြီ။ ဖေဖေရော မေမေပါ ... တစ်နေ့ ရာရာ သွားကာနီးတိုင်း၊ ဒီဝါကျက မပြောမဖြစ် ဝါကျတစ်ခု လေ။

* ❀ *

"သားရယ် ... ခေါ်လိုက်မိတာတောင် စောသွားတယ်။ ခုပဲ ... ဖုန်းထပ်လာတယ်။ နည်းနည်းနောက်ကျမယ်တဲ့"

"များများနောက်ကျပါစေ" ... ဟု ကျိတ်ဆုတောင်း ရင်း ကိုယ့်အခန်းထဲ ကိုယ်ဝင်ခဲ့သည်။ လက်ကိုင်ဖုန်းကို စားပွဲ ပေါ် ပစ်တင်ရင်း၊ လိုင်းဖုန်းဆီလည်း အကြည့်တစ်ချက် ရောက် သည်။ အလုပ်ထဲမှာဆို ... ဖေဖေ တစ်ခုခု ပြောဆိုသင်ကြားနေ တုန်း ဖုန်းမြည်လာလျှင် ဖေဖေ စိတ်တိုတတ်တာမို့ ပိတ်ထားဖြစ် ၏။ သူငယ်ချင်းတွေက အကြောင်းသိကာ လိုင်းဖုန်းကိုပဲ ဆက်ကြ တာ များသည်။ အိပ်ရာပေါ်သို့ ပစ္စည်းထုပ်တစ်ခု ပစ်ချလိုက်



သလို ... ကိုယ့်ကိုယ်ကိုယ် ပစ်တင်လိုက်သည်။ မျက်နှာကြက် ဒွေးဖွေးသို့ ကြည့်၏။

မျက်နှာလေး တစ်ခုကို မြင်သည်။

လက်ကိုင်ဖုန်းမြည်လာ၏။ စောစောက ဖွင့်ထားမိ သည် ထင်သည်။ ဖေဖေ မခေါ်သေးတာမို့ မပိတ်ဖြစ်သေးတာ ဖြစ်နိုင်၏။ ဒီအချိန်ဆို ... သူငယ်ချင်းတွေထံမှ ဖြစ်လေ့မရှိပါ။ ဘယ်သူပါလိမ့်။

"ဟော့ကောင်"

ပေါ်နေသည့် နံပါတ်ကိုကြည့်တော့ သိုက်ထွန်းဦး ထံမှ ဖြစ်နေသည်မို့ "ဟယ်လို"တောင် မလုပ်ဖြစ်တော့ပါ။

"အေး ... ငါပါကွ။ မင်း အလုပ်များနေလား။ မင်းဖား သားကြီးနားမှာလား"

"နေ့ခင်းကြီးကြောင်တောင် ဘာကိစ္စလဲ"

"အေး ... အားတော့ နာတယ်ကွာ။ နေ့ခင်းကြီးကြောင် တောင်ပဲ။ မင်း အလုပ်လုပ်နေရင်လည်း ဆောရီးပဲ။ ဒီမှာ ပြဿနာက အထွတ်အထိပ် တက်သွားလို့"

"အသုဘချလိုက်လေ"

"မင်း မကြုံဖူးတိုင်း"

"မင်းကောင်မလေးက တော့တာတဲ့လား"

"အဲဒီလောက် နီးပါးပဲ"

"သင့်ကရှုးလို့ ပြောလိုက်ပေါ့"

"ဟာကွာ ... ပြောနိုင်ရင် မင်းဆီတောင် လှမ်းအနှောင့် အယှက် မပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ချင်လဲ ပြော"

"ပြဿနာက စပြောရရင်၊ သူ့ဆီ ကောင်တစ်ကောင် ချဉ်းကပ်တယ်ကွာ၊ အဲဒါကို ရှင်းရှင်းပြတ်ပြတ် ခါချပါလား။ ငါတစ်ယောက်လုံး ရှိနေတဲ့ဟာ"

"ဒါ ... ဖြစ်သင့်တာပေါ့"

"မခွာချဘူး။ ရှော့ပင်မှာ အိတ်တွေ ဘာတွေ လိုက်ဆွဲပေးတာကို ငါ့ဆီ သတင်းရောက်လာတာ"

"မင်းက ဝုန်းဒိုင်းကြဲရောလား"

"မကြဲရသေးဘူး၊ ဖြစ်နိုင်ရင် အမြှောက်နဲ့တောင် ခွင်းချင်တာ။ သူတို့ ဒဂုံစင်တာထဲမှာ ရှိတုန်းတဲ့။ ငါ လိုက်သွားပြီး ဘာပြောရမလဲ။ အမှားလုပ်မိမှာစိုးလို့။ စကားမှားမှာစိုးလို့။ သူ့ကို ငါ မခွဲနိုင်ဘူးကွ"

"သူ့ကို မခွဲနိုင်ရင် မင်းကိုယ်မင်း ခွဲလိုက်ပေါ့။ ဓားနဲ့။ ငယ်ထိပ်က စပိုင်း"

"အကောင်း ပြောစမ်းပါကွာ။ ဒီမှာ တစ်လောကလုံးကို ဖနောင့်နဲ့ ပေါက်ချင်နေတာ"

"လိုက်မသွားနဲ့။ မျက်စိနဲ့ မြင်ချင်ရင်တောင် ချောင်းရုံ စောင့်ချောင်း၊ မင်းမျက်ခွက်ကြီး၊ ကိုယ်ထင်သွားမပြနဲ့။ မင်းဘက်က အောက်လို့ပြောတာ"

"အေးပါ"

သိုက်ထွန်းဦး ခမျာ အသက်ငင်နေသလောက် အဖြစ်ဆိုးနေသလား မသိတော့ပါ။ အဲဒါတွေကြောင့် ရည်းစား



မထားချင်တာ။ မင်းအုံ့ထူး အဖို့ရာမှာကတော့၊ မိန်းကလေးတွေဟာ(သူကြုံဖူးသမျှ) ကိုယ်ကမခြွေလျှင် သူတို့က အလိုလို ကြွေတတ်ကြသည်။ ကိုယ်က ခြွေပြီဆိုလျှင် ရိုးညာတာ့ ခိုင်မာလွန်းစွာ မာန်တက်တတ်ကြပါဘိ။

"မင်းက လိုက်လေ သူကာ ပြေးလေမို့ ဘယ်တော့မှ အလျှော့မပေးနဲ့" ... ဟု သင်ပေးရသူတွေ ရှိသလို၊ တချို့ကျတော့ မိန်းကလေးက စိတ်ထက်လျှင် တကယ်ပြတ်တောက်သွားမှာစိုးလို့ ချော့နည်းလေးတွေ သင်ပေးရတာလည်း ရှိပါ၏။

"ငါ ဘာဆက်လုပ်ရမလဲ"

မင်းအုံ့ထူး ... အတွေးထဲမှာ မြစိမ်းဖန့် ဆိုသည့် ကောင်မလေးကို မြင်ယောင်၏။ အဲသည်ကောင်မလေးသာ ကိုယ့်ဆီက ပြေးထွက်သွားဖို့ ကြံစည်ပြီဆိုလျှင် သူမ ... မပြေးနိုင်အောင် သူ့ခြေထောက်မှာ ခြေကျင်းတပ်လျက် ရုန်းမရအောင် ထားချင်၏။

အတွေးထဲမှာ ...

"ဖန့်ကလေး"

"အားလုံးက မြစိမ်းပဲ ခေါ်တာ"

"ကိုယ်က အများနဲ့မှ မတူချင်တာ၊ နာမည်ထဲမှာကို ... ထူးပါနေတာ။ မင်းအုံ့ထူးတဲ့။ ခေါ်မယ်နော် ဖန့်ကလေး"

"သဘော ... ခေါ်တော်မူ"

ဖန့်ကလေး သောက်လက်စ ကော်ဖီပန်းကန်လေးကို ကိုယ့်ဘက် ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သောက်လက်စကြီး ဖြစ်နေပြီ"

"ရတယ်"

လုံးဝမသောက်ရသေးသည့် ကိုယ့်ပန်းကန်ကို တစ်ငုံ ငုံ၍ သောက်လိုက်ပြီးမှ ဖန့်ကလေးဘက်သို့ ပို့၏။ ဖန့်ကလေး မျက်စောင်းက လှလွန်းအား ကြီးတော့သည်။

ဝယ်လာသည့် လက်ဆောင်ဘူးလေးကို စားပွဲပေါ် တင်၏။ အဲသည်အချိန်မှာ ကိုယ့်မျက်နှာပေါ်ဝယ် ပျားရည်မြစ် တစ်စင်း ဖြတ်စီးနေမှာ သေချာ၏။

"ဖန့်ကလေးဖို့"

"ဘာလဲဟင်"

"ဖောက်ကြည့်ပေါ့"

ကတ္တီပါဘူး နီနီလေးကို ကိုင်၍ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့ ... ခုံကို နောက်သို့တွန်းရွှေ့ပြီးမှ ကိုယ်ကိုဘေးသို့ထွက်၏။ ဖန့်ကလေး ခြေရင်းနားမှာ မှဆိုးထိုင် ...။

"အို ... ဘာလုပ်မလို့လဲ"

"ကြည့်လေ"

ဖန့်ကလေး ငုံ့ကြည့်နေမှာ သေချာသည်မို့ ကိုယ့်ခေါင်းနှင့် ကွယ်ပစ်လိုက်သည်။ ကတ္တီပါဘူးနီလေးထဲမှာက ပလက်တီနမ်ဖု(တ်)ချိန်း Foot Chain လေး။ ကြိုးပျော့လေးမှာ အသည်းပုံလေးတွေ တန်းလန်းကျနေ၏။ ဖန့်ကလေးရဲ့ ခြေကျင်းဝတ်ကလေးဟာ ကမ္ဘာပေါ်မှာ အလှဆုံးဖြစ်မှာ။ ဝင်းအိမွတ်စင်လျက် မြကြောစိမ်းစိမ်း ရှိန်းရှိန်းပပတို့ကလည်း အထင်းသား။ ခြေကျင်းပျော့လေးကို ဖြည်းဖြည်းဝတ်ရင်း မော့ကြည့်လိုက်တော့ ... အချစ်



ရည်တို့ စိုရွှန်းဝေလျက်၊ ဒီအချိန်မှာ ကိုယ်က သတ်ရက်လျှင်တောင် သေပါတော့မည်ဆိုသည့် ဖန့်ကလေး၏ အကြည့်ငုံ့ မျက်ဝန်းတွေက ကိုယ့်ကို ကြိုဆိုနေတော့သည်။

"ချစ်လား ဖန့်ကလား"

ဖန့်ကလေး ခေါင်းညိတ်၏။

"ကိုယ့်ဆီကလွဲပြီး ဘယ်ကိုမှ ထွက်မသွားရဘူးနော်၊ ကိုယ့်နားမှာပဲ နေရမယ်၊ ကိုယ် ခြေကျင်းခတ်ထားလိုက်ပြီ"

ဖန့်ကလေး ခေါင်းညိတ်ပြန်၏။ အဲသည်အချိန်မှာ ဖန့်ကလေးထံမှ ရရှိလိုက်သော အကြည့်ငုံ့ အချစ်တွေဟာ ကိုယ့်အတွက် ရာသက်ပန် ကိုယ်ပိုင်ပစ္စည်း ဖြစ်သွားရတော့တာပါပဲ။

"ဟော့ကောင် ... ပြီးရင် ဘာဆက်လုပ်ရမလဲ"

သိုက်ထွန်းဦး အသံကြားမှ ပစ္စုပ္ပန်သို့ ပြန်ရောက်၏။

"တွေ့ကြဖို့ ချိန်းပေါ့ကွာ၊ ရနိုင်မလား"

"ရနိုင်တယ်"

"Foot Chain လေး တစ်စုံဝယ်ပေးလိုက်ပါလား။ ကိုယ်တိုင် ဝတ်ပေးပေါ့ကွာ။ မိန်းကလေးတွေဟာ အသည်းနုပါတယ်။ မင်းက ခြေကျင်းကလေး ခတ်ထားလိုက်ပြီမို့၊ မင်းနားက ဘယ်တော့မှ ခွဲမသွားပါဘူးဆိုတဲ့ ကတိလို တောင်းပေါ့"

"ကောင်းတယ် ... အရမ်း ကဗျာဆန်တာပဲ။ သူ့ခြေထောက်ကို ငါက ကိုင်ရမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ချစ်သူကို ကိုယ့်လက်ဆောင်လေး၊ ကိုယ်တိုင်ဝတ်ပေးတာပဲကွာ၊ မလုပ်သင့်ဘူးလား"

"အိုခေ ... ကျေးဇူးတင်တယ် သူငယ်ချင်း။ ငါ ခုပဲသွားဝယ်လိုက်မယ်၊ အကျဉ်းအကျယ် ရှိလား"

"Foot Chain လေးတွေဟာ ခပ်ချောင်ချောင် ဝတ်လေ့ရှိကြပါတယ်။ တော်ရုံချောင်လည်း ... ပြုတ်မထွက်ပါဘူး"

"အိုးခေ ... အိုးခေ ... ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပဲ ... ဒါပဲ"

ကိုယ့်ရင်ထဲမှာ ဝင်လာသော အတွေး၊ ကိုယ်ဖြစ်ချင်တာလေးကို ပြောပြလိုက်တာပါပဲ။ ဖန့်ကလေး ... မင်းကိုယ့်ကို ခွဲမသွားဖို့ဆိုရင် မင်းအတွက် Foot Chain လေးကို၊ ကိုယ်တိုင်ဝတ်ပေးချင်ပါသေးတယ်။ ဝတ်ပေးပိုင်ခွင့် ရချင်တယ် ဖန့်ကလေးရယ်။

✻ ❀ ✻

ဒီတစ်ကြိမ် ဖုန်းကတော့ ကိုယ်ကစလို့ ခေါ်ဖြစ်တာပါ။

ဖေဖေ့ဆီမှ ဖုန်းလာသည်။ "ငွေချေသည့်ကိစ္စ ပြီးပြီလား" ... တဲ့။ မေမေက နောက်ကျမည်ဟု ဖုန်းရထားကြောင်း ပြောပြသည်။ "အေး ... ဒါဖြင့်လည်း သားကို ပြန်မလွှတ်နိုင်တော့လေ" ... တဲ့။ ရက်သတ္တပတ်နေ့များအတွင်း ရတောင့်ရခဲ အိမ်မှာနေခွင့် (ရုံးချိန်အတွင်း) ကလေးမို့ တန်ဖိုးရှိစွာ အသုံးချ



လိုက်တော့ဖို့ ဆုံးဖြတ်၏။ ဖန့်ကလေးတို့အိမ်မှဖုန်းက ရှာရမခက်ပါ။ ဖန့်ကလေးတို့ လုပ်ငန်းဆိုတာ နာမည်ကြီး ကုမ္ပဏီမို့ ရုံးခန်းဖုန်း၊ အိမ်ဖုန်း၊ လက်ကိုင်ဖုန်း ... အားလုံး ရှာရလွယ်ပါသည်။ စကားပြောရန် ခလုတ်ကလေးတွေနှိပ်တော့ ရင်ထဲဒိုင်းခနဲ ဆောင့်ခုန်သွားသေး၏။ မိန်းမသားဆိုလျှင်လည်း ခြေဖျားလက်ဖျား အေးလိုက်ရပါရဲ့။

"မြစိမ်းဖန့်နဲ့ ပြောချင်လို့ပါ"

ရင်ထဲမှာ ဒိန်း ... ဒိုင်း ... ဆိုသည့် တုန်ဟည်းသံက စည်းချက်ညီလွန်းတော့သည်။

"မြစိမ်းပါ ... မြစိမ်း ပြောနေပါတယ်"

အသံလေးက ချိုသာအေးစိမ့်နေ၏။ စိန်တိုက်တစ်ခု ဖွင့်လှစ်ထားသည်မို့ ဆက်ဆံရသူများက အရာရှိကြီးကတော်များ၊ သူဌေးမကြီးများနှင့် နာမည်ကြီး အနုပညာရှင်များ၊ အောင်မြင်ကျော်ကြားနေသူများတွေချည်း ဖြစ်နေနိုင်ပါသည်။ အသံကလေး ချိုသာပေမပေါ့။ ချိုသာကြည်လင် ရွှင်လန်းနေမည့် မျက်နှာလေးကိုပါ ရောနှောမြင်ယောင်မိပါသေးသည်။ ဟိုနေ့က မျက်နှာထား၊ ဟိုနေ့က အသံနှင့်တော့ ကွာခြားမည်လေ။

"ကျွန်တော် ... မင်းအံ့ထူးပါ"

"စိတ်မရှိပါနဲ့ရှင် ... အဲဒီဘက်က လူကြီးမင်းရဲ့ နာမည်က ကျွန်မနဲ့ မရင်းနှီးသေးဘူး ဖြစ်နေလို့ပါ"

မရင်းနှီးသေးဘူးဆိုတော့ မကြာခင် ရင်းနှီးတော့မည့် အတိတ်နိမိတ်ပေပဲ ... ဟု ကြံဖန်ကျေနပ်လိုက်မိရပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော် ... အခုမှ စတင်မိတ်ဆက်တာပါ"

"ဒီဖုန်းနံပါတ်ကလေ ... အလုပ်တိုက်ဖုန်းပေါ့နော်။ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စကလွဲရင် ကိုယ်ရေးကိုယ်တာ ပြောခွင့်မရှိတာမို့ ခွင့်လွှတ်ပါရှင်"

"ခဏ ... ခဏလေးပါ"

တော်င်းပန်သံလေးပါ ချိုသာနေသေး၏။ စီးပွားရေးမျက်နှာထားနှင့် စီးပွားရေးအသံ ဆိုတာ ... ဒါပဲဟု အားကျ အတုခိုးရပါဦးမည်။

"အလုပ်ကိစ္စကိုပဲ စိတ်ဝင်စားတာပါ။ ပြောချင်တာပါ။ ဒီလိုလေ ... ကျွန်တော် ... ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီးတဲ့ အခါမှာ၊ ကျွန်တော် ဘယ်သူဘယ်ဝါပါရယ်လို့ လာတွေ့ပြီး အဲဒီလုပ်ငန်းမှာ ရှယ်ယာဝင်ချင်တဲ့ကိစ္စ ဆွေးနွေးခွင့်များ ရှိမလားလို့ပါ။ ကျွန်တော် ကြားဖူးတာကတော့ ... အဲဒီမြစိမ်းရောင်စိန်တိုက်ကို မြစိမ်းဖန့် ပိုင်တယ် ဆိုသလားလို့။ အဲဒါကြောင့် တိုက်ရိုက်စကားပြောတာပါ"

"ဒီလောက် အရင်းအနှီးကို ကျွန်မ တစ်ယောက်တည်း မပိုင်ပါဘူး၊ ကျွန်မတို့ သူငယ်ချင်းသုံးယောက်မှာ ပြောရေးဆိုခွင့်က ကျွန်မ အနည်းဆုံးပါ။ ဒီကိစ္စ ဆွေးနွေးချင်ရင်တော့ ..."

"ဆိုင်ကို လာခဲ့ပါ။ ဒေါ်ခင်အေးမြနဲ့ တွေ့ပါ။ ကျွန်မတို့ သုံးယောက်မှာ ဆုံးဖြတ်ပိုင်ခွင့် အများဆုံးရှိသူပါ။ ဖုန်းနဲ့ချိန်းပြီး ဆိုင်ကို လာတွေ့နိုင်ပါတယ်"



"ဒေါ်ခင်အေးမြ ဆိုတာ ..."

"ဩော် ... ကျွန်မရဲ့ သူငယ်ချင်းပါပဲ။ မြစိမ်းရောင်ရတနာတိုက်ဆိုတာ၊ ဒေါ်ခင်အေးမြရယ်၊ ကျွန်မရယ်၊ ငွေလရောင်ဆိုတဲ့ နောက်သူငယ်ချင်း တစ်ယောက်ရယ် ... သုံးယောက်ပိုင်ဆိုင်တာပါ။ မြစိမ်းရောင် ဆိုတာကိုက သုံးယောက်ရဲ့ နာမည်ပါ။ အဲဒါမှာ ... ဆုံးဖြတ်ပိုင်ခွင့် အများဆုံးရှိတာ ကျွန်မ သူငယ်ချင်း ခင်အေးမြပါ"

ဟူး ...။ ဒေါ်ခင်အေးမြတွေ ဘာတွေလုပ်လို့ ဖန့်ကလေးရယ်။

"ဒါဆို ... ကျွန်တော် လာတွေ့ပါရစေ"

"တစ်ခုတော့ ရှိပါတယ် ... ကျွန်မက ကြိုတင်ငြင်းပစ်လိုက်တာမျိုး မဖြစ်ချင်လို့ပါ။ လောလောဆယ်လည်း ဆိုင်မှာ ... အေးမြ ရှိမနေလို့ ယတိပြတ် မပြောချင်လို့ပါ။ ကြိုတင်ပြောထားနိုင်တာကတော့ ... အေးမြဟာ နောက်ထပ်ရှယ်ယာ လိုချင်လိမ့်မယ် မဟုတ်ဘူး ဆိုတာပါပဲ"

"ဒါဆိုလည်း ... အရောင်းအဝယ် ကိစ္စဗျာ"

"ရှင် ..."

"ကျွန်တော်က မိုးကုတ် အဆက်အသွယ်ရှိတော့ ရတနာတွေ ကျောက်မျက်တွေ ပြနိုင်ပါတယ်။ ဒေါ်မြစိမ်းဖန့်တို့ မန္တလေးတို့ မိုးကုတ်တို့ ကိုယ်တိုင်တက်ဖို့ မလိုဘူးပေါ့"

"ဩော် ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုး မဖြစ်လည်း ... ကျွန်တော့်အမေဝတ်ဖို့ တစ်ခုခု ဝယ်မယ်ဗျာ"

"ရှင်"

"ကျွန်တော် လာခဲ့မယ်"

"ဩော် ..."

"ဒီတစ်ခါ ကျွန်တော် တစ်ခုခုပြောရင် ... ခင်ဗျားက ရှင် လို့ ပြောတော့မယ်။ နောက်တစ်ကြောင်း ထပ်ပြောရင် ဩော် ... လို့ပြောမယ်။ ခင်ဗျားက ရှင်နဲ့ ဩော် ... နှစ်မျိုးပဲ ခံတွင်းတွေ့တာကိုး။ ဒီလောက်ပါပဲဗျာ။ ဒီနေ့တော့ ဒီလောက်ပါပဲ ... ဘိုင် ..."

မင်းအုံထူး ... တဲ့။ ဒီနာမည့်ကို ကြားဖူးသလိုလို ရှိလိုက်တာ။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးထဲကတော့ မဟုတ်ပါ။ မရင်းနှီးလှလို့လည်း မမှတ်မိတာပေါ့လေ။

အေးမြ ပြန်လာလို့ ပြောပြတော့ ...

"ရှင် ... ရှယ်ယာထပ်မပြည့်ဘူး မဟုတ်လား"

"ဘာလို့ ပြည့်ရမှာလဲ။ မြစိမ်းရောင် ရတနာတိုက်ဟာ "မြစိမ်းရောင်ထူး" ... ဖြစ်ဖို့ မလိုပါဘူး။ ကျုပ်စိတ်ထင် သက်သက် လာရောချင်တာ နေမှာ၊ ရှင့်နာမည် တပ်လာတော့ ... ရှင့်ကိုပဲ"

"ငွေလလည်း ဖြစ်နိုင်ချေနဲ့"

"ဆွဲမထည့်နဲ့"

"အပြတ်ပြောလိုက်လည်း ပြီးရောကွာ"



ဟုတ်ပါရဲ့။

ဒီနာမည်ကိုကြားဖူးလိုက်တာ။ ဘယ်တုန်းကပါလိမ့်။

* * *

သူ့မျက်နှာကို မြင်လိုက်ရချိန်မှာ ... နားထင်ရှိ သွေးကြောတွေ ထခုန်၏။ ဒေါသက ရင်ညွန့်မှာ အလုံးလိုက် ဆို့၏။ နာမည်ကို ဘယ်တုန်းက ကြားဖူးထားတာလဲ ဆိုတာကို ပါ တစ်ချက်တည်း မှတ်မိသွားရပါ၏။

"ဟောတော့ ... ရှင်လား၊ မင်းအုံထူး ဆိုတာ"

"ဟုတ်ပါ ... မဝင်နီ"

ဟင် ... ဆိုသည့် အာမေဋိတ်က ခင်အေးမြနှင့် မြိမ်းဖန့်တို့ထံမှ ထွက်ကျ၏။

"အဲလ်ဘတ်ကနေ ဘယ့်နှယ် မင်းအုံထူး ဖြစ်သွားရတာလဲ"

"သူငယ်တန်းကတည်းကပဲ"

"ရှင်နဲ့ ကျုပ်နဲ့ မတွေ့တာ ဆယ်တန်းအောင်ပြီးမှ"

"အဲဒီကတည်းက မင်းအုံထူး"

"ရှင့်မမတွေက အဲလ်ဘတ် ဆိုတော့"

"အဲဒီဗူးယိုကာစင် တစ်အုပ်စုတည်း ခေါ်တာပါ"

"ပြန်တိုင်မယ်"

"ရတယ် ... ရှေ့တင်လည်း ပြောဝံ့တယ်"

"လာ ထိုင်ဦး ... အေးမြရေ ... မင်းအုံထူး ဆိုတာ လက် စသတ်တော့ အဲလ်ဘတ် ဖြစ်နေတာကိုး။ သူ့အဖေက

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမတွေ များတယ်ကွယ်။ အဲဒီထဲက တစ်ယောက်က ကမြားနဲ့ အိမ်ထောင်ကျတယ်"

"က,ကတစ်တွေ မွေးရောဆိုပါတော့"...

ဟု မြစိမ်း မလှိုတမာစိတ်နှင့် ကျိတ်ပြောလိုက်လေ၏။

"အဲဒါတွေက ဘိုနာမည်တွေကွ၊ အဲဒီအုပ်စုတင် မက,ပါဘူး၊ ရှင်တို့ ကာစင်တွေ တော်တော်များများဟာ ဘိုနာမည်တွေနဲ့ပါ"

"အဲဒီအန်ကယ်လ်သောမတ်စ် လျှောက်မှည့်တာ။ ပြီးရင် တွင်တွင်ခေါ်တယ်၊ မြန်မာလို တတ်ရဲ့သားနဲ့။ လူကြီးတွေနဲ့သာ မြန်မာလိုပြောပြီး၊ ကလေးတွေကျတော့ အင်္ဂလိပ်လိုချည်း ပြောတယ်။ ကျင့်ပေးတာတဲ့"

ကျောင်းပိတ်ရက် စနေ တနင်္ဂနွေနှင့် နွေရာသီရှည် ရှည်ပိတ်ရက်တို့မှာ အင်္ဂလိပ်စာ သီးသန့်သင်သော နာမည်ကြီး ကျောင်းတွေမှာ ... သူတို့မောင်နှမဝမ်းကွဲတွေ အားလုံးလိုလို တက်ကြတာရယ်၊ အန်ကယ်လ်သောမတ်စ် လျှောက်မှည့်ပေးတာရယ်၊ မိဘတွေကလည်း ခါးခါးသီးသီး မကြားဖြတ်ဘဲ၊ အင်္ဂလိပ်လို သွက်သွက်ပြောနိုင်တာကိုပဲ သဘောကျလျက် အန်ကယ်လ်သောမတ်စ်အိမ်သို့ချည်း တွင်တွင်လွှတ်နေတာရယ်၊ မောင်နှမ တစ်ဝမ်းကွဲတွေများကြားမှာ အစ်ကိုတွေ အစ်မတွေ မခေါ်ကြတော့ဘဲ သူငယ်ချင်းပေါင်း ပေါင်းဖြစ်ကြတာရယ်တွေ စုပေါင်းလိုက်သည့်အခါမှာ ... အချင်းချင်း အတွင်း၌ အင်္ဂလိပ်နာမည်ကိုသာ သုံးဖြစ်ကြတော့သည်။



"ကမ္ဘာအေးမှာ နေတုန်းက သူ့အစ်မတစ်ယောက်နဲ့ ခြံချင်းကပ်လေ။ အဲဒီအစ်မရဲ့အိမ်ကို သူကလာ၊ ကိုယ်က အဲဒီခြံကိုသွားဆော့နဲ့ ... ငယ်သူငယ်ချင်းပေါ့။ ကျောင်းတော့ မတူဘူး။ ဆယ်တန်းအောင်တာတော့ တစ်နှစ်တည်းပဲ။ ဆယ်တန်းနှစ်လောက်က, စပြီး သိပ်မတွေ့ဖြစ်တာနော် အဲလ်ဘာတ်"

"မင်းအံ့ပဲ ခေါ်ကွာ"

"အေး ... ထားပါတော့။ သူ့ကျောင်း ကိုယ့်ကျောင်း သူ့ကျူရှင် ကိုယ့်ကျူရှင်နဲ့ ... အဲဒီခြံမှာ မဆုံဖြစ်တာကစပြီး၊ ကိုယ်တို့က ချင်းချောင်းထဲ ပြောင်းလာတာရယ် ဆိုတော့ တက္ကသိုလ်မှာလည်း မဆုံဖြစ်သလောက်ပါပဲ။ သုံးလေးနှစ်အတွက်မှာ နှစ်ကြိမ် သုံးကြိမ်လားပဲ ဆုံဖြစ်တယ်နော် ... အဲလ်ဘာတ်"

"မင်းအံ့"

"အေး ... အေး ... မင်းအံ့"

ငွေလရောင်နှင့် မင်းအံ့တို့ ရယ်ကြရာမှ ခင်အေးမြလည်း ပါဝင်ကူးစက်၏။ မြစိမ်းဖန့်က ခပ်တည်တည်ပင်။

"ဒါက ... ကျုပ်တို့ရဲ့ဘော့စ် ဒေါ်ခင်အေးမြ"

"လုပ်ပြီ ... အချွန်နဲ့ မ,မနေနဲ့"

"အလုပ်သဘောကျရင် ဒေါ်တပ်ရတာပေါ့ကွာ။ ကျုပ်တို့ခေါ်တော့ အေးမြ၊ ဒါက မြစိမ်းဖန့်၊ ကျုပ်တို့က မြစိမ်းလို့ ခေါ်တယ်။ ဒီ ... မင်းအံ့ထူး ဆိုတဲ့ ပုဂ္ဂိုလ်လေးက ကျုပ်နဲ့ ငယ်သူငယ်ချင်း၊ သူ့ကို ခေါင်းခေါက်လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ ... သူ့ခေါက် ကိုယ်ခေါက်ပဲ"

"ရှင်က ... ငွေလရောင် ဆိုတာ ကျုပ်မှန်း မသိဘူးလား"

"မသိဘူး၊ နင့်ကို ... ဝင်နီပဲ သိတာ"

"ရှင့်အန်ကယ်လ်သောမတ်စ်က ... ကျုပ်ကိုပါ အဖျားခတ်ပြီး အင်္ဂလိပ်နာမည် ဝင်ပေးလိုက်သေးတာ၊ ဝင်နီ ဆိုတဲ့ နာမည် ဘယ်သူမှ မသိဘူး"

ငယ်သူငယ်ချင်းတို့ ပြန်ဆုံခန်း ပီသစွာ စကားတွေက ရေဝက်မဝင်ပါ။ မင်းအုံ ဆိုသည့် ပုဂ္ဂိုလ်လေးကတော့ ခပ်နည်းနည်းပဲ ပြော၏။ ငွေလရောင်က အများကြီး ပြောသည်။

"ကျုပ်တို့ ပြန်ဆုံရတာ ပျော်လိုက်တာ"

ငွေလရောင် တကယ်ပျော်နေပုံပါ။ ခင်အေးမြက ကော်ဖီမစ်က်စ်တစ်ထုပ် ဖျော်ကာ လာချပေး၏။

"ဒါပဲလား"

ကိုယ်တော်က ရင်းနှီးမှုတွေ ပြနေပြန်၏။ မြစိမ်းဖန့်က မျက်စောင်းကျိတ်ထိုးရင်း ... ရင်ထဲမခင်လိုက်တာများနယ် ... ဟု ခံစားရင်း၊ ငွေလရောင်၏ နောက်ကြောင်းပြန်၊ ငယ်ဘဝဟာသတွေထဲ နစ်မွန်းရတော့သည်။ ခင်အေးမြ ကိုယ်တိုင် တဝါးဝါး ပွဲကျနေပြီလေ။ ဒီလူ ... ဟာသကျတော့လည်း အရသား။ စကားပြောကို ကောင်းတာဖြစ်၏။ ဒီလိုအပြောကောင်းသူ၊ ကောင်းသလောက် များများပြောသူတွေ၏ စကားဆိုတာမျိုးမှာ မှန်ကန်ချက် ငါးဆယ်ရာခိုင်နှုန်း၊ ချဲ့ကားသုံးဆယ်ရာခိုင်နှုန်းနှင့် လုံးဝအလိမ်အညာ တီထွင်ဖြီးဖြန်း နှစ်ဆယ်ရာခိုင်နှုန်းဟု မြစိမ်းက သတ်မှတ်ပါသည်။



"ဟဲ့ ... ရှင်မြစိမ်း၊ တိတ်လှချည်လား"

သုံးယောက်က တစ်ဝိုင်း၊ မြစိမ်း တစ်ယောက်တည်းက တစ်ဝိုင်းလို ဘဏ်ပွဲထွက်နေတာကို၊ ငွေလ ... သတိပြုမိသွားသော၏။

"နင့်သူငယ်ချင်းက ငါ့ကို မကြည်ဘူးကွ"

"မြစိမ်းကလား"

"အင်းလေ"

"ကျောင်းတော်က ရန်စလား"

"အိမ်ပေါ်တက်ပြီး အမွှေတောင်းထားလို့။ ဒီကော်ဖီ သူဖျော်တာသာဆိုရင် ... ပဒိုင်းသီးပါမှာ သေချာတယ်"

"တစ်ဖက်သားကို စော်ရုံ အထင်သေးပါ"

"သြော် ... ဖြစ်မှ ဖြစ်ရလေဟယ်၊ နင်တို့ကလည်း"

ခင်အေးမြနှင့် ငွေလရောင်တို့ကို ... ကျော်မျိုးဝင်းများလာခဲ့ပုံကို ပြောပြထားပြီးမို့ ချက်ချင်းသဘောပေါက်ကြပါ၏။

"ငါတို့ တွေ့ပုံလေးက သ[illegible]တယ်နော်။ ချိကတည်းက ယဉ်ပါပေသကို ... ဆိုသ[illegible]ကယ်ဆို ... တက္ကသိုလ်တုန်းက ကော်ရစ်ဒါထောင့်ချိုးမှာ လူချင်းဝင်တိုက်ပြီး သူ့စာအုပ်တွေ လွတ်ကျလို့ ငါက ကောက်ပေးပြီး သိရတာမျိုး ဖြစ်ပါတော့လား"

"အမယ်လေး ... စိတ်ကူးယဉ်ပါ"

"ကုန်တိုက်ကအထွက် အထုပ်တွေ မနိုင်မနင်းနဲ့ ထီးက မပါ။ ငါက အမြင်မတော်ပြီး ထီးလိုက်မိုး၊ အထုပ်ကူဆွဲရင်း မိတ်ဆွေဖြစ်ပါတော့လား"

www.burmeseclassic.com

www.burmeseclassic.com



ခင်အေးမြကတော့ ရယ်နေပါပြီ။

"ကျွန်တော် တောင်းပန်ပါတယ် ... ဖန့်ကလေး၊ ကျွန်တော့်ကူ အများအတွက် ခါးနာရတဲ့ ထွေးပါ"

"ဟဲ့ ... ရှင် ဘယ်လို ခေါ်လိုက်တယ်"

"ဖန့်ကလေးလို့"

"လှတယ်တော့ ... ခေါ်ပုံလေး"

"ကျွန်မကို မြစိမ်းဖန့်လို့ပဲ ခေါ်ပါ"

"ကျွန်တော်က ... ကောင်းမလားလို့ စွတ်တင်တာ"

"ကျွန်မတို့အိမ်ကို ပါတုန်းကလည်း ကောင်းမလားလို့ စွတ်တင်သွားတာပဲလား"

"အဲဒါကျတော့ ... ဖန့်ကလေးတို့ ရှေ့နေတွေ ဘာတွေနဲ့ ဆွေးနွေးကြည့်ပါလား၊ ကျွန်တော် ဝင်ညှိပုံက ဖန့်ကလေးတို့ဘက်က အသာစီးပါ"

"မြစိမ်းဖန့်လို့ပဲ ခေါ်ပါ"

"ဖန့်ကလေးက လှတယ် ... အဲ ... စကားလုံးကို ပြောတာ"

"ကျွန်မနားထဲမှာ မရင်းနှီးဘူး၊ ရှင်ပြောဆိုနေတာ ကျွန်မမဟုတ်သလိုပဲ"

"ဘယ်အရာမဆို ... ဆယ်ခါပြောရင် အတည်ဖြစ်တာပဲ ဖန့်ကလေးရဲ့"

"ကျွန်မ ... မကြိုက်ဘူး"

"ဒါဆိုလည်း မြစိမ်း သဘောပါပဲ။ မြစိမ်း ကြိုက်သလို ခေါ်ပါ့မယ်"



"မြစိမ်းဖန့်လို့ပဲ ခေါ်ပါ"

"ကောင်းပါပြီ မြစိမ်းဖန့်ရယ်။ ခင်အေးမြကိုရော ဘယ်လိုခေါ်ရမလဲ"

"ငွေလ ခေါ်သလို အေးမြပဲ ခေါ်ပါ"

"ကျုပ်ကိုလည်း ဝင်နီ မခေါ်နဲ့။ ငွေလလို့ပဲခေါ်"

"နာမည်တွေခေါ်ဖို့ သတ်မှတ်တဲ့ အထိမ်းအမှတ် ... တစ်ခုခုကျွေးမယ်လေ၊ လိုက်စားကြပါလား"

"ရှင့်ငွေလကိုသာ ခေါ်သွားပါ။ အေးမြတို့ သုံးယောက်ပူးကြီး ဆိုင်ကထွက်လို့ မရဘူးရှင့်"

"ဒီလိုဆို ... တစ်နေ့နေ့ စားစရာတွေဝယ်ပြီး လာခဲ့မယ်"

"မလုပ်နဲ့ မင်းအုံ ... အေးမြတို့က ထမင်းချိုင့်နဲ့ လာတာ"

အေးမြက "မင်းအုံ"ဟုပဲ ခေါ်၏။ အသက်တွေကရွယ်တူတန်းတူတွေပါပဲ၊ ကြီးလှ ငယ်လှ ... မသကာကွာလှ ... လပိုင်းလောက်တွေသာ ရှိနိုင်ပါသည်။

"နေပါဦး မင်းအုံရဲ့ ... ရှင်က တကယ် ရှယ်ယာဝင်ချင်တာလား"

"မဝင်ချင်ပါဘူး၊ ငါ့အလုပ်နဲ့ ငါ့တောင် ... မအားလွန်းလို့၊ တစ်ခါတစ်ခါ ငွေကမနိုင်၊ အလုပ်ကရှုပ်၊ ဖေဖေနိုင်းတာက တစ်မျိုး၊ ငါ့ဘာသာ လုပ်နေတာက တစ်မျိုး"

"ဒါဖြင့် ..."

"ကျုပ်ပြောတယ်မှလား ငွေလရဲ့ ... အကွက်လှှင်တာပါလို့"

www.burmeseclassic.com

www.burmeseclassic.com



“အေးလေ ... အေးမြက တန်းခနဲ ပြောတာပဲ။ ရှင်က ဒီမှာ လာရောရအောင် ရည်ရွယ်ချက်က ဘာလဲ”

“မြစိမ်းဖန့်တို့ အိမ်ပေါ်ကို သူတို့ရဲ့ မိသားစုရန်သူ ... အစ်ကိုကျော်မျိုးဝင်းနဲ့ လိုက်ပြီး၊ ငွေရေးကြေးရေးတွေ အရှက်မရှိ ပြောခဲ့ရတဲ့အတွက် ... ရန်သူကြီး ဖြစ်မနေပါနဲ့လို့ တောင်းပန်ချင်လို့”

“မင်းအံ့ရယ် ... ကြံကြံဖန်ဖန်ဟာယ်”

“ငါတို့ တွေ့ကြ ဆုံကြပုံက ... သူငယ်ချင်း ဖြစ်စရာ အကြောင်းမှ မရှိဘဲ၊ ငါက သူငယ်ချင်း ဖြစ်ချင်တာ”

“ကျူပ်သူငယ်ချင်းမှန်း မသိဘူးလား”

“မသိဘူး”

“ရှင့်လူက တော်တော် အရှက်နည်းတာပဲ”

“အစ်ကိုကျော်မျိုးဝင်းကို ပြောတာလား မြစိမ်းဖန့်”

“ဟုတ်တယ် ... သူမို့တောင်းရဲတယ်”

“သေချာတာက ကျွန်တော်သာဆို လုံးဝမတောင်းဘူး၊ သူကတော့ ယောကျ်ားမာနတဲ့။ ကျွဲလို နွားလို ရုန်းပြီး ... အကုန်ထားပစ်ခဲ့ရမှာ နွားကျလွန်းလို့ ကျွဲကျလွန်းလို့တဲ့”

“ကျွန်မတို့ ရှေ့နေတွေ ဘာတွေနဲ့ ဥပဒေအကြောင်း ဆွေးနွေးပြီးပါပြီ”

“အစ်ကိုကျော်မျိုးဝင်းဘက်က အသာချည်း မဟုတ်လား”

“ဒါပေါ့ ... ဒီရည်ရွယ်ချက်ရှိလို့ အစကတည်းက ... သူ့နာမည် တစ်ခုတည်းချည်း အကုန်အပိုင်စီးခဲ့တာ နေမှာပေါ့”



“ဒါတော့ ... မမမြရွှေးက ဘယ်မှမပါချင်ဘူး ပြောလို့ပါတဲ့။ ပိုင်ရှင်ကိုယ်တိုင် လိုက်ရမှာမျိုး ဖြစ်မှာစိုးလို့၊ ဘယ်မှ မသွားချင် မလာချင်လို့ ဘာတဲ့မှာ ပိုက်ဆံအပ်ရင်တောင် လက်မှတ်က တစ်ခါထိုး တစ်မျိုးတဲ့။ သူ့နာမည် ထည့် မနေနဲ့တော့ ပြောတာ”

မြရွှေးသီ ပြောခဲ့တာကို မြစိမ်းဖန့် သိပါသည်။

“ရှင်နဲ့က အမျိုးလား”

“အမျိုးဆိုရင် ရှက်တာနဲ့ လိုက်မလာဘူး။ သူ့အမျိုးက ရှက်လို့ ကားမောင်းရုံ မောင်းပို့ပြီး ကားပေါ်ကမဆင်းဘူး၊ ကျွန်တော့်ကို အဖော်လိုက်ပေးဖို့ အကူအညီတောင်းတာ”

“တောင်းရော ... ပါလာစရာလား”

“အဲဗျာ ... ပါလာမိပြီးသားကြီး ဖြစ်နေပြီ။ မမမြရွှေးက ထုတ်ပေးထားတဲ့ အရင်းအနှီး ပြန်ယူဖို့ သဘောတူပြီလား”

“တူရတော့ပြီပေါ့၊ ရှိပစ္စည်းတစ်ဝက်ခွဲရင် ... ရှင့်လူက အကြွေးစာရင်းတင်ပြီး လက်ကျန်မရှိဖြစ်အောင် လုပ်မှာ သူ။ တစ်ပြားမှ မရဘဲ ကြွေးတောင်ဝိုင်းဆပ်ရဦးမှာပဲ”

“စိတ်ဖြတ်လိုက်ပါတော့ဗျာ”

“ရှင့်လူဘက်က အမြတ်ချည်းပဲ။ အရင်းအနှီးကို အတိုးမဲ့ရတယ်။ ဒီနှစ်တွေ အတွင်းမှာ အမြင့်ဆုံးဆိုတဲ့ လူနေမှု အဆင့်အတန်းမှာ ... ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေ၊ ကားကောင်းကြီးတွေစီးပြီး၊ တစ်သက်လုံး မခံစားဘူးတဲ့ စည်းစိမ်တွေလည်း ခံစားသွားရသေးတယ်။ မိန်းမသားဘက်က အရှုံးနစ်နာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်း နစ်နာတာ မဟုတ်ဘူး၊ အလကားလူ၊ အရှက်မရှိ လူယုတ်မာ၊ အခွင့်အရေးသမား။ အခွင့်အရေးကိုတောင် မိန်းမတစ်ယောက်ရဲ့ ဘဝကို ဖျက်ပြီးမှ ယူသွားတာ"

"အဲဒီလောက်တော့ မဆိုးဘူး ထင်တယ်ဗျာ"

"ဘာလို့ မဆိုးရမှာလဲ"

"မမမြရွှေးကို သူ သံယောဇဉ် ရှိတာပဲ။ မြစိမ်းဖန့်တို့ ဆွေမျိုးတွေသာ ဝင်မပါရင်၊ လင်မယားတောင် မကွဲဘူး"

"ဒါတော့ ဟုတ်တယ်ကွ သိလား ... မြစိမ်း။ ငါတို့အသိထဲမှာလည်း ... ယောက္ခမ မကောင်းလို့ အိမ်ပေါ်ကဆင်းတဲ့ သမက်နဲ့။ ယောက်မ မကောင်းလို့ အိမ်ပေါ်က ဆင်းရတဲ့ မိန်းမနဲ့။ တချို့ကျတော့ ချွေးမ ယောက်မက ယောက္ခမကို မကောင်းထင် ... အိမ်ထောင်ရယ်လို့ပြုရင် ...

"သူနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း မဟုတ်ဘဲ ... ဆွေမျိုးတွေပါ ပါလာတာ တော်တော်ဆိုးတယ်။ ငါဖြင့် အဲဒါတွေကို တွေးတွေးကြောက်တယ်။ ဘာပဲဖြစ်ဖြစ်လေ ... မမမြရွှေးကတော့ နစ်နာဆုံးရှုံးရတာ ပိုပါတယ်"

"အဲဒါကို ကျွန်တော်လည်း ထောက်ခံပါတယ်။ ကျွန်တော်တောင် တော်တော် ဝေဖန်ပစ်လိုက်သေးတယ်။ သူက ဆွေမျိုးတွေ ဝင်မရှုပ်ဘူး ကတိပေးရင် ... အခုအိမ်ပေါ်ပြန်တက်ပြီး ကျွဲလို နွားလို ပြန်ရုန်းမယ်တဲ့။ သူ့နာမည်နဲ့ ပိုင်ဆိုင်မှုတွေ မမမြရွှေးကို အကုန်လွှဲပေးမယ်တဲ့"

"ပြောတာပါ ... ရင်ထဲ မပါပါဘူး"



"ခက်တော့လည်း ခက်တာပဲ။ ဆွေမျိုး ဆိုတာကလည်း ဖြတ်ပစ်လို့ရတဲ့ အရာမျိုးမှ မဟုတ်တာ။ ဒါပေမဲ့ဗျာ ... အတိုင်းအတာ တစ်ခုထိတော့ သတ်မှတ်ရမှာပေါ့"

"ရှင့်စကားတွေကို ကက်ဆက်နဲ့ ဖမ်းထားပြီး ရှင့်ရည်းစားကို သွားဖွင့်ပြချင်တယ် သိလား"

"မလုပ်ပါနဲ့။ မူးလို့တောင် ရှူစရာမရှိပါဘူး။ ရည်းစားကို ရှာရှာမှ အမူးပြေမယ်ဆိုရင်၊ ကျွန်တော့်လောက် ခေါင်းမူးတဲ့သူ ရှိမှာမဟုတ်ဘူး"

"တော်ပါ ... အထင်မကြီးဘူး"

မြစိမ်းဖန့်က မျက်စောင်းထိုးပစ်လိုက်၏။ မင်းအုံ့က မေမေ့ မျက်စောင်းလေးကို ပြေးမြင်မိသည်။

"မေမေ့လိုပဲ တစ်ဖက်သား ရင်ညွန့်တည့်တည့် ပြေးစိုက်မဲ့ အလှဆုံးမျက်စောင်းလေး ထိုးတတ်တဲ့သူ တစ်ယောက်တွေ့ပြီ မေမေ။ ချွေးမတော်ချင်လား မေမေ" ... ဟုသာ ပြေးမေးလိုက်ချင်ပါတော့သည်။

"အဲဒီနေ့ကကိစ္စ ... မြစိမ်းဖန့် ကြိုက်သလိုပြော၊ ပြောသမျှခံဖို့ ကျွန်တော် လာတာ၊ ကျွန်တော်က အများအတွက် ခါးဝင်နာရတဲ့ ငထွားဆိုတော့လေ၊ မြစိမ်းဖန့် ရင်ထဲမှာလည်း ပြောပစ်လိုက်ရရင် နည်းနည်းတော့ ကျေနပ်သွားရအောင်ပေါ့"

"ဘဝဆက်တိုင်း မကျေဘူး၊ အဲဒီလူကို"

"တော်ပါသေးရဲ့၊ ကျွန်တော့်ကိုများလားလို့"

"ရှင်လည်း ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... အဲဒီတစ်ခုတော့ လွှတ်ပေးပါ။ ကျေပါး မြစိမ်းဖန့် ကျေနပ်အောင် ကျွန်တော် တစ်ခုခု ... မြစိမ်း ဖန့် အတွက် ပြန်လုပ်ပေးမယ်။ ခိုင်းချင်တာခိုင်း"

စကားဝိုင်းမှာ ခင်အေးမြနှင့် ငွေလရောင်တို့ထ နားထောင်သမားလို ဖြစ်သွားရတော့၏။

"ကျုပ်တို့ပါ ဝင်ခိုင်းလို့ ရမလား"

"ကျွန်မလည်းပါမယ် မင်းအံ့။ သုံးယောက်လုံးမှာ ခိုင်းခွင့် ရှိမလား"

"ခိုင်းဗျာ ... ခိုင်းကြ။ သုံးယောက်လုံးခိုင်း၊ ဘုံကျွန်လို့ သာ သတ်မှတ်လိုက်တော့"

မြစိမ်း ... လှစ်ခနဲ ပြုံးမိသွားရတော့သည်ကို မင်းအံ့ လူပါးက မြင်ဖြစ်အောင်မြင်၏။ "အောင်ပြီ"ဟု ထအော်ဖို့ လက်မထောင်၍ ခုန်ချင်၏။ စိတ်ကိုထိန်းလျက် ရဲရဲတောင် မဖြုံး လိုက်ဝံ့သည်မို့ နဖူးကြောကို တမင်ရှုံ့ပစ်ရတော့သည်။

မြစိမ်းထံမှာ အမုန်းတွေ ကြွေကျကုန်ပြီ ထင်ပါရဲ့။

ဖြစ်မှ ဖြစ်ရလေ မြစိမ်းရေ ... ကဲ ... အတွေးထဲ မှာမို့ ခေါ်မယ် ဖန့်ကလေးရေ ... ဒီထက် ချစ်စရာကောင်းတဲ့ ဓာတ်ကွက်ကလေးမျိုးနဲ့များ ဆုံကြရပါတော့။ မင်းနဲ့ ဆုံရပုံမှာ ကံကြမ္မာရဲ့ နောက်ခံဆိုင်းဟာ ဗိန်းဗောင်းကြီးမို့ လျှောက်လှဲချက် တင် အစီရင်နှင့် အသနားခံရကြောင်းပါ ... ဖန့်သခင်မလေး ခင်ဗျား။

"မြစိမ်း ... ကျွန်တော်နဲ့ သူငယ်ချင်း ဖြစ်ပြီနော်"



"နောက်တစ်ခါ ... ကိုယ်နဲ့မဆိုင်ရင်၊ ဓားခုတ်ရာလက် ဝင်မလျှိုနဲ့"

"မလျှိုဘူး၊ ကတိ"

"လျော်ကြေးအဖြစ် ခိုင်းဖို့ကိစ္စကို စဉ်းစားလို့ မရသေး ဘူး၊ နောက်ကြုံမှ"

"ဖြစ်အောင် လုပ်ပေးမယ် ကတိ။ ကျွဲဖြစ်ချင်ဖြစ်၊ နွား ဖြစ်ချင်ဖြစ်၊ မြင်းဖြစ်လဲညီးရတယ်။ မြွေဆိုလည်းဖြစ်"

"ကျုပ်ပါ ခိုင်းမှာနော် မင်းအံ့"

"ခိုင်းလို့ ပြောပြီးပြီလေ"

"ကျုပ်ကတော့ ခုပဲခိုင်းပြီ။ နောက်တစ်ခါလာရင် တောက် တဲ့တစ်ကောင် ဖမ်းလာခဲ့၊ ခပ်ကြီးကြီးနော်။ မသေးစေနဲ့။ လျှာနီဖြစ်ပစေ။ အရှင်။ အဲဒါကြီးကိုင်ပြီး ဝါးစားပြ"

"ငွေလ ... နင်နဲ့ ငါနဲ့ ငယ်သူငယ်ချင်းလေ။ ကွဲနေတာ ကြာပြီလေ။ ခုမှ ပြန်တွေ့တယ်လေ။ နည်းနည်းပါးပါး ခင်ပါ မင်ပါတော့လား၊ ဘယ်တုန်းက အသေသတ်ချင် နေလဲ"

"အဲဒါ မလုပ်နိုင်ရင် ဓားတစ်ချောင်း ယူလာခဲ့၊ ရှင့်ရင် ညွှန့် ရှင်စိုက်ချ"

"အေးမြနဲ့ မြစိမ်း မနိုင်းလိုက်ရဘဲ နေမှာစိုးလို့၊ နင့်ကိစ္စ ကို နည်းနည်း နောက်ဆုတ်ထားမယ်။ ရွှေ့ဆိုင်းပေါ့ဟာ ယာယီရွှေ့ဆိုင်း"

သဘောကောင်းလှသည့် အေးမြရယ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

"ပြန်မယ် ... ကော်ဖီလေးတစ်ခွက်နဲ့ အာခေါင်တော
မစိုဘူး"

"စိုချင်ရင် ... ရေသောက်"

မြစိမ်း ... အပြုံးလေးတစ်ပွင့်၊ မျက်စောင်းလေ
တစ်ချက်နှင့် ဝင်ပြောဖြစ်လိုက်ရတော့၏။

အဲသည်ပုဂ္ဂိုလ်လေးကို မခင်ချင်လို့လည်း မရတော့
ပါလား။ တစ်ထိုင်တည်းမှာ ဘယ်လိုက ဘယ်လိုများ ခင်မင်စိ
ဖြစ်ထွန်းသွားရတယ်လဲ မသိတော့ပါဘူးလေ။

✽ ✽ ✽



# အခန်း ၄

"ယောက်ျားတစ်ယောက်ဟာ ... ဘာတစ်ခုမှ ပိုင်ဆိုင်ခြင်း မရှိဘဲ ... မိန်းမတစ်ယောက်ရဲ့ အရင်းအနှီးကို သုံးနှစ်သုံးမိုး အတိုးမရှိ သုံးစွဲခွင့် ယူခဲ့တယ်။ အဲဒီယောက်ျားက ကုမ္ပဏီပိုင် ဖြစ်သွားတယ်။ မိန်းမသားမှာတော့ ရှိရင်းစွဲက ဘာမှပိုမလာခဲ့ဘူး ...

"လက်ချည်းဗလာသမားက ကုမ္ပဏီပိုင်ရှင် ဖြစ်သွားတယ်။ အဲဒါကစပြီး မတရားဘူး။ မိန်းမသားရဲ့ အရင်းအနှီးနဲ့ ဖြစ်လာရတဲ့ ကုမ္ပဏီမို့ ဒီကုမ္ပဏီကို မိန်းမသားက အပိုင်သိမ်းလိုက်ရင်တောင် ..."

"ယောက်ျားက လက်ချည်းဗလာ ... အိမ်ပေါ်က ဆင်းပေါ့၊ ဟုတ်လား"

"အိမ်ပေါ် တက်လာတုန်းက သုံးဆယ့်ကိုးကျပ်တန် အမှိုက်အိတ်မည်းတစ်လုံးတောင် မပြည့်ချင်တဲ့ သူ့ပစ္စည်းလေး သူယူပြီး ဆင်းသွားခဲ့ရင်တောင် ... သုံးနှစ်လုံး တိုက်ကြီးပေါ်မှာနေပြီး ပရာဒိုကား စီးခွင့်ရသွားတာ မြတ်နေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ထောက်ခံတယ်"

"ဒါဖြင့် ... အစက ကုမ္ပဏီပေးဖို့ လာတောင်းတဲ့ အထဲ မှာ ဝိုင်းကူပြောပေးသေးလဲ"

"ကျွန်တော်မျိုး မှားပါတယ်။ အမှန်က ... ဟိုလူက သူ ပြုတ် ကိုယ်ပြုတ် ရင်ဆိုင်တော့မှာ၊ မမမြရွှေ အရှနည်း မှာစိုးလို့။ မမမြရွှေက လက်မှတ်လေး တစ်ချက်တော ထိုးဖို့ ပျင်းပြီး ဘာတစ်ခုမှ သူ့နာမည်နဲ့ ဖြစ်မနေတဲ့ အတွက် ... ဥပဒေကြောင်း အရဆို လက်မဲ့လို ဖြစ်နေ လို့"

"ရှင်က မမမြရွှေကို ဘာဆိုင်လို့ ဝင်နာပေးရတာလဲ"

"မဆိုင်ပါဘူး။ မင်္ဂလာဆောင်တုန်းက တစ်ခါပဲ မြင်ဖူးပါ တယ်။ အစ်ကိုကျော်မျိုးဝင်း ဆိုတဲ့လူနဲ့လည်း ခင်လှတာ မဟုတ်ဘူး၊ ခန့်ညား အကူအညီတောင်းလို့"

"ဒါနဲ့များ ... ရှင်ကို စပ်စပ်စုစု၊ သူများကြားထဲ ဝင်တယ်"

"မှားမိပါတယ်၊ ကျွန်တော် သေသင့်ပါတယ်။ နေရာတကာ ပါချင်တဲ့ အကျင့်ကိုလည်း ဖျောက်လိုက်ပါပြီ။ ကျေနပ် ပလား"

"ဘဝဆက်တိုင်း မကျေနပ်ပါဘူးလို့ ပြောပြီးပြီပဲ"

"မြတ်စွာဘုရား ... ဘုရားရှင် ကိုယ်တော်တိုင် ချွတ် ကျွတ်တော့မယ် ထင်ပါရဲ့"

"ဒါ ... ကျွန်မသေရင် အဝီစိကျမယ် ပြောတာပေါ့"

"မပြောရပါလားဗျာ ... လျော်ကြေးတစ်ခုသာ မြန်မြန် နိုင်းလိုက်ပါတော့။ သေရင်လည်း အေးတာပဲ"



မြစိမ်းနှင့်တွေ့တိုင်း အဲသည်ကိစ္စနှင့် ရန်မဖြစ်သည့် နေ့ဟူ၍ကို မရှိချေ။ အေးမြကတောင် ကြားထဲမှ ဝင်၍ အားနာ လာရပြီး လရောင် ဆိုလျှင် ...

"ရှင်လွန်ပြီ မြစိမ်းရဲ့။ သူ့အလွန်က ရှင့်အလွန် ဖြစ်တော့မယ်" ... ဟုတောင် ပြောလာခဲ့ပြီ ဖြစ်၏။ မြစိမ်းကတော့ ကျေနိုင်သေးပါ။ ကျော်မျိုးဝင်း ဆိုသည့်လူကို အသည်းဆတ်ဆတ် ခါ နာကြည်းမုန်းတီး၊ ရွံရှာစက်ဆုပ်၏။ လူယုတ်မာ ... ဟုသတ် မှတ်၏။ အဲသည်လူအတွက်ဆိုရင် ဒေါသက စက္ကန့်နှင့်အမျှ ထွက်၏။ သို့ပေမဲ့ ... မင်းအံ့ကိုတော့ ကျေနပ်နေပါပြီ။ မဆိ မဆိုင် မနေနိုင် မထိုင်နိုင် ဝင်ပါသည်ပဲ ထားဦး ... သူဝင်ဖျောင်း ပေးတာကို လက်ခံလိုက်ခြင်းဖြင့် မမမြရွှေဘဏ်မှ နစ်နာမှု သျှော့ (နစ်နာတာတော့ နစ်နာတာပါပဲ) သွားရခြင်းဖြစ်၏။ ရှုနေကလည်း သူ့အတိုင်းပဲ ပြောပါသည်။

"ဒါတောင် ... ဟိုလူက တစ်ခါ တစ်ခါ ထဖောက်ပြီး ဘာမှမပေးဘူး လုပ်နေသေးလို့ အဲဒီဘက်မှာ တစ်မျိုးပြော ရသေးတာ"

"အဲဒီ အရှက်မရှိတဲ့လူအကြောင်း မပြောနဲ့။ ထထဖောက် ရင် ရှုးပြီး သေပါလား"

"ဒါဖြင့် အရှက်ရှိတဲ့လူအကြောင်း ပြောမယ်"

"ဘယ်သူလဲ အရှက်ရှိတာ"

"ကျွန်တော်လေ ... အစ်ကို ကျော်မျိုးဝင်းရဲ့ အဖော်အဖြစ် လိုက်လာမိတာ၊ ဝင်ပြောပေးမိတာကို တွေးမိတိုင်းရှက်လို့၊ မျက်နှာပေါ်မှာ အရှက်တွေ စွန်းထင်းပေကျံနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"စားနဲ့ ခြစ်ချပေါ့ရှင်"

"ငွေလ ... စားပါလား"

"မသေပါနဲ့ဦးဟယ် ... ငယ်ပါသေးတယ်"

ငွေလက ဆိုင်နောက်ဘက်ထဲ ဝင်သွားကာ ပန်းသီး စိတ်ပန်းကန်နှင့် ပြန်ထွက်လာ၏။

"ကျုပ်မားက ပန်းသီးကိုပဲ ခွဲတယ်၊ ဘယ်သူ့ရင်ညွန့်ကိုမှ ခွဲမချဘူး"

အေးမြက ဝယ်သူလာ၍ ရတနာတွေ ထုတ်ပြသည့် နားသို့ မြစိမ်းပါ ကပ်သွားလိုက်ကာ ကူညီပြသနေတော့သည်။ ငွေလက မင်းအုံကို ညှော်ခံစကား ပြောနေရတော့သည်။

"နင်က ကြီးလာတော့ လှလာတယ်နော်"

"မင်းအုံနော်- ကောင်စုတ်။ ကျုပ်က ငယ်ငယ်ကတည်းက ... ကလေးချင်းတောင် ငေးကြည့်ရအောင် လှခဲ့တာ"

"ပြောရဲတယ်ဗျို့"

"ဘာဖြစ်လဲ၊ ကိုယ့်အလှ ကိုယ်ယုံတာ"

"နင့်အလှကို နင့်ဘာသာပဲ ယုံပြီး၊ ဘေးလူထဲက ယုံမဲ့သူ မရှိဘူး မဟုတ်လား"

"ပြည့်လို့"

"ပြောတာပဲ။ ဒါဖြင့် ... တစ်နေ့ကို ရည်းစားစာ ဘယ်နှစောင် ရလဲ"

"စာပေးတဲ့ခေတ် ကုန်ပြီ"

"ဒါဆို ... တစ်နေ့ ဘယ်နှယောက်ရဲ့ ရည်းစားစကား ပြောခြင်းကို ခံယူရရှိသလဲ"



"နေ့တိုင်းတော့ ဘယ်ပြောခံရမလဲဟ"

"ဒါဖြင့် တစ်ပတ် ဘယ်နှခါ၊ တစ်လ ဘယ်နှခါ"

"ဘာလုပ်မလို့လဲ"

"သုတေသန"

"ပြောပြီးသား လူတွေက ထပ်တလဲလဲ အဖြေတောင်းတာ တွေပါ ထည့်ရင်၊ တစ်လမှာ လေးငါးခါလောက်တော့ နားညည်းတာပေါ့"

"နည်းတယ်"

"အောင်မယ် ... ရှင့်ဖြင့် တြိုက်မဲ့သူ မရှိဘဲနဲ့"

"ဒီမှာ ... ဟောဒီလို လက်ဖျစ်တစ်တွက်မှာ ကောင်မလေး ဆယ်ယောက် ကြွေတယ်"

"ကြွား"

"မယုံရင် သယ်လ်မာတို့ ဂျက်စမင်တို့ကို မေးကြည့်ပါလား။ သူတို့ သူငယ်ချင်း ကောင်မလေးတွေ ငါ့ကို အကုန်ကြွေ တယ်"

"ရှင်ထင်တာမှလား"

"ဖြစ်ရပ်မှန်"

"ဟယ် ... ပြောရဲလိုက်တာ"

ငွေလက တခစ်ခစ် ရယ်၏။ ရယ်ရင်းက ပန်းကန် ထဲမှ ပန်းသီးစိပ်ကိုယူပြီး မင်းအုံ လက်ထဲထည့်၏။ မြစိမ်း ... ကျက်ဝန်းထောင့်မှ ရိပ်ခနဲ မြင်လိုက်သလို အသံတွေကျတော့ ဆိုချက်ကြီး ကြားရသည်။ ပြသနေရသည့် စိန်လော့ကက်နှင့် လက်တီနမ်ဆွဲကြိုးလေးထဲမှာ စိတ်မရှိတော့ပါ။ အေးမြ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သာ လေကုန်ခံ အာဝေါက်နေလျက် မြစိမ်းက ပစ္စည်းထုတ်ပေးရ၊ ပြန်သိမ်းရ ဖြစ်နေရတော့သည်။

"ကြားပါတယ် ... ရှင့်အကြောင်း"

"သတင်းကောင်းမှ ဟုတ်ရဲ့လား"

"ရှင် စွံတဲ့ အကြောင်းတွေပါ။ ကောင်မလေးတွေကြိုက်။ ယောက္ခမလောင်းတွေကြိုက်။ ရွယ်တူကောင်လေးတွေနှင့် ဖိုက် ... ဆိုတာ"

"ငါ မဖိုက်ပါဘူးကွ။ ဖိုက်ရမဲ့အရွယ်ကို ကျော်ခဲ့ပြီ။ ခုက အလုပ်ထဲမှာ"

"ငယ်ငယ်တုန်းကတော့ ... စီခနဲဆို ရှင်ပဲ"

"အဲဒါလည်း ... သူငယ်ချင်းတွေ အတွက် ဝိုင်းချပေးတာ။ ကိုယ်ရေးကိုယ်တာနဲ့ ရန်ဖြစ်ရတာ တစ်ခါမှ မရှိဘူး"

"တော်တော် ... အလုပ်မရှိ အလုပ်ရှာတဲ့သူပဲ"

"မှားပါတယ်လို့ ဝန်ခံတာလည်း ကိုးရာကိုးဆယ့်ကိုးကြိမ်ရှိပြီ"

"ဟိုတလောက ... ဂျက်စမင်တောင် ဆိုင်လာသွားသေးတယ်။ သူငယ်ချင်း မင်္ဂလာဆောင် လက်ဖွဲ့ဖို့တဲ့။ ပလက်တီနမ်ကြိုးတစ်ကုံး လာဝယ်တာ"

"တော်တော် မြတ်လိုက်ရဲ့လား"

"အမယ် ... ကျုပ်ရဲ့ ငယ်သူငယ်ချင်းမို့ဆိုပြီး ... အေးမြက အရင်းတိုင်းနဲ့ ပေးလိုက်တာပါဟာ။ အေးမြက တော်တော် သဘောကောင်းတယ် သိလား။ ကျုပ်တို့ သုံးယောက်



မှာ သူ အရက်ရောဆုံးပဲ။ အရှမ်းလည်း သည်းညည်းခံတယ်။ စိတ်လည်းရှည်တယ်"

"လူကြီးဆန်တာပေါ့။ နင်လည်း လူကြီးဆန်တော့လေ"

"ဘာလို့ ဆန်ရမှာလဲ၊ နှစ်ဆယ်ကျော်ရုံလေး၊ အစိတ်မှ မပြည့်သေးတာ၊ အစိတ်ပိုင်းမှ တစ်ဆိတ်ဟိုင်းမှာ၊ ခုတော့ ကလေး"

"ကလေး ... ကလေးနဲ့။ ဘယ်တော့ မင်္ဂလာဆောင်မယ် မသိ"

"ကောင်စုတ် ... ပြောစရာလား"

ငွေလက ဖျတ်ခနဲ လှမ်းရိုက်လိုက်တာကိုလည်း၊ အဲသည်မျက်ဝန်းထောင့်က မြင်ဖြစ်အောင် မြင်ပါသေး၏။

"ရှင့်ကာစင်တွေက ကြွားသွားသေးတယ်၊ ရှင့်အကြောင်း"

"ဘာလဲ ... ဖေဖေ့ခိုင်းလို့ အလုပ်ထဲ ဝင်ရတော့၊ ငါရောက်လာမှ ဝန်ထမ်းတွေနဲ့ ပိုပြေလည်တယ် ဆိုတာလား။ အိမ်မှာ မေမေက ... အဲဒါကို လူလာတိုင်း ထိုင်ကြွားနေတာ"

"မဟုတ်ပါဘူး ... ရှင့်ကို သမီးရှင်တချို့က လာစပ်တယ်ဆို"

"မာ ... အဲဒါ ကြွားစကား"

"ရှင့်အမေက ကြွားလို့၊ ဂျက်စမင်က ကျုပ်ကို ကြွားသွားတာ၊ မဟုတ်လို့လား"

"ခုခေတ်က ယောကျ်ားကောင်း ရှားပြီကွ။ အရက်ကိုနှာ အောင်သော်လည်းကောင်း၊ နေ့ရှိသရွေ့သော်လည်းကောင်း မသောက်သော ... မည်သည့် လောင်းကစားကိုမျှ မလုပ်သော၊ ဘောလုံးပွဲဆိုလျှင်တောင် ကြည့်ရုံကြည့်၍ လောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖို့ လုံးဝ ... လုံးဝ ဝါသနာမပါသော ... ကျန်းမာ၍ ကုရ နတ္တိ ဝေဒနာကင်းစင်သော ..."

ငွေလ တခစ်ခစ် ရယ်ပြန်၏။

"တော်တော့"

"ရှိသေးတယ်။ ငွေရှာတော်၍ ဝင်ငွေကောင်းသော ... ရှင် ရည်ချောမောပြေပြစ်သော ..."

"ရှင့်ရုပ်ရည်လား ချောမောပြေပြစ်တာ"

"ရှိသေးတယ်။ မျိုးရိုးသန့်၍ ဆွေဂုဏ်မျိုးဂုဏ်ရှိသော ပညာဟူ၍ အနည်းဆုံး ဘွဲ့ကလေးတစ်ခုလောက်ရှိသော"

"ပညာကို နောက်ဆုံးမှ ထားရသလား"

"ခုခေတ် သမီးရှင်တွေက ဘွဲ့ထက် လခကို ပိုကြည့်ကျ ကြပြီ"

"ရှင့်လိုသာဆိုရင် ပါမောက္ခ လုံ့ပိုကြီးတွေ မောကြ"

"ဝိသေသန တော်တော်များတဲ့ ငါလို သမက်လော အကောင်းစားမျိုးက တော်တော်ရှားနေပြီ။ ခုခေတ်က ကြည့်လိုက်ရင်၊ အနည်းဆုံးတော့ ဟိုလောင်း၊ ဒီလော လောင်းကစားလေးနဲ့၊ အရက်ကိုလည်း ညှော်ခံပွဲ ဘာညာ ကြိုမှ မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် ဝယ်သောက်နေကြ တဲ့ သူတွေနဲ့"

"ရှင်က သူများတိုက်မှ သောက်တာလား"

"သူများတိုက်တာ သောက်တော့ နည်းနည်းပဲ သော ဖြစ်တာပေါ့။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်သောက်တော မကုန်မခြင်း သောက်တာပေါ့"



"ခုခေတ်မှာ လူမှုရေး ရှုပ်ထွေးမှုတွေ တော်တော်များလာ တယ်လို့ အိမ်မှာ မေမေတောင် ပြောနေတယ်"

"ခုခေတ်မှ မဟုတ်ပါဘူးဟာ။ ရှုပ်ထွေးသောင်းကျန်းချင်တဲ့ သူဟာ ခေတ်တိုင်းမှာ ရှိပါတယ်။ ဒါပေမဲ့ ... ခုခေတ်က ဘာဖြစ်လို့လဲ မပြောတတ်ဘူး။ တစ်ခုခုဆို လူသိတယ်။ လူတွေက လျှင်ကုန်ကြတာ၊ ပါးနပ်ကုန်ကြတာလည်း ပါ ချင်ပါမှာပေါ့။ တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ရင် ဒီလူ ဘာလိုင်းလဲ၊ လူမှုရေး ရှုပ်ရှုပ်ထွေးထွေး လိုင်းလား၊ လောင်းကစားလိုင်းလား၊ ပွဲဆိုးစွန်တောင်ဆွဲတဲ့ လိုင်းလား"

"တချို့ကျတော့ လိုင်းစုံ"

"အဲဒီလိုလူမျိုးကျတော့ အထိနာတတ်ပါတယ်။ လူ့ပြည် မှာ လူလာဖြစ်ပြီး သက်တမ်းတို။ အဲဒီသက်တမ်းကလေး မှာတောင် မပြည့်မစုံနဲ့၊ တချို့ကျတော့လည်း လူတော မတိုးရဲ ... တစ်ခုခုတော့ ပြန်ခံစားရတာ များပါတယ်"

"ရှင်က တယ်ဟုတ်ပါလား။ တရားဟောနေလိုက်တာ အကျအန"

"အဲဒီအသိတရားတွေကြောင့် လူကြိုက်များခြင်းကိုလည်း ခံယူရရှိပါတယ်"

"ပြောရဲပြန်ပြီ"

ရယ်သံလေးတွေ ထွက်လာပြန်၏။

"ရှင်က ... ကောင်မလေးတွေကို တယုတယလေးတွေ လုပ်တတ်တယ်လို့ ဖရက်ဒီက ပြောတယ်။ ကျက်စခင်လာ တုန်းက ဖရက်ဒီ ကားမောင်းပို့တာလေ"

www.burmeseclassic.com

www.burmeseclassic.com



"တကူးတကတော့ မဟုတ်ပါဘူးဟာ။ အိမ်မှာ မေမေက လည်း အဲဒါမျိုးလေးတွေ ကြိုက်တတ်တယ်။ ငါ့ကိုဆို ... ဟလေးပေါက်စလို လိုက်ပြုစုတာမျိုးရှိတယ်။ လိမ္မော်သီး စားချင်လို့ ကောက်ကိုင်လိုက်ရင် မေမေက ဆွဲယူပြီး အခွံ ခွာ အမှေးသင်၊ အမြှာဖောက် အစေ့ထုတ်ပြီးမှ ... သား ... ဟ,လို့ပြောပြီး ခွံ့သေးတာ။ ဒီတော့ ... ငါကလည်း မေမေ့ကို ...

"အဲဒါမျိုးလေးတွေ ပြန်လုပ်ပေးရတာပေါ့။ မေမေ က ကြိုက်တတ်တာကိုး။ ခြံထဲမှာ ပွင့်နေတဲ့ ပန်းတွေထဲက မေမေ သိပ်မနှမြောမဲ့ ပန်းတစ်ပွင့်လောက် ခူးပြီး မေမေ ပန်ဖို့ သွားပေးတာတို့"

"နှမြောတဲ့ပန်း ဆိုရင်ရော"

"ကျေးနူးမတင်တဲ့အပြင် စိတ်ဆိုးမှာ။ လူ့စရိုက်ဆိုတာ လေးတွေ ရှိတယ်။ အဲဒါလေးတွေ သိအောင်လုပ်ထားပြီး တစ်ဖက်သားအကြိုက်ကို လုပ်ပေးတာ အကျင့်ပါသွား တာ။ ဖေဖေ့ကိုကျတော့ တစ်မျိုး။ ဒါမျိုးမရဘူး။ ငါ့ကို ပတ်ချွဲနှပ်ချွဲ လာလုပ်မနေနဲ့တဲ့"

ဘာရယ်မဟုတ် ရယ်သံလေးတွေ လွင့်လာရပြန်၏။

"ဒါဆို ... ကျုပ်ကို တယုတယလေး တစ်ခုလုပ်ပြ"

မင်းအုံ့က ဟိုသည်ကြည့်လိုက်၏။ ငွေလ ထိုင်နေ သည့် ကုလားထိုင်၏ နောက်မှီမှာ ဆွယ်တာပါးပါးလေးတစ်ထည် တင်ထားသည်။ ငွေလမှာ မနက်တုန်းက နည်းနည်းပါးပါး ချမ်းစိမ့် ချမ်းစိမ့် ရှိလို့သာ ဒါလေးယူလာတာ ဖြစ်နိုင်၏။ ဒီ



ဆိုင်ခန်းကလည်း လုံခြုံရေးအတွက် ပြတင်းပေါက်အားလုံးပိတ်၊ အခါး,မ,ကြီးတောင်မှ မှန်ထူတံခါးကြီးနှစ်ချပ်နှင့် စေ့ထားတာ၊ ခင်မှ ထွက်မှ အားနည်းနည်းသုံး၍ ဆွဲဖွင့်ရတာ။ မှန်လုံခန်းဖြစ် နေတော့ လေအေးပေးစက်ကို တစ်ချိန်လုံး ဖွင့်ထားသည်။

မင်းအုံ့ထူး အတွက်ကတော့ နေလို့ကောင်းရုံပင်။ ငွေလများ နည်းနည်းပါးပါး ချမ်းလေမလား မသိ။ ဝတ်ထားသည့် အင်္ကျီက လက်ပြတ်။ မင်းအုံ့ ... ငွေလ၏ လက်မောင်းသားထဲ ချတ်ခနဲ လက်ဝါးရောက်သွားရ၏။ ကပ်ကြည့်သည်။ အေးနေ၏။ ထိုင်ရာမှထကာ ဆွယ်တာပါးလေးကို ယူသည်။ ငွေလ ပခုံးပေါ် သို့ ခြုံပေး၏။

"တစ်ခါတည်း ဝတ်ထားလိုက်ပါလား။ နင့်လက်မောင်း သားတွေ တော်တော်အေးနေပြီ"

"အေး ... ကျုပ် မနက်ကတည်းက နည်းနည်းချမ်းစိမ့် ချမ်းစိမ့် ဖြစ်တာ။ စောစောက နည်းနည်း အိုက်လာလို့ ခဏချွတ်ထားတာ။ ရှင်ပြောမှပဲ မြန်ချမ်းလာပြီ"

"လက်လျှိုလိုက်၊ ဝတ်ထားလိုက်တော့။ ခြုံရုံဆိုတော့ ... မတော် လျှောကျရင် ချမ်းနေဦးမယ်"

မင်းအုံ့က ဆွယ်တာလေးကို ကိုင်မြှောက်၍ ငွေလ လက်ကလေး လျှိုရုံဖြစ်အောင် အဆင်သင့် လုပ်ပေး၏။ ငွေလက လက်ကလေးလျှိုရုံနှင့် ဆွယ်တာတစ်ထည်လုံး ကိုယ်ပေါ်ရောက် သွားရသည့် အဖြစ်မှာ လျှပ်တစ်ပြက် ကြည်နူးသွားတော့သည်။ ကိုယ့်လက်မောင်းသားတွေ အေးစက်နေတာ ကိုယ်ကိုင်သတိမ ထားမိခဲ့ချေ။ စမ်းကြည့်ဖို့တောင် သတိတရ မဖြစ်။ မင်းအုံ့ စမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့သာ ကိုယ်လက်မောင်းသားတွေ ဒီလောက် အေးနေတာ သိခွင့်ရတော့၏။

"ကျေးဇူးပဲ"

"ရပါတယ် ... ဘယ်လောက် ပင်ပန်းတာမှတ်လို့"

"ကျုပ် နွေးသွားပါပြီ။ ပြုစုယုယမယ် ဆိုတာ ပြုစုယုယ တော့လေ"

"ပြီးသွားပြီ"

"ဟင် ... ဘာလဲ"

"နင် အအေးနည်းနည်း မိချင်နေတာကို ငါသတိထားမိလို့ ဆွယ်တာဝတ်ပေးလိုက်တယ်လေ။ နင်က လက်ကလေးဆန့်ပြီး လျှိုပေးရုံပဲ"

"ဟော်တော့ ... သိတောင် မသိလိုက်ဘူး"

"အဲဒီလို ပါးပါးလေးပဲ ကောင်းတယ်။ ဒါလေးတွေက ရင်ထဲခိုက်တာ။ ခုနေ ... ဘာမှထမလုပ်ဘဲ ပါးစပ်ကချည်း ရွှန်းရွှန်းဝေအောင် ပြောနေရင် ယုယမှုကို အတုံးလိုက် အတစ်လိုက်ပြရာ ရောက်တာပေါ့။ အခန့်မသင့်ရင် ကျေးဇူးတင် မခံရဘဲ၊ စိတ်ဆိုးတောင် ခံရနိုင်တယ်"

"ဒါတွေ ရှင် ဘယ်လိုတတ်လဲ"

"ငါက တစ်ဦးတည်းသော သားလေ။ မိန်းမဆိုတာ၊ နင့်အမေ ငါ့အမေ၊ ငါ့သူငယ်ချင်း၊ ငါ့ရည်းစား၊ ငါ့ညီမတွေ အားလုံး အပြုအစု အယုအယလေးတွေ ကြိုက်တတ်တာချည်းပဲ။ မေမေ့ အကြိုက်ကို တစ်ဦးတည်းသော သားဖြစ်တဲ့ ငါကမှ မလုပ်ရင် ဘယ်သူလာလုပ်ပေးမလဲ"



"ရှင့်အဖေပေါ့"

"ဖေဖေဟာ မေမေ့ကို တုန်နေအောင် ချစ်သလောက် မေမေ့ကို အချစ်ပြရမှာ ရှက်တတ်တယ်။ ပလီပလာ လုပ်တယ်တဲ့။ အဲဒီလိုလူမျိုး မကြာခင် နောက်မီးလင်းတာတဲ့။ မေမေက ... နောက်မီးလည်းမလင်း၊ ရှေ့မီးလေးကိုလည်း ကြင်နာယုယဆိုတဲ့ အတတ်ပညာကို မတတ်ဘူးလားတဲ့ ...

"ဖေဖေက မတတ်ဘူးတဲ့။ မေမေက အချော့ကြိုက်တယ်။ ဖေဖေက ချော့ရမှာ ရှက်တယ်။ ဖေဖေနဲ့ မေမေရဲ့ ပဋိပက္ခကို ကြည့်ပြီး ငါက မေမေ့ဆီမှာ လစ်ဟာနေတဲ့ ကွက်လပ်ကို ဖြည့်ပေးတာ။ ငါတို့အိမ်က ထမင်းပွဲမှာဆို သားအမိနှစ်ယောက် ...

"တစ်ယောက်က ဟင်းခပ်ထည့်ပေးလိုက်၊ နောက်တစ်ယောက်ကငါးရိုးထွင်းပေးလိုက်နဲ့။ ဖေဖေကဝင်မလုပ်တဲ့ အပြင် ထ,ထအော်သေးတယ်။ မျက်စိကိုနောက်နေတာပဲတဲ့"

ရယ်မိကြရပြန်၏။

မကြာခဏ ကြားရသည့် ရယ်သံလေးများ မျက်ဝန်းထောင့်မှာ စွန်းထင်းလာသည့် ပုံရိပ်များ၊ ဒါလေးတွေဟာ ရင်ထဲသို့ ခုန်ဝင်ကုန်ကြသည်။ ရင်ထဲမှာ ခုန့်ပေါက်မြူးတူးနေတာတော့ မဟုတ်ဘူး ထင်သည်။ ဒေါသနှင့်များ ခြေဆောင့်နေကြလေမလား။ ရင်သည် ဒိုင်းခနဲ ဒိုင်းခနဲ ဆောင့်ခုန်လျက် မောများပင် မောမိရတော့သည်။

ဝယ်သူတွေက ဟိုမေး ဒီဆစ်နှင့် ... နောက်ဆုံးမှာ စိန်လက်ကောက်တစ်ကွင်းနှင့် စိန်လက်စွပ်တန်းကျင်း သုံးကွင်း

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ဖြစ်ပါသည်။ ရှေးပုံတွေပဲဖြစ်၍ ခေတ်မီပုံစံများ မဟုတ်ကြ ပါ။ ဝယ်သူက ငွေထုတ်ပေးသည်မို့ မြစိမ်းက ကျသင့်ငွေကို ရေ တွက်၏။ ပြီးတော့ သားရေကွင်းနှင့် စီးသည်။ ငွေထပ်ပေါ်မှာ စုစုပေါင်းတန်ဖိုးကို ရေး၍ အသိအမှတ်ပြု လက်မှတ်ပေါက်စလေး ထိုးပြီးသည်နှင့် အံဆွဲထဲထည့်ပြီး ငွေလတို့ဝိုင်းသို့ ပြန်လျှောက် ခဲ့တော့သည်။ ဘာကြောင့် အဲသည်ဝိုင်းသို့ လာမိသည် မသိပါ။ ခင်အေးမြက အေးအေးဆေးဆေး ပြောဆိုနေသည်။ မြစိမ်း နီးရာခုံတစ်လုံးဆွဲ၍ ထိုင်၏။ စောစောတုန်းက ရယ်သံလေးတွေ ဘယ်ရောက်သွားမှန်းမသိ။ ရုတ်တရက် စကားပြတ်ချိန်မှာ နောက် ထပ် အကြောင်းအရာတစ်ခု ရှာမတွေ့သေးသည်မို့ ငွေလတို့နှစ် ယောက် တိတ်ဆိတ်ငေးမောနေလိုက်ခြင်းက မြစိမ်း ရင်ထဲမှာ အဖုအထစ် ဖြစ်ရတော့သည်။

ခက်လိုက်တာ။

"ပြောလေ ... ဘာဖြစ်လို့ ကျွန်မ ရောက်လာမှ ရပ်ပစ် လိုက်တာလဲ"

"မဟုတ်ပါဘူး၊ ပြီးသွားလို့ပါ"

စကားများ ပြီးတယ်ရယ်လို့ ရှိသတဲ့။

ငွေလ ကိုယ်ပေါ်မှ ဆွယ်တာလေးကို ကြည့်လျက် မနာလိုတိုရှည်စိတ် ဝင်၏။ ဒီဆွယ်တာလေးဟာ သက်မဲ့ဖြစ် သလောက် အခွင့်အရေး ယူလိုက်တာ။ မြစိမ်း ရောက်ကာစ လေးမှာတောင် စကားပြောနေကြသေးပါလျက် မြစိမ်းရောက်မှ ရုတ်တရက် စကားပြတ်တောက်သွားခြင်းဟာ ရိုးသားရဲ့လား။ ငွေလနှင့် မင်းအံ့တို့ ကြားမှာ အပြင်လူ မသိစေလိုသည်



သို့ ဝှက်စကား၊ လျှို့ဝှက်ဖြစ်ရပ်တွေ ရှိနေပြီလား။ အတွေးကပင် ရင်ကို ဆူဝေစေ၏။ ဒေါသထွက်သလိုလို ဖြစ်၏။ မကျေမနပ် ခံစားရသည်။ လျှပ်တစ်ပြက်မှာ ... မင်းအံ့ကို ဆွဲဆိတ်လိုက်ချင် စိတ် ဖြစ်သည်။

အဲသည် ခံစားမှုတွေ ဖြစ်ထွန်းတာကိုလည်း ကိုယ့် ကိုယ်ကိုယ် စိတ်ဆိုး၏။ တကယ်ဆို ... မှုစရာလား။ မှုစရာ မဟုတ်တာကိုမှုပြီး ရန်ဖြစ်ချင်စိတ် ဖြစ်ထွန်းရပြန်၏။

"ဘာတွေ တိုင်ပင်နေကြလဲ။ ဘယ်လင်မယား ကွဲမှာ ယောက်ျားဘက်က ဘယ်လောက် လိုက်တောင်းပေးရင် ကောင်းမလဲလို့ ပြောနေကြတာလား။ ကျွန်မ ရောက်လာမှ တိတ်သွားလို့"

"မြစိမ်းရာ ... ဒါကို ခုထိ မကျေနိုင်သေးဘူးလား"

"ဘဝဆက်တိုင်း မကျေဘူးလို့ ပြောထားတယ်"

"မမေ့အကြောင်း ပြောရင်း စကားကုန်သွားလို့ ယာယီ တိတ်သွားတာပါ"

"မသိပါဘူး၊ ကျွန်မ အတင်းတွေမို့များ တိတ်သွားသလား လို့"

ငွေလက ရယ်၏။ မြစိမ်း ... မင်းအံ့ကို ဗိုလ်ကျ ထား ရန်လိုက်စနေသည်ဟု ထင်၏။ အဲသည်ရယ်သံမှာသာ ချွန် ထက်သော အရာများ ပါရှိမည်ဆိုလျှင် မြစိမ်း၏ ရင်ခွင်ကြီး တစ်ခုလုံးကို စူးစိုက်ထိုးနှစ်၍ နေကြတော့မည်။

စူးရှ နာကျင်ရပါသည်။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com



# ၅

"မြစိမ်းရောင်"ရတနာတိုက်ထဲသို့ ... သို့မဟုတ်
ခင်အေးမြ၊ မြစိမ်းဖန့်၊ ငွေလရောင် ဆိုသည့် သူငယ်ချင်းညီအစ်
(အလွန်ချစ်ကြပါသည်)သုံးယောက်၏ ဘဝစာမျက်နှာများထဲသို့
ဒုတိယ ဝင်ရောက်လာသော ယောကျ်ားသူစိမ်းတစ်ယောက်က
ထွဋ်နိုင်ထွန်းတည်း။

သူက ... စိမ်းစိမ်းသက်သက်ကြီး ရောက်လာတာ
တော့ မဟုတ်ပါ။ ဝေးတော့လည်း အဝေးသား။ ခင်အေးမြ
အဲဒေါ် ကျောင်းဆရာမ တစ်ယောက်နှင့် ခင်သည့် လူကြီးမိ
တစ်စုံတွဲမှ ဆင်းသက်သူသည် ထွဋ်နိုင်ထွန်း ဖြစ်၏။ ထွဋ်နိုင်
ထွန်းဟာ ... ခင်အေးမြကို ဘယ်တုန်းက ဘယ်လို တွေ့
မြင်ဖူးထားသည် မသိချေ။ ဖြစ်နိုင်ချေက ခင်အေးမြ အဒေါ်
ကျောင်းဆရာမအိမ်မှာ ဘုရားအနေကစာတင်၊ အိမ်တက်နှ
ဘုရားကိုးဆူ၊ ဆရာမအဘွား နားရေး ... စသော သာရေးနာရေး
တွေမှာ ခင်အေးမြကလည်းရောက်၊ ထွဋ်နိုင်ထွန်း မိဘတွေ



ည်းရောက် ... ဆိုသလို၊ ထွဋ်နိုင်ထွန်းက ကားတွေ ဘာတွေ
င်းပို့ခဲ့သေးလားလည်း မပြောတတ်ချေ။ ဘယ်မှာ ဘယ်လို
ျမြင် စွဲလမ်းသွားရကြောင်းကို ထွဋ်နိုင်ထွန်းကတော့ ပြောပြ
ျာ အသေအချာပင်။ ခင်အေးမြကတော့ အဲသည်မျက်နှာကို
ိမိဖို့ဝေးစွ၊ မြင်ဖူးမှန်းတောင် မသိပါ။ အဲသည်မျက်နှာစိမ်း
င်အေးမြ အဖို့) တစ်ယောက်ကို မင်းအုံပင်လျှင် ခေါ်လာခဲ့တာ
လေ၏။

"မိတ်ဆက်ပေးရဦးမယ်။ သူက ထွဋ်နိုင်ထွန်း ...
" _ ဟု ပြောကာ ဘယ်သူဘယ်ဝါ သားသမီးပါ၊ အဲသည်
နှစ်ပါးဟာ ခင်အေးမြရဲ့အဒေါ် ကျောင်းဆရာမနှင့် ဆွေမျိုး
တမျှ ခင်မင်ရင်းနှီးကြသူတွေပါ။ ဒီဘက်နားသို့ သူငယ်ချင်း
ယောက် အကြောင်းကိစ္စရှိလို့ ရောက်လာရင်း လမ်းကြုံလို့
လာလည်တာပါ။ ကျွေးစရာရှိရင်လည်း ကျွေးကြပါ၊ ကျွေးစရာ
ရင်လည်း မကျွေးကြပါနဲ့ ... ဆိုသော ရင်းနှီးမှုပြ ဝါကျများ
_ ရယ်ရွှန်းဖတ်ရွှန်း စတင်မိတ်ဆက်တော့၏။

သူ ဆွဲလွဲဆွေမျိုးစပ်ပြတာကြောင့် ထွဋ်နိုင်ထွန်း၏
နှစ်ပါးကို မသိငြား၊ ကိုယ့်အဒေါ်တစ်ယောက်လုံး၏ မိတ်ဆွေ
ဆိုတော့ ... ခင်အေးမြက ပျူငှာဖော်ရွေဖို့ ရှိတော့၏။

"ဒါ ... ဒေါ်ခင်အေးမြ။ မြစိမ်းက အဲဒီလို ပြောသေးတာ
ကွ။ ဒေါ်ခင်အေးမြ ဆိုလို့ ဘယ်အရွယ်လည်း မှတ်ပါ
တယ်၊ အရွယ်က ဒီမှာမြင်တဲ့အတိုင်းပဲ။ ဒါကတော့ ...
ငါနဲ့ အစကတည်းက သူငယ်ချင်း ငွေလရောင်တဲ့၊ သူက
ဒေါ်မြစိမ်းဖန့်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ... ဒေါ် ... တွေတပ်ပြီး မိတ်ဆက်ရတာလဲ ကွ။ ငယ်သေးတာကို"

အသွက်မ ငွေလရောင်က တွေ့ရတာ ဝမ်းသာပါ တယ် ... တွေ ဘာတွေပြော၊ ကိုထွဋ်နိုင်ထွန်းရဲ့ မိခင်၊ အစ်မ ချစ်သူအတွက် ရတနာပစ္စည်း တစ်ခုခုဝယ်လိုလျှင် အရင်းဝိုင်း နှင့် ပေးမှာဖြစ်ကြောင်းတွေ ပြောပြီး တစ်ထိုင်တည်း ရင်းနှီးတော့ သည်။ အေးမြက ပင်ကိုလှအေးမို့ ပြုံးပြီး ခေါင်းညိတ်ကာ ...

"ဒေါ်လေး မိတ်ဆွေတွေပဲ၊ ကျွန်မနဲ့လည်း မိတ် ဆွေတွေပဲပေါ့" ...ဟု ပြောရှာ၏။ မြစိမ်း တစ်ယောက်သာ မင်းအံ့ မျက်နှာမှာ ဘာတွေ့မလဲဟု ရှာဖွေလိုက် ဖြစ်သည်။ ပြီးတော့ ... မြစိမ်း ဆိုတာ၊ မင်းအံ့ကိုဆိုလျှင် ပြောင်ပြောင်ရိုး အားမနာတမ်း ပြောပစ်နေကျမို့ ...

"မင်းအံ့ ... ဘာအကွက်တွေ ထွင်လာပြန်ပြီလဲ" ဟု မေးချတော့၏။

"ဟာဗျာ"

ထွဋ်နိုင်ထွန်း မျက်နှာကြီးတစ်ခုလုံး ရဲတက်ကာ "ဟာဗျာ"ကြီး ထွက်လာမှ မြစိမ်း လှစ်ခနဲ ပြုံးပြတော့၏။

"ကိုထွဋ်နိုင်ထွန်း ... ဆောရီးပါ။ မင်းအံ့ဟာ ကျွန်မ ကို ... ဘယ်တော့မှ ကံကောင်းခြင်းတွေ သယ်ဆောင် မလာတတ်လို့၊ ကြိုမေးထားရတာ။ ကိုထွဋ်နိုင်ထွန်း အားနာပါတယ်"

"မြစိမ်းကတော့ တွေ့တာနဲ့နက်ပြီ။ တို့ကိုတောင် မင်းအံ့ ခေါ်သေးတာ၊ သူ့လည်း ထွဋ်နိုင်ပဲ ခေါ်လို့ရပါတယ်"



"ဟုတ်ပါတယ် ... ရင်းရင်းနှီးနှီးပေါ့"

"ကျွန်မက ... မင်းအံ့နဲ့ ရင်းနှီးသူတွေဆိုရင် အလိုလိုလန့် နေတာ"

"ကျွန်တော့်ကိုတော့ ကြောက်လန့်စိုးရွံ့စိတ်တွေ လုံးဝ ဖျောက်ပစ်လိုက်ပါ။ မြစိမ်း ခံစားမှုကို ကျွန်တော်နားလည် ပါတယ်။ ကျွန်တော် ... အဲဒီအကြောင်းတွေ ကြားထား တာပါ"

"ဘဝဆက်တိုင်း မကျေဘူးတဲ့ကွာ။ သူ့အာဃာတကြီး သာ အတုံးအခဲဆိုရင် လမ်းပေါ်ချပြီး လမ်းကြိတ်စက်နဲ့ ကြိတ်ပစ်ပြီ။ ခုတော့ ... ကျေပါနော် ... လို့ တောင်းပန် ရုံကလွဲပြီး ထ,ကလို့လည်း မရ"

ငွေလက ခစ်ခနဲ ရယ်၏။

"ဘာကိစ္စ ... ရှင်က က,ချင်ရတာတုန်း"

"မပြောတတ်ဘူး၊ ထင်ရာလုပ်မှာ"

ထွဋ်နိုင်ထွန်း ခမျာ မင်းအံ့နှင့်ပေါင်းလျက်၊ မျက်နှာ ... ကော်တော်ပြောင်ပြောင်ထားဖို့ ပြင်ဆင်လာခဲ့ပုံတော့ ရ၏။ ... ရိုက်ကိုလည်း ဖျောက်လို့မရပုံစံဖြင့် သူ့မျက်နှာ ... ရဲခနဲ ... သွားရှာလိုက်၊ မည်းခနဲ အောင့်သက်သွားလိုက်နှင့် တစ်ခါ ... ခါတော့လည်း ရောနှောပြီး တဟဲဟဲ ရယ်ရှာသေးတော့သည်။ ... ပ်လိုက်သည့် အခါမှာ၊ ထွဋ်နိုင်ထွန်းလည်း အေးမြ၊ ငွေလ ... မြစိမ်းတို့ သူငယ်ချင်းသုံးယောက်နှင့် ခင်မင်ရင်းနှီးသွားရ ... သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ... မင်းအံ့ တစ်ခုခု ကြံစည်ပြီဟူ၍ မြစိမ်းကတော့ အတတ်စွဲလေသတည်း။

* ❀ *

"ထွင့်နိုင်ဟာ အေးမြကို တစ်နေရာရာမှာ တွေ့ဖူးသွားလိမ့်မယ်။ အဲဒီအတွက် ပေါ်တင်လာရင်းနှီးတာ"

"ကျုပ်ကိုမှလားကွယ်၊ ရှင်မြစိမ်းရဲ့၊ ရှင်ရော မဖြစ်နိုင်ဘူးလား၊ မယ်ငွေလလည်း ဖြစ်နိုင်သေးတာပဲ၊ မကောင်းကျောင်းပို့ ... မလုပ်ကြေး"

"ရှင့်ကို ... ရှင့်ကို။ အသိသာကြီး၊ မျက်နှာကြီး ရဲခနဲ ရှက်သွားလည်း ရှင့်ဆီ အကြည့်ခိုးရောက်တယ်။ ကျုပ်ခွပ်လိုက်လို့ အောင့်သက်သွားလည်း မျက်နှာကြီး မည်းခနဲနဲ့ ရှင့်ကိုပဲ ခိုးကြည့်တယ်။ တဟဲဟဲ ရယ်တော့လည်း အဲဒီအကြည့်က ရှင့်ဆီပဲ ရောက်တယ်"

"ရောက်လှချည်လား"

ငွေလက ရယ်၍ ဝင်ပြောာ၏။

"ရောက်တယ် ... ရောက်တယ်။ မြစိမ်းဖန့်တို့ ထင်ရင် ဘယ်တော့မှ မလွဲဘူး၊ ဆက်လာမဲ့ ဇာတ်လမ်းတွေကို ငွေရောင်ပိတ်ကားပေါ် မကြည့်နဲ့။ တီဗီဖန်သားပြင်ပေါ်မှာ ဆက်ကြည့်"

"MRTV 4 ပရိသတ်ကြီး အတွက် ချန်မထားလိုက်ဘူးလား"



MRTV 4 မှ ဗီဒီယိုရစ်သမ် အခန်းကဏ္ဍလာတိုင်းမှာ ဇာတ်လမ်း၏ နိဂုံးကို မပြောဘဲ ချန်ထားတတ်တာချည်းမို့ အဲဒါကို အမြဲ စိတ်တိုနေသည့် ငွေလက ရယ်ပေမဲ့ နှာခေါင်းရှုံ့ချက် ဝင်ပြောာ၏။

"ပြီးတော့ ... ဒီကိစ္စမှာ သူပဲ ဆရာကြီး လုပ်လိမ့်မယ်"

"ဘယ်သူလဲ"

"မင်းအံ့လေ။ ဘယ်ကောင်လေးက ဘယ်ကောင်မလေးကို ကြွေအောင်ခြွေမလဲ။ အခက်အခဲရှိရင် မင်းအံ့ဆီကိုပြေး။ သူက ဆရာကြီး။ ယောက်ျားတို့ မာယာဆိုတာ သဲကိုးဖြာ မလောက်လို့ မန်ကျည်းကိုးပင် နောက်ရသေးသမျှ မင်းအံ့မတတ်တာ မရှိ ..."

"ဘယ်ကိစ္စမဆို သူပါရမှ၊ သူက ဆရာကြီးလုပ်ရမှ။ ဆရာကြီး လုပ်ချင်တဲ့သူကိုမှ ဆရာသွားသွားတင်တဲ့ လူညံ့တွေကလည်းရှိတော့၊ နေရင်း ထိုင်ရင်း စင်ပေါ်ရောက်နေတဲ့သူ"

"မြစိမ်းရယ် ... ရှင်ကလည်း၊ မင်းအံ့ ဆိုရင် အကောင်းကို မပြောဘူး"

"ကောင်းမှ မကောင်းတာ"

"မကောင်းတာ မရှိပါဘူး။ သူ လူဆိုးမှ မဟုတ်တာ"

"သူ့လောက် မိန်းမပွေတာ ရှိလို့လား"

ပြောသည့်စကားထဲမှာ စိတ်နာသံငွေ့ငွေ့ လွှမ်းနေသည်။ ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိသည်။ ပြီးတော့ ... အဲဒီအတွက် စိတ်နာစရာ ဘာရှိလဲ ... ဟု တွေးမိပြန်၏။ မမ

www.burmeseclassic.com

www.burmeseclassic.com



မြွေး ပေးလိုက်ရတာတွေကိုတောင် (တကယ်ဆို) စိတ်နာစရာ မရှိပါ။ ယူသည့်သူက ... မင်းအုံ့မှ မဟုတ်ဘဲ။ အဲသည်အတွက် ဘဝဆက်တိုင်း မကျေဘူး ... ဟု ပြောသည့်အတိုင်း၊ စိတ်ဆိုး ဒေါသထွက်ခဲ့ဖူးပြီ။ ပြီးတော့ ... အဲဒီဒေါသတွေလည်း ပြေသွား ခဲ့ပြီးပြီ။

သို့ပေမဲ့ ... ခုတလောမှာ သူ့ကို ပြန်စိတ်ဆိုးနေသည် စိတ်နာနေသည်။ ဘာကိုမှန်းမသိ နာနာကြည်းကြည်း ခံစားနေ သည်။ သူနှင့် ပတ်သက်၍ စကားကောင်းလည်း မပြောနိုင် အကောင်းလည်း မမြင်နိုင်၊ ပြစ်တင်ရှုတ်ချ ကဲ့ရဲ့လို့သာ နေချင် မိတော့သည်။

"မပွေပါဘူး မြစိမ်းရယ်။ ပွေတယ် ဆိုတာက ရည်းစား တစ်ယောက်တွဲလိုက်၊ ပြတ်လိုက်၊ နောက်တစ်ယောက်နဲ့ တွဲလိုက်၊ တစ်ပြိုင်တည်း နှစ်ယောက် သုံးယောက် တွဲချင်တွဲ ဆိုတာမျိုးမှ ခေါ်တာပါ။ သူ့မှာ ရည်းစားမှ မရှိဘဲ"

"ဟင် ... သူနဲ့ ခင်မင်ရှုပ်ထွေးနေတာတွေ သူ့ရည်းစား တွေ မဟုတ်ဘူးလား"

"ခင်မင်တိုင်းသာ ရည်းစားလို့ ယူဆရရင် ဥပမာ ... အေးမြဟယ်"

"မဟုတ်ရပေါင်တော်"

"ဥပမာ ... ရှင်ကွယ်"

"ကျုပ်ကို ဆွဲမထည့်နဲ့"

"ဥပမာ ... ကျုပ်ကွယ်"

"ရှင်က ဒီလိုလား"



"မဟုတ်ပါဘူး။ ဥပမာ ပြောတာပါ။ ကျုပ်တို့နဲ့လည်း ခင်မင်နေတာပဲ မဟုတ်လား"

"အိုး ... မြစိမ်း မခင်ဘူး"

သူငယ်ချင်းသုံးယောက်မှာ "ရှင်"တွေ "ကျုပ်"တွေ သည့်အခါ သုံး၏။ "နင်"တွေ "ငါ"တွေလည်း ပြောဖြစ် ည်။ တစ်ခါတလေကျတော့ ကိုယ့်နာမည်ကလေးတွေ ကိုယ် ည့်ပြီးတော့လည်း ပြောတတ်ကြပါသည်။

"သူက အောက်သက်ကျေတယ်ကွာ။ တစ်ဖက်သားကို ခင်ခင်မင်မင် ရှိတယ်။ ဝေယျာဝစ္စလေးတွေ ဆောင်ရွက် ပေးတတ်တယ်။ အဲဒီတော့ ... လူချစ်လူခင် ပေါတာပါ"

ဝေယျာဝစ္စလေးတွေ ဆောင်ရွက်ပေးတတ်တယ်...

သည့် ဝါကျသို့အရောက်မှာ၊ ငွေလကို ဆွယ်တာလေး ဝတ် ခဲ့သည့် ပုံရိပ်က မျက်ဝန်းထဲ ထင်းခနဲ မြင်ယောင်သွားရ ည်။ ငွေလ ... မင်းအုံ့ဆီမှာ ကြွေနေပြီ ထင်ပါရဲ့။ မင်းအုံ့က သနာအလျှောက် အပျော်တမ်း ချွဲနေတာလား၊ တကယ်ပဲ လမ်းမြတ်နိုးတာလားဆိုတာ ကာယကံရှင် မင်းအုံ့မှပဲ သိတော့ ည်။ မြစိမ်း ရင်ထဲမှာ နာနာကျင်ကျင်ကလေးလိုလို ခံစားရမိ ည်။ ရှက်သွေးကလေးတွေ ဖျင်းခနဲ ဖျင်းခနဲ လွှမ်းခြုံသည်။

ရှိစေတော့။ ငွေလနဲ့ စကားနိုင် မလုတော့ပါဘူး သ။

"ခုခေတ်က မြစိမ်းရယ် ... ခင်ခင်မင်မင် ပေါင်းတတ်ကြ ပါတယ်။ တရင်းတနှီးနဲ့ ညီအစ်ကို မောင်နှမအရင်းအခြာ တွေလို နေတတ်ကြတဲ့ သူတွေလည်း ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အေးမြထံ ... ဖျတ်ခနဲ အကြည့်တစ်ချက်ရောက် အေးမြ မျက်ဝန်းနှင့် ငွေလမျက်ဝန်းတို့ နှစ်ခုကြားမှာ ဘယ် ခြားနားချက်မျိုး ရှိနေသလဲဆိုတာ မြစိမ်း ကြည့်လိုက်မိတာ မတ္တုတာတော့ အမှန်ပါပဲ။ အဲသည်ခြားနားချက် အဖြေ မြစိမ်း မဖွေရှာတတ်ချေ။ ဖြစ်နိုင်ချေ တစ်ခုခုဆိုလျှင်တော့ ...

အေးမြက ရိုးရိုးသားသား ခင်မင်တာ ဖြစ်ပြီး ငွေလက မင်းအံ့ကို စိတ်ဝင်စားနေတာမျိုး ...။

ခုချိန်မှာ ... မြစိမ်း၊ ကိုယ့်ကိုယ်ကိုယ်ထဲမှ မြစိမ်း ပုံတူတစ်ခု ခွဲထုတ်နိုင်လိုက်ချင်၏။ မြစိမ်း ကိုယ်တိုင် မြစိမ်း မျက်ဝန်းတွေကို ပြန်ကြည့်ချင်သည်။ မြစိမ်းရဲ့ မျက်ဝန်းတွေဟာ အေးမြနှင့် တူမလား။ ငွေလနှင့် တူနေမလား။ သို့မဟုတ် ခြားနားသော ခံစားမှုတစ်မျိုးများ စွန်းထင်းဖော်ပြနေမလား။

ရတနာပစ္စည်းတွေထားသည့် ကောင်တာဗီရိုပေါ်မှာ ကြည့်မှန်တစ်ချပ်၊ ခပ်ကြီးကြီး တစ်ခုရှိ၏။ မြစိမ်း ... မှန်ရှေ့သို့ လျှပ်တစ်ပြက် ပြေးသွားကာ မှန်နားသို့ ကပ်ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ မြစိမ်း"

"မျက်တောင်စိုက်သလား မသိဘူး၊ မျက်လုံးထောင့်က စူးခနဲ ဖြစ်သွားလို့"

မှန်နားသို့ ကပ်ကြည့်လိုက်ဖြစ်ပေမဲ့ ကိုယ့်မျက်ဝန်း အမှန်ကို ကိုယ်မြင်ခွင့် မရလိုက်ပါ။ မျက်ဝန်းခံစားမှု ပြောင်းလဲ သွားပြီမှန်းသိ၏။ နှာခေါင်းရင်းဘက်နား မျက်စိထောင့်ကို လက်ခလယ်လေးနှင့် ပွတ်သပ်၍ မျက်တောင်များကို ဖင့်တင်လိုက်သည်။



"ရပြီလား ... လာလုပ်ပေးရမလား"

"ရပြီ ... အေးမြ၊ ကောင်းသွားပြီ"

ငွေလထံမှ ခစ်ခနဲ ရယ်သံတစ်ခု ထွက်လာသည်။

"သူများကို လူရှုပ်လူပွေ ပြောလို့ ငရဲကြီးတာ။ ချက်ချင်းကို မျက်တောင်မွေး စူးတော့တာပဲ"

ခါတိုင်းလည်း အဲသည်လို ... ချစ်စနိုး နှိပ်ကွပ်မှုမျိုး ပြောဆိုပြုမူနေကျပါ။ တစ်ယောက်ယောက်က ထူးထူးခြားခြား အလှပြင်လာတာမျိုး၊ ဒီဇိုင်းသစ်အင်္ကျီ ဝတ်လာတာမျိုးနှင့် အချင်းချင်းရှေ့မှာ ကြွားဝါ(ချစ်စနိုးပါပဲ)လမ်းသလားပြနေလျှင် ကျန်သူများက ...

"ဟာကွာ ... ဆိုင်ထဲမှာ မင်စာလား စုန်းလား၊ လမ်းသလားနေတာ၊ အရုပ်ကလည်း ဆိုးလိုက်တာ လွန်ပါရော" ဟု မနာ,နာအောင် ချစ်စနိုး နှိပ်ကွပ်တာမျိုး ရှိခဲ့ဖူးပါသည်။ ပြောသူလည်း ရယ်မော၊ အပြောခံရသူလည်း ရယ်မော၊ ပြောမနာဆိုမနာတွေ ဖြစ်ခဲ့ဖူးတာပါပဲ။ ဒီနေ့တော့ ... မြစိမ်း ခံစားမှုက တစ်မျိုးဖြစ်ပြီလေ ...။

ဩော် ... ငွေလ။ မင်းအံ့ကိုထိရင် နာတတ်နေပြီ ထင်ပါရဲ့။

❋ ၆ ❋

ခင်အေးမြ အိမ်ပြန်ရောက်ချိန်မှာ ... အလွန်လှပသော ပန်းစည်းကြီးက ဆီးကြိုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ မိတ်ဆွေဖြစ်တဲ့နေ့ ... ခင်မင်မှု အဲထိမ်းအမှတ်တဲ့။ ဖလော်ရာတစ်ခုက လာပို့သွားတာ၊ သမီး ဒီနေ့ဘယ်သူနဲ့ သူငယ်ချင်း ဖြစ်ခဲ့လဲ"

ပန်းစည်းကြီးကို လက်ညှိုးထိုးပြပြီး မေမေက ဘာရယ်မဟုတ် မေးသည့် မေးခွန်းက ခင်အေးမြ ရင်ထဲသို့ တိုးဝင်သွားတော့၏။ မျက်ခုံးလေးက အတွန့်ချိုးလိုက်ဖြစ်သည်။ စဉ်းစားနေစရာ လိုသည်တော့ မဟုတ်ပါ။ ဒီနေ့ ... မိတ်ဆွေသစ်ရခဲ့တာဆိုလို့၊ လူသားတစ်ဦးတည်းသာ ရှိပါသည်။ အဲသည်လူသားက လူသားယောကျာ်းလေး။ ထွင့်နိုင်ထွန်း။ သူ့အကြည့်တွေက တစ်ဖက်သားကို မှုန်းချေတော့မလောက် အဲရှိန်ပြင်းသည့်မို့ မျက်လွှာချပစ်ခဲ့ရတာ လေးငါးကြိမ် ဆိုပါတော့။

"သူ ... တမင်တကာ၊ တကူးတက၊ ရည်ရွယ်ချက်တစ်ခုနဲ့ ဝင်လာဘာ"

ဒါကို သူငယ်ချင်း သုံးယောက်လုံး သတိထားမိသည်။

"ဖြစ်နိုင်ချေက ... တခြားရည်ရွယ်ချက်ထက်၊ ဒီသုံးယောက်သော မိန်းမသားတွေထဲက တစ်ယောက်ယောက်ကို" ဆိုသည့် စကားကို မြစိမ်းက စပြောခဲ့သည်။

"အသိသာကြီးပါကွယ် ... ရှင်အေးမြ"... တဲ့။

ဒီဝါကျကတော့ ငွေလ ဝင်ပြောခဲ့တာ ဖြစ်သည်။ သူတို့ မပြောမီကတည်းက ... ရင်ထဲ ဒိတ်ဒိတ်ခုန်လျက် ထင်ထားသည့် ကိုယ့်အထင်ဟာ သူတို့အထင်နှင့် သွား၍ ကိုက်ညီနေ၏။ ကိုယ့်ကိုယ်ကိုယ် ထင်ရမှာ ရှက်စနိုးစွာ ... မထင်ပါဘူး ...



ဟု ဖွတ်ပြင်းထားသော ကိုယ့်အတွင်းစိတ်ကို ကိုယ့်ရဲ့တခြားနောက်စိတ်တစ်ခုက ချေဖျက်နေ၏။

"မပြောကြပါနဲ့ကွယ် ... မဟုတ်ရင် ရှက်စရာကြီး၊ အေးမြတို့က မိန်းမသားတွေ"... ဟု ပြောခဲ့ဖြစ်စဉ်က၊ ကိုယ့်အသံဟာ အထူးတလည် အေးဆေးပျော့တော့နေခဲ့တာလည်း ကိုယ့်ကိုယ်ကိုယ် အသိပင်။

"ဟင် ... သမီး ဒီနေ့ ဘယ်ရောက်နေလို့လဲ"

"ဘယ်ကိုမှ မသွားပါဘူး မေမေ၊ ဆိုင်ကိုရောက်လာတာပါ"

ကျောင်းဆရာမ အဒေါ်ရဲ့ မိတ်ဆွေရဲ့သား ... ဆိုတာကို ရှင်းပြဖြစ်၏။

"သူ့နာမည်က ထွင့်နိုင်ထွန်းတဲ့။ သူ့သူငယ်ချင်း မင်းအံ့ထူးဆိုတဲ့သူနဲ့ ပါလာတာ။ အကြောင်းထူး မရှိဘဲ လာလည်တာပါပဲ။ မင်းအံ့ထူးက ဒီလိုပဲ ... ဆိုင်ကိုလာနေကျပါ။ သူက ငွေလနဲ့ ငယ်သူငယ်ချင်း၊ ပြောမနာ ဆိုမနာပါ မေမေ"

မေမေ့ကို အစအဆုံး ပြောပြလိုက်ရတာ ရင်ထဲမှာ ရှင်းပေါ့သွားရသည်။ ခင်အေးမြ ဆိုတာ ... ကျောင်းပြီး ဘွဲ့ရ၊ လုပ်ငန်းကြီးတစ်ခုထဲဝင် ... ဆိုပေမဲ့ အလွန်ရိုးသား အေးဆေးပြီး သုံးယောက်တည်းမှာဆိုလည်း သဘောအကောင်းဆုံး၊ စံပြသမီးလိမ္မာဖြစ်၏။

"မြစိမ်းတို့ ငွေလတို့ဆိုပါ ဒီပန်းစည်းရောက်ရင်တော့၊ ဒီသူငယ်ဟာ ခေတ်မီတာထက်၊ တော်တော် ခေတ်ဆန်မယ်၊ ငွေပေါမယ်၊ ငွေကို ပေါ့ပေါ့ပေါ်ပေါ် လွှယ်လွှယ်သုံးမယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ သုံးသပ်ရမှာပေါ့၊ သူတို့ဆီမရောက်ဘဲ သမီးတစ်ယောက် တည်းဆီပဲ ရောက်တယ် ဆိုရင်တော့ ...

"ဒီနေ့လာတာဟာ သူငယ်ချင်းနဲ့ လမ်းကြုံဝင်တာ မျိုး မဟုတ်ဘဲ တကူးတကလာတာ ဖြစ်နိုင်တယ်၊ ရည် ရွယ်ချက် တစ်ခုနဲ့ပေါ့"

"သူငယ်ချင်းတွေကလည်း အဲဒီလိုပဲ ပြောကြပါတယ် မေမေ"

"မေမေ့သမီးလေးက လိမ္မာလွန်းတော့ မေမေက သိပ်ကို အကောင်းဆုံး ဖြစ်စေချင်တာ"

"သမီးမှာ မေမေ မသိအောင် ဖုံးကွယ်ထားတဲ့ ဘယ်လို ကိစ္စမျိုးမှ မရှိပါဘူး မေမေ"

"သမီးအတွက် အကောင်းဆုံးနဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဟာ မေမေနော်။ မြစိမ်းတို့ ငွေလတို့ထက် ပိုပြီး ရင်းနှီး တဲ့ ပြောမနာ ဆိုမနာ ငယ်ပေါင်းကြီးဖော်"

မေမေက ပြောပြီး ရယ်နေသည်။ ခင်အေးမြ လိုက် ရယ်ရင်း မေမေ့ခါးကို ဖက်ပစ်လိုက်၏။ ရင်တွေခုန်နေတယ် မေမေ ... ဆိုတာကို မပြောဖြစ်ခဲ့ပါ။ စင်စစ် ... ခင်အေးမြ ဆို တာ အချောအလှ စာရင်းဝင်၊ လူချမ်းသာ သားသမီး၊ ကိုယ်ပိုင် ဝင်ငွေ အလုံအလောက်နှင့် ပညာတတ်မို့၊ ကျောင်းတုန်းကရော ရတနာဆိုင်ဖွင့်ပြီးချိန်မှာပါ၊ နည်းမျိုးစုံနှင့် ချဉ်းကပ်ကြသူတွေ များပါသည်။ ဒီလောက်ကိစ္စဟာ အဆန်းတကြယ် မဖြစ်ပေ သို့ပေမဲ့ ... အရင်တုန်းက ခုလို ရင်မခုန်ခဲ့ခြင်းဟာ ... လှလွန်း သော ပန်းစည်းကြီးကြောင့်လား။



"ဟုတ်ကဲ့ ... အမိန့်ရှိပါရှင်"

အိပ်တောင် အိပ်ခါနီးနေပါပြီ။ ညဘက်တစ်ကြိမ် ရေချိုးလည်းရှိခိုးပြီးပြီ။ မဂ္ဂဇင်းတစ်အုပ် ဆွဲလှဲဖတ်ရင်း၊ ငိုက်လာ ဘာနှင့် မီးပိတ်အိပ်ပစ်လိုက်ဖို့ ဆဲဆဲ ...။ ခေါင်းအုံးနားမှာ ချ ထားသည့် လက်ကိုင်ဖုန်း မြည်သံကြောင့်၊ ဘယ်သူမှန်းမသိသေး ခင်ပဲ ရင်ထဲမှာ ဒိတ်ခနဲ ခုန်နှင့်ပြီ။

"မခင်အေးမြလား ... ကျွန်တော် ထွဋ်နိုင်ထွန်းပါ"

"သြော် ... ဟုတ်ကဲ့၊ ညဉ့်တောင်နက်နေပြီရှင်၊ ကိစ္စရှိလို့ လား"

"ဆယ့်တစ်နာရီလေးဆယ့်ရှစ်မိနစ်ပဲ ရှိပါသေးတယ်"

"အလုပ်ကိစ္စရှိရင်ပဲဖြစ်ဖြစ်၊ စာအုပ်တစ်အုပ် သိပ်ဖတ်ချင် နေရင်ပဲဖြစ်ဖြစ်၊ ဗီဒီယိုတို့ တီဗီတို့ ကြည့်နေရင်ပဲဖြစ်ဖြစ် ပေါ့လေ ... ကျွန်မ သန်းခေါင်ကျော်ထိ နေဖူးတဲ့ညတွေ ရှိပါတယ်။ အကြောင်းထူး မရှိရင်တော့ ကျွန်မရဲ့ပုံမှန်အိပ် ချိန်ဟာ ဆယ့်တစ်နာရီ နောက်အကျဆုံးပါ"

"ဒါဆို ... အိပ်ရာက နိုးလာရတာလား"

"ဒီညကတော့ Movie 5 မှုဗီဖိုက် ကြည့်နေတာ၊ ရုပ်ရှင်က စောစောကလေးမှ ပြီးလို့"

"ဒါ ... နောက်ဆို ညနက်ရင် ဖုန်းမဆက်စေချင်တဲ့ သဘောပေါ့နော်"

"ဟုတ်ပါတယ်။ အကြောင်းထူး မရှိရင်ပေါ့"

"ကျွန်တော် ... မခင်အေးမြကို သတိရပြီး၊ စကားအရမ်း ပြောချင်နေလို့ ဆက်လိုက်တာပါ။ ဖုန်းနံပါတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရဲ့လက်တာဟက် Letter Head မှာ တွေ့တာနဲ့ မေမေက မခင်အေးမြတို့ဆိုင်က နားကပ်တစ်ရံ ဝယ်ဖူးတယ် ပြောပါတယ်။ မေမေ့ဆီက ဘောက်ချာမှာလေ နံပါတ်ပါတာ"

"ဟုတ်ကဲ့ ... ဒါပဲဆိုရင် ကျွန်မ ဖုန်းပိတ်လိုက်တော့မယ်။ ကျွန်မက ညဘက်ဆိုရင် ဖုန်းပိတ်ထားတတ်ပါတယ်။ ခုတောင် ပိတ်ကာနီးဆဲဆဲ"

"ကျွန်တော် ဖုန်းဆက်တာ ... မခင်အေးမြ မလိုလားဖုံပြတယ်နော်"

"ဟုတ်ကဲ့ ... ညဘက်ကြီးဆိုတော့ မလိုလားတာ အမှန်ပဲရှင့်။ ပြီးတော့ ... အရေးကြီး အကြောင်းထူးကိစ္စလည်းရှိမှ မရှိတာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဒါဆို ကျွန်တော်ဖုန်းချလိုက်ပါတော့မယ်။ ညဘက် အိပ်မက်တွေ ဘာတွေ မက်တတ်လားမသိဘူး၊ ကျွန်တော်တော့ မက်တတ်တယ်။ ဒါပေမဲ့ ဒီနေ့တော့ အိပ်မက် ... မက်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အိပ်မပျော်မှာ သေချာလို့"

"ဟုတ်ကဲ့ ... ဂွဒ်နိုက်"

ခင်အေးမြ တယ်လီဖုန်းကို ပိတ်ချပစ်လိုက်တော့သည်။ စကားကို တည်ငြိမ်စွာ၊ ဣန္ဒြေရစွာ ပြောလိုက်နိုင်ပါလား ... ဟူ၍ ကိုယ့်ကိုယ်ကိုယ် ချီးကျူးမိပေမဲ့ တဒိန်းဒိန်း တဒိုင်းဒိုင်း ခုန်နေသည့် "ရင်လှိုင်း"က ကိုယ့်ကို လှောင်ပြောင်နေသလို ခံစားရသည်။



အဲသည်ရင်ခုန်ဘတ်ကြီးက ဘာဖြစ်လို့ မုန်တိုင်းတစ်ခု ... ဝုန်းဒိုင်းကြဲချင်နေရတာပါလိမ့်။ စိတ်တိုချင်မိပါ၏။

* ၆ *

ဆိုင်သို့သွားရန် ကားပေါ်အတက်တွင်၊ ယာဉ်မောင်း ... ရှာဘေးမှ ထိုင်ခုံတွင် ပန်းစည်းတစ်စည်း လှပခန့်ထည်စွာ ... ရာယူနေပြန်တော့၏။

"ဝင်းမာ ... ဒီပန်းစည်း ဘယ်သူလာထားတာလဲ"

အိမ်မှာ ဝင်းမာနှင့် သင်းနွယ်တို့က ခြံတံခါးကို ... ပြုဖွင့် ပြေးပိတ်ကြရသူတွေ။ ခြံတံခါးကြီးမှာ ဘေးသို့တွန်းသော ... တွန်းတံခါးဖြစ်၍ လေးလွန်းသောကြောင့် မိန်းမသားဆိုလျှင် ... တစ်ယောက်တည်း (အားစိုက်ပြီး တော်တော်တွန်းလျှင်တော့ ရသည်) တွန်းဖွင့် တွန်းပိတ်ရ မလွယ်ပါ။

"မနက်ကလေ မမ ... ကားတစ်စီးနဲ့ လာပို့သွားတာ။ မမက ကားကို ကိုယ်တိုင်မောင်းတော့၊ မမကားမောင်းမဲ့ခုံရဲ့ ဘေးခုံမှာ ထားပါတဲ့"

"ယောက်ျားလား မိန်းမလား၊ နာမည် ပြောသွားသေးလား"

"ခြံဝမှာ ဘဲလ်နှိပ်ပြီး လာပေးတာတော့ မိန်းမပါ"

"ကားထဲမှာရော"

"ကားမောင်းတဲ့ ဦးတစ်ယောက် ပါတယ်၊ အဲဒီမိန်းမက နောက်ဘက်မှာ ထိုင်တယ်"

"တခြား ဘာမှာသွားသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကားထဲမှာ ပန်းထည့်ဖို့ပဲ ပြောသွားပါတယ်၊ တခြား မပြောဘူး မမ"

"ညည်းတို့ကလည်းနော် ... ယူ ... ဆို ယူလိုက်တာပဲ၊ ထားဆို ထားလိုက်တာပဲ။ ဒီပန်းစည်းထဲ မြွေပါလာတော့ ဘယ့်နယ်လုပ်မလဲ၊ ဘယ်သူပေးတာပါလဲလို့ရှင် ... ဘာညာ မေးလိုက်တာ မဟုတ်ဘူး"

မနေ့တုန်းက ပန်းစည်းလောက်တော့ မကြီးပါ။ သို့သော်မဲ့ ကတ်တလီယာ သစ်ခွပန်းကြီး နှစ်ပွင့် အပါအဝင် တခြား သစ်ခွတွေနှင့်မို့ ဈေးကြီးမှာ သေချာနေပါသည်။

"ယူသွား ... ဒီပန်းစည်း ထိုးလို့ရမဲ့ ပန်းအိုးရှာပြီး ဒီတိုင်းပဲ စိုက်လိုက်၊ ဘုရားတင်လိုက်နော်"

"ဟုတ်ကဲ့"

ဒီပန်းစည်း ... ဆိုင်သို့ ယူမသွားချင်ပါ။ မြစိမ်းတို့ ငွေလတို့ဆီ ပန်းစည်းမရောက်ဘူးဆိုလျှင်၊ ကိုယ့်အဖြစ်က အသိသာကြီး ဖြစ်နေမှာ စိုးလို့ပါ။ ဒီပန်းစည်း ရောက်တာကို သူငယ်ချင်းတွေထံ ပြန်ပြောရကောင်းနိုး၊ မပြောဘဲထားရ ကောင်းနိုးနှင့် ဆုံးဖြတ်ချက် မကျခင်မှာပဲ ဆိုင်သို့ရောက်ရတော့သည်။

"မနေ့က ဘာထူးခြားလဲ"

မြစိမ်းက ဆီးမေးသည်မို့ ရင်ထဲ ဒိတ်ခနဲ ခုန်၏။ သူတို့ဆီ ပန်းစည်းရောက်လို့ ကိုယ့်ဆီလည်း ရောက်သလားမေးတာ ဖြစ်နိုင်သည်။ အဲဒီလိုဆို ... ထွဋ်နိုင်ထွန်း ဆိုသော ပုဂ္ဂိုလ်ဟာ ဘာကြောင်တာပါလိမ့် ... ဟုသာ တွေးရတော့မည်။



"ဟင့်အင်း ... မထူးခြားပါလား၊ ဘာဖြစ်လို့လဲ၊ ရှင့်မှာ ထူးခြားတာ ရှိလို့လား"

"ဒီမရှိပါဘူး။ ကိုထွဋ်နိုင်ထွန်းက ရှင့်ဆီ ဖုန်းတွေ ဘာတွေများ ဆက်မလားလို့"

"ရှင့်ဆီ ဆက်လို့လား"

"မဆက်ဘူး။ ကျုပ်ဆီမှာလည်း ဘာထူးခြားမှုမှ မရှိဘူးနော်။ မနေ့တုန်းက အဲဒီပုဂ္ဂိုလ်လေး မျက်လုံးတွေဟာ လွန်ပွဲတစ်ချောင်းလိုပဲ ရှင့်မျက်လုံးတွေနဲ့ ရင်ဆိုင်ပြီး ထိုး ဖောက်ဝင်ရောက်သွားတာ တွေ့လို့၊ မသင်္ကာလို့မေးတာ"

ငွေလက စကားပြောတိုင်း အရယ်ပါတတ်ကျင့်မို့ ... ပြောသည်။

"မြစိမ်းလည်း မထူးဘူး၊ ကျုပ်လည်း မထူးဘူး၊ ရှင်များ ထူးသလား မေးတာ"

"မထူးပါဘူးဟယ် ... ကျုပ်တို့ကမိန်းမသားတွေ၊ ယောက်ျား လေးတစ်ယောက် အကြောင်းကို ခုသိ ခုစိတ်ဝင်စားပြီး စကားထဲ ထည့်နေရတာ ရှက်စရာနော်။ ကျုပ်အမေသာ ကြားရင် ဆုံးမဩဝါဒစကား တစ်နာရီလောက် ကြားရ မယ်၊ သတိထားပြော"

ခပ်တည်တည်ပြောရင်း၊ ကိုယ့်စားပွဲ ကိုယ့်ခုံမှာ ...ထိုင်လိုက်၏။ ဘာဖြစ်လို့ ညာလိုက်မိတာလဲ။ ဒါ ... ဘယ် ...တာ် အရေးကြီးတဲ့ ကိစ္စမို့ ဝန်မခံနိုင်လော...အောင် လျှို့ဝှက် ...ရတာလဲ ဆိုတာ တွေးလို့မရပါ။ မေမေ့ ဩဝါဒနှင့် ကိုင် ...ပြီး သူတို့ဝါကျတွေ ရပ်သွားအောင် လုပ်လိုက်မိတာတော့

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း ပြုံးချင်ချင်ပါ။ မေမေဟာ မြစိမ်းရော ငွေလရောက်
သမီးရင်းတွေကဲ့သို့ သဘောထားကာ၊ ချစ်လည်းချစ်၊ ဆုံးမပေ
ဟု မည်သူကမျှ အပ်နှံမထားပါပဲ၊ အမြင်မတော်လျှင် ဆုံးမခြေ
ကြီး ရှည်တာတ်လွန်းသည်။

ဒါကို ... သူငယ်ချင်းတွေက မကြိုက်မရှိ
နားငြီးတယ်ရယ်လည်း သဘောမထားကြပေမဲ့၊ မေမေ့ ကွယ်
မှာတော့ ခြိမ်းခြောက်စရာ "အဟန့်"ကြီးတစ်ခုအဖြစ် သုံးနှုံ
တာပင်။

"ဒီနေ့ ရွှေချေးနည်းနည်းကျတယ်"

"ဟုတ်လား"

"မိုးကုတ်က ကုန်သည်လည်း ဆင်းလာမယ်လို့ စော
က မှန်းဆက်တယ်။ ရှင်က ဒီနေ့ ဘာဖြစ်လို့ နောက်
ရတာလဲ"

"ညက ဗီဒီယိုကြည့်တယ်၊ ဝတ္ထုဖတ်တယ်။ အိပ်ရာ
နောက်ကျတော့၊ မနက်ထ နောက်ကျတာယ်"

"ဘာကားလဲ"

"အဲ ... ဘာကားပါလိမ့်"

"ဟောတော့ ... မေ့စရာလား"

တကယ်ကြည့်ခဲ့တာပါ။ တကယ်ကြည့်ခဲ့ပြီး တကင
မေ့သွားရပုံက ပါးစပ်ဖျားလေးတင်၊ သိသလိုလိုနှင့် ဖော်လို့
မရ။

"ရှင်အေးမြနော် ... အသွားကြီးဖြစ်ပြီ၊ မေ့တတ်လျှော့တင
နေပါရောလား"



ငွေလ လှမ်းနောက်မှပဲ ရယ်စရာကားဆိုတာ သတိရ
တော့သည်။

"မူဗီပိုက်က ကြည့်တာပါ။ ဂျက်ကီချမ်းကား။ ဂျက်ကီချမ်း
က သူ့ရဲ့တိုက်ကွက်တွေကို ရယ်စရာချည်းလုပ်ပြီး ရိုက်
နေတာများပြီနော်၊ အရင်တုန်းကဆို ... တည်တည်တန့်တန့်
ဖိုက်တာ"

"ငါးဆယ်ကျော်ပြီ ထင်တယ်နော်၊ နောက်ဆို ... ဒီလို
အကြမ်းပတမ်းတွေ ရိုက်နိုင်ပါတော့မလား မသိဘူး၊ သူ့
ကားတွေ ကြည့်ရတာ ဘုံးဘိုင်းနဲ့ တကယ် အထိနာပုံရ
တယ်"

စကားလမ်းကြောင်း ပြောင်းကာ ဟိုရောက် ဒီရောက်
ဆိုတော့လည်း၊ ပန်းစည်းနှစ်စည်းအကြောင်း ပြောဖို့ရာဟာ
မေ့ထားရတာ မဟုတ်ဘဲ၊ အလိုအလျှောက်မေ့ ... ဖြစ်
ရလေတော့၏။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com



# ၆

"မြစိမ်း ... အေးမြကို၊ ကိုထွန်းနိုင်ထွန်းနဲ့ တူတူတွေ[...]
တယ်"

"ဟင် ... ဘယ်မှာလဲ"

"ဘုရားမှာ ... ဒီမနက် ဆိုင်လည်းပိတ်တော့ ငါ ... အေး[...]
နဲ့တူတူ ဘုရားကို လိုက်သွားတာ"

"မြစိမ်းရောင်"က တနင်္လာနေ့မှာ ဆိုင်ပိတ်ပါသည်[...] တနင်္ဂနွေဆိုတာက၊ လူတကာ အားရက်မို့ အရောင်းအဝ[...] တတ်၏။ တစ်ပတ်တစ်ခါ ပိတ်ရက်ကို တနင်္လာနေ့ သတ်မ[...] ကာ ဆိုင်ပိတ်သည်မို့ အဲသည်နေ့ဟာ ကိုယ်ပိုင်နေ့ကလေးအ[...] စီးပွားရေးနှင့် မပတ်သက်သော ကိုယ်လုပ်ချင်တာလေးတွေ[...] ကြသည့်နေ့ဆိုပေမဲ့၊ အဲဒီလို လုပ်ချင်တာလေးတွေကိုပဲ သူငယ်[...] သုံးယောက်ဆုံပြီး လုပ်ဖြစ်ကြတာ များပါသည်။ ခုတလော[...] တနင်္လာနေ့လေးတွေမှာ တစ်ခုခုလုပ်ဖို့ ချိန်းတိုင်း၊ ခင်အေး[...] အကြောင်းအမျိုးမျိုးပြလျက် ငြင်းပယ်တတ်လာတာ တနင်္လာ[...] ငါးပတ် ရှိခဲ့ပြီ။



သို့ပေမဲ့ ... သူပြသည့် အကြောင်းတွေက ခိုင်လုံ[...]သည်မို့ ... သူ တကယ်မအားတာပဲလေ ... ဟု သက်သမကင်း[...]ကြပါ၏။

"လှစ်ခနဲ မြင်လိုက်တာနဲ့ ငါကစပြီး ပုန်းလိုက်တာ"

"ရှင့်ကို သူတို့ မြင်သွားသေးလား"

"မမြင်ဘူး ... မမြင်ဘူး ထင်တာပဲ။ အဲဒီအချိန်မှာ ဘာကိုမှလဲ မြင်နိုင်မယ် မထင်ပါဘူးဟယ်။ ဘုရားလာတာမို့ စေတီတော်ကြီးပဲ မြင်မယ်။ ကျန်တာ ဘာမှမြင်နိုင်မဲ့ အခြေအနေ မရှိဘူး"

"ဒီလောက်တောင်ပဲလား"

"အေး"

"အဲဒီပုံစံနဲ့ပေါ့"

"အေး"

ဝါကျများများ မကုန်ဘဲ၊ စကားတွေ လိုရင်းရောက်[...] သဘောပေါက်လေ၏။

"ရှင့်အမေကရော မတွေ့ဘူးလား"

သူငယ်ချင်းသုံးယောက်၏ မိဘသုံးစုမှာ ကိုယ့်သမီး[...]တွေကို အကြောင်းပြလျက်၊ ခင်မင်ရင်းနှီးကုန်ကြရက၊ ဒီသမီး[...]ယောက်ဟာ မိဘသုံးစုလုံးရဲ့ သမီးတွေအဖြစ် သတ်မှတ်ထား[...]ကြတာ ဖြစ်၏။

"မမေက ဘုရားပေါ်တက်ရင် ဘုရားတလွဲလို့ ဘာမှမမြင်တာ၊ မကြည့်တာ၊ မြင်အောင်ကို မကြည့်တော့တာ၊ ကုန်း

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုပတ်ရင်တောင် စေတီတော်ကြီး မော့ဖူးပြီး ဝတ်...

ဆိုတော့၊ ဘယ်တွေ့မလဲ”

“အေးမြက ကျုပ်တို့ကို ဘာဖြစ်လို့ မပြောပါလိမ့်...

“အေးလေ ... ငါလည်း ဒါကိုပဲ တွေးမရတာ။ ငါတို့...

ပိုင်းဖျက်မဲ့ သူတွေလား၊ ပိုင်းလုမဲ့ လူတွေလား”

“နတ်ဆိုးတွေလို့များ သဘောထားရှေ့သလား”

“လျှော့လျှော့ပေါ့ပေါ့ တွေးပေးရရင် ... သူ ရှက်လို့လည်း...

ဖြစ်နိုင်တာပဲ”

“မလျှော့မပေါ့ပဲ ပိုပိုသာသာ တွေးရင်ရော”

“ဟ ... ငါတို့ပါ ပိုင်းကြိုက်မှာ စိုးလို့ပေါ့”

ထုံးစံအတိုင်း၊ ငွေလက ... ပြောပြီးရယ်၏။ မြစိမ်း...

လိုက်မရယ်နိုင်ဘဲ၊ မျက်ခုံးလေး အတွန့်ချိုး၍ စဉ်းစားရသည်...

ထွင့်နိုင်ထွန်းကို မိန်းမသားသုံးယောက် မြ–စိမ်း–ရောင် အုပ်...

ထဲသို့ သွင်းလာသူက မင်းအုံ့ထွေး။ တကူးတကကြီးကို သွင်းလာ...

ခဲ့တာ။ မကြာခဏ အကြောင်းမရှိ အကြောင်းရှာပြီး ချောင်းပေါက်...

လှနီးပါးလည်း လာတတ်ပါပေရဲ့။ သို့ပေမဲ့ ... သူတို့နှစ်ယောက်...

ရဲ့ ဆက်ဆံရေး၊ ရင်းနှီးမှုအတိုင်းအတာ၊ အရေးပေး လိုက်လျော...

ခြင်းတွေဟာ သုံးယောက်သားအပေါ်မှာ တစ်ပြေးညီကြီး မဟုတ်...

ဘူးဆိုလျှင်တောင် မတိမ်းမယိမ်း။

ဒီကြားထဲက ... တစ်ယောက်ကိုဖောက်ပြီး ခွဲထုတ်...

သွားပြီဆိုတာ ရှိးသားရဲ့လား။

“ငွေလ ... ဒီကိစ္စ ရိုးသားရဲ့လား”



“မရိုးလို့ပေါ့။ ဆန်းလို့ပေါ့ကွ။ မေးစရာလား”

“မဟုတ်ဘူး၊ မင်းအုံ့များ တစ်ခုခု ကြံသလားလို့”

“မင်းအုံ့ မကြံဘူး၊ ထွင့်နိုင်ထွန်း ကြံလို့ပဲ အေးမြကို ထွင့်နိုင်ထွန်းနဲ့ တွေ့တာပေါ့။ မင်းအုံ့ ကြံရင် အေးမြကို မင်းအုံ့နဲ့ တွေ့မှာပေါ့”

“ဒါကိုပြောတာ မဟုတ်ဘူး။ သူတို့ ကြိုက်သွားကြတဲ့ အဆင့်ကိုရောက်အောင် မသမာတဲ့ အကြံအစည် တစ်ခုခု များ မင်းအုံ့မှာ ရှိသလားလို့”

“ကွယ် ... မြစိမ်းရယ်၊ ရှင့်မှာလည်း ... တစ်နေ့ တစ်နေ့ မင်းအုံ့ အပြစ်ရှာရေးပဲ၊ မင်းအုံ့က နေရာတကာ ပါတတ် ပေမဲ့ စိတ်မပုပ်ပါဘူးဟဲ့”

“ရှင်ကတော့ ငယ်သူငယ်ချင်း ဆိုပြီး ကာကွယ်မှာ ပေါ့”

“မမြရွှေး ကိစ္စ ... ရှင် မကျေနိုင်ဘူး”

“ဘဝဆက်တိုင်း မကျေဘူး”

“ကျေပါတော့ဟယ်။ ကျေချိန်တန်ပါပြီ”

ရင်ထဲမှာ ကျေနေပါပြီ ငွေလရယ် ... သူက စပ် စပ်စုစုနဲ့ ဝင်စွက်တာ မှန်ပါတယ်။ ဘယ်ဘက်ကမှ သူနဲ့ရင်းနှီး တာ မဟုတ်ပါဘဲ၊ ရုံးပြင်ကနွား မရောက်အောင် သူ စီစဉ်ပေး ခဲ့တာပါ။ တရားရုံးရောက်ပြီး အမှုရှည်ရင်၊ တရားစရိတ်လည်း ထပ်ကုန်၊ လူသိနတ်ကြားလည်းဖြစ်၊ မမြရွှေးလည်း ကိုယ့်ပစ္စည်း နဲ့ကိုယ် ဒီ့ထက်လျော့ပြီး ရမယ်ဆိုတာတွေအားလုံး၊ ဒီဘက်က

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေ ရှင်းပြလို့ သဘောတွေလည်း ပေါက်နေပါပြီ။ ဒါ
ဘာကြောင့်မှန်း မသိ၊ သူ့ကိုတွေ့တိုင်း စိတ်တိုချင်၊ စိတ်ဆိုး
ရန်လုပ်ချင်၊ ရန်စကားပဲပြောချင်၊ သူနဲ့ ... ရင်ထဲမှာ အရမ်း
နီးနေရသလို၊ နိုင်ထက်စီးနင်းပြော၊ အပြစ်ဖို့ ... လုပ်နေရမှ
နပ်သွားမိတာ ဘယ်လိုခံစားမှုမျိုးမှန်းကို မသိတော့တာပါ
ရယ် ... ဟု ဖွင့်ပြောဖို့ကို ရှက်စနိုးနေရတော့သည်။

ကိုယ်တော်င် ... ကိုယ့်ခံစားချက်ကို ရှူသိမှာ
စနိုးဖြစ်ရသေးလျှင် အေးမြလို ချစ်သူတော်ပစ်လိုက်သူက
ရှက်စနိုးဖြစ်စွာ ဖုံးဖိထားတာပဲနေမှာဟု မြေတွေးကလေး၊
ချင်းတွေးဆေးနိုင်ပြန်၏။

"ရှင်သဘောတူလား"

ဖုန်းထဲမှာ ငွေလ အသံက ခပ်ရွှင်ရွှင်ပါ။

"ကျုပ်က သဘောမတူပါဘူး ဆိုတော့ရော ... ကျုပ်တို့
မြစိမ်းရောင်ရတနာတိုက်ပိုင်ရှင် သူဌေးမကြီး ဒေါ်ခင်အေး
က ဂရုစိုက်မှာမို့တဲ့လား"

"အေးကွ"

"အေးမြကို တကယ်ချစ်တာ မဟုတ်ဘဲ ချမ်းသာ
အပိုင်ကြံတာလည်း ဖြစ်နိုင်တာပဲ"

"အေးကွ"

"လက်ထပ်ပြီးမှ စိတ်ချင်း သဘောချင်း မတိုက်ဆိုင်
ကွဲကြကွာကြမယ် ဆိုရင် ... ရှင့်သူငယ်ချင်း မင်းအံ့
တို့က အမွေတစ်ဝက် လိုက်တောင်းမယ်ဦးမှာ သေချာတယ်



"ဟယ် ... ဒီထိ မတွေးပါနဲ့။ ခုမှ ရည်းစားဖြစ်ကာစလေး
နေမှာ၊ ညည်းက တစ်ခါတည်း လက်ထပ်ကွာရှင်း၊ ပြတ်စဲ
အမွေခွဲ ဆိုတဲ့ထိ တွေးပစ်လိုက်ရသလား၊ ကိုယ့်သူငယ်
ချင်းပဲ နစ်နာရမဲ့ အတွေးကြီးကို ခေါင်းထဲကထုတ်ပစ်"

ပြောတုန်းက လွယ်လွယ်ပြောလိုက်တာပါ။ ပြောပြီး
မှ ... ထွဋ်နိုင်ထွန်းနှင့် မင်းအံ့ထူးတို့ နစ်ယောက်ပေါင်းပြီးများ
လုပ်ကြံလေသလားဟူ၍ တကယ် ထင်သွားရတော့သည်။ ဒေါ်သ
ဖုန်းခနဲ ကြွ၏။

"အေးမြ အနေနဲ့ ... ဘာမဆို တိုင်ပင်ခဲ့တာ၊ ဒီတစ်ကြိမ်
မှိုထားခြင်းဟာ၊ ဟိုဘက်က ပိတ်ထားလို့ပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်တယ်"

"ဘာကြောင့် ပိတ်ထားမယ်ထင်လဲ၊ မရိုးသားလို့ပေါ့။
ဒီလူ ... အေးမြကို တကယ်ချစ်တာ ဟုတ်မယ် မထင်ဘူး
နော်။ ဒီကိစ္စ ... မလွယ်ဘူး။ ကျုပ်တို့ ဝင်ပါမှဖြစ်မယ်၊
ဘောထွက်ပြီး လက်ပိုက်ကြည့်နေရင် ကျုပ်တို့သူငယ်ချင်း
နစ်နာသွားနိုင်တယ်"

"တကယ်ချစ်ပြီး တကယ်လက်ထပ်သွားကြတာမျိုးလည်း
ဖြစ်နိုင်ပါတယ်"

"ရင်ထဲမှာ စူးနစ်နက်ရှိုင်းတဲ့ အချစ်မရှိရင် အိမ်ထောင်ရေး
ခိုင်မြဲဖို့ မလွယ်ဘူး"

သူငယ်ချင်း အေးမြ အတွက် ရင်ထဲမှာ ပူပန်သွား
ရသလို၊ မကျေနပ်ခြင်းတွေက ထွဋ်နိုင်ထွန်းထက် မင်းအံ့အပေါ်
သို့ပဲ ပို၍ကျရောက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအပတ် ကုန်တိုက်တွေ လျှောက်မွှေမယ် စိတ်ကူးထားတာ အေးမြ မလိုက်နိုင်ဘူး ဆိုလို့ ဖျက်လိုက်ရတာ၊ သူက သင်္ချာဖောက်အလုပ်ကို လုပ်နေတယ်"

"ခွေလ ... ဒီကိစ္စ၊ အန်တီ သိရဲ့လား"

"မပြောတတ်ဘူး၊ သိနိုင်ဖို့ များတယ်၊ အေးမြက ဘာလုပ်လုပ် အမေတော့ ပြောတယ်။ အန်တီကလည်း သိပ်ချစ်စရာကောင်းတာ ရှင်လည်း သိသားပဲ။ ငါတို့နဲ့တောင် သူငယ်ချင်းလို ပေါင်းတာ ... ဒါပဲ ... ဒါပဲ။ ဘယ်မှမသွားဖြစ်တဲ့တူတူ၊ အခန်းရှင်း၊ ဗီရိုရှင်း လုပ်လိုက်ဦးမယ်ကွာ"

"အိမ်မှာ ... ငါ ဗီရိုရှင်းရင် မေမေ အမြဲဆူတာယ်"

"ဟင် ... ဆူစရာလား။ ချီးကျူးရမှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ အဝတ်ဗီရိုထဲမှာ အဝတ်တွေ ခေါက်ထည့်ထားရင် ... တဲ့။ ကိုယ်ဝတ်ချင်တဲ့ အဝတ်ကို အပေါ်ဆွာကို ဖြည်းဖြည်းမ,ပြီး ဆွဲထုတ်ယူပေါ့တဲ့။ ဂုန်းခနဲ ဆွဲထုတ်လိုက်ရင် အဝတ်ပုံမြိုပြီး ရှုပ်ရောတဲ့ ...

"ချိတ်တွေနဲ့ ချိတ်ထားလည်း ... တစ်ချိတ်ဆွဲလိုက်တာနဲ့ ကျန်တဲ့ချိတ်တွေက အထည်တွေ ယိုင်ယွဲ့မကျန်ခဲ့စေရဘူးတဲ့။ ဗီရိုထဲကို တစ်ခုခု ထည့်ချင် သိမ်းချင်ရင်လည်း ယာယီဆိုပြီး ပစ်ခတ်မထည့်လိုက်ရဘူးတဲ့။ စနစ်တကျ ထည့်ရမယ်တဲ့ ...

"နဂုံးချုပ်လိုက်တော့ ... ဗီရိုရှင်းရတယ် ဆိုကတည်းက ရှုပ်ထားလို့ပေါ့။ ဗီရိုခဏခဏရှင်းရတဲ့ မိန်းကလေးလောက် ပစ်စလက်ခတ်နိုင်တာ မရှိတော့ဘူးတဲ့"



"ဒါဖြင့် ... မရှင်းတော့ဘူးဟော့။ ဒီတိုင်းပဲ ထားလိုက်တော့မယ်"

"ရှုပ်ပွေကြီးနဲ့လား"

"ခုနေ [illegible]မြွေတစ်ကောင် ဝင်ခွေနေရင်တောင် ဘယ်နားရှာရမှန်း မသိဘူး"

"ဒီလိုဆိုလည်း ပွရကောင်းလားလို့ ဆူမှာပဲ"

"မရှင်းလည်းဆူ၊ ရှင်းလည်းဆူ၊ အဆူခံရမှာချင်း တူနေမှတော့ အပင်ပန်းခံပြီး ရှင်းမနေတော့ဘူးဟော့။ မနေ့ညနေကတည်းက ဝတ္ထုစာအုပ်တွေရော ဗီဒီယိုခွေတွေရော ငှားထားတာတွေပဲ ထိုင်ကြည့်တော့မယ်၊ တော်ပြီ။ တော်ပြီ"

"မနက်ဖြန် ... ရှင် ... အေးမြကို မေးမှာလား"

"ကျူပ်နှုတ်ခမ်းမှာ ဇစ်လာတပ်ထားရင်တောင် ဇစ်ဖွင့်ပြီးတော့ကို မေးမှာ။ ပါဦးမလား"

"ပါမယ်"

ဒီအသက်အရွယ်မှာ ချစ်သူတစ်ယောက် ရတာအပြစ်တော့လည်း မဟုတ်ပါဘူးလေ။ ချစ်သူက တကယ်ချစ်ခြင်းကို ခံယူရရှိရင်ပေါ့ ...။

* ❀ *

"မြစိမ်းရေ ... မြစိမ်း ညီမဝမ်းကွဲလေး အောင်တယ်။ သရီးဒီနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ... ဆယ်တန်းအောင်စာရင်းတွေ ထွက်ပါသည်။ မင်းအုံ ဆိုင်ဖွင့်ဖွင့်ချင်းလိုလို ရောက်လာပြီး ပြောပုံက အမော တကော။

"ဟယ် ... ဝမ်းသာလိုက်တာ။ ဒါပေမဲ့ ... သရီးဒီဆိုတော့ M.C ဝင်ပါ့မလားပဲ"

"မြစိမ်း သိချင်မှာပဲလို့ လာပြောတာ၊ ပြန်မယ်"

"ဟင် ... မင်းအုံ၊ ငါ့တောင် နှုတ်မဆက်တော့ဘူးလား"

"ငွေလရောင်ခင်ဗျာ ... ကျွန်တော် ပြန်ပါဦးမယ်"

ပြောပြောပြေးပြေးနှင့် ...

"လိုက်ပြောရမဲ့သူတွေ အများကြီး ကျန်သေးလို့ သွားမယ်" ... ဟုဆိုကာ ဝါကျလည်းဆုံး လူကိုလည်း မမြင်ရတော့ ပါ။

"သူ့အစား မောတောင် မောပါရဲ့ဟယ်"

အေးမြက ဝင်ပြောတော့ ငွေလက အစစ်ပဲ ... ဟု ထောက်ခံ၏။ မြစိမ်းလည်း ကျေးဇူးတင်လိုက်မိပါသည်။ မင်းအုံ မှာ အဲသည်လို ကောင်းကွက်ကလေးတွေ (စပ်စပ်စုစုပါသည်ဟု ပြောနိုင်ပေမဲ့)ရှိ၏။ ဘယ်သူဘာဖြစ်လို့မှ သူ မနေနိုင်။ တစ်ခါ တလေကျတော့ ကောင်မလေး သုံးလေးယောက်နှင့်လည်း ရောက် လာတတ်သေးသည်။

"ခေတ်ကိုက ပလက်တီနမ်ခေတ် ဆိုတော့ ပလက်တီနမ် ... ပလက်တီနမ် ... ပလက်တီနမ် ... နဲ့၊ သိပ်နမ်ချင်နေကြ လို့ နမ်ရအောင် ခေါ်လာတယ်၊ ကော်မရှင်ပေးရမယ် နော်" ... တဲ့။



အဲသည်လို ဖောက်သည်ကလေးတွေလည်း ခေါ်လာ တတ်သေး၏။ စိန်ဘယ်နရုတ် ... ဟူ၍ သိန်းဆယ်ဂဏန်း၊ ရာ ဂဏန်းတွေ မဟုတ်လည်း၊ အဲသည်လို အသေးအဖွဲလေးတွေက လည်း မြတ်တာပင်။ အဲသည်အခါတွေကျ... အေးမြနှင့် ငွေလတို့ ကသာ ရောင်းကြပြီး မြစိမ်းက ခပ်ဝေးဝေးမှာ သွားထိုင်နေတတ်၏။ မြစိမ်း အဲသည်လိုပဲ နေချင်သည်။ ဘာကြောင့်မှန်း မသိပါ။

"မင်းအုံက အိမ်လည်းရောက်ရောက်လာတယ်၊ အေးမြတို့ အိမ်တောင် သူ ဝင်ထွက်နေပြီ၊ လူကြီးတွေ ဘာလိုလဲက အစ သူ မပါရရင် မနေနိုင်ဘူး"

ငွေလက မင်းအုံ အကြောင်းမှ မဟုတ်၊ ဘာစကား ကိုပဲပြောပြော၊ အရယ်တစ်ဝက်နှင့် ပြောတတ်သူမို့ ရယ်လျက်ပင် ပြောရင်း၊ သူ့အငယ်ချင်းအတွက် ကျေနပ်ကြည်နူးနေတာ သိသိ သာသာပင်။ ငွေလ နှုတ်ဖျားမှ "မင်းအုံ"ဆိုသော နာမည်ကို နေ့ တိုင်းလည်း ကြားရသည်။ တစ်နေ့ကို လေးငါးဆယ်ကြိမ်ဆိုသလို လည်း ကြားရ၏။ ကိုယ်တိုင်လည်း သူ့အကြောင်း ပြောချင်တာပဲ ပေမဲ့၊ သူ့နာမည်ကို သူများခေါ်တာ ကြားရလျှင်ပင် မြစိမ်းက မျက်နှာကြော တင်းသွားတတ်ပြီပါ။

"ရှင်ကလည်း ... မင်းအုံ နာမည် ကြားရုံနဲ့ မျက်နှာကြော တင်းတယ်။ ဟိုကဖြင့် မျက်နှာလုပ်ရှာတယ်။ ရှင့်အိမ်ကို တောင် ဝင်ထွက်ချင်တာတဲ့၊ ကိုကျော်မျိုးဝင်းနဲ့ ရောခဲ့ ဖူးလို့ မျက်နှာပူနေလို့"

"ကျုပ်တို့အိမ်မှာ နောက်ထပ်ခွဲစရာ ဘာအရွက်စွမှ မရှိ တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကတော့လေ ... ပြီးပဲ မပြီးနိုင်ဘူး"

ဆက်မငြင်းတော့ပေမဲ့၊ မင်းအံ့ဟာ သူငယ်ချင်းသုံးယောက်အတွက် လိုအပ်လှသူသားတစ်ယောက်တော့ ဖြစ်ခဲ့ရပါပြီ။ အေးမြနှင့် ငွေလတို့ဆိုလျှင် သူတို့အိမ်တွေမှာပါ မင်းအံ့ အသုံးဝင်ခဲ့ပြီဖြစ်၏။

"သူက တော်တော်အားနေတယ် ထင်ပါရဲ့"

"အားတာတော့ ဘယ်အားပါ့မလဲ။ အချိန်ဆိုတာ လုပ်ယူတော့လည်း ရတာပေါ့။ ခရီးသွားဟန်လွှဲ လုပ်သွားလို့ရရင် ကြုံရင်ကြုံသလို ကူညီသွားတာပဲ"

တစ်နေ့မှာ ... မြစိမ်းက အိမ်မှာ ကွန်ပျူတာကြီး အရုပ်မထင်ဘဲ မည်းသွားကြောင်း လွှတ်ခနဲ ပြောမိ၏။

"မြစိမ်း ... ကျွန်တော် လာပြင်ပေးရမလား၊ ကွန်ပျူတာအကြောင်း ကောင်းကောင်းသိတယ်။ ခပ်ပျက်ပျက်နှစ်လုံးဝယ်ပြီး တစ်စစီ ဖြုတ်လိုက်တာ ကျွန်တော် ကွန်ပျူတာ ပြင်တတ်သွားပြီ"

"ဖျက်တတ်သွားပြီ ပြောစမ်းပါ"

"ဖျက်တတ်ရင် ပြင်တတ်ပြီပေါ့ဗျာ ... ဒီမနက်ဒေး ... မြစိမ်း အိမ်မှာရှိရင် လာခဲ့မယ်၊ ပြင်ပေးမယ်"

"စဉ်းစားလည်း ပြောပါ။ ကျွန်မမှာသာ မောင်ကြီးကြီးမားမား တစ်ယောက်ရှိခဲ့ရင်၊ အိမ်ပေါ် ရှင်တက်လာတာနဲ့ ဆီးရိုက်မှာပေါ့။ မမမြရွှေးကရော ... ရှင့်ကို ကျေမလား။ မေမေကလည်း ရှင်နဲ့ မျက်နှာချင်း ဆိုင်ချင်မှာ မဟုတ်



ဘူး၊ ရှင့်လူကို အရမ်းစိတ်နာကြတာ။ ကျွန်မအစ်မမှာ ပန်းကောင်းအညွန့်ကျိုး"

"နေရာတကာပါတိုင်း မကောင်းဘူး ဆိုတာ ... တစ်ဘဝစာ သင်ခန်းစာကြီး၊ အဲဒီတစ်ခါတည်းနဲ့ ရသွားတာပဲဗျာ"

ဒီတစ်ခါပဲ သူ့မျက်နှာနွမ်းနွမ်းကို မြင်ဖူးရသေးသည်။ အမြဲတမ်းမှာတော့ ပျော်နေတာပဲ ဖြစ်သည်။

"ကျွန်တော်နဲ့ခင်တဲ့ ကွန်ပျူတာပြင်သမားတွေ ရှိပါတယ်။ လွှတ်ပေးမယ်။ ကျွန်တော် ရှာပေးတယ်လို့ မပြောနဲ့ပေါ့။ မြစိမ်း ဘာသာ စုံစမ်းပြီး ခေါ်တယ်ပြောပေါ့"

"ရှင်ဟာ ... မိဘအပေါ် မညာတတ်တဲ့သူကို ညာတတ်အောင်လည်း သင်ပေးတယ်"

"ဟာဗျာ ... မြစိမ်းရယ်၊ ကျွန်တော့်ကို တစ်ခါတလေ အကောင်းထင်ပါ"

"ကောင်းရော ကောင်းလို့လား"

"ကိုယ့်ကိုယ်ကိုယ်တော့ ကောင်းတယ် ထင်တာပေါ့။ ဆိုးဆိုးဝါးဝါးလည်း တကယ်မရှိတာပါ။ သူငယ်ချင်းတွေပဲ၊ မသိဘူးလား"

စောစောက မျက်နှာနွမ်းဟာ ချက်ချင်းပဲ ရယ်ကျဲကျဲဖြစ်သွားရပြန်သည်မို့ ...

"မင်းအံ့တို့များ ... သနားမဲ့ မျက်ရည်စောင်ပြန်တယ်" ... ဟု ငွေလ ပြောခဲ့ဖူးတာလေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆို ... တနင်္လာနေ့ကို မျှော်ရသည်။

အေးမြ၊ မြစိမ်း၊ ငွေလ ...၊ ဆိုသည့် သူငယ်ချင်းသုံးယောက်ဟာ ဘွဲ့ကလေးတွေသာ ရထားကြတာ၊ အသက်တွေက ကြီးလှသည်မှ မဟုတ်ကြပါပဲ။ နှစ်ဆယ့်တစ်၊ နှစ် ဆိုသလိုပူပူနွေးနွေး ဘွဲ့ပိုင်ရှင်ကလေးတွေပါ။ ဆေးတို့ စက်မှုတို့မှာသာ တက်ဖြစ်လျှင် ဘွဲ့ရသေးမှာ မဟုတ်ဘဲ ကျောင်းသူဘဝတွေမှာတင် ရှိနေကြဦးမည့် အရွယ်တွေ။ လူကြီးဆိုလည်း ဟုတ်ပေမဲ့ လူငယ်စိတ် (လူငယ်စိတ် ဆိုတာထက်၊ ကလေးစိတ်)လည်း မကုန်ကြသေးပါ။ ကျောင်းပြီး ... ပြီးတဲ့နောက်၊ အိမ်မှာအလကားကြီး မနေချင်တာရယ်၊ မိဘတွေကလည်း ငွေရင်းငွေနီး ထုတ်ပေးဖို့ တတ်နိုင်ကြတာတွေရယ်၊ မိန်းမသားတွေမို့ ရတနာပစ္စည်းဆိုလျှင် အမြဲထိတွေ့ လှုပ်ရှားရမှာကို ကျေနပ်နှစ်သက်တာရယ်တွေပေါင်းပြီး ရတနာဆိုင် ထွက်ဖြစ်ခဲ့ကြတာ ဖြစ်သည်။

မြစိမ်းတို့မှာသာ ညီအစ်မနှစ်ယောက်ရှိပြီး၊ အေးမြနှင့် ငွေလဆို ... တစ်ဦးတည်းသောသမီးတွေ။ သူငယ်ချင်းသုံးယောက်ဟာ ညီအစ်မရင်းတွေထက် ပိုချစ်ခဲ့ကြသည်။ အမြဲတတွဲတွဲမခွဲဆိုသလိုပါ။

"တစ်သက်လုံး ယောကျ်ားမယူကြေး"

အဲဒီလိုတောင် (မမမြရွှေး အိမ်ထောင်ရေး အဆင်မပြေတာကို ကြည့်ပြီး) လက်သန်းလေးတွေထောင်ပြီး ချိတ်လျက်၊



ကြွေးခဲ့ဖူးပါသေးသည်။ ယောကျ်ားမယူချင်ပါဘူး ဆိုမှတော့ စားလည်း ထားလို့ ဘယ်ဖြစ်ပါတော့မလဲ။ မြန်မာပြည်မှာ ယောကျ်ားမယူဘဲ အပျော်တမ်း ရည်းစားထားသည့် မိန်းမသား ချင် ကဲ့ရဲ့တတ်သည့် ပတ်ဝန်းကျင် ဆိုတာက ရှိနေခဲ့၏။

တနင်္လာနေ့ဆို ... သူငယ်ချင်းသုံးယောက်သားဟာ၊ ကာဈေးတွေ လည်ပတ်ချင်ပတ်၊ အိမ်မှာ ဗီဒီယိုတွေ ဒီဗီဒီ ကြိုက်သလိုကြည့်၊ မူဗီဖိုက်မှလာသော ကားတွေကြည့်၊ စီစီလောင်းမှ လာတာတွေကြည့်၊ အဲဒါတွေ ကြည့်ရတာ ဒီက ခုနစ်ဆယ့်နှစ်လက်မကြီး ဖြစ်နေတာတောင်) အရုပ်သေးအားမရပါဘူး ဆိုကာ ရုပ်ရှင်တွေ တူတူ သွားကြည့်လိုက်

"မတူဘူး၊ အိမ်မှာ ထိုင်ကြည့်ရတဲ့ အရသာက တစ်မျိုး၊ ရုပ်ရှင်ရုံထဲမှာ သွားထိုင်ကြည့်ရတဲ့ အရသာကတစ်မျိုး၊ လက်ဖက်ရည်သမားတွေလိုပေါ့။ ဒီလက်ဖက်ရည်ပဲ ချိုင့်ကလေးနဲ့ ဝယ်လာခဲ့ပြီး အိမ်မှာထိုင်သောက်ရတဲ့ အရသာက ပေါ့ရွတ်ရွတ်နိုင်ပြီး၊ ဆိုင်မှာ ငုတ်တုတ်ကလေး သွားထိုင်ပြီး ...

"ဖြတ်သန်းသွားလာ လမ်းမတွေပေါ် ငေးချင်ငေး၊ မိတ်ဆွေတွေ့ရင် စကားပြော၊ ကိုယ်က ဘာမှမလုပ်ဖြစ်ရင်တောင် သူများတွေပြောတာ လုပ်တာတွေငေး၊ ကိုယ့်ရှေ့က ခွက်ပေါက်စလေးနဲ့ ထည့်ထားတဲ့ လက်ဖက်ရည်ပါ လျှာကလေးနဲ့ တို့လိုက် ပြန်ချ၊ နှုတ်ခမ်းကလေးနဲ့ ကပ်လိုက် ပြန်ချ၊ အဲဒီအရသာက တစ်မျိုးဆိုသလို"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို ဆင်ခြေပေးကာ သူတို့သုံးယောက် ကြည့်လိုက်ရအဲ လွတ်သွားသည့် အင်္ဂလိပ်ကား၊ မြန်မာကားစသည် တွေ ... မရှိသလောက်ပင်။ များသောအားဖြင့်မှာ တနင်္လာနေ့တွေ မှာ အလုပ်မလုပ်ဖြစ်ပါ။ မိုးကုတ်မှ ကုန်သည် ဆင်းလာတာမျိုး အမှာရှိသည်မို့ ကိုယ်တိုင်အပ်ထားသော ပန်းတိမ်သို့ မသွားမဖြစ် သွားရတာမျိုးတို့ မရှိလျှင် တနင်္လာဟာ သူတို့အသုံးအနှုန်းဖြင့် ပြောရသော် နားအေး ... သီးသန့်တည်း။ အဲဒါကြောင့် တနင်္လာ ဆိုသော နေ့ကလေးတစ်နေ့ဟာ ... မြ၊ စိမ်းနှင့် ရောင်တို့အတွက် အလွန်အဓိပ္ပာယ်ရှိစွာ မျှော်လင့်ရသော နေ့ကလေး၊ ခုနစ်ရက်မှ တစ်ရက်သာ ရရှိသော အပျော်နေ့လေးမို့ မျှော်ရပါသည်။

ခုတော့ ... မမျှော်ချင်ပြီ။

အကြောင်းအမျိုးမျိုးပြလျက် ... တနင်္လာနေ့တွေမှာ ပါဝင်ဆင်နွှဲခြင်း မပြုတော့သည့် ခင်အေးမြဟာ၊ ခုတော့ ... အ အကြောင်းမျှ မပြတော့ပဲ၊ တနင်္လာနေ့ကလေးကို သူနှင့် သူ့ချစ်သူ တို့အတွက်သာ သုံးစွဲသည့်နေ့အဖြစ် အလိုအလျောက် သတ်မှတ် လိုက်တော့သည်။

"သစ္စာဖောက် ... သစ္စာဖောက်"

ငွေလက ဒီလောက် မပြောတ်ပေမဲ့ မြစိမ်းက တော် တော်လေး ဆန့်ကျင်ခဲ့သေးသည်။ မြစိမ်း ဘာပြောပြော၊ အေး က အပြုံးမပျက်ချေ။

"ငါ့ကို ချစ်လို့ ပြောနေမှန်း သိတယ်။ ကျေးဇူးတင်တယ် ဒါပေမဲ့ ... ညည်းကိုယ်တိုင် အချစ်ကို တွေ့လာမှ ကိုယ် ချင်းစာနိုင်မယ်" ... တဲ့။



"အချစ်ကို တွေ့ရအောင် ... အချစ်ဆိုတာ လောကကြီး မှာ ရှိရော ရှိလို့လား"

"ရှိလို့ပဲ ... ရှင့်ကိုချစ်ပါရစေ၊ ချစ်ခွင့်ပေးပါတွေ ... တောင်း ဆိုနေကြတဲ့ သူတွေ ဝိုင်းဝိုင်းလည်နေတာ မဟုတ်ဘူးလား"

"ချစ်ချင်ယောင် ဆောင်နေကြတာပါကွယ်။ ရိုးရိုးလေး တွေးပေးရမယ်ဆိုရင် ... ဘဝခရီးကြီးကို တွဲတွဲလျှောက်ဖို့ အဖော်လိုချင်တယ်။ အဖော်ရှာတယ် ... အဲဒီနေရာမှာ အချစ်ဆိုတဲ့စကားကို ဆွဲလွဲသုံးသွားတာပါ။ ဒါ ... တော် တော်လေး သက်သက်ညှာညှာပြောတာ"

"မြစိမ်းရယ် ... ကျုပ်က ခပ်ညှံ့ညှံ့ မိန်းမလား။ ယောကျ်ား တစ်ယောက်ရဲ့ ဦးနှောက်ကို ငှားသုံးရမှ ဘဝမှာ အဆင် ချောမဲ့သူလား။ ယောကျ်ားတစ်ယောက်ရဲ့ ဝခုံးကိုငှားပြီး မျက်ရည်တစ်စက်ကျရမှ ဘဝအမောတွေ ဖြေဖြတ်ပြေ တတ်မဲ့လူလား။ ကိုယ့်ဘာသာ ရပ်တည်နိုင်ပါတယ်"

"ဒါဖြင့် ... ဘာဖြစ်လို့ ဆက်ဆော့သေးလဲ၊ ငွေရေးကြေး ရေးဆိုလည်း ... ရှင့်တစ်သက် ထိုင်စား၊ နေစရာတိုက် ကြီးလည်းဟိန်းလို့၊ စီးစရာကားကြီးလည်း ခံ့လို့၊ ဒီကြား ထဲက ဘယ်သူ့ကျွန်ခံစရာလိုသေးလဲ"

"အချစ်ပေါ့ကွယ် ... ချစ်မိသွားတယ်၊ အချစ်ဆိုတာ ရင် ထဲမှာ သူ့ဘာသာ အလိုလိုဖြစ်လာတာ"

"ရှင် ... ဒီပုဂ္ဂိုလ်ကို တွေ့တွေ့ချင်းကြီး ချစ်မသွားပါ ဘူး၊ ဒါကို လူတိုင်းသိတယ်၊ ဟိုက အမှည့်ကြွေ ... ခြွေ လို့ ရှင်ကြွေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ရင်ထဲကို ပုံစံအမျိုးမျိုးနဲ့ဝင်တယ်။ တချို့ကျတော့ ငယ်ပေါင်းကြီးဖော်တွေ ... ဥပမာ ... ငွေလနဲ့ မင်းအံ့တို့လိုပေါ့"

"ဟင် ..."

"ငယ်ငယ်ကတည်းက တူတူကစားခဲ့တယ်၊ တူတူကြီးပြင်းခဲ့တယ်၊ နှစ်ဆယ့်လေးနာရီမှာ ဒီသူငယ်ချင်းနဲ့ တူတူရှိနေချိန်ဟာ လေးငါးနာရီ ရှိမယ်"

"အေးမြ ... ငါတို့က အဲဒီလောက် ရင်းနှီးခဲ့တာ မဟုတ်ဘူးကွ၊ သူငယ်ချင်းတော့ သူငယ်ချင်းပေါ့"

"ဟင်"... ဆိုတာက မြစိမ်းရဲ့ အံ့ဩသံလေးဖြစ်ပြီး၊ ဝင်ရှင်းပြသူက ငွေလပါ။

"ထားပါ ... အဲဒီလို ငယ်ပေါင်းရောင်းရင်းတွေ ခင်မင်ရင်းက သံယောဇဉ်ဖြစ်ပြီး၊ သံယောဇဉ်ကနေ အချစ်ကို ကူးပြောင်းသွားတတ်တဲ့ အချစ်က တစ်မျိုး"

ဩော် ... အေးမြ စကားသာ မှန်မည်ဆိုလျှင် မင်းအံ့နှင့် ငွေလတို့ဟာ၊ ခုလောက်ဆို ... ကူးပြောင်းလောက်ပြီပေါ့။ မြစိမ်း ရင်ထဲမှာ တစ်ခုခု ပြုတ်ကျရသလို လစ်ဟာသွားရ၏။ အေးစက်စက် ကျင်ရှုရှုနှင့် လှိုက်လှဲသွားရ၏။ တစ်ခုခုကို နမြောခံမက်စွာ လက်လွှတ်ဆုံးရှုံး စွန့်လွှတ်လိုက်ရသလို ဆုတ်နစ်သွားရသည်။

"တချို့ အချစ်ကျတော့ ... အရွယ်ကလေး ရလာပြီး အချစ်ဆိုတာက ရင်ထဲကို အလိုလို ဝင်လာတာ၊ ချစ်ရမဲ့သူ ရှာမတွေ့ခင်မှာ အချစ်က အရင်ရောက်လာတာ၊ ချစ်



တတ်လာတာ၊ အဲဒီအချိန်မှာ အနီးစပ်ဆုံးလူကို ချစ်မိသွားတာ၊ အဲဒါကြောင့် အချစ်ဆိုတာ နွယ်ပင်လေးတွေလိုပဲ၊ နီးရာစင်ကို တွယ်တက်တတ်တယ်လို့ ပြောတာ"

"ညည်းလို အချစ်မျိုးလား ... ဟုတ်လား အေးမြ"

"မဟုတ်ဘူး"

ငွေလက ထုံးစံအတိုင်း အရယ်နှင့်ပဲ မေးသည်။ အေးမြက ခေါင်းခါ၍ ငြင်းသည်။

"ငါ့ရင်ထဲကို အချစ်က ကြိုဝင်မလာပါဘူး။ နွယ်ပင်လေး တစ်ပင်လို ဘယ်စင်မှာ တွယ်ငြိလိုက်ရမလဲလို့ ငါမဖွေရှာခဲ့တာ နင်တို့ သိပါတယ်"

"ဒါဖြင့် ... ရှင်းစမ်းပါဦး၊ ရှင့် အချစ်က ဘယ်လိုပုံစံလဲ"

"တစ်ဖက်သားရဲ့ ချစ်ခြင်းက ကိုယ့်ဆီကို အရှိန်အဟုန်နဲ့ ကျရောက်လွှမ်းမိုးခြင်း ခံလိုက်ရတာ။ ထွန်းက ငါ့ကို ဘယ်ပုံစံနဲ့ အချစ်ဖြစ်ထွန်းသလဲတော့ မသိဘူး၊ အချစ်မုန်တိုင်းတစ်ခုကို ထွန်းက သယ်ဆောင်လာတာ၊ ငါက အချစ်ရဲ့ သိမ်းပိုက်ခံရမှုထဲမှာ ကြည်မွေ့သွားတာ"

"ကိုယ်ကျိုးနဲ့ ... တကတဲ"

ငွေလက မျက်စောင်းထိုး၍ ရယ်၏။ မြစိမ်းကဘာမျှမပြောချင်တော့ပါ။ ဝေဖန်လိုစိတ် ကင်းကျသွားရကာ၊ လူက နုံးမောလျက် တစ်လောကလုံးမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသလို ခြောက်သွေ့စွာ ခံစားနေရတော့သည်။

"ပထမဆုံး ... ပန်းစည်းရောက်လာတာဟာ၊ ပန်းစည်းပို့

www.burmeseclassic.com

www.burmeseclassic.com



တာ မြန်မာ့ယဉ်ကျေးမှုထဲမှာ စောင်ဖြစ်ထွန်းခဲ့တာ မဟုတ်ပေမဲ့၊ မိန်းမသားတစ်ယောက်ဟာ ပန်းတွေကြားထဲမှာ ပျော်တတ်တာတော့ သဘာဝပဲ၊ သူ ... ငါ့အချိန်တွေကို လုယူသုံးစွဲတယ် ...

"နားနေပါတယ် ဆိုတဲ့ အချိန်တွေထဲမှာ သူဝင်လာပြီး ကြိုးစားတယ်။ ဃုယကြင်နာမှုလေးတွေကို လွှန်လွှန်ကဲကဲ ပြတယ်။ ငါ ဘာကြိုက်တတ်လဲ ဆိုတာလေးတွေ လေ့လာပြီး ဖြည့်ဆည်းပေးတယ်။ ငါ အိပ်ရာထဲမှာ အရုပ်တွေ အရုပ်မှ ခပ်ကြီးကြီးတွေ ထားတတ်တယ် ဆိုတာ သူသိတာလား၊ မိန်းမသားဆိုရင် ဒါကြိုက်မှာပဲဆိုပြီး တွေးတာလားတော့ မသိဘူး၊ ငါ့အတွက်ဆိုပြီး အရုပ်တွေ ပို့လာတယ်"

"ဩော် ... ရှင်က သုဝယ်ပေးမှ ရမဲ့သူပေါ့လေ"

ငွေလက ရယ်မောနောက်ပြောင်နေနိုင်တာကိုပဲ အံ့ဩရသေးသည်။

"အစားအစာလေးတွေပေါ့ဟယ် ... အဲဒါလေးတွေ သတိတရ ပို့ပေးတယ်။ ငါ့မွေးနေ့မှာ မနက်မိုးလင်းလင်းချင်း ဖုန်းဆက်ပြီး Wish ဝစ်ရှ်လုပ်တယ်၊ မဖိတ်ခေါ်ဘဲ အိမ်ကို ရွှတ်ဝင်လာလည်ပြီး လူကြီးမိဘတွေကို ရိုသေလေးစားမှု ပြသွားတယ် ...

"ဒါလေးတွေဟာ တကယ့် အသေးအဖွဲလေးတွေပဲ၊ အသေးအဖွဲလေးတွေ စုဆောင်းလာတော့ ထုထည်ကြီးမား လာတယ်။ သူ့ရဲ့အချစ်က ငါ့ရင်ထဲမှာ ရှိနေတဲ့ အချစ်



တစ်ခု ပေါ်ထွက်လာအောင် တူးဆွတယ်။ မချစ်တတ်သေးတဲ့ ကျောက်ဆောင် ကျောက်ခဲကြီးကို ချစ်တတ်လာအောင် ယိုင်နဲ့လာတဲ့အထိ ဖြည်းညင်းသာယာစွာ နှံ့တယ်"

"နားထောင်ရတဲ့သူတောင် နားရှက်လာပြီနော်"

"ငါ့ဘဝဆိုတဲ့ တည်ဆောက်မှုကြီးပေါ်မှာ သူ့အချစ်ဟာ ထုထည်ကြီး တစ်ခုလို ဖိကျလာတာ၊ ငါဟာ အချစ်မှာ စုန်းစုန်းနစ်သွားရတာ၊ သူ့အချစ်ဟာ ငါ့ရင်ထဲကို အရှိန်အဟုန်ပြင်းတဲ့ မုန်တိုင်းတစ်ခုလို ဘက်စုံထောင့်စုံက ဝင်လာတာ၊ မုန်းတိုင်းဖြတ်တိုက်သွားခြင်း ခံလိုက်ရတဲ့ ငါ့ နှလုံးသားမှာ ...

"သူ့အချစ်တွေ ကျရောက်စူးနစ်ပြီး ကျန်ရစ်ခဲ့တော့တာပဲ။ အချစ်ဟာ ဆူးတစ်ချောင်းလိုပဲ ငါ့ရင်ထဲမှာစူးနစ်တယ်။ ငါ့မှာ ဆွဲနုတ်ပစ်နိုင်တဲ့ ခွန်အား မရှိဘူး၊ ရှိရင်တောင် နုတ်မပစ်ချင်တော့ဘူး။ အဲဒီဆူးကြောင့် ငါ့နှလုံးသား နာကျင်ရမယ် ဆိုရင်တောင် ...

"တစ်သက်လုံး နာကျင်သွားပစေတော့၊ အဲဒီဝေဒနာကို ငါ မြတ်နိုးစွာ မက်မောပြီး သူ့ကို ချစ်သွားတော့မှာပဲ ဆုံးဖြတ်လိုက်တယ်။ အဲဒါ ... သူ့ကို ငါမချစ်ဘဲ မနေနိုင်တော့တဲ့ အကြောင်းအချက်တွေပဲ၊ ငါကကျတော့ အဲဒီပုံစံနဲ့ ချစ်မိသွားတာ"

"အေးမြ ... နင်ပြောတဲ့ ဃုယမှုလေးတွေ၊ နင်ပြောတဲ့ အချိန်ခိုးယူ လုယက်ခြင်းတွေ၊ နင့်အတွက် သတိတရလေးတွေ ... ငါတို့ကြားထဲမှာ မရှိခဲ့ဖူးဘူးလားဟင်၊ ဒီကိစ္စတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ နင့်အတွက် အဆန်းလား၊ ငါတို့ဆီက မရှုံးဘူးလား
နင်မိဘ နင့်ဆွေမျိုး အသိုင်းအဝိုင်းဆီကရော မရှုံးဘူး
လား"

"ရှုံးပါတယ်။ မတူဘူး၊ သူက သူစိမ်း။ ပြီးတော့ အချိ
အဟုန် ပြင်းတယ်။ ငါ ချစ်တတ်သွားတယ်၊ ငါဟာအသ
ဉာဏ်ရှိတဲ့ သမီးတစ်ယောက် အနေနဲ့ မိဘကို အသိပေး
ပါတယ်၊ သူကလည်း လူကြီးမိဘကို ဖွင့်ပြောပါလို့ ပြော
တယ်"

ဩော် ... ဟု နှုတ်မှ မထွက်ကျပေမဲ့ မောရှုံတော့
ကြည့်ဖြစ်လိုက်သည်။

လူကြီးမိဘကို အသိပေးခိုင်းခြင်းဟာ တည်တံ့ခြင်း
ခိုင်မြဲခြင်း၊ လူကြီးလုကောင်းပီသခြင်း ... စသည့် အပေါင်းလက္ခဏာ
အချက်အလက်တွေပါ။ သို့ပေမဲ့ ... ယောကျ်ားတွေ ဆိုတာ
တအယ်တမ်း စိတ်ပြတ်ပြီး ရက်စက်ပြီ၊ ပြတ်တောက်ပြီ ... ဆို
တဲ့ အခါမှာ လူကြီးမိဘ မျက်နှာကိုရော ထောက်ထားတတ်လေ့
ရှိလို့လား၊ ကိုကျော်မျိုးဝင်းဟာ မမမြွေးနှင့် လမ်းခွဲချိန်မှာ
"မုဆိုးမပါလား"... ရယ်လို့ မေမေ့ မျက်နှာကို တစ်ချက် ...
ထောက်ထားခဲ့လို့လား။

"မေမေတို့က ခေါ်ကြည့်တယ်။ စကားပြောတယ်။ မိဘ
မျိုးရိုးမေးတယ်။ ဝန်ခံရရင် ထွင့်ဟာ ငါတို့လောက်တော့
မချမ်းသာဘူး။ သူ့အဖေက အရာရှိကြီး ဆိုပေမဲ့ ... သိတဲ့
အတိုင်းပဲ။ လခစားဆိုတာ၊ လလည်းကုန်၊ လခလည်းကုန်၊
ရာထူးကြီးလေ ... ကျားကြီးတော့ ခြေရာကြီးတယ် ...



"ရုံးက ခွင့်ပြုထားတဲ့ကားကို စီးခွင့်ရတယ်။ သူ့
ရာထူးနဲ့လိုက်ဖက်တဲ့ အကျိုးခံစားခွင့်တွေရပါတယ်။ သူတို့
မဆင်းရဲဘူး၊ ကျပ်ကျပ်တည်းတည်း မရှိဘူး၊ ကြွေးမတင်ဘူး၊
ဒါပေမဲ့ ... စုမိဆောင်းမိ ဘာမှမရှိဘူး။ အခု ... မြောက်ဒဂုံ
က မြေကွက်ကို သူ့အဖေ အလုပ်အတွက် ရတယ် ...

"အဲဒီပေါ်မှာ ဆောက်တဲ့ နှစ်ထပ်တိုက်လေးက
လည်း ဒီလိုပဲ ပစ္စည်းတွေ ဘာတွေ လျှော့ပြီး ဆောက်
လိုက်တော့ အဖတ်တင်သွားတယ်။ သူ့အမေလည်း လုပ်
သက်ရင့် ကျောင်းဆရာမပဲဆိုတော့ သူ့အမေလည်း တစ်
ကွက်ရတယ်။ ပေလေးဆယ် ခြောက်ဆယ် နှစ်ကွက်နဲ့
နှစ်ထပ်တိုက် နှစ်လုံးဟာ ...

"သူ့မိသားစုပိုင် ပစ္စည်းအကုန်ပဲ။ လက်ဝတ်လက်
စားကလေး ဘာလေးတော့ ပါးပါးကျဲကျဲ ရှိတယ်။ ကိုယ်
ပိုင်ကား မရှိဘူး၊ ဒါတွေ အကုန်လုံး မေမေတို့က နိုက်
နိုက်ချွတ်ချွတ် မေးတာပဲ"

"မောင်နှမက နှစ်ယောက်နော်"

"အေး ... သူ့အစ်မက အိမ်ထောင်ကျသွားပြီ။ သူ့အမေ
လိုပဲ ကျောင်းဆရာမ။ အထက်တန်းပြတယ်။ သူ့ယောက်ျား
က သင်္ဘောသား၊ နည်းနည်းအသက်ကြီးတယ်။ ချိဖ်
Chief ဖြစ်နေပြီဆိုတော့ လခကောင်းတယ်၊ ယောက်ျားက
သင်္ဘောတက်နေရတာများတော့၊ မိဘနဲ့ပဲ တူတူနေတယ်၊
မိဘမှာ လိုအပ်ချက် ရှိလာရင် အဲဒီအစ်မကပဲ ဖြည့်ဆည်း
ပေးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပေါင်းစရာ ယောက်မတစ်ယောက်တည်းပေါ့"

"တစ်ယောက်တည်း"

"ဒီယောက်မက ... သူ့မိဘအဖို့ သမီးလည်းဖြစ်နေတော့ မိဘနဲ့ပဲ နေမှာပေါ့"

"အင်းပေါ့"

"ဒါဆို ... ရှင်တို့ လက်ထပ်ပြီးရင်တောင် ကိုထွန်းနိုင်ထွန်းကပဲ ရှင့်အိမ်လိုက်နေရမှာပေါ့။ သူက လောလောဆယ် ဘာလုပ်နေတာလဲ"

"မင်းအံ့တို့ ကုမ္ပဏီမှာ လုပ်တယ်၊ နောက်ဆိုရင်တော့ မေမေက အိမ်ကကုမ္ပဏီမှာပဲ လုပ်ခိုင်းမှာပေါ့"

မြစိမ်း ... သက်ပြင်းမောကျသွားခဲ့တာ မည်သူမျှ သတိမထားမိလိုက်ပါ။ မမမြရွှေရဲ့ လမ်းစဉ်အတိုင်းတော့ ချိတက်လာခဲ့ပြီ။ မမမြရွှေ တစ်ယောက်ရဲ့ အဖြစ်ဆိုးနဲ့တင် မြစိမ်း ရင်ထဲ နာကျင်နာကြည်းရလှပါပြီ။ ကိုယ့်အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ပါ ဒီလမ်းပေါ် ရောက်ဦးမယ်ဆိုရင်ဖြင့် ... မြစိမ်း ရင်ကွဲရချည်ရဲ့။

အို ... သူများတကာ အချစ်ရေးမှာ မဦးမချွတ်၊ နိမိတ်မရှိ နမာမရှိ၊ မတွေးသင့်တာတွေ မတွေးရပါဘူးလေ။ ကိုယ်ဒီလိုတွေးမိတာကိုသာ၊ အေးမြ သိလျှင် ဘယ်လောက်ချစ်တဲ့ သူငယ်ချင်းပဲဖြစ်ဖြစ် စိတ်ဆိုးမှာ အမှန်။ သေခန်းကြီးများတောင် ဖြတ်သွားနိုင်ပါသည်။ ရင်မောစွာ ... ပွဲကြည့်ပရိသတ်လုပ်ရင်း၊ ဆုတောင်းမေတ္တာ ပို့သနေဖို့ပဲ ရှိတော့သည်။



အေးမြရယ် ... မိန်းမသားတွေရဲ့ ရင်ခွင်တွေကို ထိုက်ခဲ့ပြီး၊ ဘယ်ပစ္စည်းဟာ ချစ်တတ်တဲ့ ပစ္စည်းလဲလို့ ရှာဖွေချင်တယ်။ တို့ မိန်းမသားတွေ မချစ်တတ်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

"မင်္ဂလာဆောင်ရင် ... ရှင့်အမေ ထုတ်ပေးမှ ဆိုဒိုးနားတွေ အင်းယားလိတ်တွေ ဖြစ်နိုင်မှာပေါ့"

ငွေလတို့ကတော့ ဘွင်းဘွင်းကြီးကို ပြောချလိုက်ပါပြီ။

"အဲဒါမျိုး မဖြစ်ချင်ရင် ဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကျွေးဖို့လောက်တော့ သူတို့ တတ်နိုင်တယ်"

"ရှင်က အဲဒီအခြေအနေကို လက်ခံနိုင်လား"

"ငွေလ ... ငါတို့ ငယ်ငယ်က ကစားခဲ့ဖူးတာတွေ မှတ်မိလား၊ ရှင်ဘုရင်လုပ်တမ်း၊ နတ်သမီးလုပ်တမ်း၊ ကျောင်းဆရာမလုပ်တမ်း၊ ဈေးရောင်းတမ်း အမျိုးစုံ ကစားခဲ့ကြတယ်။ ငါတို့ တူတူကစားမဲ့ ကစားဖော်ကို ဘယ်မှာ ဘယ်လို လိုက်ရှာခဲ့ကြသလဲ"

"သူငယ်ချင်းတွေပဲ၊ လိုက်ရှာစရာမှ မလိုတာ"

"ကစားဖော် သူငယ်ချင်းရဖို့ ... တိမ်ပေါ်မှာလည်း လိုက်မရှာခဲ့ဘူး၊ မြစ်ချောင်းကမ်းနားဘေးက ရွှံ့နွံဗွက်တောထဲမှာလည်း လိုက်မရှာခဲ့ဘူး၊ သူငယ်ချင်း ဆိုတာ အလိုအလျောက် ကြုံဆုံသွားတာပဲ။ ကြုံဆုံသွားတဲ့ အဲဒီ သူငယ်ချင်း တော်လိုက်တာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ဈေးလည်း ရောင်းတယ်၊ သူဌေးမကြီးလည်း လုပ်တယ်။ ကစားဖော်နဲ့ ကစားခြင်းတွေ နည်းမျိုးစုံရှိ တယ်။ အဓိက ... ကတော့ ပျော်ဖို့ပဲ။ စိတ်လက်ပေါ့ပါး ရွှင်လန်းပြီး ပျော်ကြဖို့ပဲ။ ငါ ... ဘဝခရီးအဖော်ကို တိမ် ပေါ်မှာလည်း လိုက်မရှာခဲ့ဘူး၊ နွံ့ဗွက်ထဲလည်း ဆင်းမရှာ ခဲ့ဘူး ...

"ငါ့ဘဝ ခရီးဖော်၊ ငါ့ဘဝ လက်တွဲဖော် ... အဲဒီ အဖော်နဲ့ ငါ့ဘဝခရီးကြီးကို တူတူလျှောက်တမ်း ကစားကြ မယ်။ အဲဒီအခါမှာ ... ဆိဒ်ိုးနားမှာ မင်္ဂလာဆောင်ရမှာ ဘုန်းကြီးဆွမ်းကျွေးရမှာဆိုတဲ့ မင်္ဂလာအသိအမှတ်ပြုပွဲ ကျင်း ပမှုမှာ တစ်ခုနဲ့တစ်ခု မထူးခြားပါဘူး။ ဈေးရောင်းတမ်း ကစားရလည်း ပျော်တယ် ...

"ရှင်ဘုရင်လုပ်တမ်း ကစားရလည်း ပျော်တာပဲ။ အဓိက အရေးကြီးတာက ... ငါ စိတ်ချမ်းသာဖို့၊ ဘဝ အမော ဆိုတာတွေ ရှိခဲ့ရင် သားက အဖော်နဲ့ တူတူတွဲပြီး ဖြေရှင်းရင်ဆိုင်ဖို့၊ ဆိုလိုတာက အဖော်ကောင်းဖြစ်ဖို့က အဓိကပဲ"

"အဖော်ကောင်း ဖြစ်မယ်လို့ ရှင် ယုံကြည်လား"

"အဲဒီနေရာမှာ အချစ်က အရေးပါလာတာပဲ။ သူနဲ့ ငါနဲ့ ကြားမှာ အချစ်ရှိနေသမျှ ငါတို့နှစ်ယောက်ဟာ အပြန် အလှန် အဖော်ကောင်းတွေပဲ"

"အဲဒီအချစ်က ဘယ်လောက်ကြာကြာ ခိုင်မြဲမလဲ"



"တချို့လည်း ရာသက်ပန် ရိုးမြေကျ ခိုင်မြဲကြတယ်။ တချို့ကျတော့ ခရီးတစ်ဝက်မှာ လမ်းခွဲကြတယ်။ အဲဒါကျ တော့ ကံကြမ္မာပဲ။ ကံကြမ္မာကို အလောင်းအစားအဖြစ် စွန့်ကြရတာချည်းပဲ။ ဘယ်သူမှ ဘဝအဆုံးထိ ကြိုမမြင် နိုင်ဘူး"

"ရှင် ... ကံကြမ္မာကို ယုံသလား"

"မယုံချင်လည်း ယုံရမှာပဲ"

"ကံကိုယုံပြီးဆုံးပုံ နှင်းမလို့လား"

"ထွင်နဲ့ လက်ထပ်ရမဲ့ ဘဝကို ငါက ဆုံးပုံလို့ မမြင်ဘူး၊ ကတ္တီပါကောဇောလို့ မြင်တယ်ဟာ ... ကဲ"

ဒီတစ်ကြိမ်မှာတော့ အေးမြက ရှက်ကိုးရှက်ကန်း ရယ်၏။

"လူသားသူစိမ်းနှစ်ယောက်ကြားမှာ အချစ်ရှိနေသမျှ ဆုံး ပုံလည်း ကတ္တီပါကော်ဇောပဲ။ နွေရာသီလည်း အေးစိမ့် ချမ်းမြေ့နေမှာပဲ။ ဆောင်းရာသီပေမဲ့ နွေးထွေးနေနိုင်တယ်။ အဲဒီအချစ်ကို ငါ အားကိုးပြီး ပုံလိုက်မှာပဲ။ တို့နှစ်ယောက် ကြားမှာ အချစ်ပျက်ပြယ်သွားခဲ့မယ် ဆိုရင်တော့ ... ကံဆိုး မိုးမှောင်ပေါ့ဟာ။ ငါတော့ ... ကံကြမ္မာကိုပဲ ယိုးမယ်ဖွဲ့မယ်"

"အင်း ... ငါမသိသေးတဲ့၊ ငါ့မှာမရှိသေးဖူးလို့ ယူဆရတဲ့ အချစ်အကြောင်းကို နင့်ဆီက လေ့လာတာ သိလား။ ကိုထွင့်နိုင်ထွန်းကို သဘောမတူလို့ ပျက်ရှိုပျက်စီး ပြော နေတာ မဟုတ်ဘူးနော်။ ငါသိချင်လို့ မေးတာ။ ဒီစာကြေ ရဲ့လား ရှင်အေးမြ"

www.burmeseclassic.com

www.burmeseclassic.com



"ကြေတာက ကြေပါတယ်။ ညည်းပြောပုံက ... မရှိသေး
ဘူးလို့ ထင်ရတဲ့ အချစ်အကြောင်း ဆိုတော့ ... အဲဒီအချ
က ရှင့်ဆီမှာ ရှိနေပြီလား၊ မရှိသေးဘူးလား၊ ရှင်မသေချာ
ဘူးလား"

"ဘာမှကို မပြောတတ်လို့ မသေချာဘူးလို့ ပြောတာ"

မြစိမ်းက ငွေလကို မျက်စောင်းတစ်ချက် ထိုးလိုက်
၏။ အဲဒီမိန်းမကိုလည်း သိပ်ကြည့်လို့ မရချင်တော့ပါ။

"ကျုပ်တော့ သေချာတယ်။ အချစ်မရှိဘူး"

"လောလောဆယ်မှလား၊ တစ်သက်လုံးအတွက် အာမခံ
နိုင်လို့လား"

"ဝန်ခံရရင် တစ်သက်လုံး အတွက်တော့ တာဝန်မခံနိုင်
ဘူးပေါ့။ ဒါပေမဲ့ ... ကျုပ် ... လူတစ်ယောက်ကို ချစ်မိ
ပြီ ဆိုရင်တော့ အဲဒီလူဆီ ... ကျုပ်အချစ်တွေ ပေးပို့မိ
မယ် မထင်ဘူး။ ယောကျ်ားဆိုတဲ့ အမျိုးအစားတွေကို
ကြောက်တယ်။ ကြောက်တယ် ဆိုတာထက် ...

"မုန်းတယ်၊ စိတ်ပျက်တယ် ဆိုရင် ပိုမှန်မယ်။
ယောကျ်ားဆိုတဲ့ လူသားကို သူငယ်ချင်းအဖြစ် ခင်မင်နိုင်
ပါတယ်။ လက်ခံနိုင်ပါတယ်၊ ကိုယ့်အချစ်နဲ့ ကိုယ့်ဘဝကို
သူ့လက်ထဲ ပုံအပ်လိုက်ဖို့ထိတော့ ဘယ်ယောကျ်ားကိုမှ
မယုံနိုင်ဘူး။ ကြောက်တယ်။ မုန်းလည်း မုန်းတယ်"

"မြစိမ်းရယ် ... ယောကျ်ားတိုင်းဟာ ကိုကျော်မျိုးဝင်း
မဟုတ်ကြပါဘူးဟာ ..."



မြစိမ်း ခေါင်းကို ဖြည်းဖြည်း ခါမိသည်။

အဲသည် ... အချစ် ဆိုတာကြီး ... ရင်ထဲကို ဝင်
လာမိမှာ ကြောက်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



## ၇

ငယ်စဉ်က အိပ်မက် မက်ဖူးခဲ့တာ ရှိသည်။ အဲဒါမျိုး ... ခုတော့ မမက်တာ ကြာပြီ။ မေမေက ...

"ထမင်းလုံးတစ္ဆေခြောက်တာ၊ သမီး အိပ်ကာနီးခြေထောက်မဆေးလို့" ... ဟုပြော၏။

မြစိမ်းတို့ ညီအစ်မ ... မေမေ့လေ့ကျင့်ပေးမှုဖြင့် ညအိပ်ရာဝင်ကာနီး၊ အိပ်ရာပေါ် တက်ကာနီးလျှင် ခြေထောက်ဆေးရသည်။ မျက်နှာသစ်ရသည်။ သွားတိုက်ရသည်။

"မျက်နှာကြီး သစ်လိုက်ရတော့ အိပ်ချင်စိတ်တွေလည်း ထွက်ပြေးကုန်ပါပြီ"

မေမေက ထိုင်ဆိုထိုင်၊ ထဆိုထ၊ မေမေ့ကို ချစ်ကြောက်ရိုသေပြီး အထင်ကြီး လေးစားတာလည်း ပါတာမို့ မေမေ့ အမိန့်အတိုင်းမှာ နှစ်လိုစွာ ကြည်မွေ့တတ်သည်။ မမမြရွှေထံမှ ဘယ်လို "စောဒက" မျိုးမှ တက်မလာပါ။ မျက်နှာသစ်ဆို သစ်လိုက်တာပါပဲ။ သွားတိုက်ဆိုလည်း တိုက်လိုက်တာပါပဲ။ မြစိမ်းကသာ ...

"ခြေထောက်ဆေးရမှာ ချမ်းတယ်"



"မျက်နှာသစ်ရတော့ အိပ်မပျော်တော့ဘူး"

စသည့် ဆင်ခြေတွေ ပေးတတ်၏။ မေမေ ပြောသည့်အတိုင်းနေ၊ မေမေ့စကားဆို မြေဝယ်မကျ နားထောင်ရှာသည့် မမြရွှေဟာ၊ မေမေက ... ဒီသူငယ်လေး မေမေ စိတ်ကြိုက်တွေ့တယ် ... ဆိုလည်း အလွယ်တကူ ခေါင်းညိတ်လက်ခံခဲ့တာပဲဖြစ်၏။ စင်စင် ... ကိုကျော်မျိုးဝင်းဟာ မမမြရွှေ ချစ်လို့ရွေးသာခဲ့သူ မဟုတ်၊ လူကြီးမိဘ စိတ်တိုင်းကျပြီး စီစဉ်ခဲ့တာလေ။ ဒါတောင် ... မမမြရွှေ ဒီလိုအဖြစ်မျိုးနှင့် ကြုံရတော့ မမမြရွှေကို သာမန်အဆင့်ထက် အများကြီး ပိုသနားခဲ့ရသည်။

မမမြရွှေကို သနားလေ ... ကိုကျော်မျိုးဝင်း ဆိုသည့် ပုဂ္ဂိုလ်ထူးကို အလွန်တရာ၊ အဆမတန်၊ အတိုင်းထက်အလွန်၊ မုန်းတီး၊ ရွံရှာ၊ စက်ဆုပ်၊ အသည်းနာလေ ဖြစ်ခဲ့၏။ အဲဒါကြောင့် သူဌေးသမီး (ကိုယ်တိုင်လည်း သူဌေးမ ဖြစ်နေသေး)ကို လက်ထပ်ချင်ပါသည် ဆိုသော မပြည့်မစုံ ယောကျ်ား၊ ဆီနီးနားမင်္ဂလာစရိတ် မတတ်နိုင်သော သတို့သား၊ လူဇော်လေးပါလို့ လူကြီးမိဘ မျက်စိထဲတွေ့သည့် သမက်လောင်း ... ဆိုတာမျိုးကို ဘယ်လိုမှ အယုံအကြည် မရှိနိုင်၊ လက်မခံနိုင်သည့် စိတ်က ရင်မှာ ဝေဒနာတစ်ခုလောက်ကို စွဲမြဲ၏။

အဲသည် စွဲမြဲစိတ်က ယောကျ်ားဆိုတာ မုန်းသျှ၊ မယုံရဲခြင်းကို ဖန်တီးခဲ့ခြင်း ဖြစ်သည်။

ကိုယ်တိုင်မယုံရဲ၊ မယုံနိုင်၊ မယုံချင်သော ယောကျ်ားဆိုသည့် အမျိုးအစားကို ကြောက်လေလေ၊ အရှုံခံဆိုတာ ... ကိုလည်း တွေးပြီ လန့်လေလေ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချစ်ဆိုတာကြီး၊ ရင်ထဲကို ရောက်မလာပါစေနဲ့"

ဖွင့်ဟပြီးတော့တောင် ဆုတောင်းမူးသည်။ ယောကျ်ား တစ်ယောက်ကို ချစ်မိသွားတာမျိုး ဖြစ်ရမှာ ကြောက်သည်။ အချစ်ဆိုတာကို အဆိပ်တစ်မျိုးဟုပဲ မြစိမ်း မြင်ပါသည်။ အဲသည် အဆိပ်က မြစိမ်းကိုများ ခြောက်လှန့်လေသလား။ မြစိမ်းငယ် ငယ်တုန်းက မက်ဖူးသည့် "ထမင်းလုံးတစ္ဆေ" ဆိုသော အိပ်မက် ကို ညက မက်ပါသည်။

ငယ်တုန်းကတော့ ...

အိပ်မက်ထဲမှာ မြစိမ်းက ကြောက်လန့်တကြား ပြေး နေသည်။ အန္တရာယ်တစ်ခုဟာ တော်တော် ဆိုးဆိုးဝါးဝါးကြီး ကျရောက်တော့မည်ဟု အသည်းအသန် စိုးရိမ်စိတ်နှင့် အန္တရာယ် မှ လွတ်ကင်းကောင်း အားကုန်သုံး၍ ပြေးနေသည်။ သို့သော် စိတ်သာပြေးလျက် လူကမပါ။ လေးလေးကြီး။ နှေးနှေးကြီး ခြေထောက်တွေက မ,ဖို့ ကြွဖို့ တအားလေးလံကာ ရှေ့သို့မ ရောက်နိုင်အောင် ဖြစ်နေ၏။ အားမရလိုက်တာ၊ ကြောက်လိုက် တာ မပြောပါနှင့်တော့။ အန္တရာယ်ကြီး နီးကပ်လာပြီလားဟု လှည့်လှည့်ကြည့်ရတာလည်း ခဏခဏ။

ကိုယ်က လေးလံထိုင်းမှိုင်းနေလို့ ရှေ့မရောက်တာ ကိုပဲ အားမရဖြစ်နေရခိုက်၊ နောက်မှ အန္တရာယ်ကြီးက ကျတော့ သွက်လက်ချက်ချာကြီး ဖြစ်ပါလျက်၊ ကိုယ့်ဆီ မီကိုမီမလာနိုင်။ ကိုယ်ကသာ အကြောက်ကြီးနေရ၊ သူကကျတော့ မီမလာ။ ဒါပေမဲ့ ကြောက်လိုက်တာကျတော့လည်း အသည်းအသန်။ အဲဒီ ငယ်တုန်းက အိပ်မက်မျိုး (ညက အိပ်ကာနီးမှာ ငယ်ကျင့်အတိုင်း၊



ခြေဆေး၊ မျက်နှာသစ်၊ သွားတိုက်ပါလျက်၊ ငယ်ကျင့်ထက်တောင် တစ်ခုပိုသေး၊ မျက်နှာပြောင်ပေါ်မှာ Night Cream ညလိမ်းအလှ ဆီကလေးတောင်၊ ရောကို အာခံဖို့ လိမ်းသေး) ညက အသည်း အသန် မက်တာ ချွေးစေးတွေများတောင် ပြန်လို့။ နိုးလာတော့ ကြောက်စိတ်ကြီးနှင့် ကတုန်ကယင်။

ခြားနားတာ တစ်ခုတော့ရှိ၏။

ငယ်တုန်းက အိပ်မက်မှာ၊ နောက်က လိုက်လာသော အန္တရာယ်ကြီးဟာ ဘာကြီးမှန်း မသိပါ။ လူလား၊ သရဲလား၊ ဖွတ်ကြီးလား၊ ဘာကြီးမှန်း မသိ၊ မပီဝိုးတဝါးနှင့် လုံးလုံးကြီး၊ အကြီးကြီး၊ အန္တရာယ်ကြီးလို့ပဲ သိရှိလက်ခံထားခဲ့ရတာ။ ညက အိပ်မက်မှာကျတော့ ... ကိုယ်က ရှေ့မှပြေး၊ ပြေးရတာ အားမရ၊ ခြေထောက်တွေက လေးလေးပင်ပင်ကြီးတွေ ကြွကြွ၊ မ,လို့လည်း ရေး နှေးတိနှေးကန်ကြီး၊ ကြောက်လိုက်တာလည်းအရမ်း၊ ကိုယ် ကသာ အပြေးသွက်တာ၊ နောက်က အန္တရာယ်ကြီးကလည်း မီလေား မီလာပြီလားလို့ (ငယ်တုန်းကလို) ကြောက်ကြောက်ကြီး နှင့် လှည့်ကြည့်တော့ (မီသာမမီတာ) အပြေးသန်လိုက်သည့် အန္တရာယ်ကြီးကို ထင်ထင်ရှားရှား တွေ့လိုက်ရတာ ... လူမှလူ။ လူမှ ယောကျ်ား၊ ယောကျ်ားမှ မင်းအံ့ထူး ဆိုသော ပုဂ္ဂိုလ်ကြီး ဖြစ်နေတော့တာပင်။

သူငယ်ချင်းလို မိတ်ဆွေလို ခင်ချင်စိတ်လည်းရှိ၊ ခင်လည်းမခင်ရဲ၊' ရင်ထဲမှာ ဘယ်တုန်းကမှန်းမသိ ခင်ပြီးသား ကြီးကလည်း ဖြစ်နေ၊ မုန်းလိုက်တာလည်း မပြောပါနှင့်တော့၊ သူ့အပေါ်ထားသည့် အကြိတ်အခဲကိုလည်း ဘဝဆယ်တိုင်း မကျေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်၊ အဲသည်လို ဆန့်ကျင်ဘက် ခံစားမှုမျိုးစုံကြောင့် မပတ်သက်
ချင်မိပါ၏၊ သူက တကူးတက လာပတ်သက်နေ၊ သူလာမပတ်
သက်တော့လည်း ကိုယ်က မသိစိတ်နှင့် မျှော် ... အဲသည်ပုဂ္ဂိုလ်
မှန်းစရာ လူယုတ်မာကျီး တစ်ယောက်ဟာ၊ ကိုယ့်နောက်ကျော
အန္တရာယ်လုံးကြီး အဖြစ်နဲ့ ပြေးလိုက်နေသတဲ့ကွယ်။

အိပ်မက်များနှယ် ... ခြောက်လှန့်ရန်ကော။

✻ ၆ ✻

"နင်လည်း တော်တော်အားနေတာပဲနော်"

သူရောက်လာတိုင်း ... ပထမဆုံး တန်းသွားပြီး
နှုတ်ဆက်သူက ငွေလ။ ဩော် ... သူတို့က သူငယ်ချင်းတွေလေ။

"နေ့တိုင်း လာနိုင်တာ အားလို့ပေါ့ ... ဟုတ်လား"

သူ့ရဲ့ဟာကို ငွေလက သဘောကျပုံ ရပါလျက်
နှုတ်ခမ်းစုပြီး ပြောတာကို မြစိမ်း လှမ်းတွေ့နေရပါသည်။
ခိုင်အေးမြနှင့်အတူ ရတနာပစ္စည်းတွေ (ဝယ်သူတွေ ရောက်နေ
လို့)၊ ထုတ်ပြရင်း မျက်ဝန်းထောင့်မှာ မင်းအံ့ကို မြင်ရသည်။
အဲသံကိုတော့ သိသိသာသာကြီး ကြားရပါသည်။ ငွေလက
ရတနာတွေ ပြသသည့်ဆီ မလာဘဲ သူ့စားပွဲမှာ သူထိုင်ပြီး
ဂဏန်းပေါင်းစက်တစ်လုံးနှင့် အလုပ်ရှုပ်နေ၏။ ရတနာပစ္စည်း
တစ်ခုလုပ်ပြီးပြီဆိုတိုင်း၊ အဲသည်မှာပါသော ရတနာ၏ အပွင့်
အရေအတွက်၊ အလေးချိန်၊ ပါဝင်ရွှေသား၊ အလျော့တွက်
လက်ခ စသည်ဖြင့် ကိုယ်ကနက်ကျထားရှိသော စာရင်းကို အတိ



အကျ မှတ်တမ်းတင်ထားရပါသည်။ အဲသည်စာရင်းက တစ်နေ့
ပြီးတော့ ကိုယ်ရောင်းနိုင်သည့်ဈေး။

ရတနာအပွင့်ရေ၊ အလေးချိန်၊ ဝွစ်ရတီ သို့မဟုတ်
အဓိကလပ်၏ တန်ဖိုး (အဲသည်တန်ဖိုးကို ကိုယ်ဝယ်ရသည့်
ရင်းဈေးထက် နည်းနည်းတင်ထားရပါသည်) ရွှေချိန်ကိုတော့
သို့မရာ ပိုချင်လျှင် အလျော့တွက် အချိန်အတွယ်ကို နည်းနည်း
သို့ရသည်။ ရွှေဈေးကတော့ ကိုယ်ဝယ်ဈေးနှင့်ပင် ဝယ်ပြီးရမှ
အားရ လုပ်ထားရ၊ ပေါက်ဈေးနှင့်ပင် တွက်ရမည်။ အဲသည်အရာ
အခွ ရှုပ်နေသည့် ငွေလ စားပွဲရှေ့မှာ မင်းအံ့ သွားထိုင်၏။

"မင်းအံ့ ... ထွက်ကြာ ရှင်လာရင်ပေးဖို့ ပစ္စည်းလုကြဲ ပေး
ထားတယ်၊ မစြိန်နဲ့ဦးနော်၊ ဖြီးမှပေးမယ်"

ခင်အေးမြက လှမ်းပြော၏။

"မပြန်ပါဘူး၊ မြစိမ်း ဖျော်တိုက်တဲ့ကော်ဖီ မသောက်ရဦးမှ"

"နင်ကလည်းတယ် ... ရောက်တော့နဲ့ မြစိမ်းကိုစပြီ"

ငွေလကွ မာန်၏။ မြစိမ်းက သူ့ကို မဖြော်သလိုမဲ
နေလိုက်၏။ ဝယ်သူများက ဝယ်ဖြစ်သည်မို့ ချိန်တွယ်၊ ဈေးပြော၊
ဝယ်သူကဆစ်၊ မြစိမ်းက မလျှော့နိုင်ပါကြောင်းပြော၊ အရောင်း
အဝယ်ကိစ္စကို မြစိမ်းပဲ ဆက်လုပ်။ အေးမြက မဈေးဖြစ်သည့်
ရတနာတွေ ပြန်သိမ်း ... ပြီးတော့ ငွေလ စားပွဲနားသို့လာကာ
ကုလားထိုင်တစ်လုံးဆွဲထိုင်ပြီး မင်းအံ့ကို အူပေါ်ချည်ခံစကား
ပြောလေ၏။

မင်းအံ့ ... ဆိုင်ကို နေ့တိုင်း ရောက်နေခြင်းဟာ
အေးမြဆီကို လာတာမဟုတ်မှန်း တွေ့ခဲ့သောချိန်ပြီ၊ ငွေလနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်း ... မင်းအုံ ဘယ်သူ့ကို စိတ်ဝင်စားနေလဲ ... ဟု အေး
အကဲခတ်သည်။ အေးမြကပဲ ညံ့လို့လား၊ မင်းအုံကပဲ ပီရိလို့လာ
ဒါမှမဟုတ် ... ငွေလလည်း မဟုတ်၊ မြစိမ်းလည်း မဟုတ်၊ သူ
ဘာသာ သွားရင်း လာရင်း လမ်းကြုံလို့ပဲဖြစ်ဖြစ်၊ သူ့ကိစ္စ
သူသွားရင်း သူ့အလုပ် ပြီးသည့်အခါမှာ သူ့ကုမ္ပဏီကို တန်
ပြန်ဘဲ (သူ့အမေက လုပ်ငန်းကို အပြီးတိုင် လွှဲအပ်ခဲ့ပေးသေး
မဟုတ်သည်မို့ အချောင်ခိုလို့ရတုန်း) ဝင်ပြီး နားနားနေ
အချောင်ခိုတာလားလည်း မသိ။ အေးမြ ... ဘယ်လိုမှ အကဲ
လို့မရပါ။

ငွေလနှင့်ကတော့ ဗိုရင်းနီး အဖွဲ့ကျသည်ဟု ဆို
မည်။ သူငယ်ချင်းတွေလည်းဖြစ်၊ ငွေလက ဘုလည်းမတော၊ သူ
တို့ချင်း စကားပြောလျှင် အကြောင်းအရာ တစ်ခုမှာ ဆွေးနွေ
နွေးနွေး။ မြစိမ်းနှင့်ကတော့ ဘုနှစ်ကနဲ့လနဲ့ချည်း။ သို့ပေမဲ့ ...
မင်းအုံဟာ မြစိမ်းကိုလည်း စကားသွားသွားပြောတာပင်။ အေးမြ
မင်းအုံထံ ထွင့်နိုင်ထွန်း ပေးထားသည့် ပစ္စည်းထုပ်ကို ပေးရင်း ...

"ဟယ် ... စဉ်းစားလို့မှ မရတာ၊ တွေးမနေတော့
ဘူး" ... ဟု လက်လျှော့လိုက်တော့သည်။

"ဘာလဲ ... အေးမြ"

"ငါးပိထုပ်"

"ဒါကြောင့် နံပါတယ်တော့ ဆင်သား"

ငွေလက ပြောပြီး ... ထုံးစံအတိုင်း ရယ်၏။

"မနံပါဘူးဟယ် ... ပလတ်စတစ်နဲ့ထုပ်ပြီး လကြေးဘူး
ထဲထည့်။ လကြေးဘူးကို ပလတ်စတစ်နဲ့ ပြန်ထုပ်



စတော့ပလာနဲ့ချုပ် ... လုပ်ထားတာ၊ နိုင်ငံခြားတောင် ပို့
လို့ရသေး"

"အေးပါ ... ထားပါတော့၊ မင်းအုံက ငါးပိ ဘာလုပ်ဖို့လဲ"

"ငါက ဘာမှမလုပ်ဘူး၊ မေမေက ထွင့်နိုင်အမေ မှာပေး
တဲ့ ငါးပိမှ မစားရရင် သွေးတိုးတယ်၊ ထွင့်နိုင် အမေက
ငါးပိကို ဘိတ်ကနေ မှာစားရင်း၊ တစ်ခါ ... လက်ဆောင်
တစ်ထုပ် ပေးဖူးပါတယ်၊ မေမေက အမြဲမှာနေတော့တာ
ပဲ၊ မစားရရင် သွေးတိုးလို့"

"ငါးပိစားရင်သာ သွေးတိုးတာပါဟယ်၊ ငါးပိမစားရလို့
သွေးတိုးတယ် မကြားဖူးပါဘူး"

"အဲဒီ ငါးပိကို မစားရတော့၊ ဒီမှာ ဈေးထဲတွေ့တာဝယ်
စားရော၊ အဲဒီငါးပိလို မကောင်းတာက တစ်မျိုး၊ တစ်ခါ
တလေကျတော့ သဲတရှပ်ရှပ်နဲ့တဲ့ မေမေ ပြောတာပဲ၊ ငါ
တော့ မသိဘူး၊ အဲဒါနဲ့ စိတ်တို၊ ဒေါသထွက်ပြီး သွေးတိုး
ရော။ ထွင့်နိုင် အမေ မှာပေးတဲ့ ငါးပိကိုစားရရင် ...

"ကျေနပ်တွေနပ်ပြီး၊ ပီတိတွေ ဖြစ်နေတော့၊ စိတ်လက်
ကြည်လင်ပြီး သွေးကျတယ်။ အဲဒါ ... ငါတို့အမေရဲ့
ရောဂါဆန်း"

"နင့်အမေက သွေးတိုးရှိတယ်ပေါ့"

"ပြောရရင် ... သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောတစ်ချောင်း
ကျဉ်းတယ်၊ အသည်းအဆီဖုံးတယ်၊ ဒူးနာတယ်၊ ချမ်းဖြင့်
ဒူးကိုက်လို့ လမ်းမလျှောက်နိုင်ဘူး၊ ဒူးကိုက်လို့ အိမ်ရာထဲ
ခွေနေရင် သွေးတိုးနဲ့ ဆီးချိုက တက်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



"သွေးတိုးနဲ့ ဆီးချိုသမားဟာ တစ်နေ့ တစ်နာ
လမ်းလျှောက်ပေးရမယ်တဲ့။ တစ်နာရီ လမ်းလျှောက်ရ
ဒူးနာတယ်၊ ဒူးကိုက်တယ်။ ဆန့်ကျင်ဘက်ရောဂါတွေ
ကြားထဲမှာ ငါ့အမေခမျာ ... လုံလည်းမနေရဲ၊ လမ်းလည်း
မလျှောက်နိုင်နဲ့ ကွတလေး ဖြစ်နေတယ် ... ဟား ဟား"

"ကြည့် ... အမေကို ဒီလိုစဲ ပြောရလား"

ငွေလရော အားမြပါ မင်းအုံ့နှင့် ရောရယ်ဖြစ်သည်
မို့ မြစိမ်းပါ ပြုံးမိမလိုလိုဖြစ်ဆဲ ... ငွေလက မင်းအုံ့ကို ဖက်၍
လှမ်းရိုက်လိုက်တာ မြင်သည်မို့ မပြုံးဖြစ်တော့ပါ။

"ဘယ်လောက် အမြတ်ကြီး စားလိုက်လဲ"

ဝယ်သူတွေ ဆိုင်မှ ထွက်သွားပြီမို့ မင်းအုံ့က
မြစိမ်းကို လှမ်းနောက်သည်။

"သိပ်မများပါဘူး၊ ရှင်တို့ ကုမ္ပဏီက စားသလောက်ပါပဲ"

"မြစိမ်း ... တို့ကို အကောင်းပြောတဲ့ နေ့ကျရင် မင်္ဂလာ
စုံတွဲသုံးဆုပ်လောက်ကို ထီထိုးပစ်ဦးမယ်"

"ဒါဆိုရင် ... ရှင် ဘယ်တော့မှ ထီထိုးခွင့် မကြုံတော့ဘူး"

"မြစိမ်း ကော်ဖီဖျော်ရင် တို့ပို့ပါ အပိုတစ်ခွက်နော်"

ဆိုင်မှာ ကော်ဖီဖျော်တိုင်း မြစိမ်းချည်း ပင်တိုင်
ဖျော်နေကျပါ။ ကော်ဖီစစ်စစ်ကို မြစိမ်းက ဇက်ကလေးနှင့်ကြော
ပြီးမှ သကြားနည်းနည်း၊ နို့စိမ်းဘူး ငုံ့ထည့်ပြီး (နို့ဆီနှင့်မဖျော်
ပါ) ဆားပွင့်လေးပါလေကာနှင့် ကော်ဖီပွနေတုန်းမှာ ထောပတ်
ကို ဇွန်းနှုတ်ခမ်းသားလေးနှင့် ခြစ်ယူပြီး မွှေတတ်၏။ အဲသည်
ကော်ဖီလောက် (အစပ်အဟပ်တည့်လျှင်) သောက်လို့ ကောင်းတာ



ရှိတော့ပါ။ တစ်ခါဖျော်လျှင် ခပ်များများ ဖျော်ထားပြီး ဖျော်စက်
အလေး မီးဖွင့်ထားပါက ကော်ဖီအိုးက အမြဲနွေးနေကာ၊ ထောပတ်
ခဲတော့ပါ။

မကြာခဏ သွားသွားငုံ့ပြီး နည်းနည်း ... နည်းနည်း
သောက်တတ်ကြသည်။ ဒီနေ့တော့ မဖျော်ရသေးပါ။

"နော် ... မြစိမ်း တစ်ခွက် ပိုဖျော်ပါ။ ပဒိုင်းသီးထည့်
ချင်လည်း ထည့်လိုက် ... ရတယ်"

"ဖျော်ပြီဆိုကတည်းက ကော်ဖီကရားအပြည့် ဖျော်မှာ။
ရှင် ငုံ့သောက်လည်း ဒီလောက်ပဲ ဖျော်တယ်၊ မသောက်
လည်း ဒီလောက်ပဲ ဖျော်တယ်"

"မင်းအုံ့ ... ပဒိုင်းသီးထည့်လို့ သွားမပြောနဲ့ကွ၊ မြစိမ်း
အိမ်မှာ တကယ် ပဒိုင်းပင်ရှိတယ်"

"ဟောဗျ ... တကယ်၊ ဘာလုပ်ဖို့ စိုက်ထားတာတုန်း၊
ဟင် ... မြစိမ်း၊ ဘယ်သူ့ကျွေးဖို့လဲ"

"ခုထိတော့ ကျွေးရလောက်အောင် မုန်းတဲ့သူ မရှိသေးဘူး"

"ငါကွ ... မြစိမ်း ... တို့ကို သေစေချင်၊ ရူးစေချင်လောက်
အောင် မုန်းတယ် ထင်တာ၊ ဒီလောက် မမုန်းသေးဘူးပဲ၊
တော်ပါသေးရဲ့"

မြစိမ်းက ပြန်ပြောမနေတော့ဘဲ ကော်ဖီဖျော်နေ
လိုက်၏။

"ပဒိုင်းပင် ဘာလို့ စိုက်ရတာလည်းကွာ ... စားလို့ရူး၊
ရူးရင်မူး ... ဆို။ လူကို ဒုက္ခပေးမဲ့ အပင်ကို မစိုက်ဖို့ နင်
တို့က မပြောဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ … ကိုင်းချိုးပြီး မျိုးပွားပေးဖို့ ပြောထားသေးတယ်။ ပဒိုင်းက အစစ်မဟုတ်တော့ဘူး။ ပွင့်ရင် အရမ်းလှတယ်"

"ပဒိုင်း က,ပြားလား"

အေးမြက ဝင်ပြော၏။

"ဟုတ်တယ် … မြန်မာပြည်က ပဒိုင်းမျိုးရင်းက တရုတ်ပြည် ရောက်သွားပြီး ဘာနဲ့စပ်လဲ မသိဘူး၊ က,ပြားဖြစ်သွားတာပေါ့၊ ပဒိုင်းပွင့်က အောက်လံပုံလေးမှလား၊ တရုတ်ပြည်ထဲကနေ မြန်ဝင်လာတော့၊ ထရမ်းပက် … ဆိုတဲ့ နာမည်နဲ့ …

"သုံးရောင်ရှိတယ်။ လှတယ်။ ဩစတြေးလျကိုင်းတွေမှာ မှတ်တဲ့ ထရမ်းပက်နဲ့လည်း ပုံစံဆင်တယ်။ မြစိမ်းအမေက သစ်ပင် ပန်းပင် ဆန်းဆန်းပြားပြား သိပ်ဝါသနာပါတာ"

"မြစိမ်းရောပဲလား"

"သူလည်း … အားရင် အားသလို ခြံထဲဆင်းတာပဲ"

မြစိမ်းက သူ့အကြောင်း မဟုတ်သလို ဘာမျှဝင်မပြောပါ။ ခါတိုင်းလည်း မြစိမ်း ဒီလိုပဲ နေကျင့်ရှိတာ ဖြစ်၏။ ထွန်းနိုင်ထွန်းနှင့် အေးမြတို့ ချစ်သူတွေ မဖြစ်မီကဆိုလျှင် အေးမြလည်း စကားဝိုင်းထဲ သိပ်မပါ၊ ငွေလနှင့် မင်းအံ့တို့ နှစ်ယောက်တည်းနှင့် တစ်ဆိုင်လုံးညံအောင် ပြောနိုင်ကြသူတွေပင်။ မြစိမ်းက ကော်ဖီကရားကို ငွေလ စားပွဲပေါ် လာတင်တော့၊ အေးမြက ပန်းကန်လုံးတွေ ယူကာ မင်းအံ့အတွက်လည်း တစ်ခွက်ငှဲ့ပေးသည်။ အေးမြမှာတော့ ထွန်းနိုင်ထွန်း သူငယ်ချင်းမို့ မင်းအံ့ကို ဧည့်ခံရတော့မှာလေ။



"မြစိမ်း"

မင်းအံ့က ခေါ်သည်မို့ မြစိမ်း လှမ်းကြည့်သည်။ မြစိမ်းက သူတို့စားပွဲနားသို့ လာထိုင်သည် မဟုတ်ပါ။ ကောင်တာနားမှာ သွားရပ်နေတာ ဖြစ်၏။ မြစိမ်း လှမ်းကြည့်ရင်း ညတုန်းက အိပ်မက်ကို သတိရကာ၊ ကြက်သီးလေးများ ဖြန်းခနဲ ထ,သွားရ၏။ မင်းအံ့ ကြည့်နေပုံကြီးကလည်း တစ်မျိုး။ ခါတိုင်းနှင့်မတူ။ ငွေလက လုပ်လက်စ စာရင်းစာအုပ်ကိုပိတ်၊ ဂဏန်းပေါင်းစက်သိမ်း … နှင့်မို့ မင်းအံ့ထံ အကြည့်မရောက်ချေ။ အကြည့်ရောက်လိုက်ရသည့် အေးမြပင်လျှင် အံ့ဩလျက်၊ မြစိမ်းကိုတစ်လှည့် မင်းအံ့ကိုတစ်လှည့် ကြည့်ဖြစ်တော့သည်။

မြစိမ်း … အကြည့်ကို ပြန်မသိမ်းနိုင်ခဲ့ပါ။

မင်းအံ့အကြည့်မှာ တွယ်ငြိလျက်။ ကိုယ့်အကြည့်က သူ့အကြည့်၏ စေးကပ်တတ်သော နှယ်မျှင်မှာ ရုန်းထွက်မရဖြစ်လျက် …။ အဲသည် အဖြစ်ကိုလည်း သဘောပေါက်၊ ခံစား၊ ထိတ်လန့်တုန်လှုပ်ခြင်းလည်း ဖြစ်လျက် ရင်ထဲမှာ မုန်တိုင်းမွှေတော့သည်။ ကောင်တာမှန်ပေါင်ကို ကိုင်ပြီး နီးရာကုလားထိုင်ကိုသာ ဆွဲမထိုင်လိုက်မိလျှင် ခွေခနဲများ လဲကျသွားလေမလားမသိ။

ဂဏန်းပေါင်းစက် သိမ်းပြီးသွားသော ငွေလက မင်းအံ့ကို မော့ကြည့်၏။ မင်းအံ့ အကြည့်သွားရာသို့ မျှော်ဆက်လိုက်သည့်အခါတွင်၊ မြစိမ်းထံမှာ တန့်နားနေတာကို တွေ့ရသည်။ မြစိမ်း ကတုန်ကယင်နှင့် အချွေမျက်တာကို သတိထားမိသည်။ အေးမြ အကြည့်တွေကို လိုက်ဖမ်းတော့လည်း … အေးမြ အကြည့်က မင်းအံ့နှင့် မြစိမ်းဆီမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မြစိမ်း ... တို့ကို ဘယ်တော့ကျေမလဲ"

"ဘဝဆက်တိုင်း မကျေဘူး"

မေးနေကျ မေးခွန်း၊ ရနေကျ အဖြေ ... ဝါကျနှစ်ခု ရဲ့ နောက်ပိုင်းမှာ မင်းအံ့ မျက်နှာ ပြင်မရအောင် ပျက်လျက် မြစိမ်း ခေါင်းလေး ငိုက်စိုက်ကျသွားတာကို အေးမြရော ငွေလပါ ကောင်းကောင်းကြီး သတိထားလိုက်မိပါသည်။

"ဟွဲ"

ငွေလက မင်းအံ့ကို လှမ်းရိုက်သည်။ မင်းအံ့က ငွေလကို လှည့်ကြည့်သည်။

"သောက်ဦးလေ"

အခြေအနေတစ်ရပ်ကို ငွေလ ထိန်းသိမ်းလိုက်တာပဲ ဖြစ်တော့သည်။

* ❀ *

"မြစိမ်းရောင်" ... မှ ပထမဆုံး ဖွဲ့ထွက်သွားသည့် ရတနာလေးတစ်ပွင့်ဟာ "ငွေလရောင်" ဖြစ်၏။

"အေးမြ ... ကျုပ် တစ်ခုပြောမယ်ကွာ အမှားမပါရင်လည်း ခွင့်လွှတ်ပါ။ ပြီးရင် စိတ်လည်း မဆိုးကြစို့နဲ့"

ငွေလ စကားက အေးမြသို့ ဦးတည်သော်လည်း၊ မြစိမ်း၏ မျက်လုံးလေး မြူးဝိုင်းသွားရတော့သည်။ သည်စကားက ဆန်းသည် လေ။



"မြစိမ်းရောင် ဆိုတဲ့ ရတနာဆိုင်ထဲက ကျုပ်ရဲ့ရှယ်ယာ ပိုင်စီလေးကို ထုတ်ယူခွင့်ပြုပါလို့ ပြောချင်တာပဲ"

ရတနာဆိုင်ထဲမှာ ငွေလ ရှယ်ယာ နည်းပါသည်။ ညည်းဆို ... တော်တော်လေးကို နည်းတာပါ။ ငွေလဟာ နဂိုက တည်းက အေးမြတို့ မြစိမ်းတို့လောက် ချမ်းသာသူ မဟုတ်ပါ။ နေရာတိုက် (မြေမကျယ်လှပေ)တစ်လုံး၊ ကားညံ့ညံ့တစ်စီးပိုင် ဆိုက် စားနိုင် သောက်နိုင်ရုံ ရှိတာဖြစ်၏။ တစ်ဦးတည်းသမီး ဆိုပေမဲ့ ... မိဘက အချမ်းသာကြီးထဲက မဟုတ်ပါ။ တစ်နည်း ပြောရလျှင် တစ်ဦးတည်းသမီးမို့သာ ခွဲဝေစရာ မရှိသည်မို့ ဤမျှ ပိုင်ဆိုင်ခွင့်လေး ရထားတာပင်။

လက်ရှိ ပိုင်ဆိုင်မှုလေးကိုသာ၊ ညီအစ်ကိုမောင်နှမ သုံးလေးယောက်ရှိလို့ သုံးလေးစု ခွဲယူရခဲ့သော် ... ငွေလမှာ အိမ် ခြံအိုးပိုင်ကလေးတောင် ရှိနိုင်ဖို့ မလွယ်နိုင်သည့် အနေအထား ပါ။

"ဟယ် ... ငွေလရယ်၊ ရှင်က ဘာလုပ်ချင်လို့လဲ၊ တစ်ခုခု ကို အသုံးလိုလို့လား"

"ကျုပ် ... နိုင်ငံခြားသွားဖို့အတွက် သုံးစွဲရမှာမို့ပါ။ မေမေ တို့ ဖေဖေတို့ လက်ထဲလည်း နည်းနည်းထည့်ခဲ့ချင်တယ်။ လူကြီးဆိုတော့ လက်ထဲမှာ ငွေထုပ်ကလေးမှ ပိုက်မထား ရရင် စိတ်အားငယ်တယ်"

"အို ... ဘာလို့သွားရမှာလဲ၊ ရှင် ... လခနည်းနည်း တိုး ယူလိုက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းသုံးယောက်တွက်သည့် ရတနာဆိုင်မှာ လကုန်လျှင် သူတို့သုံးယောက်လုံး လခတစ်ခု သတ်မှတ်ကာ ထုတ်ယူကြပါသည်။ အရင်းအနှီးပေါ် အချိုးကျ အမြတ်ခွဲဝေမှုက ခြောက်လမှ တစ်ကြိမ် ပြုလုပ်သည်။ အရင်းအနှီး များသူက အမြတ်များများရပြီး ရှယ်ယာနည်းသူက အမြတ်နည်းနည်းပဲ ရသည်မို့ ငွေလ ရရှိသော အကျိုးအမြတ်ဟာ သိပ်ကြီးများပြား လှသည် မဟုတ်ပေ။ သို့ပေမဲ့ ... အဲသည်အမြတ်ထုပ် သေးသေး လေးကိုပင် ငွေလ ထုတ်ယူရသည်။ အေးမြနှင့် မြစိမ်းတို့က သူ တို့ရသည့် အမြတ်ကို မထုတ်တော့ဘဲ အရင်းအဖြစ် ပြန်ထည့် သည်မို့ သူတို့ရှယ်ယာတွေက ကြာလေများလေ၊ ငွေလရဲ့ ရှယ် ယာဟာ မျက်နှာငယ်စွာ၊ မတိုးမပွား အေးမြ ငယ်မြ ရှိလေပင်။

"အေးဟယ် ... ငွေလရယ် ... ရှင်သွားတော့ ရှင့်မိဘနှင့် ပါး ဘယ်လိုလုပ်မှာလဲ၊ အသက်တွေလည်း ကြီးပြီ"

ငွေလတို့က စာရင်းကိုင် မျိုးရိုးလို့ ဆိုရမှာပင်။ အဖေ စာရင်းကိုင်၊ အမေ စာရင်းကိုင်၊ ငွေလလည်း စာရင်းကိုင်။ အဖေရော အမေပါ ဌာနဆိုင်ရာတွေမှာ စာရင်းကိုင်တို့ စာရင်း ကိုင်ချုပ်တို့ ဖြစ်ခဲ့ကြသည်မို့ အလုပ်လက်ရှိတုန်းက ဝင်ငွေလခ ကောင်းခဲ့ကြသည်မို့သာ၊ ခုလို တိုက်ပိုင် ကားပိုင်ကလေးတွေ ဖြစ်ခဲ့ကြရတာ။ အငြိမ်းစား ကိုယ်စီယူကြပြီဆိုတော့ အငြိမ်းစား လစာလေးတွေပဲ ဝင်ငွေအနေနှင့် ရှိကြတာပင်။

"ကျုပ် ... ဟိုကနေ ပို့မယ်"

"ရှင်က အလုပ်ရမှာ သေချာနေလို့လား၊ ဘာလုပ်မှာလဲ၊ စာရင်းကိုင်ပဲလား"



"စာရင်းကိုင် ဆိုတဲ့ နာမည်လောက် အဆင့်အတန်း မမြင့်ပါဘူး၊ စာရင်းအင်းတော့ လုပ်ရမယ်။ အဲဒီက ဘာသနာပြု ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်း မှာ ... အဲဒီကျောင်းအတွက် ထရပ်စ် Trust အဖွဲ့ရှိတယ်၊ အဲဒီ စာရင်းအင်း လုပ်ရမယ်၊ အဲဒီကျောင်းမှာက ...

"မြန်မာပြည်ကနေပြီး M.A သွားတက်နေတဲ့ ဦးပဥ္ဇင်းတချို့ ရှိတယ်၊ အဲဒီမှာ ဖေဖေ့ အစ်ကိုဝမ်းကွဲ တစ်ယောက်က ရောက်နေတာ ကြာပြီ။ ကျောင်းအုပ်ချုပ် ရေး၊ ကျောင်းဝေယျာဝစ္စ အကုန်ပေါ့ဟာ၊ အဲဒါတွေလုပ် ရတယ် ...

"မြန်မာတချို့ အကြောင်းအမျိုးမျိုးနဲ့ ဆွမ်းကျွေး တွေ ဘာတွေ လုပ်ချင်ရင် ချက်ပြုတ်ပေးတဲ့အဖွဲ့ ရှိတယ်။ အဲဒီအဖွဲ့မှာကျတော့ မိန်းမတွေ ပါတယ်။ ကျောင်းအတွက် ရန်ပုံငွေနဲ့ ပြန်သုံးရတဲ့ အသေးစိတ်စာရင်း ဘာညာ ... လုပ်ရမှာပေါ့ကွာ"

"ရှင့်ဘကြီးက မှာတာပေါ့"

"ဟုတ်တယ်၊ ဟိုမှာ နေဖို့ရမယ်၊ စားစရိတ် ငြိမ်းမယ်၊ ပြီးတော့ လခရမယ်"

"ဘယ်မှာလဲ"

"ယူကေ"

"လန်ဒန်လား"

"အောက်ဖို့ဒ်မှာ၊ တချို့ လန်ဒန်က မြန်မာတွေ ဘုန်းကြီး ဆွမ်းကပ်ချင်လို့ အိမ်ပင့်ချင်ရင် အဲဒီဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို ဖုန်းလှမ်းဆက်ပြီး သံယာဘယ်နှပါး ကြွ
ပေါ့၊ ပင့်လိုက်ရင် ... ဘုန်းကြီးတွေက ရထားစီးပြီး သူ
တို့ဘာသာသူတို့ လာကြတယ်"

"သွားမပင့်ရဘူးလား"

"သွားပင့်နေရင် အသွားအပြန် ကားစီးချိန်နဲ့တင် သုံးနာ
လောက်ကုန်မှာ၊ ဘုန်းကြီးက ရထားနဲ့ပဲ ... သူ့ဘာသာ
ကြွလာရင် ရထားစရိတ်ကလည်း နည်းတော့ မနည်းဘူ
ကွ၊ ဆယ့်ငါးပေါင်လောက် ကျတယ်တဲ့၊ အဲဒါ အလှူရှင်
က တာဝန်ယူပေါ့၊ ပြီးရင် ဆွမ်းကပ်၊ ဘုန်းကြီးက သူ့
ဘာသာပဲ ပြန်ကြွသွားတာပဲတဲ့"

"ရှင် ... အဲဒီမှာ ကြာမှာပေါ့"

"မပြောတတ်သေးဘူး၊ အဆင်ပြေသလောက်ပဲ၊ ကျု
ပိုက်ဆံစုချင်တယ်။ နေဖို့ စားဖို့ စရိတ်ငြိမ်းဆိုတော့ ရတဲ့
လခ အသားတင်ပဲ။ ငွေဘယ်လောက်ကြာကြာ စုနိုင်မလဲ
ဆိုတာလည်း ... မေမေတို့ ဖေဖေတို့ ကျန်းမာရေးပေါ်
မူတည်တယ် ...

"ခုချိန်မှာ ဖေဖေရော မေမေပါ၊ ရောဂါကြီးကြီးဘာ
မား ဘာမှမရှိကြသေးဘူး၊ တစ်ယောက်နဲ့ တစ်ယောက်
အပြန်အလှန် ဖေးမနိုင်ကြသေးတယ်။ တစ်ယောက်နေ
ကောင်းလို့မှ တစ်ယောက်က မပြုစုနိုင်တော့တဲ့ အခြေအနေ
ဆိုရင်တော့ ကျုပ် ပြန်လာရမှာပေါ့"

"ကြာမဲ့ပုံပဲ"

"အနည်းဆုံးတော့ သုံးလေးနှစ်ပေါ့"



"ကွယ် ... ငွေလဲရယ်၊ မသွားပါနဲ့လို့ တားချင်လိုက်
တာ"

မြစိမ်းက မျက်နှာနွမ်းနွမ်းနှင့် ပြောရှာ၏။

"ဟိုက စမွန်ဆာပို့မယ်ပေါ့"

"ပို့မှာ ... လမ်းစရိတ်ရော ဘာညာအကုန်၊ ဒီမှာ ပါ့စ်
ပို့တ် လုပ်ဖို့ လေယာဉ်လက်မှတ် ... ဗီဇာဝင်ဖို့ အားလုံး
ပေါ့"

"ရှင့်ရှယ်ယာကို မထုတ်ဘဲ ထားလို့ရရင် ထားခဲ့ပါလား၊
အမြတ်ခွဲတော့ ကျုပ်တို့ သွားပို့လို့ ရတာပဲ"

"ရှင်အေးမြ ... ညည်းက ယောက်ျားယူပြီးရင် ... ဒီရတနာ
ဆိုင်ကို ထွက်ဦးမှာလား"

"ထွက်မှာ ... ထွက်မှာ"

မြစိမ်း မျက်နှာလေး ... ကွက်ခနဲ မဲ့ကျ၏။ ချက်
ပြန်ပြင်ရသည်။ သူများတကာ လက်ထပ်မည့်သူကို မြစိမ်း
မကျေမနပ် ဖြစ်နေရတာ၊ မကောင်းပါ။ ထွင့်နိုင်ထွန်းမှာ
သာတာကလွဲလို့ တခြားပြောစရာအပြစ် မရှိချေ။ မြစိမ်း
နှင့်ကျတော့ ... မချမ်းသာတာကိုပဲ အပြစ်ဟု သတ်မှတ်ပါ
ည်။ ကိုကျော်မျိုးဝင်းဟာ ရိုးသားကြိုးစား ... ဆိုသော၊ မချမ်း
သည့် လူတစ်ယောက် မဟုတ်လား။ တစ်ခုတော့ ရှိသည်။
ကျော်မျိုးဝင်းနှင့် မမမြရွှေတို့ ကြားမှာ နိုင်မြို့ဖွယ် အချစ်
ဖြစ်ထွန်းပြီးမှ အဲဒီအိမ်ထောင်ကို တည်ဆောက်ကြရတာ
တ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အေးမြနှင့် ထွဋ်နိုင်ထွန်းတို့ ကြားမှာတော့ ရို
ဖွယ် အချစ်အုတ်မြစ်ကြီးနှင့်ဆိုပဲ။ မြစိမ်းက အဲသည်အုတ်မြ
ပဲ မယုံသင်္ကာ ဖြစ်ရတာပါ။ ထွဋ်နိုင်ထွန်းဟာ ဘယ်တော့
အေးမြနှင့် လမ်းခွဲပြီး၊ ရှိပစ္စည်းတစ်ဝက် ခွဲရလမလဲ … ဆိုတာ
သံသယမကင်းနိုင်ချေ။ ယောကျ်ား … ဆိုသည့် လူတန်းစာ
တော့ မမြရွေး အဖြစ်နှင့်ပင် နားလည်ဖို့ လုံလောက်သွား
သည်။ ခဲအိုတစ်ယောက်နှင့်ပင် … ဘယ်လိုမှ ယုံကြည် စိ
နိုင်စရာ မရှိကြောင်း ခိုင်လုံသက်သေ ရရှိနေတော့သည်။

"ရှင့်အမျိုးသားကို ရှင့်အမေ ကုမ္ပဏီမှာပဲ အ
ပြန်ပေးရမှာဆိုတော့ … ရှင်က ဒီရတနာဆိုင်ကို ထွက်မှာ
ထွက်မှာ … ပြောပေမပေါ့"… ဟု နှိပ်ကွပ်လိုက်ချင်စိတ်
အသည်းယားလှတော့၏။

"ဒါပေမဲ့ကွာ … ဖေဖေတို့ မေမေတို့က လူကြီးတွေ
တစ်ခုခုဆို … ကျန်းမာရေးအတွက် ငွေလိုပြီ ဆိုပါ
လက်ထဲမှာ ပိုက်ထားတဲ့ ငွေထုပ်ကလေးမှ မရှိရင် အ
သူ့ဆီ လိုက်အကူအညီ တောင်းရမလဲပေါ့လေ …

"ကျုပ်ရှိရင်တော့ ကျုပ်က ကြိုနိုင် ဖန်နိုင်မယ်
လူကြီးတွေဆိုတော့ ငွေထုပ်ကလေး ပိုက်ထားရမှ
လုံခြုံမှု ရတယ်တဲ့။ ဖေဖေတို့ မေမေတို့က အဲဒီလို
စေချင်တယ်"

ဒီလိုဆိုတော့လည်း ဘယ်တားလို့ ကောင်းပါ
မလဲနော်။



"အေးမြ … တစ်လုံးတစ်ခဲတည်း ထုတ်ပေးဖို့ မလိုဘူး
နော်၊ လေးငါးခါ ခွဲပေးလည်း ဖြစ်တယ်"

"ငွေလရယ် … ထွက်ပြီဆိုမှတော့၊ ရှင့်မိဘတွေ အားရှိ
အောင် ကျုပ် တစ်ချီတည်းပဲ အမ်းပါ့မယ်။ မြစိမ်း … ရှင်
အမ်းချင်စိတ်ရှိရင် ခွဲယူလို့ ရတယ်နော်"

"မမြရွေး ယူချင်မလား မသိဘူး"

"ဖြစ်တယ်လေ … ယူချင်ယူပါ။ ရှင်တို့ မယူရင်တော့
ကျုပ်ဝဲ ငွေလကို အမ်းလိုက်မယ်။ မမြရွေးက ဆိုင်လိုက်
ထွက်ဖို့ စိတ်ပါရင်လည်း ငွေလ နေရာမှာ ဝင်လို့ရတယ်"

"သေချာတယ် … မထွက်ဖြစ်ဘူး။ လောကကြီးမှာ မမ
မြရွေးလောက် အိပ်ကုပ်တာ မတွေ့ဖူးဘူး။ ဘယ်မှလဲ
မသွား မလာဘူး။ သူ့အိမ် သူ့ရာမှာ အပျော်ဆုံးတဲ့။ သူ့
အိမ်တောင်မှ သူ့အခန်းကလေးတဲ့။ သူ့အခန်းလေးထဲက
သူ့အိပ်ရာပေါ်မှာ …

"သူကြိုက်တဲ့ စာအုပ်တွေ ဖတ်နေရတဲ့ စည်းစိမ်ကို
အမက်မောဆုံးတဲ့။ ဆားနဲ့ပဲ စားရ စားရ၊ လောဘနည်း
သလောက် ရောင့်ရဲတယ်တဲ့။ ခုဆို … ပိုတောင် အပြင်မ
ထွက်ဖြစ်တော့ဘူး။ ဟိုလူပြန်အမ်းခဲ့တဲ့ ပိုက်ဆံတွေ …
လက်ထဲပိုက်ပြီး ငွေသေနေလို့ ယူချင်မလား သွားမေးရင်၊
မြစိမ်း သဘောလို့ ပြောမှာ"

"ဒီအစ်မတစ်ယောက်ကိုတော့ ကိုယ်က အကြီးလှန်ပြီး
ဦးဆောင်ရတော့မယ် ထင်တယ်နော်၊ တစ်သက်လုံး"

"သိပ်သေချာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ကျော်မျိုးဝင်း အပေါ် ရွံရှာနာကြည်
စိတ်တွေ ထကြွသောင်းကျန်းလာရပြန်၏။ တစ်ဆက်တည်း
မြင်မိသည်က "မင်းအံ့ထူး"။ သူ့ကို မုန်းလည်း မုန်းပါရဲ့
အမြင်လည်း ကတ်ပါရဲ့။ ကျော်မျိုးဝင်းနှင့် အတူလိုက်ပါ အကျ
ဆောင်ခဲ့သူမို့ နာကြည်းစိတ်နှင့် အခဲမကြေလည်း ဖြစ်မိပါရဲ့
ပြီးတော့ ... သူဟာ ကိုယ့်အတွေးတွေကို စိုးမိုးခြယ်လှယ်ခြ
ခံနေရတဲ့ ကိုယ့်အဖြစ်ကို စိတ်လည်းပျက်မိပါရဲ့။ သူ့အတွ
ကိုယ့်ရဲ့ အိပ်ပျက်ညတွေကို နမြောတသစွာ သူ့ကို စိတ်ဆိုး
လည်း နေမိပါသေးရဲ့။

ရှင် ဘယ်လိုလူလဲ မင်းအံ့ထူးရယ်။
တော်ရုံ စိုးမိုးပါ။

* ၆ *



## ၈

ငွေလရဲ့ကိစ္စတွေက လျင်မြန်စွာ ပြီးမြောက်သွားရ
သည်မို့ ထွန်းနိုင်ထွန်းနှင့် အေးမြတို့ရဲ့ စေ့စပ်ပွဲမှာ ငွေလ မရှိ
တော့ပါ။

အရှိန်ရပ်နေသည့် အေးမြကို ကြည့်ရင်း မြစိမ်း
သနားနေမိသည်။ သူများတကာ မင်္ဂလာယူနေသည့် အချိန်
မြစိမ်းက မပျော်နိုင်အောင်ဖြစ်ကာ အေးမြကို သနားနေမိ
သည်။ ထွန်းနိုင်ထွန်းလည်း ပျော်တော့ ပျော်တာပေမဲ့ အေးမြ
အပျော်ကိုတော့ မမီနိုင်ပါ။ အေးမြ ခမျာ ထွန်းနိုင်ထွန်းကို ခြေမ
ကိုင်မိ လက်မကိုင်မိ ဆိုသလောက်ကို ပျာယာခတ်စွာ ချစ်ရှာ၏။

"ညည်းကလည်း လွန်လိုက်တာ။ အဲဒီလောက် သည်းပြ
နေရင် ဟိုကရောင့်တက်လိမ့်မယ်"

"ထွင်း" "ထွင်း"နှင့် နှုတ်ဖျားမချ အကဲပါလွန်း
နေသည့် အေးမြကို မျက်စောင်းထိုး၍ မုန်းမိတော့၏။

"သည်းလို့သာ ရောင့်တက်ကြေးဆိုရင် ... ငါလည်းရောင့်
တက်ဖို့ ရှိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက ညည်းလောက် မသည်းပါဘူးနော်"

"ဒါတော့ … ကျုပ်အသိုင်းအဝိုင်းထဲမှာလေ။ ရှက်ပြီး ဆင်ခြင်တာပေါ့။ နှစ်ယောက်တည်းကျတော့ ဘယ်လောက် အလိုလိုက် သည်းသည်းလှုပ်သလဲ ဆိုတာ ညည်းမှ မသိဘဲ။ ဘယ်လောက် ဆတ်ဆတ်တုန် ချစ်ပြသလဲဆိုတာ ညည်းမှ မသိဘဲ အပျိုကြီးမရဲ့"

"အောင်မယ် … အောင်မယ် … အစိတ်ပြည့်ဖို့တောင် နှစ်နှစ်၊ သုံးနှစ် လိုသေးတယ်။ အပျိုကြီးစာရင်းမဝင်သေးဘူး ညည်းသာ ရည်းစားထားစောပြီး ယောကျ်ားယူ စောတာ"

"နောက်တောင် ကျနေပြီ သိလား"

"နားကလောပါဘိ။ ကျုပ်ညီမသာဆို ရိုက်ပစ်လိုက်ပြီ။ ဟိုကဖြင့် အေးဆေး။ ညည်းကို ကြွေပြတာလည်း တစ်ခါမှ မတွေ့ဖူးပေါင်"

"ကြွေရှာပါတယ်ဟယ် … ငါ ဈေးပင်သွားရင် ရှိသမျှ အထုပ်တွေ သူမ ဆွဲတယ်၊ သူက ကြေးအိုးကြိုက်တယ်၊ ငါက လက်သုပ်စုံ ကြိုက်တယ်။ ဗိုလ်ချုပ်ဈေးသွားရင် သူက လက်သုပ်စုံ လိုက်စားတာချည်းပဲ၊ သူ့အကြိုက်နဲ့ ကျုပ်အကြိုက်နဲ့ မတူညီဘဲ ကွဲပြားနေရင် …

"သူ့အကြိုက်ကို စွန့်လွှတ်ပြီး ကျုပ်အကြိုက်ကို လိုက်တာချည်းပဲ။ သူနဲ့တွေ့တိုင်းလည်း … တစ်နေ့ မပြတ် စေရဘူး၊ တကယ် … နေ့တိုင်း လက်ဆောင်ပါတယ်။ တစ်ခါတလေ … ပန်းလေးတစ်ပွင့်ဖြစ်ဖြစ်၊ တစ်ခါတလေ ကျတော့ အရုပ်ပေါက်စလေး။ ကုန်တိုက်တွေ သွားရင်း



တွေ့လို့တဲ့ ပန်းအိုးပေါက်စလေးတွေလည်း ဝယ်ဝယ်လာ တယ်"

ငွေကုန်ကြေးကျ မများလိုက်တာနော် … ဟု တွေး အမှတ်မပေးနိုင်အောင်ပင်။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းနေတာ သေဖန်ပစ်ချင်၏။

"တစ်ခါကဆို … ကျုပ်ဖက်ကြောတွေတက်လို့ ခေါင်းကို ချုပ်နေမိတာ … ဖက်ကြောတက်လား ဆိုပြီး ဆွဲပေးမလို့ လက်ကြီးလာတာ … မနည်းဟိုးနိုင်းရတယ်။ လက်မှမ ထပ်ရသေးတာ ဟိုကိုင် ဒီကိုင် မကြိုက်ဘူး ဆိုတော့ မျက်နှာငယ်လေးနဲ့ … သူက စေတနာသန့်သန့်ပါတဲ့။ အခွင့်အရေးသမား မဟုတ်ပါဘူးတဲ့။ တောင်းပန်လိုက်တာ …

"နေတာ ထိုင်တာလည်း သိပ်စည်းကမ်း ရှိပါတယ်။ တယုတယလေးတွေသာ သိပ်လုပ်ပေးတာ။ လိမ္မော်သီး တစ်လုံးစားမလို့ ရှေ့မှာ ချလိုက်တာနဲ့၊ သူပဲယူပြီး အခွံခွာ၊ အမွေးသင်၊ အမြှာခွဲ၊ အစေ့ထုတ်ပြီးမှ လိမ္မော်မြှာလေး ကို အဆင်သင့် ကောက်ကော့လေး လုပ်ပေးလိုက်တယ် …

"အဲဒီလိုလုပ်လို့ ပါးစပ်ထဲ လာခွံ့မယ် မထင်ပါနဲ့။ အဲဒါမျိုးကျတော့ သိပ်စည်းကမ်းရှိတယ်။ ပန်းကန်ပြားလေး ထဲမှာပဲ စီထည့်ပေးတာ။ တို့က အားနာလို့ ပြောပါတယ်။ ဒါတွေဟာ လုပ်ခြင်းလုပ်ရင် အေးမြ လုပ်ရမှာ ထွန်ရဲ လုပ်ပေးဖို့ မလိုပါဘူးလို့၊ ဟုတ်တယ်လေ … ဒါ မိန်းမသား အလုပ်မှုလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောလဲ ... ဘာလို့ လုပ်ပေးတာတဲ့လဲ"

"သူနဲ့ လက်ထပ်ပြီးရင် ... အေးမြ အလုပ် ... ဘာတ
မှ မရှိစေရဘူးတဲ့။ ဝေယျာဝစ္စ မှန်သမျှ သူချည်းလုပ်ပေ
တဲ့။ မီဘနဲ့တူတူ မနေဘဲ ခွဲနေရင်တောင်၊ အိမ်မှုကိစ္စ
အားလုံး ... အိမ်မှာ အလုပ်သမားပြတ်ရင် ... သူချည်း
လုပ်မယ်တဲ့၊ လုပ်လည်း လုပ်တတ်တယ်တဲ့ ..."

"သူတို့အိမ်မှာ တစ်ခါတလေ အိမ်ဖော်ပြတ်တဲ့ အခါ
များများလည်း မထားနိုင်တော့လေ၊ တစ်ယောက်မရှိ
တစ်ယောက်ကျန်တယ်၊ နှစ်ယောက်ကျန်တယ် ဆိုတာမျိုး
မှ မရှိတာ၊ တစ်ယောက် ပြန်သွားရင်၊ အိမ်ဖော်ပြတ်တာပဲ
အဲဒီအခါကျ ... သူကာ အမေနဲ့ ဝိုင်းလုပ်ပေးနေကျတဲ့ ..."

"အမေတုန်းကလည်း ကူညီခဲ့တယ်ဆိုတော့ အေးမြ
ကျလည်း ကူညီဖို့ လုံးဝဝန်မလေးဘူးတဲ့။ သူ့အမေ ပင်
ပန်းမှာ စိုးသလို အေးမြ ပင်ပန်းမှာလည်း စိုးတယ်တဲ့
ကားမပါတက်တော့မယ် ဆိုရင်လည်း သူတံခါးဖွင့်ပေးမှ
တက်ရတယ်၊ ဆင်းကာနီးကျရင်လည်း သူ တံခါးဖွင့်ပေး
မှ ဆင်းရတယ်"

"ရှင်တို့အိမ်မှာ ရှင့်အဖေက ရှင့်အမေကို အဲဒါမျိုးတွေ
လုပ်ပေးလား"

"ဟင့်အင်း ... ပေးလိုက်တာ။ လုပ်ပေးဖို့ နေနေသာသာ
အနိုင်းထူလွန်းလို့ မေမေနဲ့ တကျက်ကျက်"

အိမ်မှာလည်း ဖေဖေက မေမေနဲ့ တကျက်ကျက်
ဖြစ်တိုင်း၊ ဖေဖေ အနိုင်ကျင့်လို့၊ ဖေဖေ ဟင်းချေးများလို့ ...



သည်၊ စသည် ... ဖေဖေ ယောကျ်ားအခွင့်အရေးတွေ ယူပြီး
ဘုရင်ကြီးတစ်ဆူလို မင်းမူလွန်းလို့ ဖြစ်ရတာချည်း။

"ထွန်းရိုတို့အိမ်မှာလည်း ထွန့်အဖေနဲ့ အမေဟာ တကျက်
ကျက်ပဲတဲ့။ ထွန့်အဖေက အနိုင်းထူပြီး ကိုယ်တိုင် ဘာမှ
မလုပ်လို့တဲ့။ အဲဒီသင်ခန်းစာယူပြီး သူ့အလှည့်ကျရင်
ချစ်သူကို ဘာမှမခိုင်းဘဲ အလုကြည့်ထားမယ်လို့ ဆုံးဖြတ်
လိုက်တာတဲ့"

"ရှင့်ကိုယ်ရှင် အလွန်အင်မတန် ကံကောင်းသော မိန်းမ
လို့ ဂုဏ်ယူပြီး ပျော်ရွှင်နေတယ်ပေါ့"

"ဟင်း ... ဟင်း ... ရှင့်အလှည့်ကျရင်လည်း ပျော်ရမှာပါ"

"အို ... ဘာဆိုင်လဲ"

"ရှင့်ကိုချစ်တဲ့သူဟာ ထွန့်ရိုလိုပဲ မိန်းမသားဦးစားပေးစနစ်
နဲ့ အချစ်လွန်မေတ္တာသမားပဲ ဖြစ်မှာ"

"ဪ ... ကျုပ်က ဘယ်သူနဲ့ ကြိုက်ရမှာမို့ ရှင်က ခုတ်
သိ ဗေဒင်ဟောနေတာလဲ"

"ဒါတော့ ... ခုခေတ်က မိန်းမသားဦးစားပေးဆိုတော့...
ဒီလိုပဲ တွေးကြည့်တာ"

တဟင်းဟင်း ရယ်နေသည့် အေးမြကိုကြည့်ကာ
အမြင်ကတ်စိတ်တောင် ဖြစ်ရတော့သည်။

အဲသည်ပွဲသို့ မင်းအံ့ တက်ရောက်ပါသည်။ အေးမြ
တို့ အိမ်မှာပဲ စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံစကားပြောခြင်း
ဖြစ်၏။ အေးမြတို့ အနေအထားနှင့်ဆိုလျှင် စေ့စပ်ပွဲက ဟိုတယ်
ကြီးတစ်ခု၊ စုလျားရစ်ပတ် လက်ထပ်ပွဲက ဟိုတယ်ကြီးတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ခံမွဲက ဟိုတယ်ကြီးတစ်ခု၊ ပြီးတော့ မင်္ဂလာဦးဆွမ်းကျွေး ... ဟူ၍ ဒိတ်ဒိတ်ကြဲ ဟိုတယ်ကြီးလေးခုမှာ ခြိမ့်ခြိမ့်သဲသဲကျင်းပပြီး မင်္ဂလာဦး ဆွမ်းကျွေးမှာ မင်္ဂလာဦးဒါနအဖြစ် ပုံအော၍ လှူဒါန်းဦးမှာ ဖြစ်သည်။ ခုတော့ ... အေးမြက သတို့သားလောင်းကို ညာတာ,တာ ဖြစ်နိုင်၏။ အေးမြတို့ အိမ်မှာ လက်ခံစကားပြောသည် ဆိုတော့ အေးမြတို့ကပဲ၊ ကြွရောက်လာသည့် ပရိသတ်တို့ကို တည်ခင်းဧည့်ခံ ကျွေးမွေးရပါသည်။

မြစိမ်းက အေးမြနားမှာ အဖော်အဖြစ် နေပေးရပါသည်။ စကားစမြည်တွေ ပြောဆိုပြီးစီး ... သတို့သားလောင်းဘက်မှ ဆွေမျိုးသားချင်းများက သတို့သမီးလောင်းလျာကလေးကို ချီးမွမ်းကြ၊ ချစ်ပြကြ၊ ယောက်ျားလေးဘက်က ဆွေမျိုးတွေကြားထဲ၊ အေးမြ မှုပ်သွားတော့မှ မြစိမ်း နားခွင့်ရတော့သည်။ မြစိမ်း ... ခြံထဲသို့ ဆင်းခဲ့၏။ အေးမြတို့ခြံက မြစိမ်းတို့ခြံထက် ပိုကျယ်ပါသည်။ မြစိမ်းတို့ ခြံပင်လျှင် ကေတစ်မတ်ကျော်ကျော်၊ သုံးမူးလောက် ရှိသည်။ အေးမြတို့ခြံကျတော့ ကေငါးမူးတောင် က,ပါ့မလား မသိ။ ခြံထဲမှာ အရိပ်ကောင်းသည့် သစ်ပင်ကြီးတွေ ရှိသလို၊ နေရောင်ခြည်အောက်မှာ အကာအကွယ် မရှိ၊ နေကြိုက်ပန်းပင်တွေကလည်း အမျိုးအစား စုံလင်သလောက် အရောင်အသွေး စုံလင်၏။

စင်ဆောက်၊ ပိုက်ကွန်အုပ်၍ စိုက်ပျိုးထားသော သစ်ခွမျိုးစုံက စင်အမိုးထက်ဆီမှ သစ်သားခြင်းကလေးများဖြင့် တွဲလွဲကျနေလျက်၊ အဲသည်အောက်မှာ သစ်ခွထက်တောင် နေပိုကြောက်သေးသည့် ဗီန်းပန်းအိုးတွေကလည်း လှမှလှ။ ပန်းခင်း



အသွားမန်းခင်တွေကို တစ်ဝင်ေးပြီးတော့မှ အရိပ်ကောင်း အပင်ကြီးများဆီသို့ ရောက်၏။ အချို့အပင်ကြီးများအောက်ခြေတွင် အိုင်ခုံအဖြစ် သစ်သားတန်း ပတ်လည်ရိုက်ထားတာတွေရှိ၏။ မြစိမ်းက အဲသည်ခုံတန်းတစ်ခုပေါ် ထိုင်ချသည်။

လတ်ဆတ်လေနှင့် အေးမြခြင်းတို့က မြစိမ်းကို အမောပြေစေ၏။ ချစ်လှစွာသော သူငယ်ချင်း၏ စေ့စပ်ပွဲမို့ မြစိမ်း ပျော်ပါသည်။ တစ်ပြိုင်တည်းမှာ ... ထွင့်နိုင်တွန်းယာ ကိုယ်တိုင် မပြည့်စုံသူမို့ အလျှံပယ် သူဌေးမလေး အေးမြကို အရမ်းလေသလား ... ဟူသည့် သံသယသောက,ကလည်း ပြင်းထန်၏။ အပျော်နှင့် သောကတို့ ဗိုလ်လုပွဲမှာ အရှုံးအနိုင် မရှိ၊ သရေကိုမျိုး ဖြစ်ရတော့ ရင်ခွင်သည် အားပြိုင်ရာ ကြမ်းခင်းသဖွယ်သည်။

"ဖန့်ကလေး"

ရုတ်တရက် ခေါ်သံကြောင့် လန့်ဖျပ် လှည့်ကြည့်မိ၏။ အသံတစ်ခုခု ကြားလိုက်လို့သာ ရုတ်တရက် လှည့်လိုက်ပေမဲ့ ကိုယ့်ကို ခေါ်မှန်းတောင် နားထဲမှာ မသေချာ။

"ဖန့်ကလေး"

ဒုတိယတစ်ခွန်းကို ကြားတော့မှပဲ ကိုယ့်ကို ဘယ်သူမှ မခေါ်သည့် နာမည်နှင့် ခေါ်လိုက်ပါလားဟု သဘောပေါက်သွားသည်။

"ပင်ပန်းသွားလို့လား"

"မပင်ပန်းပါဘူး၊ ဒီနေရာလေးက အေးလို့"

"ဖန့်ကလေးကို ကျွန်တော် အရမ်းချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက် အလဲထိုး ခံလိုက်ရသလို၊ နင့်ခနဲတောင် ဖြစ်သွားရသည်။ မဆီမဆိုင် ... အဆက်အစပ်မရှိ စကားကို ဆို ပေမဲ့၊ ဒါဟာ ချစ်ရေးဆိုတာတော့ ချစ်ရေးဆိုတာပဲ ဖြစ်၏။

"မဖြစ်နိုင်ဘူး မင်းအုံ"

ချက်ချင်း ပြန်ပြောနိုင်သည့် ကိုယ့်ကိုယ်ကိုယ် ဖြင့် တင်ချီးကျူးဆဲမှာပဲ ရင်ထဲမှာ ပရမ်းပတာ လှိုက်ခါနေတာကို ငြင်းမရချေ။

"ကျွန်တော် ချစ်တယ် ဆိုတာကို မယုံတာလား"

"အဲဒါကိုလည်း မယုံဘူး၊ ယုံတယ်ဆိုရင်တောင် မဖြစ်နိုင် ဘူး၊ ကျွန်မ ယတိပြတ် ငြင်းပါတယ်"

နေရာမှ ထသွားလိုက်ဖို့ စိတ်ကူးမိပါသေးသည်။ ဘာကြောင့်မှန်း မသိ။ မရွေ့ဖြစ်ချေ။

"ဟာ ... ဖန့်ကလေးရယ်၊ ရက်စက်လိုက်တာ၊ ကျွန်တော့် ကို ဒီလောက်ပဲ မုန်းသလား။ မမမြရွေး ကိစ္စမှာ ကျွန်တော် အပြစ်မရှိပါဘူး ဖန့်ကလေးရယ်။ ပွဲကြမ်းမသွားစေဖို့ မမမြရွေး ပစ်စလက်ခတ် လုပ်ထားမှုကြောင့် မနစ်နာသင့် ဘဲ နစ်နာမှာ စိုးတာလည်း ပါပါတယ် ...

"အဲဒီတုန်းက ကျွန်တော်ဟာ ဘယ်သူ့ဘက်သားမှ မဟုတ်ပါဘူး၊ ပြေပြေလည်လည် ဖြစ်စေချင်တဲ့ အနေနဲ့ အတူအညီ တောင်းခံရလို့၊ အစ်ကို ကျော်မျိုးဝင်းကလည်း ကုန်းကြောင်းလျှောက်ဝင်ရရင် မမိုက်ဘူး၊ ကားလိုတယ် အဖော်လိုတယ်၊ အဲဒီမှာ ... နေရာတကာ စပ်စပ် စပ်စပ် ပါတတ်တဲ့ ကျွန်တော် ... ကန့်လန့် ကန့်လန့် ပါလာတာ



"နားလည်ပေးပါ ဖန့်ကလေးရယ်၊ အဲဒီအတွက် ကျွန်တော့်ကို သိပ်မုန်းနေတာလား၊ ပြန်စဉ်းစားပါဦး"

"ပထမအချက်က ... ဘယ်ယောက်ျားကိုမှ ကျွန်မ မေတ္တာ မထားချင်တော့တာပဲ"

တည်ငြိမ်မှု တစ်ခုကို ဖွတ်ဖန်တီးရယူလိုက်နိုင်ပါ သည်။ အပြင်ပန်းက တည်ငြိမ်သွားသည်။ ရင်ထဲမှာတော့ မုန် တိုင်းမွှေဆဲ။ အပြင်တစ်မျိုး အတွဲတစ်မျိုးဖြင့် ဆန့်ကျင်ဘက် ခံစားမှုနှစ်ခုကြားမှာ ဟန်ဆောင်ရသည်မို့ ပင်ပန်းလှပါသည်။ ဘယ်ယောက်ျားကိုမှ မေတ္တာမထားချင်တော့ပါ ... ဟုပြောလိုက် ခြင်းဟာ၊ တကယ်တော့ ခံစားချက် အမှန်ပါ။ ဘယ်ယောက်ျား ကိုမှ မေတ္တာမထားချင်တော့တာသာ ဖြစ်လျက်၊ မေတ္တာမထား တော့တာ မဟုတ်ပါ။ မေတ္တာက သူ့ဘာသာ အလိုအလျောက် ထားမိသွားခဲ့ပြီဆိုတာကို ရှက်စိတ်နာနှင့်အတူ ကိုယ့်ကိုယ်ကိုယ် ခနဲခံရပါမည်။

"ဒုတိယအချက်က ... ရှင့်ကိုဆို ... ပိုကြောက်မိပါတယ်။ အဲဒါကြောင့် ... ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မင်းအုံ"

ပိုကြောက်တာလည်း အမှန်ပါ။ ကြောက်မိတဲ့အ တွက် အချစ်ကို အကြောက်က ဖုံးလွှမ်းခံလိုက်ရခြင်း၊ မဖြစ်နိုင် ပါဘူးဟု ဖွတ်ငြင်းရခြင်းတို့ကြောင့် "ရင်ကွဲနာကျသည်" ... ဆို သော ပုံပြင်တွေထဲမှ ခံစားချက်ကို သတိရလိုက်မိပါသည်။ မင်းအုံ ... ကျွန်မ ရင်ကွဲနာ ကျရပြီ။ ရှင် သိလား ... ဟု သူ့ တစ်ကိုယ်လုံးကို ထုထောင်းရိုက်ပုတ် နှိပ်စက်ပြီး အော်၍ အော်၍

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်၏။ ငို၍ ငို၍ ပြောချင်၏။ မျက်ရည်သည် ... မြစ်မင်း မပိုင်နိုင်သည့် အရာတွေထဲမှာ ရှေ့ဆုံးက ပါဝင်၏။ အတန်တန် ထိန်းသည့်ကြားမှ အိခနဲ ဝိုင်းသည်။

"ဖန့်ကလေးရယ် ... ကျွန်တော် ဘယ်လိုတောင်းပန်ရမလဲ ဗျာ"

မင်းအံ့ ... မြစ်မင်းရှေ့ မြေကြီးပေါ်မှာ ဒူးထောက် လိုက်တော့သည်။ တွင်တွင်ငုံ့နေသည့် မြစ်မင်းကို မော့ကြည့်လျက် မျက်ဝန်းချင်းဆုံဖို့ ကြိုးစားသည်။ မြစ်မင်း မျက်နှာကို မော့လိုက် ၏။ ဘေးနားမှာ ချထားသည့် လက်ကိုင်အိတ်ကိုဖွင့်ကာ တစ်ရှူး တစ်ရွက်ကို ခပ်ပြောင်ပြောင်ပဲ ထုတ်ယူလျက် မျက်ဝန်းတစ်ဝိုက် ကို တို့သုတ်လိုက်တော့သည်။

"ဟာ ... ဖန့်ကလေး မျက်ရည်မကျပါနဲ့၊ ကျွန်တော့်ကို ရိုက်ချင်ရိုက်ပါ"

"ကျွန်မတို့ မိန်းမသားတွေမှာ မျက်ရည်ဟာ အဖော်ပါ။ ဝမ်းနည်းကြေကွဲတဲ့အခါ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်တဲ့အခါ၊ အဆမတန် ဒေါသထွက်ရတဲ့အခါ ... ပြင်းထန်တဲ့ ခံစားမှု အရှိန်တိုင်းမှာ မျက်ရည်သက်သေ ရှိတတ်ပါတယ်။ အခု ကျွန်မ ငိုတာမဟုတ်ပါဘူး ...

"စော်ကားခံရလေခြင်းရယ်လို့ ပေါက်ကွဲတဲ့ ခံစားမှု ကြောင့် မျက်ရည်ကျတာဝါ"

"ဖန့်ကလေး ... ကျွန်တော် မစော်ကားရပါလား ဖန့်က လေးရယ်၊ ကျွန်တော် ဘာပြောမိလို့လဲ"



"အခု ... ကျွန်မကို ပြောတဲ့ စကားမျိုး ... ရှင် ... ငွေလ ကိုလည်း ပြောခဲ့တာပဲ မဟုတ်လား၊ ငွေလ မရှိမှ ကျွန်မ ဘက် လှည့်လာခြင်းဟာလည်း စော်ကားခြင်း တစ်မျိုးပဲ။ ဒါ ... ကျွန်မက ပထမလူ ဖြစ်ချင်လို့ ပြောတာ မဟုတ် ဘူး"

"ဖန့်ကလေးရယ် ... ကျွန်တော့် တစ်သက်မှာ ဖန့်ကလေး ကလွဲရင် ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောဖူးပါ ဘူး။ ငွေလကိုလည်း မပြောခဲ့ပါဘူး၊ တရင်းတနှီး ရှိတာ ကတော့၊ ငွေလ ကျွန်တော့်ကို စိတ်နာနေတဲ့သူမှ မဟုတ်ဘဲ။ ခင်မင်တာပါ"

"မင်းအံ့ ... ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောဖူး ဘူးဆိုတဲ့ စကားကို ကျွန်မ လုံးဝအယုံအကြည် မရှိဘူး။ ရှင်ဟာ လိမ်ညာဖို့လည်း ဝန်မလေးတဲ့သူပဲ"

"ထိုးနှက်ချက် ပြင်းထန်လိုက်တာ ဖန့်ကလေးရယ်၊ ကျွန်တော့်အသက် နှစ်ဆယ့်သုံးနှစ် အတွင်းမှာ ပြောခဲ့သမျှ စကားတွေ အားလုံးဟာ အလိမ်အညာတွေချည်းပဲ ဆိုရင် တောင် ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောခဲ့ဖူး ဘူး ဆိုတာရယ် ...

"ဖန့်ကလေးကို ချစ်တယ်ဆိုတာရယ်၊ အဲဒီဝါကျနှစ် ကြောင်းကတော့ မှန်သောသစ္စာစကားပါ၊ ဖန့်ကလေးယုံ အောင် ကျွန်တော် ဘာလုပ်ပြရမလဲ၊ ခက်လိုက်တာ ဖန့် ကလေးရယ်"

"ကျွန်မရှေ့က ထပါတော့၊ လူမြင်လို့ မကောင်းဘူး"

www.burmeseclassic.com



မင်းအံ့ မတ်တတ်ထရပ်၏။

"ဖန့်ကလေး ... ချစ်တယ် မချစ်ဘူး ဆိုတာကတော့ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်အခွင့်အရေးပါ။ ကျွန်တော် ... သိပ်ချစ်နေပေမဲ့ ဖန့်ကလေး ပြန်ချစ်ချင်မှ ချစ်မှာပေါ့။ အဲဒါ ဖန့်ကလေးရဲ့ အခွင့်အရေးပါ။ ဒါပေမဲ့ ... ကျွန်တော် ဖန့်ကလေးကို မစော်ကားဘူး ...

"စော်ကား မော်ကား ပြောဆိုလိုစိတ် လုံးဝမရှိဘူး။ ချစ်တယ်လို့ ပြောမိတာ၊ စော်ကားတယ်လို့ သတ်မှတ်ရော့လား ဖန့်ကလေးရယ်။ ပြီးတော့ ... ကျွန်တော် ... ခုချိန်ထိ ဘယ်မိန်းကလေး တစ်ယောက်ကိုမှ ချစ်တယ်လို့ မပြောဖူးသေးတာလည်း အမှန်ပါ။ ကျွန်တော့်ဘဝမှာ ပထမဆုံး ချစ်မိသူဟာ ဖန့်ကလေးပါ ...

"ကျွန်တော် ရည်းစားမထားခဲ့ဖူးတာဟာ၊ ကျွန်တော့်ကိုယ်ကျွန်တော် သီကွာမြင့်အောင် တကူးတက ထိန်းသိမ်းထားတာလည်း မဟုတ်ဘူး၊ ရင်ထဲကကို ဘယ်သူ့ကိုမှ မချစ်မိတာ၊ ဘယ်သူ့ကိုမှ စိတ်မဝင်စားတာ၊ ကျွန်တော့်ရင်ထဲမှာ အချစ်ဆိုတဲ့ ခံစားမှုကို မဖြစ်ထွန်းခဲ့တာ ...

"ဖန့်ကလေးကိုတွေ့မှ ရုတ်တရက်ကြီး ပေါက်ကွဲချစ်မိသွားတာ၊ ဖန့်ကလေးကို သိပ်ချစ်ပါတယ်ဗျာ ... ကျွန်တော့်ကို ပြန်မချစ်ရင်လည်း နေပါ။ မမမြရွှေးတို့ အစ်ကိုမျိုးကျော်ဝင်းတို့ ကိစ္စထဲမှာ ဝင်ပါခဲ့မိတာကိုတော့ ခွင့်လွှတ်ပေးပါ။ အဲဒီအတွက် သိပ်မုန်းနေတယ် ဆိုရင်တောင်၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ ...



"ကျွန်တော် ... ဖန့်ကလေးကို ချစ်ခွင့်မရရင်တောင်မှ မိတ်ဆွေသူငယ်ချင်းလို ဖန့်ကလေးနားမှာ ရှိနေခွင့် ရချင်ပါတယ်။ ဖန့်ကလေး လိုအပ်ရင် အကူအညီ ပေးချင်တယ်၊ ခိုင်းရင်လုပ်ပေးချင်တယ်၊ ဖန့်ကလေးရယ် ... ကျွန်တော့်ကို အလကားကောင်လို့ အထင်သေးချင်လည်းသေးပါ ...

"ကျွန်တော် ... ဖန့်ကလေးနားမှာ ရစ်ဝဲ ရစ်ဝဲနဲ့ ရှိနေခွင့်တော့ ပေးပါ။ သခင်မ မျက်နှာကို မော်ဖူးနေချင်တဲ့ အိမ်တော်ပါ ကျွန်ရင်းဘဝကို ရောက်ချင်လည်းရောက်တော့။ ကျွန်တော်လည်း မာနရှိတဲ့ လူသားပါ။ ယောကျ်ားပါ။ ဒီလောက် အောက်ကျနောက်ကျခံတဲ့ စကားမျိုးကို ကျွန်တော့်တစ်သက်မှာ ဘယ်သူ့ကိုမှ မပြောဖူးဘူး ...

"ဘယ်တုန်းကမှ မာနနဲ့ သိက္ခာကို ချခဲ့တဲ့ကောင်လည်း မဟုတ်ပါဘူး၊ ဖန့်ကလေး စွပ်စွဲချင်တဲ့ ကောင်မလေးတွေ ... ကျွန်တော့်ပတ်ဝန်းကျင်မှာ ရှုပ်ရှုပ်ထွေးထွေး အမြဲရှိနေတာဟာ၊ သူတို့ကသာ လာရောက်ပတ်သက်နေကြတာ၊ ကျွန်တော်က တကူးတက သွားရောက် ပတ်သက်ရတာမျိုး၊ ဖန့်ကလေးကလွဲပြီး တစ်ယောက်မှ မရှိဘူး ...

"မြစိမ်းရောင်ကို နေ့တိုင်းလို ရောက်ပြီး ငပေါငကြောင် လာလုပ်နေရတာဟာလည်း ဖန့်ကလေး တစ်မျက်နှာတည်းကြောင့်ပါ။ ဖန့်ကလေးရှေ့မှာ ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာ၊ ကျွန်တော့်မာနနဲ့ ကျွန်တော့်အတ္တတွေ အကုန်လုံး သွန်ချပေးခဲ့ပါတယ်၊ ဖန့်ကလေး စိတ်တိုင်းကျ အထင်သေးပါတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ နောက်နေ့တွေမှာလည်း မြစိမ်းရောင်မှာ ငပေါ ငကြောင် တစ်ကောင်ဟာ အခဲစားရောက်နေဦးမှာပါပဲ၊ ဒါကို ... ကျွန်တော် ... ဝင့်ကြွေးလို့တောင် မသတ်မှတ်ရက်ပဲ ပျော်ပျော်ရွှင်ရွှင် လာရောက်ပတ်သက်နေမိဦးမှာပါပဲ၊ ဒီနေ့တော့ ... ကျွန်တော် ပြန်ပြီ ...

"ကျွန်တော် ... ဘယ်သူနဲ့မှ မျက်နှာချင်းဆိုင်နိုင်တဲ့ ခွန်အား မရှိတော့လို့ပါ။ စိတ်ဆိုးတာလည်း မဟုတ်ဘူး။ ဖန့်ကလေးနဲ့ ပတ်သက်သမျှ ငြိုငြင်စိတ်ကလေးတောင် မမွေးနိုင်တဲ့ ... ကျွန်တော် ... အလကားကောင် နှစ်ပြားမတန်ယောကျ်ားပါဗျာ"

ဝါကျရှည်ကြီးတွေ တစ်ဝကြီးပြောပြီး ကျောခိုင်းထွက်သွားသူ၏ ကျောပြင်ကို မြစိမ်း လိုက်ငေးကြည့်နေမိတော့၏။ လေတိုက်သည်မို့ သစ်ပင်ကြီးများ ယိမ်းထိုးလျက် သစ်ရွက်ခတ်သံတွေကို မြစိမ်း နားထဲမှာ ... ဖန့်ကလေး၊ ဖန့်ကလေး ... ဟု ကြားနေမိသည်။

တင်းထားသမျှ မာနတွေ ဝေါခနဲ ကျလေ၏။ နောက်မှ ပြေးလိုက်ကာ သူ့ကို ဆွဲလှည့်လျက် မျက်နှာချင်းဆိုင် ပစ်လိုက်ချင်၏။ သူ့ရှေ့ မြေပြင်မှာ ဒူးထောက်လျက် သူ့မျက်နှာကို မော်ဖူးချင်သည်။

"ကျွန်မပိုင်တဲ့ မာနနဲ့ ကျွန်မရဲ့အတ္တ၊ ကျွန်မရဲ့ ဂုဏ်သိက္ခာတွေ အကုန်လုံး ရှင့်ခြေဖျားရှေ့ မြေပြင်ပေါ်မှာ လာချပေးတာပါ မင်းအုံ့ရယ်"... ဟု ပြောလိုက်ချင်၏။



သို့ပေမဲ့ ... လူက ငြိမ်သက်လျက်သာ ရှိတော့သည်။ ...ခွင်သည် မှန်တိုင်း ကျရောက်သည်မို့ ပရမ်းပတာ ကြေကွဲ...ငြိုက်ကုန်သကဲ့သို့ ခံစားရသည်။ ဒီလူတစ်ယောက်ကို မချစ်မိ...အောင် ကြံ့ကြံ့ခံ ဖွဲ့တင်းနေသည့် ကိုယ့်မာနကို ကိုယ်မုန်းသည်။ ...ငွေ့အတေားကြီးမှာ နာကြည်းနေမိသည့် ကိုယ့်စိတ်ဓာတ်ကို ...ကိုယ်မုန်းသည်။ ချစ်တတ်သူ လူတစ်ယောက်၏ အချစ်ကို ချစ်မိ...ခြင်းဖြင့် မခံယူနိုင်သော ကိုယ့်ရဲ့ မာဆတ်ဆတ် နှလုံးသားကို ...ကိုယ်မုန်းသည်။ ကိုယ့်တစ်ကိုယ်လုံးသည် မုန်းတီးဖွယ် ပစ္စည်းတွေ...ချည်း တည်ဆောက်ထားသလို ဖြစ်၏။ သူ့ကို သိပ်ချစ်သွား...ပါလျက်၊ မယုံကြည်နိုင်သော၊ မယုံရဲသော၊ မုန်းမျက်နှာကြည်း...သော ခွန်အားတွေက ကိုယ့်နှလုံးသားကို ကျစ်ကျစ်ထုပ်လျက် ...ထုပ်နှောင်၏။ အဲသည် ခွန်အားတွေမှ ရုန်းကန်လွတ်မြောက်...နိုင်စွမ်း ရချင်စမ်းပါဘိ။

တန်ခိုးရှင် တစ်ဦးဦးနဝ့်သာ ကြုံဆုံခွင့် ရပါလျှင် ... အမုန်းခွန်အားများကို ဖယ်ရှားပေးတော်မူပါ ... ဟု ဝပ်တွား...တောင်း ဆုတောင်းလိုက်ချင်ပါသေးသည်။

* ၆ *

အပျော်ရည်တို့ဖြင့် ရွှန်းလက်နေသည့် အောင်မြ...မျက်နှာကြီးက မြင်ပြင်းကတတ်ဖွယ် ကောင်းလှသည်။

"ထွင့်ကလေ ..."

www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်လုံး ထွန်းအကြောင်းတွေကိုနားငြီးသည်ထိ သည်းခံနားထောင်ပေးပြီးပြီ။ ဒါနှင့်လည်း ... ပြောသည့်သူက ပြောလို့မဝသေး။

"ရှင်အေးမြ ... ဒီနေ့အဖို့ရာမှာ အဲဒီ ထွန်းအကြောင်းက ပြောလို့ ကုန်ဦးမှာလား"

"မနေ့က ညနေက ဘုရားတူတူသွားတဲ့ အကြောင်း မပြောရသေးလို့ပါ"

"ဘုရားသွားတာ ဘာမှမဆန်းဘူး၊ ဘာလဲ ... ရှင့်ကို အလိုလိုက်တာ အလိုက်သိတာတွေက ဘုရားသွားတော့လည်း ပြောစရာ မကုန်သေးဘူးလား၊ ဘုရားပေါ်တက်တော့ ရှင့်ဖိနပ်ကိုရော ကိုင်ပေးသေးလား"

"အို ... မဟုတ်က ဟုတ်က။ ဖိနပ်တွေက ကားထဲမှာ ထားခဲ့တာပါ။ မထားခဲ့လည်း ကျုပ်ကသာ သူ့ဖိနပ်ကို ကိုင်ပေးမှာပါ။ အဲဒါကြီးတော့လည်း ဘယ်ခွင့်ပြုပါ့မလဲ"

"တော်သေးတာပေါ့"

"ဒါပေမဲ့ ... ထွန်းက ..."

"တော်ပြီ ... လို့ ပြောနေတယ် အေးမြရယ်။ ထွန်းဆိုတာ သာ ပွတတ်ရင်၊ ကျုပ်နားရွက်တွေ မီးထတောက်နေပြီ။ ရှင့်အတွက် ကော်ဖီတစ်အိုးကို လျှပ်စစ်နဲ့ ကျိုစရာမလိုဘူး။ ကျုပ်နားရွက်ပေါ်တင်ပြီး ကျိုရုံပဲ"

"ရှင်က ကိုယ်ချင်းမှ မစာတာ"

"စာစရာမှ မရှိတာ၊ မစာနိုင်ဘူးပေါ့"



"အမယ် ... ရှင်နဲ့ မင်းအံ့နဲ့ ခြံထဲမှာ အကြာကြီး စကားတွေ ပြောနေကြတာ ကျုပ် သိပါတယ်နော်"

"ပြော ... ဘာဖြစ်လဲ၊ စကားပဲ ပြောတာပေါ့"

"ကျုပ်ကို ထွန်းက ပြောပြီးသား"

"လာပြန်ပလား ... ဒီထွန်း"

"ထွန်းနဲ့ လာပေမဲ့ ပြောမှာက မင်းအံ့ အကြောင်း။ ထွန်းက ပြောတယ်။ မင်းအံ့ တစ်ကောင် ရေလည်ချွေးကြောတဲ့။ အေးမြ သူငယ်ချင်းက မင်းအံ့ကို မချစ်ရုံတင်မကဘူး၊ မုန်းကို မုန်းနေတာတဲ့။ မင်းအံ့ ဒီတစ်ခါလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်တာ တစ်ခါမှ မတွေ့ဖူးသေးဘူးတဲ့၊ မျက်ခွက်ဆိုတဲ့အတိုင်း၊ မင်းအံ့မျက်နှာဟာ ...

"ခွက်စုတ်တစ်ခုလို စုတ်ပြတ်သတ်ပြီး ပြန်သွားလေရဲ့တဲ့။ အေးမြ သူငယ်ချင်းက ပက်ပက်စက်စက် ပြောလွှတ်လိုက်ပုံ ရတယ်တဲ့။ အဲဒီ မြစိမ်းဖန့်ကလည်း အသည်းမာလိုက်တာတဲ့။ အဲဒါ ... အဲဒါ ပြောမလို့၊ ဒါကျတော့ နားထောင်နေတယ်၊ တော်တော့လို့ မပြောဘူး ...

"ရှင့်ကို မနေ့က ဖွင့်ပြောသွားသလား၊ ရှင်က မင်းအံ့ကို နာလောက်တဲ့ စကားလုံးတွေနဲ့ အားရပါးရပစ်ပေါက်လွှတ်လိုက်တယ် မဟုတ်လား"

မြစိမ်း မျက်နှာလေး ငုံ့ကျသွားသည်။ သို့ပေမဲ့ ... ငြိမ့်နှင့် အေးနားဆီ ခပ်ငိုက်ငိုက် ကြည့်နေမိခြင်းသာဖြစ်၏။ ခေါင်းထဲမှာ လှုပ်ရှားယိမ်းထိုးလာသည့်မှို့ ပြောစရာ စကားလုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးကုန်၏။ ဣန္ဒြေမဆည်နိုင်လောက်အောင် ပျက်စီးယိုယွ
သွားရသည့် ကိုယ့်ပုံစံကို ကိုယ်စိတ်ဆိုးပါသည်။

"ရှင့်ကြည့်ရတာ ... လုပ်ချင်တာ လုပ်လိုက်ရလို့ ကျေ
အားရနေတဲ့ သူနဲ့လည်း မတူပါလား"

"လုပ်ချင်တာ လုပ်လိုက်ရတယ်လို့ ဆိုရအောင် ... ကျ
က ... မင်းအုံ့ ချစ်ရေးဆိုလာပါစေလို့ ထိုင်ဆုတောင်း
တာမှ မဟုတ်ဘဲ။ သူက ချစ်တယ် ပြောလာရင် သူ့ ဆ
ဆတ်ခါ နာသွားအောင် စကားလုံးတွေနဲ့ ထိုးနှက်လို
မယ်ဆိုပြီး ထိုင်စောင့်နေတဲ့သူမှ မဟုတ်ဘဲ"

"ထွန့်က ..."

ပြောပြီး ... စကားမဆက်ဘဲ အေးမြရယ်
ထွန့်နှင့် ဝါကျတိုင်းကို စရမှ ဝါကျတစ်ကြောင်း ပြည့်စုံဖြစ်ထွ
ရတော့သည်။

"ရှင့်ကို မင်းအုံ့က အရမ်းချစ်တယ်လို့ ထွန့်က ပြောပေ
ကျုပ် အရမ်းအံ့သြသွားသေးတယ်၊ သိလား"

မြစိမ်း ... လှစ်ခနဲ မော့ကြည့်သည်။

"ဟုတ်တယ် ... ကျုပ်ထင်တာက၊ မင်းအုံ့ ဒီကိုလာ
နေတာ ငွေလဆီ လာတယ် ထင်နေတာ။ ငွေလနဲ့
ရင်းနှီးတယ်၊ စကားတွေပြောကြ၊ ရယ်မောကြ၊ တ
တလေ လက်တွေပါပြီး ထုကြ နှက်ကြတာတောင် ရှိတ
ရှင်နဲ့က စကားသုံးခွန်းပြည့်ရင် ရန်စောင်ပြီ။ ခနဲ့
ဒါပေမဲ့ ... ရှင်ကချည်း ဖြစ်တာပါ။ မင်းအုံ့ကကျော



"ရန်ဖြစ်မှာစိုးလို့ ရန်ရှောင်တဲ့ အနေနဲ့ စကားကို
ထိန်းပြောတဲ့ပုံစံမျိုး၊ ကျုပ်က အဲဒီလောက်ပဲ အကဲခတ်
မိတာ။ ရှင့်ကိုမှ ရှင့်ကိုဆိုတော့ ... အရမ်းအံ့သြသွားတယ်၊
သိလား"

ဟိုတုန်းက စကားတော်တော်နည်းခဲ့သည့် အေးမြ
က ခုတော့ စကားများသူချည်း ဖြစ်နေတော့သည်။ သူ့ရင်ထဲမှာ
အချစ်ရောက်လာပြီးသည်နှင့် အဲသည် အချစ်က ဝါကျတွေကို
ဖန်ဆင်းပေးသည် ထင်ပါရဲ့။

"ထွန့် ပြောတော့ ... မင်းအုံ့ ရှင့်ကို တကယ်အရမ်းချစ်
တာတဲ့။ အဲဒီကောင် ... သေကောင်ပေါင်းလဲ ဆိုလို့တောင်
ကျုပ် ရယ်ရသေးတယ်"

မြစိမ်းက ဘာမှပြန်မပြောဘဲ ကော်ဖီထမျော်တော့
သည်။

"ကျွန်တော့်ဖို့ တစ်ခွက်ပိုဖျော်ပါလို့ မပြောတော့ဘူးနော်၊
ပိုတယ်မှလား"

အသံက အရင်ရောက်ပြီးမှ လူက ဝင်လာသည်။

"ထွန့်ကို ဘယ်မှာထားခဲ့လဲ"

"အေးမြ လူကို စောင့် ... ထိန်းနေတာ မဟုတ်ဘူး၊
ခုလောက်ဆို ... ဗိုလ်ချုပ်ဈေးထဲသွားပြီး ချောချောလှလှ
လေးတွေ ငမ်းချင်ငမ်းနေမှာပေါ့"

"သူများကြားမှာ ကုန်းမတိုက်ပါနဲ့နော်။ ဝင့်လည်းသိတတ်
တယ်။ ကိုယ့်အလှည့်ကျမှ စုတ်ပြတ်သတ်မသွားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"စုတ်ပြတ်သတ်ပြီး နေပါပြီ။ ဒီထက် ပိုစုတ်ရရင် တစ် လွှင့်ဖို့ပဲ ရှိတယ်"

မင်းအုံက အေးမြ စားပွဲရှေ့ကခုံမှာ ဝင်ထိုင်သည်။

"မြစိမ်းရောင်ကို တစ်နေ့ မရောက်ရင် တစ်နှစ် အသ တိုတယ်၊ အဲဒါကြောင့် အသက်ရှည်အောင်လာ ... လာ ရတာ။ မြစိမ်း ... ကျွန်တော်နဲ့ ခေါ်တယ်မှလား၊ စကား ပြောမှာနော်"

ခါတိုင်းလို ရယ်ရွှန်းပတ်ရွှန်းကလေးတွေ လုပ် သူ့ဟာသမှာ သူ မပျော်ဝင်နိုင်တာ အသိသာကြီး ဖြစ်နေသည်။

"မခေါ်ရအောင် ... ကလေးတွေမှ မဟုတ်တာ မင်း ရယ်"

"ဒီဝါကျလေးလောက် ပြန်ရတာကပဲ မဟာကံထူးရှင်ကြီး ဖြစ်ပါပြီ။ ငွေလကို သတိရတယ်။ ငွေလ ရှိရင် သူ့ဘာသ ပြော သူ့ဘာသာရယ်နဲ့ ပွဲစည်တယ်"

"မေးရဦးမယ် မင်းအုံ။ ရှင်နဲ့ ငွေလ ... ငွေလ နိုင်ငံခြ မသွားခင်လေးနားမှာ ရန်ဖြစ် စိတ်ကောက်ကြသေးတ မှလား၊ ရှင် ... ငွေလကို ဘာသွားစလို့လဲ"

အေးမြ မေးခွန်းကို မြစိမ်း စိတ်ဝင်စားသွားမိ သည်။ အဲဒါကို ... သူ နည်းနည်းလေးမှ သတိမထားမိလိုက် မင်းအုံ လာတိုင်း ငွေလနှင့် ရယ်မောပြောဆို ထုနှက်ရိုက်ပု နေကြတာချည်းပဲ မြင်၏။

"နောက် ... သွားကာနီးလေးကျမှ အရင်လို ပြန်ဖြစ်သွ တာ။ ဟုတ်တယ် မဟုတ်လား"



"အေးမြ ထင်တာပါ"

"အမြင်ရှင့် အမြင်။ ငွေလ ရှင့်ကို နည်းနည်းပါးပါး စိတ်ဆိုးတာလား၊ နည်းနည်းတော့ တန်းသွားတာ အမှန်ပဲ၊ ငွေလက အရမ်းသဘောကောင်းတော့ တော်ရုံ စိတ်ဆိုးတတ်တာ မဟုတ်ဘူး၊ ငွေလလိုလူ စိတ်ဆိုးအောင်ပြောတယ် ဆိုရင်၊ ရှင့်စကားက တော်တော်ဆိုးလို့ပဲ"

"မဆိုးပါဘူး၊ စကားကောင်းပါ"

"စကားကောင်းဆိုရင် ဘာလဲ"

"မပြောချင်ဘူးဗျာ။ အေးမြ ... သူတစ်ပါး ကိုယ်ရေးကိုယ်တာကို အရမ်းစပ်စုတယ်လို့ ထွင့်နိုင်နဲ့ တိုင်မယ်"

"ထွင့်က ... အေးမြ ဘာပြောပြော၊ ဘာလုပ်လုပ် အမြဲထောက်ခံအားပေး သဘောကျနေတာပဲဟာ"

"အားကျတယ်ဗျာ၊ ခင်ဗျားတို့အတွဲ"

"အားကျရင် ကြိုးစားပေါ့"

"ဝီရိယအကျိုးဆိုတာ အခါခပ်သိမ်း မပေါ်ပြင်ဘူးဗျာ၊ ကံ ဆိုတာလည်း ရှိသေးတယ်။ မြစိမ်းရေ ... ကော်ဖီရပြီလား"

မြစိမ်းက ကော်ဖီကရားနှင့်အတူ ပန်းကန်သုံးလုံး ပါ လာချေ၏။ ခုတော့ ... မြစိမ်းတဲ့။ မနေ့ကတော့ ... ဖန့်ကလေးတဲ့။ တော်တော် ဗလောင်းဗလဲ နိုင်တဲ့လူ၊ ကွယ်ရာတစ်မျိုး၊ ရှေ့တင်တစ်မျိုးနဲ့ဟု ဒေါသချိုချိုလေး ထွက်ကာ မျက်စောင်းခဲပစ်လိုက်မိတာ၊ လူမိမှာစိုးသည့်အတွက်၊ မျက်နှာကို ချာခနဲလှည့်ကာ ချောင်းဆိုးချင်ယောင် ဆောင်လိုက်ရပါသည်။

"အေးမြ ... ကျွန်တော် အရင်သောက်လို့ရလား"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ပူတော့ ပူမှာပေါ့"

"မထူးပါဘူး၊ ရင်ထဲမှာလည်း ပူနေတာ"

ကော်ဖီကို ပန်းကန်ထဲသို့ သူ့ဘာသာ ငှဲ့သောက်ရင်း မြစိမ်းကို ခိုးခိုးကြည့်နေတာ၊ မြစိမ်း သူနှင့် မျက်နှာချင်းဆိုင် မဟုတ်ပြား၊ မျက်စန်းထောင့်စွန်းမှာ ပုံရိပ်ထင်ပါသည်။ ဆိုင်ကို ရောက်ကာစနှင့်တောင် မတွေ့တော့ဘဲ သူရောက်လာမှ (အေးမြက သူ့အကြောင်း ပြောပြချိန်လောက်ကတည်းက စတင်တာလည်း ဖြစ်နိုင်သည်) ခေါင်းထဲမှာ ကြည်ကြည်လင်လင်နှင့် လူတကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလို ခံစားရ၏။ မင်းအုံနှင့် စကားစမြည်ပြောချင်စိတ် ဖြစ်မိသည်မို့ စားပွဲမှာ လာထိုင်သည်။

"ကျွန်တော်က ... မြစိမ်း ခေါ်မှ ခေါ်ပါ့မလားလို့"

"ကလေးချင်း ရန်ဖြစ်တာမှ မဟုတ်တာ"

"အင်းလေ ... လူကြီးချင်း ချစ်တယ်ပြောတာပဲဟာ"

"ဟာ ... အေးမြ"

အေးမြက ဝင်ပြောလိုက်သည်မို့ မင်းအုံက ထိတ်လန့်တုန်လှုပ်သွားပုံနှင့် ထ,အော်သည်။ မြစိမ်းက ရှက်ပြုံးလေး တစ်ချက်မဲ ပွင့်ပြီး စိတ်မဆိုးမိ ရှိချေ၏။

"မစ,ပါနဲ့ဗျာ ... သူငယ်ချင်းပေါင်းဆိုတဲ့ အခွင့်အရေးလေးပါ ဆုံးရှုံးသွားပါဦးမယ်"

"မင်းအုံ ဒီလိုကြောက်တတ်ပုံနဲ့တော့ အိမ်ထောင်ရက်သားများကျရင် ... ဘယ်သူနဲ့ပဲကျကျ ... မိန်းမကြောက်ကြီး ဖြစ်မှာပဲ"



"ထွန့်နိုင် သူငယ်ချင်းလေ။ တူတူပေါ့"

"ထွန့်က ကျွန်မကို ကြောက်အော မဟုတ်ပါဘူး၊ ချစ်လို့ အလိုလိုက်တာ"

"ကျွန်တော်က ကြောက်တယ်ဗျာ။ ကဲ ... ကိုယ့်ဘာသာကိုယ် ကြောက်တာ ... ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

ဘိုဘိုဟန့် သီချင်းထဲ သူ့စာသားသွင်းပြီး အော်ဟစ်ဆိုနေပြန်သည်မို့ အေးမြက တခိခိရယ်သည်။ အေးမြဟာ ပြောရဲ ဆိုရဲ၊ နှုတ်ရဲ၊ အရယ်များ၊ စကားများ ဖြစ်လာတာတော့ အမှန်ပါပဲ။ ပြောင်းလဲသွားတာ သိသာသည်။ အဲသည် ပြောင်းလဲချက်ဟာ ကောင်းရဲ့လားလည်း မသိပါ။ မြစိမ်းက အေးမြကို ကြည့်၍ ပြုံးနေဖြစ်၏။ အဲသည် အချိန်မှာ ဆိုင်ထဲသို့ အမျိုးသမီးကြီးတစ်ဦးနှင့် အသက်နှစ်ဆယ် မပြည့်တပြည့်ခန့် မိန်းကလေးတစ်ဦး ဝင်လာ၏။

"ကြွပါ ... ကြည့်ပါ၊ ဘာကြည့်ချင်လဲ မသိဘူးနော်"

အေးမြ ရတ်တရက် ထ၍ကြို့ဆို၏။ ဤစကားလုံးကတော့ အေးမြရော မြစိမ်းပါ နှုတ်သွက်ပြီးသား စကားလုံးဖြစ်၏။ မြစိမ်းကပါ ထရပ်လိုက်သည့်အခါမှာ အေးမြ မြစိမ်းကို လှည့်ကြည့်သည်။

"ရတယ် ... မြစိမ်း"

နှစ်ယောက်တည်းဆိုတော့ အေးမြ တစ်ယောက်တည်း နိုင်ပါသည်။ အေးမြက ... ခုချိန် ရတနာကြည့်ချင်သူလာလျှင် သူပဲ ထ,ပြရလိမ့်မည်ဟု ဆုံးဖြတ်ထားပုံနှင့် ကောင်တာရှေ့သို့ ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖန့်ကလေး"

မြစိမ်း မျက်နှာကြောလျှော့ကာ ရယ်ပြုံးပြုံးဖြစ်သွေး သည်မို့ မင်းအုံ့က အရဲစွန့် ခေါ်လိုက်၏။

"အားလုံးက မြစိမ်းပဲ ခေါ်ပါတယ် မင်းအုံ့ရယ်"

"ကျွန်တော်ကမှ အများနဲ့ မတူချင်တာ"

"ဖန့်ကလေးလို့ ခေါ်ရတာ နည်းနည်းမထောင့်ဘူးလား မြစိမ်း ဆိုတာက ရှောရှောရှူရှူ ထွက်တယ်"

"ဘယ်လောက် ဖင်ပန်း ခက်ခဲတာမှတ်လို့။ ခေါ်မယ်နော် ဖန့်ကလေး။ ဒီလိုလေ ... လူရှေ့ သူရှေ့ မခေါ်ဘူး၊ နှစ်ယောက်တည်းရှိရင် ခေါ်မယ်၊ ဖန့်ကလေး ရှက်မှာစိုးလို့ပါ"

"ရှင်က နာမည်ကို ခေါ်တာတောင် လူရှေ့တစ်မျိုး လူကွယ်ရာတစ်မျိုးဆိုရင် ရှင့်စိတ် ရှင့်ဆန္ဒရဲ့ ခံစားချက်တွေဟာလည်း လူရှေ့သူရှေ့တစ်မျိုး၊ လူကွယ်ရာတစ်မျိုး ဖြစ်နေတော့မှာပေါ့"

"မပြောတတ်ဘူး၊ တခြားဟာတွေတော့ မသိဘူး၊ ကျွန်တော် ဖန့်ကလေးကို ချစ်တာကျတော့ လူရှေ့ရော လူကွယ်ရာရော တူတူပဲ။ အခု ထအော်လိုက်ရမလား၊ ဖန့်ကလေးကို အရမ်းချစ်တယ်လို့၊ ဆိုင်ပြင်ထွက်ပြီး လမ်းမပေါ်မှာအော် ဆိုလည်း ဖြစ်တယ်"

"ရှင့်ကို အရူးထင်ကြမှာပေါ့ ကြားတဲ့သူတွေက"

"ထင်ပစေလေ။ လူတိုင်းဟာ အချစ်နဲ့ ရူးသွပ်ကြတာပဲ။ အချစ်မှာ မရူးသွပ်တဲ့သူ ရှိလား။ ရှိရင် ထွက်ခဲ့"



"ထိုင်ရှိခိုးမလို့လား"

"ရုံသွင်းပြီး ပြစားမလို့၊ ထူးဆန်းလှသား အဖြစ်နဲ့။ ဘယ်လိုလဲ၊ အော်လိုက်ရတော့မလား"

မြစိမ်းက ပေါ့ပေါ့ပါးပါးလေး ရယ်ဖြစ်လိုက်၏။ အားမြ ဈေးစပ်ပွဲနေ့က ခံစားချက်နှင့် မတူဘဲ၊ ရင်ထဲမှာ ပေါ့ပါး မြူးဖျနေ၏။ အဲသည်နေ့က မင်းအုံ့ ပြောခဲ့သည့် စကားတွေကို ဒီနေ့ကျမှ ယုံကြည်ချင်သလို ဖြစ်၏။ မင်းအုံ့ အပေါ် မမုန်းနိုင် ပါပဲ နာကြည်းထားမိသည့် ခွန်အားတွေ ဆုတ်ယုတ်ကုန်သည်။ အမင် ကြိုးစားတာ မဟုတ်ဘဲ အလိုအလျောက် ဖြစ်ပျက်ကြတာ ... ဆုတောင်းတွေလည်း ပြည့်ကုန်ပြီ ထင်ပါရဲ့။ တန်ခိုးရှင် တစ်ဦးက ကူညီဖန်တီးပေးပြီထင်၏။

"ဖန့်ကလေး"

"အဲဒီလိုခေါ်ခွင့် မပေးသေးဘူးလေ"

"ဒါဖြင့် ... အခု ခွင့်တောင်းပြီ။ ဖန့်ကလေး ခေါ်ခွင့်ပြုပါ။ အရင်တောင်းဆိုထားတာတွေကို ဖြည်းဖြည်းမှ ခွင့်ပြုပါ"

"ရှင်က ကိုယ်ကျိုး တော်တော်ရှာတတ်သားပဲ"

"ကိုယ်ကျိုးမှ ကိုယ်မရှာရင် ဘယ်သူရှာပေးမလဲ၊ ဖန့်ကလေး ရှာပေးမလား"

"ခေါ်ခွင့် မကျသေးပါဘူးဆို"

"ခွင့်ပြုပေးပါ ခင်ဗျာ"

မင်းအုံ့လည်း ပိုပျော်လာပုံ ရပါသည်။ သူကတော့ (အားမြ ဈေးစပ်ပွဲနေ့မှာ တစ်မျက်နှာလုံး စုတ်ပြတ်သတ် ကျသွားခဲ့သည်မှလွဲ၍) အမြဲလိုလို ပျော်ရွှင်နေတတ်သူပဲ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမေးတာ မှန်မှန်ဖြေရင် ခေါ်ခွင့်ပြုမယ်"

"ဖန့်ကလေးကို ဘယ်တုန်းကမှ မညာဖူးဘူး"

"ဒါဆိုဖြေတော့ ... ကျွန်မကတော့ သတိမထားမိခဲ့ဘူး စောစောက အေးမြ ပြောမှ သိချင်စိတ် ဖြစ်သွားတာ၊ ရှင် နဲ့ ငွေလ ... နည်းနည်းပါးပါး မကျေမလည် ဖြစ်ခဲ့တာ အမှန်ပဲလား"

"ကျွန်တော့်ဘက်ကတော့ ဘာမှမဖြစ်ဘူး၊ သူ နည်းနည်း တစ်မျိုးဖြစ်သွားတယ်လို့ ထင်တယ်"

"နောက်တော့ ဘယ်လိုပြီးဆုံးသွားလဲ"

"သူ့ဘာသာ အလိုလို ကျေညက်သွားတာပဲ၊ ကျွန်တော် အထူးတလည် ဆောင်ရွက်ပြောဆို ပြုမူလိုက်ရတာ မရှိပါ ဘူး"

"အဲဒီအကြောင်းရင်းက ဘာလဲ"

မင်းအုံ့ အသံ တိတ်သွားတော့သည်။

"ဟင် ... ငွေလ တစ်ခုခု ဖြစ်သွားတယ်လို့ ရှင်ထင်တယ် ဆိုရင် ... ဖြစ်နိုင်ခြေရှိတဲ့ အကြောင်းရင်းကို ရှင် သိလား"

"ဖန့်ကလေး ... ကျွန်တော် မညာချင်ဘူး"

"မညာနဲ့ပေါ့"

"မဖြေချင်ဘူး"

"ဒါဆို ... မရိုးသားမှု တစ်ခုခု ပါဝင်နေပြီ"

စမေးစဉ်က ဒီလောက်ကြီး မဟုတ်ပါ။ မင်းအုံ့ အပေါ် အလိုလိုနေရင်း စိတ်ပြေ၊ ယုံကြည်သွားမိသလို ခံစားချက် ကြောင့် ဗိုလ်ကျအနိုင်ယူလိုက်ချင်စိတ်ရယ်၊ မင်းအုံ့ ... ငွေလကို ချစ်တယ်လို့ မပြောခဲ့ဘူး ဆိုတာ သေချာချင်တာရယ်ကြောင့် မေးခြင်းပါ။ ခုကျမှ ... သိချင်စိတ် ပြင်းထန်လျက် မကျေနပ်၊ မကျေလည်၊ မယုံကြည်ချင်စိတ်တွေ ပြန်ဝင်လာရတော့သည်။ ရင်ထဲ ခံစားမှုကို ထိန်းသိမ်းဖို့ မကြိုးစားသည်မို့ မြစိမ်း မျက်နှာ သိန့်တင်းလာ၏။

မင်းအုံ့ ... တစ်ရံမလပ် ငေးမောနေသူမို့ ချက်ချင်း သိလိုက်သည်။ ခုလေးတင် ရရှိလိုက်သေးသည့် အပျော်လေး ဆောက်ဆုံးမှာ စိုးကြောက်လှပါတော့သည်။

"ကျွန်တော် ... အရိုးသားဆုံး စကားကို ပြောလို့ပါ ဖန့် ကလေးရယ်"

"အဲဒီ အရိုးသားဆုံး ဆိုတဲ့ ဝါကျဟာ တစ်ကြောင်းတည်း၊ တိုတိုလေးဆိုလည်း ကျွန်မ သိချင်တယ်။ ဒါပေမဲ့ ... ရှင် ပြောချင်မှ ပြောပါ။ ကျွန်မအပေါ်မှာ ရှင် အရိုးသားဆုံးနဲ့ အပွင့်လင်းဆုံး ဆက်ဆံချင်တယ် ဆိုရင် ...

"ရှင် ရိုးသားပွင့်လင်းရမဲ့သူဟာ၊ ဒီကမ္ဘာမှာ ကျွန်မ တစ်ယောက်ကလွဲပြီး သူစိမ်းမိန်းကလေး၊ တစ်ယောက်မှ မရှိဘူး ဆိုရင် ... ရှင်ပြောသင့်တယ်လို့ မထင်ဘူးလား။ ကျွန်မဆီမှာ ရှင်ဟာ ဘာတစ်ခုကိုမှ ထိန်ချန်လျှို့ဝှက် ထားဖို့ မသင့်ဘူးလို့ ရှင်မထင်ဘူးလား ...

"ဒါပေမဲ့ ... ရှင်ပြောချင်မှ ပြောပါ။ မပြောချင် လည်း ရပါတယ်။ ဒါ ... ရှင့် ကိုယ်ပိုင် အခွင့်အရေးပဲ။ မပြောချင်ရင် မပြောပါရစေနဲ့လို့ ငြင်းပါ။ အလိမ်အညာ ဝါကျတွေကိုတော့ အစားမထိုးပါနဲ့"

www.burmeseclassic.com



မြစိမ်း လေသံက တော်တော်လေး မာလာသည်။ မျက်နှာထားက တင်းလာသည်။ မင်းအံ့ ငေးကြည့်လျက် သ… ပြင်းမောကို မဟာတ်သာစွာ ချ၏။

"မိန်းမသား တစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်နေ… လို့ပါ ဖန့်ကလေးရယ်"

"ကျွန်မကို အဲဒီနာမည် မခေါ်နဲ့"

"ကဲ … ကျွန်တော် ပြောမယ်"

မင်းအံ့က ခုံပေါ်မှာ ကိုယ်ကို ပြင်ထိုင်၏။ လူ… ရှေ့သို့ နည်းနည်းကိုင်း၏။ ပြီးတော့ … ခပ်တိုးတိုးပဲ ပြောသည်။

"ကျွန်တော် … ဖန့်ကလေးကို ချစ်နေပြီလို့ ပြောလိုက်… လို့ပါ"

"အို … ဘာဆိုင်လဲ"

"ဟုတ်တယ် … ဘာမှတော့ မဆိုင်ဘူး"

"ရှင် ကျွန်မကို ချစ်တာ၊ ငွေလကို ဘာဖြစ်လို့ သွားပြော… စရာလိုသလဲ"

ငွေလက မင်းအံ့ကို မြစိမ်းနှင့် ယှဉ်တွဲ၍ စ… နောက်တာလေးတွေ ရှိ၏။ မြစိမ်းက … ကိုယ့်အစုတ်ထုပ်ကြီး… သူများဘက် မပို့နဲ့ … ဟု မျက်စောင်းလေးချီ၍ ပြန်ပက်ဖူးသည်။

"သူက … ရှင့်ကို၊ သိရဲ့လား။ ရှင်နဲ့သာ အမြဲတည်… တာ၊ ကျုပ်နဲ့က အမြဲရန်ဖြစ်တာ၊ ကျုပ်ကို လက်ညှိုးလာမထိုးနဲ့… ရှင့်ဘက်ကို လက်ခလယ်၊ လက်သူကြွယ်နဲ့ လက်သန်း သုံးချောင်… ပူးကြီး ပြန်ထိုးနေတာ သိရဲ့လား" … ဟု ကက်ကက်လန် … လည်းတွေ့ဖူး၏။ အဲသည်အခါကျ … ငွေလက … ဘွာတေးဆော…



…စိတ်မဆိုးကြေး … ဟု ပြောကာ ဟက်ဟက်ပက်ပက်ကလေး …ယ်နေတတ်တာကို ပြန်သတိရ၏။

"ပြောလေ မင်းအံ့ … ရှင် ဘာဖြစ်လို့ သွားပြောရတာလဲ၊ ကာယကံရှင်ဖြစ်တဲ့ ကျွန်မထက်အရင်၊ ကြားလူတစ်ယောက်ကို ဘာဖြစ်လို့ သွားပြောရတာလဲ၊ ကျွန်မ ဂုဏ်သိက္ခာကျဆင်းစေချင်လို့လား။ မိန်းမသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်နေတယ် ဆိုတာ …

"ဒါကိုပြောတာလား၊ ကျွန်မ ကွယ်ရာမှာ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်တဲ့ စကားကို၊ ရှင် … လူတကာကို လျှောက်ပြောနေတာပဲလား။ ရှင့်ကို ကျွန်မ သိပ်အံ့ဩသွားပြီ။ ရှင် ဘယ်လိုလူလဲဆိုတာ ကျွန်မ လိုက်မမီတော့ဘူး"

"ဖြည်းဖြည်း စိတ်ဆိုးပါ ဖန့်ကလေးရယ်"

"အဲဒီနာမည် မခေါ်နဲ့"

"မြစိမ်းရယ် … ကျွန်တော် မပြောချင်ပဲ ပြောပြပါမယ်။ ကျွန်တော်က ငွေလကို ညှာလို့ပါ။ ကျွန်တော် … မြစိမ်းကို ချစ်နေတယ် ဆိုတာ ငွေလ သိထားဖို့လိုပြီ ထင်လို့ပါ"

"ငွေလ သိတော့ ငွေလက ကျွန်မနဲ့ အောင်သွယ်ပေးမှာတဲ့လား၊ ကျွန်မလို မိန်းမသားက သူစိမ်းယောက်ျားတစ်ယောက် အပေါ် ချစ်ခြင်း မုန်းခြင်းအတွက်၊ ကြားလူ နားသွင်းတာကို လက်ခံမဲ့ လူလား"

"မဟုတ်ပါဘူး ဖန့်ကလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနာမည် မခေါ်နဲ့ဆို"

"မြစိမ်း ... သတိထားမိမလားတော့ မသိဘူး၊ မြစိမ်း
မိန်းမသားတွေ ... မွေးရာပါ တတ်လာတဲ့ ဉာဏ
အရွယ်ရောက် မိန်းမသားတစ်ယောက်ဟာ ကိုယ့်ကို
သူချစ်နေလဲလို့ သိကြတယ်၊ အဲဒါ ... ကျွန်တော်
ယောကျ်ားတွေလည်း သိပါတယ် ...

"ယောကျ်ားတွေက ပိုသိတယ်လို့တောင် ပြောချင်
သေးတယ်။ ကျွန်တော် ပြောရင် မြစိမ်း စိတ်မဆိုးပါနဲ့
ငွေလ ... ရှေ့ဆက်ပြီး စိတ်ကူးယဉ်မိမှာစိုးလို့၊ ကျွန်တော်
ချစ်တာ မြစိမ်းမှန်း သူသိအောင် ပြောရတာပါ"

အြော် ...။ ရင်ထဲမှာ မြည်ကျွေးမိခြင်းပါ။

ငွေလ ... မင်းအံ့ကို စိတ်ဝင်စားစွာ မျှော်လင့်
သည်ဟု ဘေးလူ ... မြစိမ်းလည်း ထင်ခဲ့တာပါပဲ။ ပြီးတော့
ငွေလနဲ့ အမြဲတမ်း နောက်ပြောင်ရယ်မော ထုရိုက်နေတဲ့ မင်း
ဟာလည်း ငွေလကို ချစ်နေတယ်လို့လည်း ထင်ခဲ့တာပါပဲ။
ယောက်သား ဘယ်တော့ ပွင့်လင်းကြမလဲရယ်လို့ စောင့်ကြ
တဲ့ ပရိသတ်ထဲမှာ မြစိမ်း တစ်ယောက်တည်း မဟုတ်၊ အေး
တောင် ပါခဲ့သေးတာပဲ မဟုတ်လား။

"ကျွန်တော်နဲ့ ဝတ်သက်ပြီး ... ငွေလက အထင်တွေမှား
နေရင်၊ နောင်တစ်ချိန်မှာ ပိုဆိုးမှာ စိုးတယ်။ မျက်နှာ
စရာကြီးတွေဖြစ်ပြီး ပြဿနာပိုကြီးသွားမှာစိုးလို့၊ ကျွန်တော်
မြစိမ်းကို ချစ်နေတဲ့အကြောင်း၊ ကာယကံရှင်ဖြစ်တဲ့ မြစိမ်း
ကိုတောင် မပြောရသေးခင် ...



"အမှန်က မပြောရဲသေးလို့ အချိန်ယူနေတုန်းမှာ၊ ဖြစ်ကောင်း ဖြစ်လာနိုင်တဲ့ ပြဿနာကို ကြိုရှင်းလိုက်တဲ့ သဘောပါ။ ဒီလို ပြောရတာ ... ငွေလ ဂုဏ်သိက္ခာ ထိခိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ... ငွေလဟာ ကျွန်တော့် သူငယ်ချင်း၊ ပြီးတော့ ... မိန်းမသား ...

"သူ့ ဂုဏ်သိက္ခာ ကျဆင်းမဲ့ စကားမျိုး၊ ဘေးလူတွေကိုပြောဖို့ ကျွန်တော် ဆင်ခြင်ရမယ်။ ဒါပေမဲ့ ... ဒါကိုမှ မပြောရင်၊ ကျွန်တော် ချစ်နေတဲ့ မြစိမ်းက ကျွန်တော့်အပေါ် အထင်လွဲမယ် ဆိုရင်တော့ ကျွန်တော် မြိုထားလို့ မဖြစ်ဘူး ...

"ကျွန်တော် ရှင်းပြရမှာပဲ။ ကျွန်တော် ... ငွေလကို ပြောတဲ့အခါမှာ၊ သူ့မာနကို မထိပါးအောင်၊ အကူအညီတောင်းတဲ့ အနေနဲ့ ပြောခဲ့ပါတယ်။ ငွေလ တတ်နိုင်သလောက် ကူညီပါလို့ ပြောခဲ့တာ၊ ဒါပေမဲ့ ... ကျွန်တော့် စကားဟာ ငွေလရဲ့ မာနကို ရိုက်ချိုးလိုက်သလိုပါပဲ ...

"သူ ရှက်သွားတယ်။ ကျွန်တော် ဘယ်လိုစဲ နားဝင်ချိုအောင် လှည့်ပြောပြော၊ ငွေလ ... လူအ မဟုတ်ပဲ၊ ကျွန်တော် တစ်ခုခုကို ရိပ်မိလို့ ပြဿနာ ကြိုရှင်းမှန်း သူသိမှာပေါ့။ သူ ... ကျွန်တော့်ကို နှစ်ပတ်လောက် ရှောင်နေတယ်၊ ကျွန်တော် မြစိမ်းရောင်ကို လာရင် အလုပ်မရှိ အလုပ်ရှာ လုပ်နေတယ် ...

"ခေါင်းကိုက်တယ်၊ ဗျာပါနေတယ်နဲ့ အကြောင်းပြ ခဏခဏ ပြီး လှဲချင်လှဲနေတယ်။ ကျွန်တော် အရမ်းအားနာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ... ဘာမှမဖြစ်သလို အတင်းစကားလိုက်ပြော ပါတယ်။ နောက်တော့ ... ငွေလ၊ အဲဒီလိုဖြစ်တာကို ဖြစ် ရက်ပုံရတယ် ...

"ကျွန်တော်နဲ့ ဟေးလားဝါးလား ပြန်လုပ်တယ်။ သူ ... နိုင်ငံခြားကို ထွက်သွားဖို့၊ အဲဒီတော့မှ ဆုံးဖြတ် တာ။ ဆုံးဖြတ်ကာနီးမှာ ဒီပြဿနာပေါ်တာ မဟုတ်ဘူး ဒီပြဿနာပေါ်လို့ ဆုံးဖြတ်လိုက်တာ၊ ထွက်နိုင်ဖို့ ကမန်း ကတန်း ဆောင်ရွက်တော့တာပဲ"

မင်းအုံ စကားတွေကို မြစိမ်း ယုံပါသည်။ ငွေလ မင်းအုံကို ချစ်နေတယ်လို့ မြစိမ်း ထင်ခဲ့စဉ်က မြစိမ်းရင်ထဲမှာ လည်း မင်းအုံ ရှိနေခဲ့တာပဲ ဖြစ်သည်။ မုန်းတီးနာကြည်းခြင်း နှင့် ချစ်ခြင်းတို့ အားပြိုင်ခြင်း တိုက်ပွဲက ရင်ထဲမှာ အကြီး အနယ်ပါ။ ချစ်ခြင်းက အနိုင်မရသလို၊ မုန်းတီးနာကြည်းခြင်း ကလည်း အနိုင်မရပါ။ မင်းအုံနှင့် ပတ်သက်၍ ခုချိုလိုက်၊ ခါးလိုက်နှင့် မတည်ငြိမ်စွာ ဆက်ဆံဖြစ်ရင်း၊ သူငယ်ချင်း ငွေလ နှင့် ပြိုင်သလို ဖြစ်ခြင်းက ဆန့်ကျင်ဘက်သို့ ပိုအားပေးသည် ရင်ထဲ ချစ်ခြင်းက ခေါင်းငုံ့လျှိုးသွားခဲ့ရတာပင်။

"ကျွန်တော် ... ဖန့်ကလေးလို့ ခေါ်လို့ရပြီလား"

မင်းအုံက ပြုံး၍မေး၏။ မျက်နှာတည်သူများ တစ် တစ်ရံ ပြုံးလျှင် အပြုံးက အရမ်းချိုသည်။ သူများတကာ ပိုချိုနေတတ်သည်ဟု ပြောလေ့ရှိကြပါသည်။ မင်းအုံကတော့ အမြဲလို ပြုံးချိုနေတတ်သူ ဖြစ်သည်။ သူငယ်ချင်းတွေအပေါ် ပြုံးပြုံးရွှင်ရွှင် သည်းခံလိုက်လျောတတ်သူအဖြစ် လူချစ်လူခ



ရား၏။ သူတစ်ပါးကိစ္စတိုင်းကို ကူညီတတ်သူမို့လည်း အပေါင်း အသင်း ပေါများသူ ဖြစ်သည်။ မင်းအုံကျတော့ ... အမြဲပြုံးနေ ပါလျက်၊ သူ့အပြုံးဟာ ရှားပါးပစ္စည်းအဖြစ် မြင်ရခဲတာ မဟုတ် ပါပဲ အလကားနေရင်းပြုံး၊ အလကားနေရင်း ချိုလျက်၊ သူတကာ ထက်ပိုပြီး ချိုကိုချိုတာ သူ့ရဲ့ပင်ကိုစိတ်ရင်းကောင်းလေးကြောင့် ပဲဟု အကောင်းမြင်ပေးနေမိသည်။

မမမြရွှေး ကိစ္စမှာ သူပါလာတာကိုကပဲ၊ ဒါဟာ လိုက်ပါကူညီခြင်းဖြင့် လူမုန်းခံရမည် (မြစိမ်းတို့ဘက်က မုန်းမည်) ဆိုတာ သိလျက်၊ ကျော်မျိုးဝင်းက ဘေးနားမှာ တစ်ယောက်တော့ ပါစေချင်တယ်၊ အားဖြည့်ပေးပါ ...ဟု တောင်းဆိုတာကို ညီဖြစ် သူကတောင် ငြင်းသေး၏။ လမ်းလျှောက်ဝင်ရမှာ ညှံ့ရာကျသည် ဆို၍ ညီဖြစ်သူက ကားနှင့် လိုက်ပို့သည်။ ကားပေါ်မှ မဆင်းပါ။ မင်းအုံသည်သာလျှင် ကျော်မျိုးဝင်း ဘေးမှာကပ်ပါလာခဲ့သည်။

"သူလည်း ယောကျ်ားတစ်ယောက် အနေနဲ့ အရှက်တော့ ရှိမှာပါ။ သူ ရသင့်တယ်ထင်လို့ တောင်းတာပေမဲ့၊ အရှက် မရှိ မျက်နှာပြောင် တိုက်ရတဲ့ကိစ္စမှာ အားပေးမဲ့သူတစ် ယောက် ဘေးမှာပါပေးပါ ဆိုတော့လည်း ..."

မင်းအုံ ဖြေရှင်းခဲ့သည့် စကားကို ပြန်လည်ကြား ယောင်မိပါသည်။ မင်းအုံဟာ တော်တော်စိတ်ထားကောင်းပြီး၊ ရတာကာကို ကူညီချင်သူအဖြစ် (ကျော်မျိုးဝင်းနှင့် ပါလာတာကို) သတိမှတ်မိတော့ မုန်းချက်စိတ်တို့ ပျက်ပြယ်တော့သည်။ သူဟာ ခိုက်ဆိုးရမည့်အစား၊ ချီးကျူးဖွယ် လူသားပါလား ... ဟု အကောင်းတွေ ထပ်၍မြင်၏။ ငွေလကို ညှာတာစွာ၊ ပြဿနာကို

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်ရှောင်ရှားလိုက်တာလည်း ချိုးကျူးဖွယ်ပင်။ မိန်းမသား တစ်ယောက်ဟာ ဖြစ်မလာနိုင်သည့် မျှော်လင့်ချက် ဗိမ္ဗာန်ကြီး မှာ ယစ်မူးမိန်းမောရင်း ... ထုထည်ကြီးမားလာသည်နှင့်အမျှ ဝုန်းခနဲ ပြိုကျက်ကျရလျှင် လွန်စွာ အထိနာပါလိမ့်မည်။

ဝေဒနာမရင့်မီ၊ ပေါက်ဆိန်နှင့် မပေါက်ရအောင် အပ်နှင့်ထွင်းလိုက်တာပဲဟု နားလည်ပေးလိုက်ပြန်တော့ သူ့ကို အထင်ကြီးရတော့သည်။ မိန်းမသားတစ်ယောက်ဟာ ကိုယ့်ချစ်သူ ကိုယ်လက်ထပ်ရမည့်သူကို အထင်ကြီးစိတ်နှင့် ရွေးချယ်တတ်ကြ ပါသည်။ ပြိုကွဲပျက်စီးသော အိမ်ထောင်ရေးတွေမှာ ... ယောကျ်ား သားဘက်က ဘယ်လို ခံစားမှုမျိုးနှင့် စွန့်ခွာလည်းတော့ မသိပါ။ မိန်းမသားအဖို့ကျတော့ ကိုယ်ဘယ်လိုမှ အထင်မကြီးနိုင်တော့ သည့် ခင်ပွန်း၊ ကိုယ်လုံးဝအထင်သေးသွားပြီဖြစ်သည့် ယောကျ်ား ကို ကိုယ့်ဘေးမှာ ဘဝဖော်အဖြစ် ဘယ်လိုမှ မထားရှိနိုင်တော့ပါ။

ခုတော့ ... မြစိမ်း၊ မင်းအုံ့ကို အထင်ကြီးခြင်း လေးစားခြင်းများနှင့်အတူ မြတ်နိုးရပါပြီ။ နာကျင် နာကြည်းမှု တွေ လွင့်ပြယ်လျက် နားလည်စွာ ခွင့်လွှတ်နိုင်သွားခဲ့ပါပြီ။

"မင်းအုံ့ ... ရှင် ပျော်ရတော့မယ် သိလား" ... ဟု ရင်ထဲမှာပဲ ကျိတ်ပြောဖြစ်လိုက်၏။

"ဖန့်ကလေးလို့ ခေါ်လို့ရပြီလား"

"ကျွန်မနာမည် မြစိမ်းပန့်"

အောက်နှုတ်ခမ်းလေး တစ်ချက်ကိုက်ပြီးမှ ရှုသလို မှုသလို ပြောမိသွားတာကို၊ မြစိမ်း သတိမထားမိလိုက်ပါ။ မင်းအုံ့ကတော့ သိလိုက်သည်။ သူက မြစိမ်းရဲ့ အပြုအမူလေး



...င်းကို သေးသေးဖွဲ့ဖွဲ့လေးကအစ၊ လိုက်လံမှတ်သား လေ့လာ ...း စာတမ်းလုပ် ဖတ်နေသူ မဟုတ်လား။ မြစိမ်း ရင်ထဲမှာ ...ကျည်ကျက်ပြေလည်သွားပြီဆိုတာ မင်းအုံ့ သိလိုက်ရသည်။

"ငါကွ" ... ဟု ထအော်လိုက်ချင်မေမဲ့ ... ဆိုင်မှာ ...ထိန်းလိုက်၏။ အေးမြတို့ စေ့စပ်ပွဲနေ့တုန်းကလို၊ အေးမြရဲ့ ...ကျယ်ကြီးထဲမှာသာဆိုလျှင်၊ ကျွမ်းတစ်ပတ်လောက်တော့ လိမ့် ...းဖြစ်မည် ထင်သည်။ မြစိမ်းနှင့် ပတ်သက်လာလျှင်၊ "ချစ်ပါ ...ယ်"ဆိုသည့် အဖြေကိုရလျှင် ဘယ်လိုနေမည် မသိ၊ မြစိမ်း ...တ်နှာကြောလေး တစ်ပတ်လျော့ရုံနှင့်တောင် ကျွမ်းပစ်ထိုးချင် ...သာက်အောင် ပျော်ရပါသည်။

"ဖန့်ကလေးကို သိမ်ချစ်တာပဲ"

တိုးတိုးလေး ကပ်ပြောလိုက်ချိန်မှာပဲ၊ အေးမြ ပြန် ...ရောက်လာခဲ့၏။

"အရေးကောင်း ဒိန်းဒေါင်းဖျက်" ... အေးမြကို ...ကျိတ်ကျိန်ဆဲပစ်လိုက်၏။ ဒီမှာ ... ဖြေတော့မလား ... ဟု ဆက် ...းမလို့၊ ဘယ် ... မေးလို့ရတော့မှာလဲ။ အေးမြက စားပွဲမှာ ဝင် ...ိုင်နေပြီ။ ချစ်ရတဲ့ ဖန့်ကလေးဟာ စိတ်အပြောင်းအလဲက မြန် ...သီ။ ခု မျက်နှာကြောတင်း၊ ခုပြုံးစြ၊ လမ်းဆုံလမ်းခွက မီးပွိုင့် ...ကမှ စိမ်းရာမှ မနီခင် မီးဝါဆိုတာ ရှိသေးသည်။ မြစိမ်းက ...က်ချင်းစိမ်း ချက်ချင်းနီတတ်သူမို့ မီးဝါဆိုသော ကြားကာလ ...ရှိပါ။ ခုလို ... မီးစိမ်းနေတုန်းမှာ မေးချလိုက်ရလျှင်၊ အဖြေ ...ာ တော်တော် အခြေအနေကောင်းမှာ။ ဒီလို အခြေအနေကောင်း ...လေး နောက်တစ်ကြိမ် ပြန်ရပါဦးမလား။

www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုလျှင်တောင် ဘယ်တော့ ပြန်တွေ့နိုင်မယ ဘယ်လောက်ကြာကြာ စောင့်ရဦးမှာလဲ။

"ရှင်က ဒီကိုလာချင်တာနဲ့၊ ရှိသမျှ အလုပ်တွေ ထွင့် ချည်း နိုင်းခဲ့တာပေါ့လေ"

"မဟုတ်ရပါဘူးဗျာ၊ သူက နေ့ခင်းဘက် မထွက်တော ဘူး၊ ညနေကျမှ အေးအေးဆေးဆေး အိမ်သွားမယ်ဆို သူ့ဘာသာ ဆုံးဖြတ်တာပါ"

"ရှင် ကိုယ်ချင်းမစာရင် ဝင်္ဂလည်မယ်"

"မငြိုန်လိုက်နဲ့နော်၊ တကယ် ကြောက်တယ်"

"သနားစရာလေးနော် ... မြစိမ်း"

အေးမြက ရယ်နေ၏။ ရှေးတုန်းက စကားနည် ခဲ့သည့် အေးမြတောင် ပြောလို့ ဆိုလို့ နောက်လို့ ပြောင်လို့ အလကားနေရင်း ပျော်နေပုံနှင့်ဆေ။ အချစ်ဆိုတာ အပျော်လေ တွေကို သယ်ဆောင်လာတတ်တာလား။

မြစိမ်း ... လောလောဆယ်မှာ၊ နည်းနည်း ပျော်နေ ပါသည်။

* ❀ *



## ၉

ငွေလထံမှ စာလာပါသည်။

အောက်ဇ်ဖို့ဒ် Oxford မှာ အဆင်ပြေကြောင်း၊ အေးသည့်ရာသီဥတုကို ကြံ့ကြံ့ခံနေရကြောင်း၊ မြန်မာပြည်မှာ အိုက်လွန်းလို့ အေးသည့်တိုင်းပြည် သွားနေရရင် ဘယ်လောက် ကောင်းမလဲ ... တမ်းတမိခဲ့တာ၊ ခုတော့လည်း ချမ်းလွန်းလို့ မြန်မာ့နေရောင်ခြည်လေးကို ပြန်လွမ်းကြောင်း၊ နေရတာ အဆင် ပြေပေမဲ့ စားရတာ အဆင်မပြေကြောင်း၊ ကျောင်းမှာ အလှူအတန်း ဆွမ်းကျွေးရှိမှသာ မြန်မာထမင်းဟင်း ချက်ဖြစ်ပြီး၊ အလှူအတန်း မရှိသည့်အခါမှာ သံဃာတော်များလောက်သာ ဆွမ်းထမင်းကို အဓိကထား ဆက်ကပ်ပြီး ကပ္ပိယသဘော နေထိုင်သူတွေက ထမင်း ထက် ပေါင်မုန့်ကိုသာ အဓိကထား၍ စားရကြောင်း၊ ကျောင်း အရှည်တည်တံ့ရေးအတွက် ရန်ပုံငွေရှာတာခြင်းဖြစ်ကြောင်း။

ထမင်းနှင့် ငါးပိရည်ကို လွမ်းလှကြောင်း၊ လက် ဖက်စားချင်လွန်းလို့ သေချင်စော်တောင် နံနေရပါပြီဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပိုက်ဆံတော့ စုမိကြောင်းတွေ အများကြီး အရှည်ကြီးရေးပါသည်။ ဆိုင်လိပ်စာနှင့် လာတာဖြစ်ပြီး၊ ခင်အေးမြနှင့် မြစိမ်းဖန့်ဟု နာမည်ရေးထားသဖြင့် သူငယ်ချင်းနှစ်ယောက် တူတူဖတ်ဖြစ်ကြပါသည်။

"အေးမြကို လက်ဖွဲ့ပြီးရင် ကျုပ်ကိုလည်း လက်ဖွဲ့ဖို့ပြင်ထားဦး၊ ကျုပ် အိမ်ထောင်ပြုဖြစ်ရင်တော့ မြန်မာပြည် ပြန်လာမယ်"

... ဆိုသည့် ဝါကျမှာတော့ သူငယ်ချင်းနှစ်ယောက် ရယ်မောမိလိုက်ပါသည်။ ငွေလဟာ အဲသည်လို အတည်ပေါက် နောက်တတ်တာလေးတွေ ရှိပါသည်။

"ဖေဖေနဲ့ မေမေကို သွားပြုပြီးမှ ကြည့်ကြရဲ့လား၊ ပစ်ထားကြရင်တော့ သူငယ်ချင်းဝတ္တရား မကျေပွန်မှုနဲ့ ... သေဒဏ်" ... ဆိုတာလည်း ပါ၏။

"ရှင်တို့ကို လိုချင်တာ မှာပါလို့တော့ ပြောချင်ပါတယ်၊ ဒါပေမဲ့ ... ဒီမှာ ကျုပ်တွေ့သမျှ ပစ္စည်းတိုင်းဟာ မြန်မာပြည်မှာလည်း ရှိတာချည်းပဲ။ နောက်ပြီး၊ ဒီကဈေးနှုန်း "ပေါင်" ကို "ကျပ်"နဲ့ ပြန်မြှောက်ကြည့်လိုက်တော့ ... အမယ်လေးတော် ... ရန်ကုန်မှာ သုံးလေးထောင်ပေးရတဲ့ ဆောင်းအင်္ကျီ ... အားကစားဒီဇိုင်းဟာလေ ... DI တို့ ဘာတို့ အထည်ချုပ်စက်ရုံတွေက ထွက်ပါရောလား၊ အဲဒီ ပေါပေါပဲပဲလေးတွေတောင် ဆယ်ပေါင် ဆယ့်ငါးပေါင် ဆိုတော့ ... ပေါက်ဈေးနဲ့ ပြန်တွက်ရင် နှစ်သောင်းခွဲ သုံးသောင်းနီးပါး သွားကျနေတော့ ... မဝယ်ချင်တော့ဘူးဟေ့ ... ဘာဝယ်ပို့ပါ၊ ညာဝယ်ပို့ပါ ... ဘာမှမမှာနဲ့" ... တဲ့။



အဲသည်နေရာမှာလည်း ရယ်ကြရပါသည်။ ငွေလဟာ ကပ်စေးနည်းတတ်သူ မဟုတ်ပါ။ စေတနာသဒ္ဓါတရားနှင့် ရက်ရောတတ်သူလည်း ဖြစ်ပါသည်။ ယခုကေမှာ ဈေးတွေကြီးနေတတ်တာလည်း ကြားဖူးနားဝ ရှိပါသည်။ ငွေလ စကားတွေကို ယုံ၏။

"နေချင်စရာ နည်းနည်းမှ မကောင်းပါဘူးတော်" ဆိုတာလည်း ပါသေး။

"အဲဒီရောက် မြန်မာတွေအချင်းချင်းက သိပ်မတွေ့ဖြစ်ကြပါဘူး။ ဒီမှာက စက်ရုပ်လူသားတွေလေ။ ပြေးလွှားရုန်းကန်နေကြရတာ။ ရပ်ရှ် ရပ်ရှ် Rush, Rush, ပဲ။ ကျုပ်ကမှ မြန်မာနဲ့ တွေ့ခွင့်ပိုရသေးတယ်။ ဘုန်းကြီးကျောင်း ဆိုတော့လေ မြန်မာထဲက တစ်ဦးမဟုတ် တစ်ဦးတော့ ရောက်ရောက်လာတတ်တယ်။ အားလုံးက ပြန်ချင်တယ်ချည်း ပြောကြတာပဲ။ မပြန်တော့ဘူးလားလို့ မေးရင်၊ ပြန်မှာ ... ပြန်မှာ ... တဲ့။ ပြောကြတယ်။ လက်တွေ့ကျတော့ မပြန်နိုင်ကြဘူး၊ ကျုပ်လည်း အရမ်းပြန်ချင်တာပဲ။ လက်တွေ့ကျကျကို ပြန်လာခဲ့မှာ။ ပိုက်ဆံစုလိုက်ဦးမယ်။ ရှင်တို့ကို လွမ်းတဲ့စိတ်သာ သေတော်ရင် ... ကျုပ် ဆယ်အာဝလောက် ပြောင်းပြီးပြီ၊ ယုံ ..." တဲ့။

အားရပါးရ ရေးပြီးမှ ... နင်တို့ချစ်တဲ့သူငယ်ချင်း ရောင်းရင်း၊ သွေးသောက်ညီအစ်မ ... ငွေလရောင် ... ဟု လက်မှတ်ထိုးရာမှာတောင် ကွန့်လိုက်ပါသေးသည်။ အဲသည်စာကို သူငယ်ချင်းနှစ်ယောက် ရယ်ကာမောကာ ဖတ်နေစဉ်မှာပဲ မင်းအုံ ရောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ထွင့်ကို တာဝန်တွေ ပုံပေးခဲ့ပြန်ပြီပေါ့"

မင်းအံ့ လာတိုင်း အေးမြ နှုတ်ခမ်းစူ၏။

"ရှင်က လျှောက်သွားနေပြီး၊ ထွင့်ကိုကျတော့ ရုံးမှာတကုတ်ကုပ် လုပ်စေ ..."

မင်းအံ့ ရယ်၏။

"အရင်တုန်းက ထွင့်ကို ... ရှင်ပဲ ဒီဆိုင်ကို ခေါ်လာခဲ့တာ။ ရှင် မိတ်ဆက်ပေးလို့ ထွင့်နဲ့ ကျွန်မနဲ့ သိခဲ့ကြတာ"

"အဲဒီလိုသိလို့၊ အဲဒီလို ချစ်သူတွေဖြစ်ပြီး၊ တစ်ဘဝလုံး လက်တွဲသွားရမဲ့ အဖော်မွန်ကို ရလိုက်တာ၊ ကျွန်တော့်ကို ကျေးဇူးတွေ တင်ပေါ့"

"နကျတော့ ... ရှင်ချည်းပဲ လျှောက်လည်ပြီး၊ ထွင့်ကိုပဲ ဖိနှိပ်နေတယ်ပေါ့လေ"

"ခင်ဗျားထွင့်က ဆိုင်ကိုသွားလို့ အကျိုးမရှိဘူးတဲ့။ မလိုက်တော့ဘူးတဲ့။ ညနေ အိမ်ကိုသွားမှ ခြံထဲလမ်းလျှောက်ရင်း လက်ဖျားလေးဆုပ်ခွင့် ရသေးတယ်တဲ့ ... ကဲ"

"မင်းအံ့နော်"

အေးမြက စားပွဲပေါ်မှာ ရှိနေသည့် ဂျာနယ်တစ်စောင်နှင့် ကောက်ပေါက်ကာ ရှက်ကိုးရှက်ကန်း ရယ်၏။

"ဘာပဲဖြစ်ဖြစ် ... ရှင် နိုင်းလွန်းအား ကြီးတာတော့ အမှန်ပဲ၊ အဲဒါကြောင့် ... ရှင်ကုမ္ပဏီက ထွက်ဖို့ပြောတာ။ ထွင့်က မထွက်ချင်ဘူး ပြောနေတယ်။ မင်းအံ့ တာဝန်ပဲ"

"သူ့သမီးယူပြီး သူ့အဖေကုမ္ပဏီမှာ အလုပ်ဝင်လုပ်ရမှာ ... မလုပ်ချင်ဘူးတဲ့။ သူဌေးသမီးယူပြီး သူဌေးသမက်လုပ်ချင်



လို့ ယူတယ်ဖြစ်မှာ စိုးလို့တဲ့။ ကျွန်တော်က မတားဘူး၊ ထွက်ခွင့်ပေးပါတယ်၊ ထွက်ချင်ရင် ပြောတာ ...

"ကျွန်တော်လည်း မကြာခင် ကိုယ်ပိုင်သီးသန့်ခွဲထွက်မှာဆိုတော့ ထွင့်နိုင် လုပ်အား အများကြီး လိုတာပဲ။ ထွင့်နိုင်လို ယုံကြည်စိတ်ချရတဲ့ သူငယ်ချင်းတစ်ယောက် အလုပ်ထဲမှာရှိရင် လက်မောင်းတစ်ဖက် တိုးသလိုပဲ ...

"ဒါပေမဲ့ ... ကိုယ်ကျိုးကြည့်ပြီး တားလို့မသင့်ဘူး မဟုတ်လား၊ အေးမြ အဖေမှာလည်း သားယောကျ်ားမရှိတော့ အေးမြတို့လည်း ထွင့်နိုင်ကို လိုအပ်မှာပဲ၊ ကျွန်တော်နားလည်ပေးနိုင်ပါတယ်။ ခင်ဗျား ထွင့်က သူများအပြောခံရမှာ စိုးနေတာ"

အေးမြက နှုတ်ခမ်းစူထားဆဲမှာပဲ ကော်ဖီကရားကို ထကိုင်၏။ မင်းအံ့ဟာ အေးမြနှင့်စာလျှင် မြစိမ်းနှင့်ပို၍ စကားပြောချင်မှာပဲဟူ၍ ကော်ဖီဖျော်ဖို့ စိတ်ကူးမိလေ၏။

"အေးမြ ဖျော်မလို့လား"

"ရှင် စကားပြောချင် ပြောပါစေတော့လို့"

"ဘာမှ ပြောစရာ မရှိဘူးနော် အေးမြ ... ကျုပ်ဘာသာ ဖျော်မယ်"

မြစိမ်းကလည်း ကော်ဖီဖျော်စော့နားသို့ ရောက်လာ၏။

"ပေးလိုက်ပါ အေးမြ ... မြစိမ်း လက်ရာ မိမှလည်း မဟုတ်ဘဲနဲ့"

"အောင်မယ် ... ထွင့်လာရင်၊ အိမ်မှာ ကျုပ်ပဲဖျော်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ထွန့်နိုင်ကတော့ အေးမြ လက်ရာဆို ... ကြိုက်မိုက်မှုရ ရမှာပေါ့"

"မှတ်ထား ... ရှင့်ကို ဘယ်တော့မှ ကော်ဖီဖျော်မတိုက်တော့ဘူး"

မြစိမ်းက လှစ်ခနဲ ပြုံးမိသွားရ၏။ အေးမြက မင်းအုံ ရှိနေသော စားပွဲမှာ လာထိုင်သည်။

"ပြောမဲ့သာ ပြောတာ ... မြစိမ်းလောက် ကောင်းအောင် မဖျော်နိုင်တာ အမှန်ပဲ"

"အဲဒီလို ဝန်ခံစမ်းပါ"

"မင်းအုံ ... ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ဖန့်ကလေး တော်တာတွေ ချီးကျူးနေတာ"

"ကမ္ဘာပေါ်မှာ ... ရှင့်ဖန့်ကလေး တစ်ယောက်ပဲ တော်ပါတယ်"

"အဲဒီလို ဝန်ခံစမ်းပါ"

"ဒါပဲ ပြောနေ"

မင်းအုံနှင့် အေးမြတို့ ရယ်ကြသည်မို့ မြစိမ်းလည်း ပြုံးမိရတော့သည်။

"ဟော ... သစ္စာလေးတို့ပါလား ... လာ ... လာ"

မိန်းကလေးငယ်ငယ် တစ်သိုက် (စုစုပေါင်း ငါးယောက်) ဆိုင်ထဲသို့ ဝင်လာသည်မို့ အေးမြက လှမ်းခေါ်ကာ ကောင်တာဆီသို့ သွား၏။ မိန်းကလေးက ငါးယောက်တောင်မို့ မြစိမ်းလည်း သွားကူရပါမည်။ တစ်ယောက် ... အလွန်ဆုံး နှစ်ယောက်ဆိုလျှင် ပစ္စည်းထုတ်ပြဖို့၊ ပြန်သိမ်းဖို့ အေးမြ တစ်ယောက်တည်းနှင့် နိုင်ပါသည်။ ငါးယောက်တောင် ဆိုတော့ (သစ္စာလေးတို့လို အကြောင်းသိ လူရင်းတွေသာ မဟုတ်လျှင်) ဟိုဟာပြပါဦး၊ ဒီဟာပြပါဦးနှင့်၊ ပြန်သိမ်းတန်တာ သိမ်းမိ၊ မျက်စိအောက်မှ လှစ်ခနဲ ပျောက်ကာ၊ တချို့ဆို တကူးတက ခိုးဝှက်(ခပ်သေးသေး ပစ္စည်း၊ ဥပမာ နားကပ်ပေါက်စလေးတို့၊ လက်စွပ်သေးသေးတို့) သွားတာလည်း ရှိ၏။ ဆုံးရှုံးနစ်နာခဲ့ဖူးသည့် အာဘော်တွေရှိသည်။



သစ္စာလေးတို့ အုပ်စုကိုတော့ မြစိမ်း သိပါသည်။ မြစိမ်းနှင့် အခင်ကြီး မဟုတ်လှပေမဲ့ အေးမြနှင့်ကျတော့ တော်တော်ကြီး ခင်သည်။ သစ္စာလေး၏ အစ်မ "မေမေဂ္ဂာလေး"ဆိုလျှင် အေးမြနှင့် သူငယ်တန်းမှ ဆယ်တန်းထိ၊ ကျောင်းတူ၊ အတန်းတူ ငယ်သူငယ်ချင်းတွေပါ။ မေမေဂ္ဂာလေး၊ မေသွာစွာလေး၊ မေအကြင်နာလေး ဆိုသော ညီအစ်မသုံးယောက်မှာ မြန်မာပြည်မှာ ရောမသူဌေးကြီးတွေကို တန်းစီရပါလျှင် တစ်မှ တစ်ဆယ်အတွင်း ကောင်းကောင်းကြီး ဝင်သည့် ဦးမောင်မောင်လေး၏ သမီးတွေအဖြစ် နာမည်ကြီးလှပါသည်။

သစ္စာလေးတို့ကျတော့ မဟုတ်တာ လုပ်မည့်သူတွေ မဟုတ်ပါ။ သို့ပေမဲ့ ... အသက်နှစ်ဆယ်ကို ကျော်သေးချာချာ မပြည့်မီကြသေးသော (ဆယ်ကျော်သက်တွေပဲ ဆိုပါစို့) မိန်းမသားအုပ်တွေမို့ ငယ်ရွယ်သူများပီပီ မြူးကြွရွှင်လန်းလွှတ်ရမ်း ... ဆိုသည့် ပုံစံလေးတွေမှာ ရှိကြသေးသည်။ စကားပြောလျှင် တစ်ယောက်နှင့် တစ်ယောက် စောင့်လေ့မရှိ။ တစ်ယောက် တစ်ခါကြ ဟိုလူကပြောလိုက်၊ ဒီလူကပြောလိုက်၊ ဟိုဟာပြပါဦး ဒီဟာပြပါဦးနှင့် လက်ဝင်သလောက် အလုပ်ရှုပ်လေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်း ကူညီဖို့ လိုအပ်ပါသည်။

မြစိမ်းက အေးမြနားသို့ ပြုံး၍လျှောက်လာရင်း ကြိုထားသည့် ကော်ပီကရားကို ဆက်မဖျော်ဖြစ်တော့ပါ။

"မမငွေလ မရှိကတည်းက ဒီဆိုင်ထဲမှာ အသံနည်းနည်း တိတ်သွားသလိုပဲ"

သစ္စာလေးက ပတ္တမြားလေးတွေကို လျှောက်ကြည့်ရင်း ပြော၏။

"ဟုတ်တယ် ... ငွေလက သိပ်ပျော်တတ်တာ၊ အမြဲရယ်နေတာပဲ။ သူ စကားပြောရင်လည်း ရယ်ရတယ်။ ဒီအကြောင်း အရာပဲ၊ အေးမြ ပြောရင် နားထောင်ရတဲ့သူ ပျင်းရော၊ ငွေလ ပြောရင် ရယ်နေရတယ်"

အေးမြက မြစိမ်းကို လှည့်ကြည့်သည်။

"ရှင်ပဲ အပြောကောင်း"

"ကောင်းမှာ ... ပြောမှာ ... သစ္စာလေးက ပတ္တမြားတွေ ကြည့်နေတော့၊ တစ်ဆက်လုံး ဝယ်သွားအောင်ကို ပြောဦးမှာ"

"လျှောက်သာကြည့်နေတာ မမမြစိမ်းရဲ့၊ ကြည့်ကောင်းလို့"

စိန်ထည်တွေ ပြနိုင်းသည့်သူကခိုင်း၊ မြနှင့်စိန်ဆစ်ထားတာတွေ၊ တစ်ယောက်ကကျတော့၊ ပလက်တီနမ် မုန့်ကြိုး လိမ်ပုံဆွဲကြိုးရှည်ကြီး (ငါးကျပ်သားရှိသည်)ကို ယူဆွဲလိုဆွဲ၊ ရှုပ်ယှက်ခတ်သမျှ မျက်စိလည်း လျှင်ရပါသည်။ သူတို့တောင်းသမျှလည်း ထုတ်ပြရပါသည်။ မငြိုငြင်စေရအောင်လည်း ပျူငှာရပါသည်။



"ဝယ်မှာကျတော့ ပတ္တမြားလက်စွပ် တစ်ကွင်းပဲ။ အရည်ကောင်းကောင်းနော်။ မေမေ မှာလိုက်တာ။ မေမေက မမအေးမြကို စိတ်ချလို့ လိုက်မလာတော့ဘူးတဲ့၊ ကြည့်လုပ်ပေးလိုက်ပါတဲ့"

"ရမှာပေါ့ သစ္စာလေးရယ်။ လုပ်ပေးပါမယ်။ အနာကင်းကင်းပေါ့"

"ဟုတ်တယ် ... ဈေးလည်း ချိုချို"

"ပြောနေရမဲ့ သူတွေလားကွယ်"

"ရွေးပေးပါ မမအေးမြ၊ လက်ချောင်းပေါ်မှာ လုံနေတဲ့ အရွယ်ထိ ကြီးမယ်တဲ့။ တအား အကြီးကြီးတော့လည်း မဟုတ်ဘူး။ ဟို ... စိန်ဂုံးလက်စွပ်မျိုး၊ ပတ္တမြားဂုံး၊ အလုံးလည်း နည်းနည်းကြီး၊ လေးတန်းသွားတဲ့"

တန်ဖိုးတော်တော်ကြီးမှာကို မြစိမ်း စိတ်ထဲမှာ တွက်ကြည့်လိုက်ပါသည်။ အဲသည်လို သိန်းကို ဆယ်ဂဏန်းထိ နှံ့သွားနိုင်သော လက်စွပ်တစ်ကွင်းကို ကိုယ်တိုင်တောင် မလာ။ ...မိနှင့်လွှတ်၍ ဝယ်ခိုင်းလိုက်သော ... ဦးမောင်မောင်လေး ...တော်ဟာ၊ သိန်းဆယ်ဂဏန်းကို လူတကာ ငွေတစ်ထောင် ...ာက် သုံးလိုက်သလောက် သဘောထားဟန် တူပါသည်။

ဒီလို ဖောက်သည်မျိုးကို၊ ပေါင်း ... လည်းထားရသည်။ အလိုလည်း လိုက်ရပါသည်။ ကိုယ်ရဖို့ချည်း ကိုယ် ...ကွက်ဘဲ၊ နောင်အရှည် ဆက်ဆံရေးအတွက် မှန်မှန်ကန်ကန် ...ည်း လုပ်ပေးရပါသည်။ ဆက်ဆံရာမှာ မျက်နှာချိုလည်းသွေး ...ါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖန့်ကရလေး ... ကျွန်တော် ပြန်လိုက်ဦးမယ်"

အေးမြရော မြစိမ်းပါ တော်တော်နှင့် အားလပ်တော့မည် မဟုတ်ပါ။ လှာကြတာက သူဌေးသမီးအုပ်စု ဖြစ်ပုံရသည်။ ပတ္တမြားလက်စွပ်တစ်ကွင်း ဝယ်မှာဆိုပေမဲ့ အဖော်ပါလာသည့် မိန်းကလေးတွေကလည်း သူတို့အိတ်ထဲမှာ မုန့်ဖိုးက သိန်းဂဏန်း ဖြစ်ချင် ဖြစ်နေနိုင်သေးသည်။ သူများတကာ ဝင်းဒိုးရှော့ပင် Window Shopping လုပ်သလို လျှောက်ရင်း ကြည့်ရင်း အထည်တစ်စ နှစ်စ(ကြိုက်တာတွေ့လျှင်) ဖြတ်သလို၊ ဒီသူဌေးသမီးတွေက ကြိုက်တာတွေ့လျှင် ဝယ်ချင် ဝယ်ကြဦးမှာ၊ ဆစ်ကြဦးမှာ၊ တော်တော်နှင့် မပြီးနိုင်တော့မှာ သေချာတာမို့ မင်းအုံက ပြန်တော့ဖို့ နှုတ်ဆက်လိုက်၏။

"ပြန်ဦးမယ် အေးမြ"

"ဩော် ... မင်းအုံရယ်၊ ကော်ဖီတောင် မတိုက်လိုက်ရဘူး"

"ရတယ် ... နောက်နေ့ လာသောက်မှာပေါ့"

ကောင်မလေး တစ်သိုက်လုံးက မင်းအို့ကို လှည့်ကြည့်ကြသည်။

"ဦးမဲင်းအုံထူး"

ကောင်မလေး တစ်ယောက်က လှမ်းနှုတ်ဆက်၏။

"မမှတ်မိဘူးလား၊ ကျွန်တော့် ... ရွှေစပယ်ဖြူရဲ့ ညီမတစ်ဝမ်းကွဲ"

"ဩော် ... ဟုတ်လား"

"မီဇဝါသင်းသင်းလေ"



"ဩော် ... ဟုတ်ကဲ့"

မင်းအုံထူး မမှတ်မိပါ။ သို့ပေမဲ့ ... ရွှေစပယ်ဖြူရဲ့ ညီမတစ်ဝမ်းကွဲ ဆိုသည်နှင့် ... သွားပြီ ... ဟု ရင်ထဲ လေးကျသွားရတော့သည်။

ရွှေစပယ်ဖြူဟာ ... မင်းအုံထူးကို သူ့ဘက်ကစလျက်၊ ဖုန်းတွေဆက်သည်။ ဈေးသွားမလို့ လိုက်ပို့ပါဦး၊ ရုပ်ရှင်ပွဲပါဆိုတာတွေ လာသည်။ မင်းအုံထူးက အားနာတာရယ်(စကားပြောရင်း ပျော်တာလည်း ပါပါသည်) သူခေါ်သမျှ မူဆာသမျှ ငြင်းချည်းထုတ်နေရကာ လူချင်းနှစ်ယောက်တည်း ဘယ်တော့မှ တွေ့စေဖို့ ရှောင်ရတာရယ်ကြောင့်၊ ဖုန်းပြောလျှင်တော့ ရွှေစပယ်ဖြူ စိတ်တိုင်းကျ တော်တော်ကြာကြာလေး လက်ခံပြောပေးခဲ့ပါသည်။ ရွှေစပယ်ဖြူက အဲဒါကို သူ့ဘက်သူယက်ပြီး တွေးလေသလား မသိပါ။ သူနှင့် မင်းအုံထူး ဆိုသော ပုဂ္ဂိုလ်တို့ နှစ်ဦးသားဟာ ချစ်သူတွေလိုလို၊ ဘာလိုလို၊ (နှစ်ဖက်လုံး သိကျွမ်းသူများကြားထဲမှာ) ကြွားဝါလုပ်ကြံ ပြောဆိုတတ်သူ ဖြစ်၏။

ဒါကို မင်းအုံထူး ပြန်ကြားရပေမဲ့၊ လိုက်မရှင်းနေတော့ပါ။ ကိုယ်က ယောကျ်ားလေးဖြစ်၏။ ကိုယ်တမှ လိုက်ရှင်းနေလျှင် မိန်းမသားခများ သိက္ခာကျရှာပါမည်။ အဲဒါကို ညှာတာ၏။ ရွှေစပယ်ဖြူဟာ တစ်ခါတလေကျတော့ "မင်းအုံထူး အဝုပ်ပွဲ"ကြီးကို တခမ်းတနား ကျင်းပတတ်ပြန်သည်။ သူတို့နှင့်တော်သက်ရာ ပတ်သက်ကြောင်း (မင်းအုံထူးနှင့် နီးစပ်သူများ)အားကို အိမ်သို့ တကူးတကဖိတ်၊ ကျွေးမွေး၊ စကားလက်ဆုံကျ။

"ဒါနဲ့ ... စကားမစပ်၊ မင်းအုံထူး ဆိုတဲ့လူ သိလား"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို စ,လိုက်လျှင် သိသည့်သူကလည်းသိ၊ တချို့က မသိ။

“အဲဒီ မင်းအံ့ထူးဟာ ...”အစချီလျက်၊ ရှုပ်ပုံ ပွေပုံ၊ မိန်းမဝါသနာပါပုံ၊ ရည်းစားဘယ်နှယောက်နှင့် ပြတ်ပြီး သွားပြီဖြစ်ကြောင်းတွေ၊ မင်းအံ့ထူးကို မြင်လိုက်ရုံနှင့်၊ မျက်နှာ ချင်းဆိုင်ဝံ့စရာ မရှိဘဲ၊ ထွက်ပြေးချင်လောက်အောင်ကို အဆိုး ငြိကာချဲ့ကာ တစ်ဝကြီး ပြောတတ်သူဖြစ်သည်။ ဒါမျိုးကိုပြန် ကြားရတော့ မင်းအံ့က ရွှေစပယ်ဖြူထံ ဖုန်းဆက်လျက်၊ ဒါတွေ ပြောစရာလားဟု စိတ်ဆိုးပြလျှင် ရွှေစပယ်ဖြူက ဟက်ဟက်ပက် ပက်ကလေး ရယ်ချတော့သည်။

“မင်းအံ့ရေ ... ရှင့်နားမှာ ဘယ်သူမှ မရှိစေချင်လို့ ဆုံးခြံခတ်လိုက်တယ်လို့ ထင်လည်းရတယ်။ ကျုပ်ကို အတင်း ပြောတတ်တဲ့ စိတ်ပုပ်မလို့ ပြောလည်းရတယ်၊ အောက် တန်းကျလှချည်လားလို့ ပြောလည်းရတယ်။ ဒါတွေပြော လားလို့ ရှင် မေးတယ်နော် ...

“ကျုပ် ဖြေမယ်၊ ပြောတယ်။ ဘာဖြစ်လို့ ပြောရလဲလို့ ထပ်မေးရင် ... ဘာကြောင့်မှန်း အဖြေမရှိဘူး၊ အဲဒီလို ပြောချင်စိတ် အရမ်းဖြစ်လို့ ပြောလိုက်တာပဲ၊ တစ်ခါလည်း မက၊ နှစ်ခါလည်းမကလို့ ရှင်ပြောပါ။ ရတယ်။ ရှင်က လည်း အဲဒီလို ပြောခဲ့ဖူးပြီ။ နောက်လည်း ကြုံတိုင်းပြော သွားဦးမှာပဲ။ စိတ်ချ ...

“ကျုပ်ကို ... ရှင် ဘယ်ဥပဒေနဲ့ တားမလဲ။ အသရေ ဖျက်မှုနဲ့ တရားစွဲရင်တောင် ရုံးတော်မှာ ရင်ဆိုင်မယ်။



ပြောတာကတော့ ပြောနေမှာပဲ။ ရှင်ကလည်းကွယ် ... အရေးစိုက်ပြီး နာမနေစမ်းပါနဲ့၊ ရှင်မဟုတ်ရင် ပြီးတာပဲ။ အချိန်က စကားပြောသွားမှာပေါ့။ တစ်နေ့ကျရင် ... အဲဒီ လူတွေ အလိုလို နားလည်သွားကြလိမ့်မယ်။ ရှင်က လူ ကောင်းပဲဟာ ...

“အဲဒီအခါကျရင် အထင်သေးခံရမှာက ကျုပ်ပါ။ သူများမကောင်းကြောင်းကို လီစယ်လုပ်ကြံပြီး ပြောတတ် တဲ့ မိန်းမအဖြစ်နဲ့ လူတွေ ကဲ့ရဲ့ခံရမှာက ကျုပ်ပါ။ အဲဒီ ဒဏ်ကို ကျုပ်တောင် ခံနိုင်ရည်ရှိသေးရင်၊ လောလောဆယ် မှာ ... ရှင်က မနာပါနဲ့ ...

“ကဲပါ ... ဒီဆန်းဒေး ... ရှင့်ကို တောင်းပန်ဝန်ချ တဲ့အနေနဲ့ ကျွေးပါ့မယ်။ မစ္စတာဂစ်တာမှာ ဆုံကြမလား”

“မင်းရှုးနေပြီ ရွှေစပယ်ဖြူ”

“ငြင်းချင်စိတ် မရှိပါဘူး၊ စွပ်စွဲပါ။ တကယ်တော့ လူတိုင်း ဟာ အရူးကြီးနဲ့ အရူးလေးတွေချည်းပါပဲ။ နည်းနည်းလေး ရူးတဲ့လူနဲ့ များများကြီးရူးတဲ့သူပဲ ကွာပါတယ် ... အရူးလေး ရဲ့။ ကျုပ်ကိုတော့ အရူးကြီးစာရင်းထဲ သွင်းချင်သွင်း ပါ”... တဲ့။

အဲဒီ ရွှေစပယ်ဖြူရဲ့ ညီမဝမ်းကွဲကို ဘယ်တုန်းက ဘယ်မှာ ဆုံဖူးကြုံဖူးထားလဲ မသိပါ။ မဆုံဖူးဘူးဟုတောင် ထင် ပါသည်။ သူကသာ သိနေတာဖြစ်လျက် ကိုယ်က သိမထားတာ ဖြစ်ဖို့များပါသည်။ အဲသည်လို ဆိုပြန်တော့ ... ကိုယ်က အနု ပညာရှင်မဟုတ် ဘာမဟုတ်၊ ဖိုးစိန်ကြီးနှင့် ပရိသတ်ဆိုသလို ...။

www.burmeseclassic.com



ကိုယ်က မသိ၊ ကိုယ့်ကိုသာ ဝိုင်းသိကြ ... ဆိုသည့် အချိုးအချိုတ် ဆိုလျှင်လည်း ကိုယ့်ဘာသာ ရှက်စရာ ဖြစ်ရပြန်ဦးမည်။ သို့ပေမဲ့ အမှန်အတိုင်း ... မကြွားဘဲ ပြောရပါလျှင်၊ အဲဒီလို၊ ကိုယ့်ကို သာသိ၊ ကိုယ်ကမသိတွေ ကိုယ့်မှာ အများကြီးရှိနေပါသည်။ အဲသည်သူတွေဟာလည်း အများစုဟာ မိန်းမသားတွေချည်းပါပဲ။

ယောကျ်ားသား အနည်းစု ပါဝင်သည် ဆိုလျှင်တော့ ကိုယ့်ကို ခင်ချင်တာထက် ချောင်းရိုက်ချင်စိတ်ဖြင့် သိကြတာတွေ ပိုဖြစ်နိုင်ပါသည်။ ဘာကြောင့်ဆို ... သူတို့ လိုက်ကြွေနေရသည့် ကောင်မလေးတွေက သူတို့ကို မကြွေ၊ မာနတင်းတင်းဖြင့် ခပ် ကင်းကင်းနေပြသည့် ကိုယ့်ကိုသာ လိုက်ကြွေနေကြတာကြောင့် ဖြစ်လေ၏။

ဘာပဲဖြစ်ဖြစ် ... ရွှေစပယ်ဖြူရဲ့ ညီမဝမ်းကွဲ ဓိဓဝါသင်းသင်းတဲ့။ ကိုယ်ပြန်တာနှင့် ကိုယ့်အကြောင်းကို ရာဇဝင် ဇာတ်ကြောင်းတစ်ခုနှယ် ပြောတော့မှာ သေချာနေ၏။ ကောင်း ကြောင်းတော့ ပါဖို့မမြင်။ အဆိုးကြီးနှင့် အဆိုးလေးသာ ဖြစ်ဖို့ ရှိလေ၏။

ကိုယ့်အခြေအနေဟာ ... စိုးရိမ်ရေမှတ်နားသို့ ကပ် ပြီ။

"ဦးမင်းအုံထူးက ဒီလိုပဲ ... သိချင်စိတ် မရှိတဲ့အခါကျ လုံးဝမသိဘူး၊ သိချင်စိတ် ရှိပြန်တော့လည်း အတင်းလိုက် သိနေပြန်ရော ဆိုတာ ဓလေ့ဓရိုက်တစ်ခုလို ဖြစ်နေတော့ အခု ... ကျွန်တော့်ကို မသိဘူးဆိုလည်း အံ့ဩစရာတော့ မရှိပါဘူး"



"ကျွန်တော်" ပြောသည့် မိန်းကလေးကို၊ မင်းအုံထူး မသက်မသာ ပြုံးပြလိုက်မိသည်။

"ပြန်ဦးမယ် ... အားလုံးပဲ"

မြစိမ်းက ခေါင်းမညိတ်၊ ခေါင်းမခါ၊ ဟုတ်ကဲ့မဆို၊ အေးမြက ဟုတ်ကဲ့ဆို၏။ ကောင်မလေးငါးယောက်ထံမှ၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့ ... ငါးခွန်း လက်ခံရရှိ သည်။ မင်းအုံထူးမှ ဆိုင်ပေါက်ဝက သေသေချာချာ မထွက်ရ သေး ...

"အဲဒီလူကြီးက မမြစိမ်းကို ဘာဖြစ်လို့ ဖန့်ကလေး လို့ ခေါ်တာလဲ" ... ဆိုသည့် သစ္စာလေး၏ မေးခွန်းက နားထဲသို့ ဝင်လေ၏။ ဖန့်ကလေး ဘယ်လိုဖြေမှာလဲ။ ဓိဓဝါသင်းသင်းက ဘာတွေ ဆက်ပြောမလဲ။ "မြစိမ်းရောင်" ကတော့ ရတနာပစ္စည်း တွေ ရောင်းလိုက်ရမှာ သေချာသည်မို့ အခြေအနေကောင်းနှင့် ကျွန်ရစ်သည်။ မင်းအုံထူး အဖို့ရာမှာတော့ အလားအလာမ ကောင်း ... သိုင်းစကားနှင့် ဆိုရပါလျှင်၊ အန္တရာယ်၏ အငွေ့ အသက်ကို ရလေသတည်း။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

"မိန်းမမာယာ သဲကိုးဖျာတဲ့"

"ကိုးမျိုးတည်းလား၊ က,မယ်မထင်ပါဘူး"

"ဇီးကွက်မ ... မသိရင်လည်း ဝင်မပြောနဲ့။ ဖျာကိုးချပ် ခင်းလိုက်"

"ခင်းပြီးပြီ"

"သဲတွေပုံ"

"ပုံပြီးပြီ။ အပြည့်၊ အပြည့်"

"ဖျာတစ်ချပ်ပေါ်မှာ ပုံထားတဲ့ သဲဘယ်နှပွင့်ရှိလဲ၊ နင်သိလား"

ဇီးကွက်မ ခေါ်ခံရသူက မျက်လုံးပြူးပြသည်။

"ကိုးကုဋေ ကိုးသန်းကိုးသိန်းကိုးသောင်းကိုးထောင်ကိုးရာနဲ့ ကိုးဆယ့်ကိုးပွင့်"

"စဖြီး"

"မယုံရင် ရေကြည့်လေ။ နင် တစ်ပွင့်ချင်းရေကြည့်ပြီးမှ ငါမှားရင် နင့်ကို စိန်နဲ့ ပလက်တီနမ် ဝမ်းဆက်အပြည့် ဝယ်ပေးမှာ"



"ဘယ်သူ ရေနိုင်မှာလဲ"

"မရေနိုင်ရင် ငါနိုင်တယ်"

"ထားစမ်းပါ ... ဖျာကိုးချပ်အကြောင်း ဆက်ပြော"

"တစ်ချပ်ပေါ်မှာရှိတဲ့ သဲပွင့်အရေအတွက်ကို ဖျာကိုးချပ်ဆိုတော့ ကိုးနဲ့မြှောက်"

"ရှစ်ဆယ့်တစ်ကုဋေ ..."

ဇီဇဝါ ဘေးမှ ပေါက်စီမက ဇီးကွက်ပါးစပ်ကို လှမ်းပိတ်၏။ သူမက ဖျာကိုးချပ် အကြောင်းကိုပဲ သိချင်နေသည်။

"ငတုံးမ ... ဒီလောက်အ,ရသလား။ ဒါလေးမှ မကြားဖူးဘူးလား။ မိန်းမတွေဟာ မုယာမာယာ များလွန်းလို့၊ ဘယ်လောက်များလဲဆိုရင် မုယာမာယာပေါင်းစုံဟာ အဲဒီ ဖျာကိုးချပ်ပေါ်မှာရှိတဲ့ သဲပွင့်အားလုံးရဲ့ အရည်အတွက်နဲ့ ညီတယ်လို့ ပြောတာ"

"နည်းနည်းမများလွန်းဘူးလား"

"သေဟာ"

ခပ်တည်တည် ဝင်ပြောသည့် စာကလေးကို လှမ်းဆိတ်လိုက်ကြ၏။

"ယောကျ်ားတွေကျတော့ ပိုများတယ်။ သဲကိုးဖျာမလောက်လို့ မန်ကျည်းကိုးပင်နှောက်ရသေးတယ်တဲ့"

"ဩော် ... ရှစ်ဆယ့်တစ်ကုဋေနဲ့ကိုး ..."

"သေလိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် ... ငါ့ချည်း သေခိုင်းနေရတာလဲ။ လွမ်းသူ့မန်းခြင်းဖိုး ရှိလို့လား"

"မရှိဘူး၊ မမအေးမြ့ဆီမှာ အကြွေးတောင် တင်သွားပြီ"

စီးကွက်မက လက်ကောက်ပျော့နှင့် လက်စွပ်ကွင်းတို့ကို ကြိုးပျော့နှင့် ပြန်ဆက်ထားသည့် ပလက်တီနမ်ပစ္စည်းတစ်ခု ဝယ်၏။ သူ့မှာ ပိုက်ဆံက သုံးသောင်းကျော်ကျော်လေးပါသည်။

"မမအေးမြ ... သစ္စာအကြွေးနဲ့ ပေါင်းမှတ်လိုက်ပါ။ ညနေမှ အိမ်လာပေးမယ်" ... ဆို၍ အေးမြ လက်ခံလိုက်ရသည်။ ဒီကောင်မလေးတွေ လာဝယ်လို့ကတော့ ကြွေးဘယ်လောက်ချန်ထား၊ ချန်ထား၊ ပေးလိုက်ရမှာပင်။

"မန်ကျည်းပင် တစ်ပင်မှာ မန်ကျည်းရွက် ဘယ်နှရွက်ရှိသလဲ သိလား"

"ဒါတော့ အပင်ပေါ် မူတည်တယ်။ အစေ့ကပေါက်ကာစလေး၊ အရွက်နှစ်တန်းပဲ ထွက်သေးတယ်ဆိုရင်၊ တစ်တန်းမှာ ရှစ်ရွက်၊ ဆယ်ရွက် အလွန်ဆုံး ဆိုတော့ ဆယ့်ခြောက်၊ နှစ်ဆယ်လောက်ပဲ ရှိမယ်၊ နင့် မန်ကျည်းပင်က ဘယ်အရွယ်လဲ"

"အေးကွ ... ဖျာကလည်း ဘယ်အရွယ်လဲ မသိဘူးနော်။ ငါတို့အမေ ဘုရားရှိခိုးတဲ့ဖျာဆိုရင် ခပ်သေးသေးပဲ"

"ဖျာသေးရင် မန်ကျည်းပင်သေးရင် အရေအတွက် နည်းတယ်ကွာ"

"ဟာ ... ဘာပဲဖြစ်ဖြစ် မရေတွက်နိုင်အောင် များပြားတာပဲ"



"အေး ... အဲဒါ ယောက်ျားမာယာ။ အဓိအကျ ဆိုရရင် ဦးမင်းအုံထူး မာယာ"

မြစိမ်း ခေါင်းကလေး ဆတ်ခနဲ မော့သွားမိပြီးမှ၊ အေးမြ ကိုယ့်ကိုလှည့်ကြည့်လိုက်သလို မျက်ဝန်းထောင့်မှ ရိပ်ခနဲ မြင်လိုက်သည်မို့ ဓိစဝါလေးကို ကြည့်ပြီး မြှုံးနေလိုက်တော့သည်။

ပစ္စည်းအားလုံးဝယ်ပြီး၊ သိမ်းပြီး၊ ငွေဝါသလောက်ချေပြီး၊ ကြွေးစာရင်းမှတ်ပြီး၊ အားလုံးပြီးစီးချိန်မှာ အေးမြက ကော်ဖီတိုက်မည်ဟု ဆိုသောကြောင့် ကော်ဖီအပျော်ကောင်းသည့် မြစိမ်းက ထပျော်ကာ အေးအေးဆေးဆေး စကားပြောနေကြခြင်းပင်။ နောက်ထပ်ဝယ်သူ မလာသည်မို့ ကောင်မလေးတွေက ထ, မပြန်ကြပါ။

"နင်တို့တစ်တွေ ... မသိရင် မှတ်ထားကြ။ နင်တို့ချွေမျိုးစုတွေထဲမှာ မိန်းမ ဖိုးပိုးရွယ်ရွယ်လေးတွေ ရှိရင် အဲဒီမင်းအုံထူး ဆိုတဲ့လူနဲ့ ဝေးဝေးနေပစေ"

"ဘာဖြစ်လို့လဲ၊ အဲဒီလူကြီးက ကိုယ်ပူနေလို့လား"

"ကိုယ်ပူတာက ကိုယ့်မကူးနိုင်ဘူး၊ ရှူးချင်ရင် ပဒိုင်းသီးမစားနဲ့၊ မင်းအုံထူးဆီသွား။ မင်းအုံထူးကို ရှောင်၊ သေတောင် မဆင်းရဲဘူးဆိုတဲ့ အထဲက၊ ယောက်ျားထဲမှာ ကြောက်စရာအကောင်းဆုံး အသည်းစားဘုရင်ကြီး"

"အသည်းစားတာများ၊ စားပစေ။ ငါက အမြစ်နဲ့ နုပ်ပဲကိုက်တယ်။ ကြက်အသည်းအမြစ်ဟင်းချက်ရင် အသည်းဆို ... သူများချည်း ကျွေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"စိန်ကောင်း ကျောက်ကောင်း ရောင်းနေတယ်။ ဆေးရိုးသည့် ကန့်လန့် ကန့်လန့် မလုပ်နဲ့"

"ကဲပါ ... ပြောပါ။ ဟိုလူကြီးအကြောင်း၊ နင်သိမ်ပြောချင်နေမှန်းသိလို့ တမင် ..."

"ပြောချင်တယ်။ ငါ့အစ်မ ရွှေစပယ်ဖြူက ဆိုရင် သူ့အကြောင်း အသိဆုံး။ အဲဒီလူက ဆရာကြီး"

"ဘာဆရာကြီးလဲ"

"အသည်းစားတဲ့ နေရာ။ အသည်းခွဲတဲ့ နေရာလောက်ဆို မပြောပါဘူး၊ သူက အသည်းခြွေတဲ့ နေရာမှာ ဆရာကြီး၊ သူလိုက်ရင် ဘယ်မိန်းကလေးမှ မခံနိုင်ဘူး၊ ကြွေတာချည်းပဲ။ ချွေနည်းတစ်သိန်း ဆိုပြီး စာအုပ်ထုတ်ရင်တောင် ...

"သူ့ပညာတွေ အကုန်မပါနိုင်ဘူး။ သူကိုယ်တိုင်တင် ခြွေသလား မထင်နဲ့၊ တယ်သူက ဘယ်သူ့ကိုခြွေချင်လဲ၊ သူ့ဆီသွား၊ သူက ဆရာကြီး၊ သူက သင်ပေးလိုက်တာချည်းပဲ"

"အောင်မြင်လား"

"အောင်မြင်တယ်။ သူလုပ်ခိုင်းတဲ့အတိုင်း သူပြောခိုင်းတဲ့အတိုင်း လိုက်ပြော၊ လိုက်လုပ်ရင် ဘယ်မိန်းကလေးကိုမဆို ... ရတာချည်းပဲတဲ့။ သူ့သူငယ်ချင်းတွေဆို၊ မိန်းမတစ်ယောက်နောက်ကို လိုက်ချင်ပြီဆိုရင် ...

"သူ့ဆီသွားပြီး ဆရာတင်ရတယ်။ သူက သဲကိုးဖျာမလောက်လို့ မန်ကျည်းကိုးပင် နောက်ထားရတဲ့ နည်းမျိုးစုံနဲ့ကို ဖြားယောင်းသိမ်းသွင်း၊ တစ်ဖက်သား မိန်းက



လေးမှာ ကြိုးတုပ်ခံရတာထက်တောင် ပိုပြီး မလှုပ်နိုင်သေးတယ်တဲ့"

"ဒါဆို ... တစ်နေ့ တစ်နေ့ သူ့ဆီလာလိုက်ကြမဲ့ ကောင်လေးတွေ"

"လူတိုင်းတော့လည်း ဘယ်သင်ပေးမလဲကွ"

"သင်တန်းကြေး ယူသေးလား မသိဘူးနော်"

ပေါက်စီမက ခိုခနဲရယ်၍ ဝင်ပြော၏။

"ယူချင်ယူမှာပေါ့။ ပိုက်ဆံမယူတောင် ဝမ်းတေဘယ် One Table ကျွေးရတယ် ဆိုလား"

မြစိမ်းက အေးမြထံ အကြည့်တစ်ချက် ရောက်သည်။ အေးမြ လှစ်ခနဲ လှမ်းကြည့်လိုက်တာနှင့်ဆုံပြီး၊ အကြည့်ကိုယ်စီ သိမ်းဖြစ်၏။

"ထွင့်ကိုရော သူ သင်ပေးလိုက်တာတွေလား မသိဘူး၊ ထွင့် လုပ်ရပ်ကလေးတွေက အရမ်းကဗျာဆန်တာ" ... ဟု အေးမြက မြစိမ်းကို ရိုးရိုးဘွင်းဘွင်းကြီး ချမေးချင်စိတ် ဖြစ်နေ၏။ မြစိမ်းကတော့ ... ဖန့်ကလေး ခေါ်တာဟာလည်း သူ့ရဲ့အသည်းခြွေသိုင်းကွက်တွေထဲက တစ်ကွက်ထင်ပါရဲ့ဟု တွေးနေ၏။

"မမမြစိမ်းကသာ သမီးနဲ့ သိပ်မရင်းနှီးတာ၊ သမီးရဲ့အစ်ကိုတစ်ဝမ်းကွဲက မမမြရွှေးတို့နဲ့ ဆိမ်းဘက်ချ် Same Batch ၊ ကိုကျော်မျိုးဝင်းကိုလည်း သိတယ်တဲ့"

မြစိမ်းက မော့ကြည့်လိုက်သည်။ ဓိဓဝါသင်းသင်းဆိုသည့် ကောင်မလေးပါပဲ။ သူက မင်းအုံထုးနှင့် ဝတ်ဆက်သမျှသာမက၊ ဟိုလူဒီလူ၊ သူသိသည့်လူတွေက အများသားပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျော်မျိုးဝင်းနဲ့ မမမြရွှေးကို လူကြီးတွေက စီစဉ်တယ် ဆိုပေမဲ့၊ မမမြရွှေးက သိပ်မကြိုက်ဘူးဆို"

မြစိမ်းက ခေါင်းညိတ်ပြလိုက်သည်။

"တစ်ခါမှ မသိဘူး၊ မခင်ဘူးတဲ့၊ သူစိမ်းယောကျ်ားကြီးကို မယူချင်ပါဘူး မေမေရယ်၊ သူငယ်ချင်းလောက် တော်ခဲ့ဖူးရင်မှ ဟုတ်တုတ်တုတ်ရယ်" ... ဟု မမမြရွှေး ပြောခဲ့ဖူးပါသည်။

"ကိုကျော်မျိုးဝင်းက မမမြရွှေးနဲ့ စကားပြောပါရစေလို့ ခွင့်တောင်းတယ်ဆို"

မြစိမ်း ခေါင်းညိတ်ရပြန်သည်။

"အဲဒီတုန်းက ဘာပြော ... ဘာညာ ... သူသင်ပေးလိုက်မှာပေါ့၊ မကြာခင် လက်ထပ်ဖြစ်တာပဲ မဟုတ်လား၊ မမမြရွှေးက ဆက်မငြင်းတော့ဘူး မဟုတ်လား"

မြစိမ်း ခေါင်းညိတ်ရပြန်သည်။

မမမြရွှေး ဆက်မငြင်းတော့တာ မှန်ပါသည်။ အဲသည်တု[illegible]ာတော့ ... မေမေ့ကို သိပ်ကလန်ကဆန်မလုပ်ချင်တော့တာနဲ့၊ သမီးအလိမ္မာ ဖြစ်ပြလိုက်တာပဲဟု ထင်ခဲ့၏။

"စကားပြောကြည့်တဲ့ အခါမှာ၊ ထင်သလောက်တော့ မစိမ်းလှပါဘူး၊ မေမေကလည်း ကျေနပ်နေတယ်ဆိုတော့ ... ခေါင်းပဲ ညိတ်လိုက်ရတော့ မှာပါပဲ" ... တဲ့။

အဲသည်တုန်းက မမမြရွှေး ပြောခဲ့သည့် စကားက ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ဟု ထင်ခဲ့သည်။ လက်စသတ်တော့ ... ကျော်မျိုးဝင်းဟာ မင်းအုံ့ အကူအညီ၊ အသွန်အသင်တွေကို သုံးပြီး မမမြရွှေးကို ခြွေချသွားနိုင်ခဲ့တာပါလား ... ရယ်လို့ ခုမှ တွေးမိတော့သည်။ ဒါကြောင့်သာ ... မမမြရွှေးနှင့် ကျော်မျိုးဝင်းတို့ ကွဲကြကွာကြတော့ ဟိုလူက မျက်နှာကြော တင်းသလောက် မမမြရွှေးက ငိုနေခဲ့တာ။



ဩော် ... မိန်းမသားဆိုတော့ တစ်ခုလပ်ဘဝကို ရောက်ရတဲ့အတွက် ဝမ်းနည်းပကီလက်၊ ရှက်လည်းရှက်ရှာမည်။ မမမြရွှေး အဖြစ်ဆိုးလေခြင်း၊ ဒါတောင် ... မိဘစကားနားထောင်ခဲ့တာဟု ... မြစိမ်း တွေးခဲ့ရပါသည်။ မမမြရွှေးကသာ မေတ္တာတွေ ရှိသွားရပြီး ကျော်မျိုးဝင်းကကျတော့ မေတ္တာရှိမလာခဲ့ဘူး ဖြစ်မှာပေါ့။ အသည်းနာဖို့ ကောင်းလိုက်တာ။ မေမေ့စကား နားထောင်ပြီး ရိုးသားအေးဆေးလှတဲ့ မမမြရွှေးရဲ့ ဘဝလေးကို သက်သက်မဲ့ (တကူးတက အကြံအစည်နှင့်) ပန်းကောင်းအညွန့်ကျိုးအောင် ချိုးခဲ့သည့် သူတွေထဲမှာ ဒီပုဂ္ဂိုလ်လည်း ပါခဲ့ပေသတိုး။

"ပြတ်စဲတော့လည်း အရှက်မရှိ တောင်းတယ်ဆို"

မြစိမ်းက ခေါင်းကို ညိတ်ပြရပြန်သည်။ အဲဒီလိုလာတောင်းစဉ်က ... ရှင်ပြောနေတဲ့ မင်းအုံ့ထူးတာပဲ အထောက်အကူ အဖော်သဟဲလုပ်ပြီး လိုက်ပါလာပါသေးတယ် ... ဆိုတာကို ထပ်ပြောမနေချင်တော့ပါ။ ကိုယ်ညံ့တာ လူသိလှပါသည်။

ထွင့် ... ကျုပ်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား။ မင်းအုံ့ မြှောက်ပေးလို့ မင်းအုံ့ နည်းတွေသုံးပြီး ကျုပ်စိတ်တွေ မွန်း ... နဲ့အောင် ကဗျာဆန်ဆန် အပြုအမူလေးတွေ [illegible]ရာ စကားလေးတွေနဲ့ အနိုင်ယူသွားလေသလား ... ဆိုတာကို အေးမြလည်း တွေးတောပူပန်မိချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ်စုံတွဲတွေ အများကြီး ရှိပါသေးတယ်။ အဲဒီလူ ... ဆရာကြီးလုပ်ပေးလိုက်လို့ ချစ်သူစုံတွဲတွေ ဖြစ်သွားကြတာ။ မမတို့ မသိတဲ့လူတွေမို့သာ နာမည်တွေ ပြောမနေတော့တာ၊ တစ်ယောက်ဆို မိန်းမသားက တွင်တွင်ငြင်းတာ ...

"ဆဲဆိုတောင် လွှတ်တယ်ဆိုပဲ။ ပါးမရိုက်ရုံ တစ်မယ်ပဲ၊ ဒါပေမဲ့ ... မကြာပါဘူး၊ ရသွားတာပဲ။ နောက်တစ်ယောက်ကကျတော့ အဲဒီမိန်းမမှာ ချစ်သူရှိပြီးသား၊ လူကြီးမိဘ သဘောတူတဲ့လူကို သေလုအောင် ကန့်ငြင်းတာပေါ့ ...

"ချစ်သူနဲ့တောင် ထွက်ပြေးဖို့ စီစဉ်ပြီးပြီတဲ့။ မိဘသဘောတူတဲ့သူက အဲဒီ မင်းအံ့ထူးကို ပြေးကပ်လိုက်တာ၊ ဘယ်လိုတွေ သင်ပေးလိုက်တယ် မသိဘူး၊ အပျော့ဆွဲနဲ့ အောက်ကျို့လိုက်တာ၊ သူ့ရည်းစားနဲ့ လိုက်မပြေးတော့ဘူး"

"မိဘက သဘောတူတဲ့သူနဲ့ လက်ထပ်ဖြစ်လား"

သူတို့ကောင်မလေးတွေ အချင်းချင်း စိတ်ဝင်စားစွာ မေးတာကို မြစိမ်း သိချင်သလို အေးမြလည်း သိချင်နေတော့သည်။

"လက်ထပ်တာမှ ပျော်ပျော်ရွှင်ရွှင်"

"ဟင် ... သတို့သမီးက ခြံနှန့်တာပေါ့"

"ဟိုဘက်ခြံကနေ ဒီဘက်ခြံကို ခုန်ကူးအောင်ကို ပြောနိုင်တာ"

"အပြောချည်းပဲလား၊ စကားတတ်တာပေါ့နော်"



"လုပ်ခိုင်းတာလေးတွေလည်း ရှိတယ်၊ တချို့ မိန်းကလေးတွေက သူတို့ကို သွားအောက်ကျို့ရင် အထင်သေးပြီး အဲဒီ ယောကျ်ားကို မကြိုက်တော့ဘူးတဲ့။ အဲဒီလိုမိန်းမမျိုးကျတော့ ကိုယ်က ခပ်ထန်ထန် ကြွပ်ဆတ်ဆတ်ပုံစံနဲ့ ဝင်ရတယ်တဲ့၊ လျှော့ပေးလို့ မရဘူးတဲ့"

"ဩော် ... ငါက ရည်းစားစကား ပြောရင် အောက်ကျို့ရမယ် ထင်တာ"

"အောက်ကျို့ပြီး ချော့ရတဲ့ မိန်းမတွေက အမြှောက်ကြိုက်တဲ့။ သနားအောင် ပြောတဲ့။ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်တွေ ဘာတွေ လုပ်ပြရင်၊ အဟုတ်ထင်တဲ့ ရူးကြောင်မူးကြောင် မိန်းမမျိုးကလည်း ရှိသေးတဲ့။ အဲဒီလူကြီးက ပြောတာတဲ့"

"ဩော် ..."

"အဲဒါကြောင့်တဲ့။ မိန်းမတစ်ယောက်နောက်ကို လိုက်တော့မယ်ဆိုရင်၊ ဒီမိန်းမ ဘယ်လိုအမျိုးအစားလဲ၊ စိတ်ထား ဘယ်လိုရှိလဲ၊ သူ့ဆီ ဘယ်ပုံစံနဲ့ ဝင်ရမလဲဆိုတာ အရင်ဆုံးဖြတ်ရတယ်တဲ့။ 'အဲဒီလူကြီး ပြောတာတဲ့"

မင်းအံ့ ... ရှင် ပညာစုံ ပါပေတယ်နော်။

"များသောအားဖြင့်မှာတော့ ... မိန်းမဆိုတာ သနားတတ်တယ်။ မိခင်မျိုးဆိုတော့ အကြင်နာကြီးတယ်။ အမြှောက်ကြိုက်တယ်၊ အချော့ကြိုက်တယ်၊ ဒီလောက် အခြေခံသဘော သိထားရင် ... မီးစင်ကြည့်ကပေတော့၊ မရ ... မရှိစေရဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာဖြစ်လို့ ... ဒီလူကြီးပြောတဲ့ စကားတွေ
အစ လိုက်သိနေရတာလဲ"

"ငါ့အစ်မ ရွှေစပယ်ဖြူကို သူက သေကောင်ပေါင်း
လိုက်တာလေ"

"ကြွေပြီလား"

"တော်သေးတာပေါ့၊ မကြွေခင် သူ့အကြောင်းတွေ သိ
လိုက်လို့။ သူကဟယ် ... အရုပ်အမြင့်ကြီးနဲ့ အသား
ရုပ်ချောတာရယ် ..."

မြစိမ်း ကျိတ်၍ ခေါင်းညိတ်လိုက်မိပါသည်။ မင်းအုံ့ ရှင်သာ ပင့်ကူတစ်ကောင်ဆိုရင်၊ ရှင့်ရဲ့ ပင့်ကူအိမ်မှာ ပိုးဖလံလေး တွေ တွယ်ငြိစေနိုင်တဲ့ ပင့်ကူကွက်လေးတွေထဲက တစ်ကွက်ဟာ ရှင့်ရဲ့ ချောမောနေခြင်းပါပဲ မင်းအုံ့ရယ်။

"သူ့အဖေကလည်း ထောတယ်လေ။ တစ်ဦးတည်းသော
သား၊ ဒီကုမ္ပဏီကို သူပဲ အမွေရမှာ ...။ ခေါင်းထဲမှာ
Calculator ထည့်ပြီး ပေါင်းနုတ်မြှောက်စား ... လုပ်ကြည့်
လိုက်၊ အချစ်ဆိုတာကို နည်းနည်းမှ မထည့်နဲ့"

"မထည့်ဘူး"

"ဒီလူဟာ ဘဝအဖော်အဖြစ် ရွေးချင်စဖွယ်ကြီး"

"အေး ... ဟီး"

"ရယ်မနေနဲ့"

"မရယ်တော့ဘူး"

သူတို့လေးတွေ လုပ်ရပ်ကလေးများ၊ အပြောအ လေးများဟာ ကလေးဆန်ပြီး ချစ်စရာလေးတွေမို့ သူတို့ရယ် ...



ရယ်ချင်း၊ ဟီး ... ဟီးချင်း ဖြစ်စဖွယ်။ သူတို့ ခိ ... တော့လည်း လိုက်ခိရုံ။ ခုတော့ ... အေးမြရော မြစိမ်းပါ မျောက်ရုပ်ကြီးတွေ ဖြစ်နေရတော့သည်။ မြစိမ်းကိစ္စကတော့ ပါသွားပြီ။ ထွန့်နိုင်ထွန်း အကြောင်း ဘယ်တော့ပါလာမလဲ ... ဟူ၍ အေးမြ စိုးရိမ် ... တွေးလန့်နေ၏။

"ခေါင်းထဲက ဂဏန်းပေါင်းစက်ကို ထုတ်ပစ်လိုက်ရင်
လည်း၊ သူ့ရုပ် သူ့ရည် သူ့အပြောအဆို အပြုအမူလေး
တွေဟာ အချစ်တစ်ခုကို သယ်ဆောင်လာနိုင်တဲ့ထိ ဂုဏ်
သတ္တိ ရှိကြတာတွေပဲ ...

"ဒီကြားထဲမှာ ... အသည်းခွေခြင်းဆိုတဲ့ ဘာသာ
ရပ်မှာလည်း ကျွမ်းကျင်နေသေးတယ် ဆိုတော့၊ သူလိုက်
ရင် မရတဲ့ မိန်းကလေး တစ်ယောက်မှ မရှိဘူးတဲ့။ ငါ့
အစ်မတစ်ယောက်ပဲ ကြံ့ကြံ့ခံနိုင်လို့ သူ့ရဲကောင်းဘွဲ့ပေး
ဖို့ ကောင်းနေတာ"

"ရည်းစားတွေ အများကြီးလား"

"မများပါ နေမလား"

"တစ်ချိန် ... တစ်ချိန်မှာ ဘယ်နှယောက်လဲ"

"မသိဘူး၊ ထားလိုက်၊ ပြတ်လိုက်တွေ နေမှာပေါ့။ ဖြစ်
လိုက် ပျက်လိုက်ဆိုတဲ့ သင်္ခါရသဘောတရားကို ရှုချင်ရင်
မင်းအုံ့ထူးနှင့် သူ၏ချစ်သူများကို ကြည့်ရှုလေ့လာပါ ...
တဲ့"

"ဘယ်သူ ပြောတာလဲ"

"ငါ့အစ်မ သူ့ရဲကောင်း"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ စကားပြောလို့လည်းဝ၊ တစ်ကရားကုန်၍ နောက်တစ်ကရား ထပ်ဖျော်ပေးသည့် ကော်ဖီတွေလည်းကုန်၊ (တစ်ယောက်ကို နှစ်ခွက်စီလောက် ဆင့်သောက်ကြသည်) အချိန်လည်း တော်တော်ကြာသွားမှပဲ ပြန်ဖို့စကားကို သစ္စာလေးက စပြော၏။

"ပြန်မယ် ... ဟော့ကောင်တွေ၊ ငါက နင်တို့ကို အိမ်ပေါက်စေ့ လိုက်ချပေးရဦးမှာ"

"အဲဒီလို ပြောမှာစိုးလို့ ငါ ကားယူခဲ့မယ် ဆိုတော့လည်း"

"ဟာ ... ခွဲမစီးချင်ပါဘူး၊ စကားပြောလို့ မရဘူး။ ခုလို တစ်ကားတည်း ပြွတ်သိပ်စီးလာတော့ စကားလည်း ပြောလို့ရတယ်။ စိတ်ပါရင် မြနန္ဒာတောင် ဆိုသွားနိုင်သေး"

ပြောပြီး ရယ်ကြပြန်သည်မို့ ဒီတစ်ကြိမ်မှာတော့ အေးမြရော မြစိမ်းပါ စိတ်မပါ လက်မပါ လိုက်ရယ်ဖြစ်တော့သည်။

"မမအေးမြ ပြန်မယ်၊ ပြန်မယ်နော် မမမြစိမ်း"

"အေး ... မမ သေသေချာချာ ရွေးပေးလိုက်တယ်၊ ဈေးနှုန်းလည်း အမှန်ကန်ဆုံး လုပ်ပေးလိုက်တယ်လို့ မေမေ့ကို ပြောလိုက်နော်"

"ဟုတ်ကဲ့ မမ ... ကျေးဇူးနော် ... တာ့တာ"

ကလေးမဟုတ် သူငယ်မဟုတ် ... တာ့တာသံတွေ စုပြုံထွက်လာပြီးမှ ဆိုင်ထဲက ထွက်သွားကြတော့သည်။

မြစိမ်းက အေးမြကို ကြည့်လိုက်သည်။ အေးမြကလည်း ပြန်ကြည့်၏။

"အေးမြ ... ကျုပ်ကို မင်းအံ့နဲ့ ရှင် သဘောတူသေးလား"



စိတ်ပျက်ပျက်နှင့် မေးချတော့သည်။

"အဲဒါဝေးလို့၊ ထွင်ရှိကိုတောင် ပြန်စဉ်းစားရတော့မယ် ထင်တယ်၊ စေ့စပ်ပွဲကလည်း လုပ်ပြီးသွားပြီ။ ဒုက္ခ"

မြစိမ်းက အေးမြကို သနားကြည့်နှင့် ပြောင်ပြောင်ကြည့်ခွင့်ရသည်။ အေးမြက မြစိမ်းကို ကြည့်တော့ ကြည့်၏။ ဘာအကြည့်မှန်း မသိ။ သနားကြည့်တော့လည်း မဟုတ်တန်ဘူး ထင်ပါရဲ့။ မြစိမ်းက မင်းအံ့ကို ပြန်ချစ်နေလောက်ပြီဟု ထင်ပြီး၊ ရင်ထဲမှာ သနားမိလျှင်တောင်မှ မြစိမ်းက ဝန်မခံသေးတာမို့၊ အေးမြမှာ သနားကြည့်ကို တရားဝင် ကြည့်ခွင့်မရနိုင်သေးပါ။ ကျိတ်ပြီးတော့ ... တော့ ကြည့်ချင် ကြည့်နေနိုင်ပါသည်။ မြစိမ်းက အေးမြကိုကြည့်၍ ပြုံးလိုက်၏။

"ဘာပြုံးတာလဲ"

မြစိမ်း ခေါင်းခါသည်။

"ရှင် ... ကျုပ်ကို သနားကြည့်နဲ့ ကြည့်ချင်တာတောင် တရားဝင်ကြည့်ခွင့် မရှိသေးတဲ့ ရှင့်ကိုပဲ ပြန်သနားလိုက်ပါတယ်။ အေးမြရယ် ... ကျုပ်က လူတကာရဲ့ သနားကြည့်နဲ့ တန်နေပြီ" ... ဟု ဖွင့်ပြောချလိုက်ချင်ပါသည်။

ဖွင့်မပြောမိအောင် မျိုသိပ်ရတော့မည်ဟုလည်း အံကို နာနာကြိတ်ရပါသည်။

မင်းအံ့ ... ရှင့်ကို ကျွန်မ ... တကယ်ပဲ အံ့သြမိပါရဲ့ မင်းအံ့ရယ်။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက အဲဒီနေ့ ညနေမှာပဲ တက်လေ၏။

"ထွင်း ... ရှင် ... ကျွန်မကို တကယ်မချစ်ဘဲနဲ့၊ သူများ မြှောက်ပေးသမျှ"

နာမည်နှင့်လိုက်အောင် အေးဆေးလှသည့် အေးမြ ခမျှာ ဒီအသက် ဒီအရွယ်ထိ ဒီတစ်ကြိမ်သာ ချစ်သူရယ်လို့ရှိဖူး သေးတာမို့ စူးစူးနစ်နစ် မြတ်နိုးရှာပါသည်။ တစ်သက်မှာ တစ် ချစ်၊ ဒီချစ်သူနှင့်ပဲ ဘဝခရီးကို ဆုံးအောင်လျှောက်မည်ဟု ဆုံး ဖြတ်ချက် ချထားခဲ့သူလည်း ဖြစ်သည်။ ထွင်းနိုင်ထွန်းဟာ ယောကျ်ားတစ်ယောက် အနေနှင့် လူညံ့မဟုတ်ပြား၊ လျှမ်းလျှမ်း တောက် လူတော်ကြီးလည်း မဟုတ်။ ဟုတ်သည် ... ဟုတ်နိုင် သည်ပဲထားဦး၊ လောလောဆယ်မှာ သူ့အရည်အချင်းကို ဘယ် နေရာမှာမှ ထုတ်ပြမထားသေး၊ ထုတ်ပြခွင့် မရသေးဘူးပဲထားပါ။

စီးပွားဥစ္စာကျတော့လည်း၊ အေးမြတို့နှင့် ဘယ်လို မှ မယှဉ်သာ။ အချစ်တစ်ခုသည်သာ ... သူတို့နှစ်ယောက်ရဲ့ ဘဝနှစ်ခုကို ခိုင်မြဲတုပ်နှောင်ခြင်း မရှိခဲ့ပါလျှင်၊ ထွင်းနိုင်ထွန်း ဆိုတာဟာလည်း ငမ်းငမ်းတက် မက်မောလောက်သည့် ချစ်သူ လောင်း၊ ခင်ပွန်းလောင်း မဟုတ်ပါ။ ထွင်းနိုင်ထွန်းနှင့် စာလျှင် အေးမြကမှ ...။ ရုပ်ရည်ကတော့ ရွက်ကြမ်းရေချိုသာသာပဲ ထား လျှင်တောင်၊ ငွေကြေးတတ်နိုင်သူမို့ ခေတ်မီဈေးကြီး၊ နည်းမျိုးစုံ၊



နည်းမျိုးစုံသုံးနိုင်သော အေးမြဟာ တော်တော်ကြီးကို ကြည့် ကောင်းသည့် အဆင့်သို့ ရောက်ရှိသွားပါသည်။ ရတနာဆိုင် တစ်ခုကို (အရင်းအနှီး သုံးပုံနှစ်ပုံခန့် ) ပိုင်ဆိုင်လျက် လစဉ်ဝင်ငွေ သာ တော်ရုံယောကျ်ား တစ်ယောက်ထက်တောင်သာအောင်၊ ရှာနိုင် ဖွေနိုင်ပါသေးသည်။ မိဘအမွေအနှစ် ဆိုတာတော့ ... ပြောမနေနှင့် တော့။ အေးဆေး၍ ငြိမ်းချမ်းသော၊ စိတ်ကောင်းကလေးမွေးလျက် ဘယ်သူနှင့်မျှ ရန်မဖြစ်တတ်သော ... အေးမြကမှ၊ သူ့ကို မချစ် လျှင်တောင် ချစ်သူလောင်း၊ ဇနီးလောင်းအဖြစ် ရွေးချယ်ဖို့ ဝန် လေးတွန့်ဆုတ်စရာ မရှိသူ။

"မေမေ ... ထွင်းကို ခေါ်ကြည့်ပေးပါ"

အဲသည်ဝါကျတစ်ကြောင်းသည် တိုက်ယူရသော အခွင့်အရေးတစ်ခု ဖြစ်၏။ မိဘနှစ်ပါးက အင်တင်တင်မှ စခဲ့ ကြသည်။ ကိုယ်တိုင်ရွေးချယ်ပေးသည့် သမက်လောင်း မဟုတ် ခြင်း၊ သမက်လောင်း၏ အရည်အချင်းတွေတော့ မပြောကတ်၊ အပေါ်ယံ လွေ့လာမှုလောက်မှာတော့ မဖြစ်မနေ မက်မောစရာ မရှိခြင်းတို့ကြောင့် ဖေဖေနှင့် မေမေက လှိုက်လှဲဝမ်းသာ ... ကျေ နပ်ကြသည် မဟုတ်ပါ။ တားမြစ်လောက်အောင် အပြစ်အနာ အဆာ မရှိလှခြင်း (မတွေ့ တွေ့အောင် ရှာလျှင်တော့ ရနိုင်ပါ သည်)နှင့် ကိုယ်တို့သမီး ကိုယ်တိုင်က စိတ်ပါနေခြင်းတို့ကြောင့် သာ လက်ခံလိုက်ကြခြင်း ဖြစ်ပါသည်။

အဲဒီလို အခြေအနေမျိုးမှာ ... သူက မေတ္တာစစ် နှင့်သာ မဟုတ်ပါက ကိုယ့်ဘက်မှ နစ်နာလွန်းပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ထွန်း၊ ရှင် ... ကျွန်မကို တကယ်မချစ်ဘူး မဟုတ်လား၊ အချိန်မရွေး လမ်းခွဲသွားနိုင်တယ် မဟုတ်လား၊ ချန်ရစ်ခဲ့ဖို့ ဝန်မလေးဘူး မဟုတ်လား"

"ဟာ ... စွပ်စွဲချက်တွေက များသလောက် ပြင်းထန်လှချေလား။ ဘာတွေ ဖြစ်ကုန်တာလဲ။ ဟောဗျာ ... မျက်ရည်တွေနဲ့ ကလေးလား အေးမြရယ်"

ပါးပြင်ပေါ်မှ မျက်ရည်စတို့ကို လာသုတ်ပေးသည့် ထွန်းလက်ကို ပုတ်ချပစ်လိုက်သည်။

"ဘယ် စုန်းကဝေ ပူးသလဲ၊ ဘယ်နတ်ဆိုး ပြုစားသလဲ ပြော"

ထွန်းက ရယ်နေ၏။ ထွန်းက အေးမြကို ချစ်၍ အေးမြ ပြန်ချစ်တာကိုလည်း ယုံသည်။ သူ့လောက်အနေအထားကို သဘောတူပေးသည့် ... အေးမြ မိဘနှစ်ပါးကိုလည်း ကျေးဇူးတင် လေးစားရပါသည်။

"ရှင့်ကို မင်းအံ့ မြှောက်ပေးတာ မဟုတ်လား"

"သူ ဆိုင်းတီးပေးတိုင်း က,ရအောင် ကိုယ်က မျောက်လားကွ။ လူသားစင်စစ်ကြီး"

"ရှင် ... ကျွန်မကိုပြောဖို့ စကားတွေ ... မင်းအံ့နဲ့တိုင်ပင်ခဲ့တာ မဟုတ်လား"

ထွန်းက ရယ်၏။

"အေးကွ ... အဲဒါတော့ ဟုတ်တယ်"

"သွားပါပြီ ကိုထွန်းနိုင်ထွန်းရယ်၊ ကျွန်မ ကောင်းကောင်းကြီး အညာခံလိုက်ရပါပြီ"



အေးမြ ချုံးပွဲချ ငို၏။

ထွန်းခမျာ ဘုမသိ ဘမသိနှင့် ပါးစပ်ထဲ ရှိသမျှ စကားတွေ အကုန်သုံး၍ ချော့ရတော့သည်။

"နေပါဦး ... ဒီပြဿနာ ဘယ်က စတာလဲ"

အေးမြ ငိုလို့ဝမှ မေးရ၏။

"မနေ့ကမှ ... ရှင်တို့အကြောင်းတွေ အကုန်သိတာ"

အေးမြက သစ္စာလေး ရောက်လာတာမှ စပြော၏။ ထွန်းက မေးခွန်းမထောက်ဘဲ ငြိမ်သက်စွာ နားထောင်သည်။

"ဖြစ်မှ ဖြစ်ရလေ အေးမြရယ် ... ကလေးလိုပဲ"

နာရီပေါင်းများစွာ၊ ချော့နည်းမျိုးစုံ၊ ကတိတွေ အထပ်ထပ်၊ ရှင်းလင်းချက် ထောင်သောင်းတို့ ကုန်ဆုံးပြီးမှ အေးမြ မျက်စောင်းပြေပြေထိုးလေ၏။

"ယောက်ျားချင်း ဆိုတာ ... ကိုယ်က ကောင်မလေးတစ်ယောက်ကို လိုက်တော့မယ်ဆိုရင် တိုင်ပင်ကြ။ အကြံဉာဏ်ပေးကြ၊ ပွင့်လင်းပြောဆိုကြတာပဲ အေးမြရဲ့။ ပြီးတော့ ... ကိုယ်က ... သူ မိတ်ဆက်ပေးမှ အေးမြနဲ့ သိရတာ ...

"သူ ... မြစိမ်းရောင်ကို ရောက်ရောက်နေတာ၊ မြရယ် စိမ်းရယ် ရောင်ရယ်ထဲက တစ်ယောက်ယောက်ရဲ့ ဆွဲငင်အားနဲ့ ရောက်နေတာမှန်း အသိသာကြီး၊ သူစိတ်ဝင်စားနေတာက အေးမြ ဆိုရင်လည်း၊ ကိုယ်ကွ သူငယ်ချင်း ချစ်သူကို ဖြတ်ခုတ်ရာ ရောက်ဦးမယ် ...

"သူ့ကို ဖွင့်မေးရတာပေါ့။ မင်း ... အေးမြအပေါ် ရိုးသားရင် ငါ ဆန်းပြားလိုက်တော့မယ် ဆိုတာမျိုးတော့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားချင်း ပြောဖြစ်တာပေါ့ အေးမြရဲ့။ သူက တော်တော် စွံတဲ့သူဆိုတော့ သူ့ကို နည်းနည်းပါးပါး ဆရာတင်ရတာလည်း မှန်ပါတယ် ...

"မင်းအံ့မှာက ဘာမှန်းမသိတဲ့ ချစ်စရာ အပြုအမူလေးတွေ ရှိတယ်၊ မိန်းကလေးတစ်ယောက် ထိုင်တော့မယ်ဆိုရင် ခုံကလေး ဆွဲထုတ်ပေးလိုက်တာတို့၊ လိမ္မော်သီးစားတော့မယ် ဆိုရင် အခွံခွာပေးတာတို့ ...

"တယုတယလေးတွေလည်း ရှိတယ်၊ အဲဒါလေးတွေကို အတုခိုးရတာလည်း အမှန်ပဲ။ အဲဒါ သူတို့မိသားစုရဲ့ အကျင့်ပဲ။ သူတို့အိမ်ကိုသွားရင် တစ်ယောက်နဲ့ တစ်ယောက် ပြုစုယုယနေကြတာကို တွေ့လိမ့်မယ်၊ သူ့အဖေက စပြီး မိန်းမသားဦးစားပေးစနစ် သိပ်သုံးတာ ...

"ဒါပေမဲ့ ... မင်းအံ့ အဖေရဲ့ တစ်သက်တာမှာ လူမှုရေးဖောက်ပြန်မှု ဆိုတာ လုံးဝမရှိခဲ့ဘူး၊ သူတို့အိမ်မှာဆို သားမိ သားဖ သုံးယောက်လုံးဟာ ... အပြန်အလှန် အရမ်းချစ် အရမ်းကြင်နာနေကြတာ တွေ့ရပြီး သိပ်မျော်စရာ ကောင်းတာ ...

"သုံးယောက်သားဟာ ... တစ်ယောက် ရေချိုးခန်းဝင်လို့ ကြာနေရင်တောင် ကျန်နှစ်ယောက်က တံခါးလိုက်ခေါက်တာ။ ရေချိုးရင် ... အအေးမိမယ်၊ ကားမောင်းထွက်ရင် ဖြည်းဖြည်းမောင်းတို့၊ အဲဒါတွေ မပြောလည်းဖြစ်ပေမဲ့ သူတို့ သားမိ သားဖ သုံးယောက်ကတော့ ပြောတယ် ...



"အဲဒီ အကျင့်လေးတွေ အပြင်ပါလာတော့ ... သူ့အဖေနဲ့ အမေကျတော့ လူကြီးတွေမှလား၊ မာနမကြီးဘူး၊ သိပ်ဖော်ရွေတာ၊ သိပ်သဘောကောင်းတာနဲ့ လူတွေက ချီးကျူးခံရတယ်။ မင်းအံ့ ကျတော့ ... ကောင်မလေးတွေက အသည်းစွဲ ကြိုက်ကြတယ် ...

"ကောင်လေးတွေက အမြင်ကတ်တာကို ခံရတယ်။ ကောင်မလေးတွေက ... မင်းအံ့ သူတို့မိသားစုအ...နဲ့ သူ့ဘာသာနေတတ်သလို နေတာကို၊ သူတို့ကို ကြိုက်လို့ ယုယတယ် ထင်ကြတာကိုး၊ နောက်တစ်ယောက်နဲ့လည်း ဒီလိုပဲဆိုတော့၊ ပြဿနာတွေက တက်ရော ...

"ငိုကြ ယိုကြ၊ စိတ်ကောက်ကြ၊ ရှက်တဲ့သူကရှက်၊ စိတ်တွေဆိုးပြီး မကောင်းပြောတော့ မင်းအံ့နာမည်ပျက်ရတယ်။ မင်းအံ့ ပြောပုံ ဆိုပုံ လုပ်ပုံ ကိုင်ပုံတွေကျတော့လည်း မိန်းမကြိုက် ဖြစ်နေတော့ ကိုယ်တို့လို တော့ေတွေက ဆရာတင်ရတာပဲ ...

"တကယ်တမ်းမှာ မင်းအံ့က လိုက်ရှုပ်ရတာ မဟုတ်ဘူး၊ ကောင်မလေးတွေက လာရှုပ်တာကို ခံရလို့ ပြောရင်လည်း နမချင်းမစာနာဘူး ဖြစ်ဦးမယ်၊ ယုံပါ အေးမြရယ်၊ မင်းအံ့လည်း အဲဒီလိုလူစား မဟုတ်ဘူး၊ အေးမြကို ကိုယ်ချစ်တာလည်း သံသယမဝင်နဲ့ ...

"အေးမြကို ချစ်တဲ့နေရာမှာ အေးမြ ဖြတ်သွားခဲ့က်သွားတဲ့ မြက်ခင်းပေါ်တောင် လှုးပစ်ချင်တဲ့ကောင်ပါကွာ၊ အဲဒီလို အသေးအဖွဲ့ကစပြီး သံယောဇဉ်ကြီးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ... မင်းအုံ့ သင်ပေးထားတာပဲလား"

"ဒီလောက်တော့လည်း ... ကိုယ့်ဘာသာ ပြောတတ်ပါသေးတယ်"

ထွင့် ... အာခေါင်တွေခြောက် လည်ချောင်းတွေနာလာချိန်မှာ အေးမြ မျက်ရည်စဲ၍ ပြုံးနိုင်ရယ်နိုင် ဖြစ်လာပါတော့သည်။

"အေးမြက မြစိမ့်းအစ်မလိုဖြစ်မှာ ကြောက်နေတာမှလား၊ ဒါကြောင့်မို့ ကိုယ်က အေးမြတို့ကုမ္ပဏီ မဝင်ပါရစေနဲ့ ပြောတာပေါ့။ ကိုယ့်တစ်လဝင်ငွေ အေးမြ ထဘီတစ်ထည်ဖိုးပဲဖြစ်ဖြစ်၊ ကိုယ်စွမ်းကိုယ်စနဲ့ ရှာပြီးဝယ်ပေးချင်တယ် ...

"ယောက္ခမ ခင်းထားတဲ့ လမ်းပေါ် ချောင်ချောင်လေး တက်လျှောက်ပြီး မိန်းမကို စိန်နားကပ် ဝယ်ပေးရမှာ စိတ်မသန့်ဘူး၊ ပြီးတော့ ... တစ်ခါတည်းပြောထားမယ်နော်၊ ကိုယ် ပိုက်ဆံမရှိတာ မှန်တယ်၊ ဆိုဒိုးနား ညှော့ခံပွဲဖိုးကို လွယ်လွယ်ကူကူ မသုံးနိုင်တာ မှန်တယ်၊ ဒါကြောင့် ...

"မင်္ဂလာဆွမ်းကျွေးလောက်နဲ့ အေးမြ ကြည်ဖြူကျေနပ်ပေးရင်၊ အဲဒီလောက်နဲ့ ပြီးချင်တယ် ပြောတာ။ ဆိုဒိုးနားမှ ဆိုဒိုးနား ... မလျှော့နိုင်ဘူးဆိုရင်၊ အေးမြတို့ဘက်က လုပ်ပေးစရာ မလိုဘူး၊ ကိုယ့်ဘာသာ ဖြစ်တဲ့နည်းနဲ့ ရှာမယ် ...

"ဖြစ်အောင်လုပ်ပေးမယ်။ အဲဒါ ... အေးမြကို သိပ်ချစ်လို့။ အရမ်းချစ်လို့၊ တအားချစ်လို့၊ ယုံလား"



"ဒါလည်း ... မင်းအုံ့ သင်ပေးထားတာပဲလား"

"သေပါတော့ကွာ ... သေလိုက်ချင်ပါပြီ"

ချစ်သူနှစ်ဦးရဲ့ ထုထောင်း၊ ရိုက်ပုတ်၊ ဆွဲဆိတ်ရန်တွေ့၊ ငိုယို ... ဆိုသည့် ပွဲကလေးကတော့ အရယ်လေးနှင့် နိဂုံးချုပ်သွားရတော့သည်။

* ❀ *

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ခါတိုင်းဆို … ဆိုင်ပိတ်ရက်ကို မျှော်ရပါသည်။ ဟိုတုန်းက မျှော်ရတာကျတော့ တစ်မျိုးပါ။ ဆိုင်ပိတ်ရက်ပေမဲ့ အေးမြ၊ မြစိမ်းနှင့် ငွေလတို့ဟာ တစ်အိမ်အိမ်မှာတော့ စုဆုံဖြစ်လိုက်ကြသေးတာပင်။ ဘာပိတ်စဆန်းတွေ ပေါ်နေလဲ၊ အလှပြင်ပစ္စည်း ဘာတွေ ဆန်းသစ်နေလဲ … လက်ကိုင်အိတ်၊ ဖိနပ် … ဆိုတာမျိုးတွေ လိုက်ကြည့်၊ ကြိုက်တာတွေ့ဝယ်။ ကိုယ့်မှာနည်းနေပြီမို့ အသုံးလိုလို့ ဝယ်တာမျိုး မဟုတ်ပါ။ ဝယ်ချင်လို့ကိုပိုက်ဆံသုံးတာ ဖြစ်သည်။ တစ်ခါတလေကျတော့ ရုပ်ရှင်ကြည့်၊ တစ်အိမ်အိမ်မှာပဲစုပြီး တက္ကသိုလ်တုန်းက အကြောင်းတွေ ပြောကြ၊ အဲသည်နေ့မှာ သာရေးနာရေး သွားလျှင်တောင် တူတူ။

နောက်ပိုင်းကျတော့ … အေးမြကစလို့ ဗွေဖောက်သည်။ ချစ်သူရသွားသော မိန်းကလေးဟာ သူငယ်ချင်းတွေနှင့်ထက် … ချစ်သူနှင့် ဆုံရမှာကို ပိုမိုမက်မောလာတတ်သည်။ တစ်ပတ်မပါ၊ နှစ်ပတ်မပါနှင့် … နောက်ကျတော့ နှစ်ယောက်တစ်ဖွဲ့တည်း ဖြစ်သွားရကာ အေးမြကိုတော့ ဆိုင်ဖွင့်ရက်တွေကျမှပဲ ဆုံရတော့သည်။



ငွေလ ထွက်သွားပြန်တော့ … မနေတတ်လိုက်တာ များနှယ်။ မြစိမ်းမှာ တစ်ယောက်တည်း အဖော်မဲ့ရလျက် ကြောင်တောင်တောင်များတောင် ဖြစ်ရတော့၏။ နောက်ပိုင်း … နေသားကျသွားရသည်။ နေသားမကျခင်တုန်းကဆို … ဆိုင်ပိတ်ရက်ကို တွေးကြောက်၏။ အိမ်မှာ … မမမြရွှေနှင့်ဖဲ ဘယ်လိုမှ အဖော်မဖြစ်ပါ။ နဂိုက အေးဆေးသော မမမြရွှေဟာ အခန်းထဲမှ မထွက်သလောက် … မဂ္ဂဇင်း၊ ဝတ္ထုတွေနှင့်သာ အချိန်ဖြုန်းတော့သည်မို့ ကိုယ်က ကိုယ့်အချိန်ဖြုန်းနည်း ကိုယ့်ဘာသာ ရှာရသည်။

ဆိုင်ပိတ်ရက်မှာ … ဖတ်ချင်သော စာအုပ်တွေ စုဖတ်၊ ကိုယ်ကြိုက်သည့် အခွေတွေ စုကြည့်၊ ကိုယ့်ဗီရိုကိုယ်ဖွင့်ပြီး ကိုယ့်အဝတ်အစား၊ အလှပြင်ပစ္စည်းတွေ ပြန်လည်ရှင်းလင်း၊ ခေါင်းလျှော်။ (ခေါင်းက ကြားရက်တွေထဲမှာလည်း အနည်းဆုံး တစ်ကြိမ်တော့ လျှော်ဖြစ်၏။) တစ်ပတ်မှာ နှစ်ကြိမ်၊ တစ်ခါတလေ သုံးကြိမ်ထိ ခေါင်းလျှော်ဖြစ်သည် ဆိုတော့၊ တစ်ကြိမ်ကိုတော့ ဆိုင်ပိတ်ရက်မှာ လျှော်ရ၏။ အိမ်မှာမလျှော်ချင်လည်း ဆိုင်သွားလျှော်၊ ဆံပင်တိုချင်တို၊ ပေါင်းချင်ပေါင်း၊ အဖြောင့်ဆွဲတန်ဆွဲ၊ အလှပြင်စရာလေးတွေရှိလည်း ပြင်။ လုပ်ရင်း … လုပ်ရင်းက တကူးတက အချိန်ဖြုန်းရတာ မဟုတ်တော့ဘဲ ကိုယ်ပိုင်ကိစ္စလေးတွေဟာ (ဆိုင်ပိတ်ရက်) တစ်ရက်တည်းနှင့်တောင် မလောက်တော့သလို ဖြစ်လာရ၏။ လုပ်ချင်တာတွေ များနေ၍ တစ်ရက်ဆိုသော အချိန်ဟာ ဘယ်လိုကုန်သွားမှန်းကို မသိတော့ပါ။ အဲသည်တော့ ကိုယ်လုပ်ချင်တာလေးတွေလုပ်ဖို့ ဆိုင်ပိတ်ရက်ကို

www.burmeseclassic.com



မျှော်ရခြင်းပါ။ သူငယ်ချင်းသုံးယောက် ဆုံကြစဉ်က မျှော်ပုံမျိုးနှင့် မတူတော့ဘဲ ကိုယ် တကယ်ပိုင်သည့် ကိုယ်ပိုင်ရက်၊ ကိုယ့်ကိစ္စမှတစ်ပါး၊ အခြား ဘာတစ်ခုမျှ မလုပ်ဖြစ်တော့သည့် ... ကိုယ့်တစ်ဦးထည်းနှင့်သာ ဆိုင်သည့်ရက်အဖြစ် အဓိပ္ပာယ်ရှိစွာ မျှော်ခဲ့ရတာ။

ဒီနေ့ ... ဆိုင်ပိတ်ရက်ကြီးကတော့ ဟာတာတာနှင့် ပျင်းခြောက်ခြောက်ကြီး ဖြစ်နေတော့သည်။

မနက်အိပ်ရာထဲ ... သွားချင်ရာ သွားတော့မည်ဆိုလျှင် တစ်ခါတည်း အဆင်သင့်ဖြစ်နေအောင် မျက်နှာသစ်ရင်း " ရေပါတစ်ခါတည်း ချိုးလိုက်သည် (ဆိုင်ဖွင့်ရက်တွေကဲ့သို့)။ ပြီးမှ နံနက်စာစား။ မြီးတော့ ကိုယ့်အခန်းထဲ ပြန်ဝင် ... ဒီနေ့ ဘာကိုအရင်စလုပ်ရပါမလဲ ... ဟူ၍ တစ်ပတ်စာ တေးထားသမျှ လုပ်စရာ ကိုင်စရာလေးတွေကို တစ်ခုပြီး တစ်ခု အကောင်အထည်ဖော်ရပါသည်။ မမမြရွှေးက နေ့တိုင်းလိုလို ... မနက်စောစောမှာ မီးဖိုချောင်ဝင်သည်။ ဟိုဟာချက် ဒီဟာချက် စီမံသည်။ ပြီးလျှင် သူလည်း အခန်းအောင်းတော့တာပါပဲ။ မြစိမ်းက မီးဖိုချောင် အလွန်ဝင်ခဲသည်။ ဝင်ပြီဆိုလျှင်လည်း စီမံပေးရုံမဟုတ်၊ ကိုယ်တိုင်ချက်၏။

"ဒီနေ့ မြစိမ်းလက်ရာဆို ထမင်းမြိန်တော့မှာပဲ"

မေမေကတောင် ချီးကျူးရသည်။

"သိတယ် မလား ... မြစိမ်းလက်က ထွက်ရင်၊ ဘယ်တော့မှ အညံ့မရှိဘူး"



လက်မလေးထောင်ပြီး ကြွားခဲ့ဖူးတာတွေ ရှိသည်။ မြစိမ်းက မီးဖိုချောင် နေ့တိုင်းဝင်ဖို့ စိတ်မပါသလို ဟင်းချေးများတတ်သူလည်း မဟုတ်ပါ။

"နင်တို့ ဒီတစ်ခါ မှားတာဟာ နောက်တစ်ခါ မှန်ဖို့ပဲလို့ မှတ်ထား။ ဒီအသားနဲ့ ဒီဆားငန်သွားပြီဆိုရင် နောက်တစ်ခါ လျှော့၊ လုပ်ရင်း ကိုင်ရင်း စိတ်ဝင်စားရင်၊ မှတ်သားကြိုးစားရင် တဖြည်းဖြည်း ကောင်းလာမှာပဲ၊ အဓိက,က ...

"လုပ်ချင်စိတ်နဲ့ စေတနာလေးပဲ လိုတယ်။ ဘာပဲလုပ်လုပ် စေတနာလေး ထည့်လိုက်ရင် အကောင်းဆုံးပဲ"

ဟု မီးဖိုချောင်မှ ကောင်မလေးတွေကို ပြောထားသည်။

"နင်တို့ ... ဟင်းငန်သွားရင် ငါက တို့စရာပေါ် ငါးပိရည် မဆမ်းတော့ဘဲ တို့နိုင်တယ်"

တို့စရာ ကြိုက်လွန်းလို့တော့ မဟုတ်ပါ။ ဟင်းရွက်စိမ်းများ၊ ရေနွေးဖျော အသီးအရွက်များ စားဖြစ်ချင်သည်မို့ (ကိုယ်အလေးချိန် ထိန်းသိမ်းရန် ထမင်းစားနည်းအောင်လို့) တို့စရာ အသီးအရွက် ပေါင်းစုံကို များများကြီး စားလေ့ရှိပါသည်။

"နင်တို့ဟင်း ... ပေါ့သွားရင်လည်း၊ ငါက ငံပြာရည်လေး ထမင်းပေါ်နယ်ပြီး စားလိုက်နိုင်တာပဲ။ တစ်ခုပဲရှိတယ်။ မညစ်ပတ်နဲ့။ သန့်သန့်ရှင်းရှင်းလုပ်။ ပေါ့တာ ငန်တာ အရသာရှိတာ မရှိတာကို သိပ်ချေးမများဘူး ...

"ဒီတစ်ခါ အဆင်မပြေရင် နောက်တစ်ခါ အဆင်ပြေရမယ်ဆိုပြီး ကြိုးစား၊ ညစ်ပတ်ရင်တော့ ငါနည်းနည်းမှ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်ဘူး၊ ညစ်ပတ်တဲ့သူ … ငါ့အိမ်ကထမင်းဟင်း မချက်စေရဘူး … ဒါပဲ"

အဲသည်လို တင်းကျပ်စွာ သတိပေးထားပြီး၊ ပေါ့ပေါ့ ငန်ငန်၊ အရသာရှိရှိ မရှိရှိ၊ ဆီနည်းနည်း၊ ဆီများများ (များနေလျှင် ကိုယ်ခပ်မစားဘဲ ချန်ထားလိုက်ရုံပေါ့)၊ မြစိမ်း ချေးများလေ့ မရှိပါ။ မြရွှေက … အရင်တုန်းကဆို တော်တော်ချေးများသည်။ ခုတော့ … မြရွှေလည်း ဘယ်သူနှင့်မျှ စကားအခြေအတင် မပြောချင်တော့တာလား မသိ။ ဟင်းချေးမများတော့သလို၊ ကောင်မလေးတွေကိုလည်း ဆူတယ် မာန်တယ်တောင် မရှိတော့ပါ။

ထာဝရ တိတ်ဆိတ်လျက် ငြိမ်သက်နေတတ်သည့် အိမ်မှာ … အဲဒီလို ငြိမ်သက် တိတ်ဆိတ်ခြင်းသည်ပဲဟာပဲ ချမ်းမြေ့ခြင်းတစ်မျိုးဟု သားမိသုံးယောက်လုံး ခံယူကာ တစ်ယောက်တစ်နေရာ ဆိုသလို နေတတ်တာ မြစိမ်းတို့အိမ်ရဲ့ အကျင့်ပင်။ တစ်သက်လုံးလိုလိုက ငြိမ်သက်ချမ်းမြေ့ခဲ့သည့် အိမ်ဟာ ဒီနေ့ကျမှ အထူးတလည် ခြောက်သွေ့လျက် အသက်မဲ့နေတော့သည်ဟု ထင်မိသည်။ မနက်စောစော စားနေကျ မုန့်ဟင်းခါးတစ်ပန်းကန်နှင့် ကော်ဖီတစ်ခွက်သောက်ပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့သော မြစိမ်းမှာ … ဘာတွေလစ်ဟာမှန်း မသိ၊ လစ်ဟာနေ၏။ တစ်ကမ္ဘာလုံး လူသားအားလုံး တရားစခန်း ဝင်သွားကြပြီး၊ ကိုယ့်တစ်ယောက်တည်း ကျန်နေရသလိုလို။

အိပ်ရာပေါ်ပစ်လှဲ၊ နဖူးပေါ်သို့ လက်တစ်ဖက် အလိုလိုရောက်။

စဉ်းစားခန်းဝင်တယ် ဆိုတာ ဒါပဲထင်ပါရဲ့။



ဒီနေ့ ဘာတွေလုပ်စရာရှိပါလိမ့် … စဉ်းစားတော့ လုပ်စရာတွေ အစီအရီ ခေါင်းထဲမှာ ပေါ်ပါသည်။ သို့ပေမဲ့ … လူက ဘာကြောင့်မှန်းမသိ အားအင်ကုန်ခန်းနေသလို မောသလို၊ နုံးသလို၊ ကိုယ်လက်မသယ်ချင်သလို၊ တစ်စုံတစ်ခုကို လုပ်ကိုင်ဆောင်ရွက်ရန် လုံးဝစိတ်မပါသလို ခံစားချက်ကြီးကြောင့် အိပ်ရာပေါ်မှာ လှဲနေပါလျက်၊ စိတ်ပင်ပန်းနေရတော့သည်။ လူကသာ မလှုပ်မယှက် ငြိမ်နေတာ။ စိတ်ဆိုတာမျိုးကကျတော့ တစ်နာရီမှာ မိုင်ပေါင်းများစွာ ဝေးကွာအောင် ရောက်သည်အထိလည်း ပြေးတတ်သည့် အရာမျိုး။ စိတ်က ဟိုရောက်လိုက်၊ ဒီရောက်လိုက်။

မနေ့ကတောင် စကားပြောဖြစ်ခဲ့သေးသည့် အေးမြနှင့် ဖုန်းထဆက်ချင်သလိုလို။

အကြောင်းထူးလည်း မရှိပါဘဲ။ ငွေလ တစ်ယောက် တော်တော်များ ချမ်းနေမလား၊ ဒီမှာဖြင့် … နွေရာသီဆို တစ်နှစ်ထက်တစ်နှစ် ပိုပိုပူလာ။ ရန်ကုန်မှာ ဆောင်းတွင်းတောင် မရှိတော့ဘူး ထင်သည်။ တစ်ခါမျှ မချမ်းတော့တာ ကြာပဲကြာလှပေါ့။ ဒီမိုးတွင်းက မိုးတော်တော်များသား။ လေတွေလည်း ခါတိုင်းထက် ကြမ်းသလိုလို။

မင်းအံ့ထူး … ရှင် တော်တော် စိတ်ပျက်စရာကောင်းတဲ့သူပဲ။

ဘယ်လိုမှ အဆက်အစပ် မရှိဘဲ သူ့အကြောင်း တွေးလိုက်မိတာတော့ မဟုတ်ပါ။ သူ့အကြောင်းချည်း တွေးတွေးနေမိလို့၊ သူ့အကြောင်းဖျောက်၊ တခြားအကြောင်း စားထိုး၊ အတွေးက သူ့ဆီ ပြန်ရောက်သွား၊ ဖျောက်၊ ဖျောက်။ တခြားဟာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစား၊ သူ့ဆီပဲ ပြန်ရောက်။ မထူးပါဘူး။ တွေးတယ်ဟယ် ဒီလူ့အကြောင်းပဲ။ အဲ ...။

ရှင် တော်တော်စိတ်ပျက်စရာ ကောင်းတဲ့သူပဲ။

မင်းအံ့ထူးကို စိတ်ပျက်၏။ စိတ်ပျက်စရာ ကောင်းသည့် သူကိုမှ ချစ်သွားမိသော "မြစိမ်းဖန့်"ဆိုသည့် မိန်းမကို မြစိမ်းက ပို၍စိတ်ပျက်မိသေး၏။ သူ့ကို အစကတည်းက မုန်းခဲ့တာ၊ ကြည့်မရခဲ့တာ။ အဲသည်လို အချိန်ပြည့် မုန်းနေခြင်း၊ ကြည့်မရခြင်းတို့က "ဒီလူ"ကို မြစိမ်း အတွေးတွေထဲ ဆွဲသွင်းခဲ့တာလေ။ ဘုနှင့်ဘောက်ချည်းပေမဲ့၊ ဘုကျရင်း ပြုံးမိရတာတွေ၊ နည်းနည်းကလေးမှ စေတနာမရှိဘဲ ကော်ဖီဖျော်တိုက်ဖြစ်သွားတာတွေဟာ မြစိမ်း နှလုံးသားကို အရောင်ဆိုးကြတာပဲ ဖြစ်ပါမည်။

ပထမဆုံးအနေဖြင့် ... ခင်မင်စိတ် ဝင်သလိုလို။

ခင်ရင်း မင်ရင်းကလည်း မကျေနပ်နေတာပါပဲ။ ပြုံးမိ ရယ်မိ၊ စကားလက်ဆုံကျရင်းကလည်း ဒီလူ တစ်ယောက်ကို နာကြည်းနေတာပါပဲ။ ဘယ်တုန်းက ဘယ်လိုခင်ပြီး ခင်မင်မှုက တစ်ဆင့်တက်ကာ စွဲလမ်းတွယ်တာသွားမိရတာလဲ ... ဟု ကိုယ့်ကိုယ် ထုထောင်းရိုက်နှက်ကာ စစ်ဆေးချင်၏။

သူ့ကို ချစ်သွားမိပြီ ... ဆိုတာ ကိုယ့်ဘာသာသိပြီးဖြစ်၏။ သိသိချင်းမှာ စိတ်ဆင်းရဲလိုက်ရတာ လွန်ပါရော။ အတွေးတွေကို မင်းမူ၊ အိပ်ပျက်ညတွေမှာ စိုးမိုး၊ ကိုယ်ဟာ မုန်းစရာလူသားတစ်ယောက်ရဲ့ လက်ခုပ်ထဲမှရေ ... ဘဝသို့ ရောက်သွားသလိုမို့ကို "မြစိမ်းဖန့်"ဆိုသည့် မိန်းမကို "သေဒဏ်"စီရင်ချက် ချချင်ပါသေးသည်။



"သိပ်ချစ်တာပဲ ဖန့်ကလေးရယ်"

အဲဒါကို နည်းနည်းလေးမှ မယုံကြည်တာ အမှန်ပါ။ မယုံကြည်ပါဆိုတာထက် လက်ခံယုံကြည်ဖို့ကို အရမ်းဝန်လေးရတာပါဟု ဆိုလျှင် ပိုမှန်ပါသည်။ ကိုယ့်ဘဝထဲသို့ အတင်းဝင်ရောက်လာသူကို မနိုင်မှန်း သိလျက်နှင့် ပြန်လည်တွန်းထုတ်နေရသည်။

"ပထမအချက်က ... ဘယ်ယောကျ်ားကိုမှ ကျွန်မ မတွေ့သမထားနိုင်တော့တာပဲ"... ဟု သူ့ကို ပြောခဲ့ပါသည်။ မမမြရွှေ အဖြစ်မှာ နာကျင်ခံစားရပြီးကတည်းက ... ယောကျ်ားဆိုလျှင် တော်တော်ကြီးကို စိတ်ပျက်ကြောက်ရွံ့သွားခဲ့တာ။

"ဝေးဝေးရှောင်သင့်တဲ့ လူလား"

အဲဒီလိုကို သတ်မှတ်ခဲ့တာ။

"ဒုတိယအချက်က ရှင့်ကိုဆို ပိုကြောက်ပါတယ်"... ဟုလည်း ထပ်ဆင့် ပြောဆိုခဲ့ပါသည်။

"ကျွန်မ ... ယတိပြတ် ငြင်းပါတယ်"...ဟု ပြောခဲ့ပြီးသား။

သို့ပေမဲ့ ... သူဟာ ကိုယ့်နားမှာ လိပ်ပြာတစ်ကောင်လို ပျံသန်းရစ်ဝဲလျက် မခွာနိုင်အောင် နေပြနေတာကျတော့လည်း ကြည်နူးမိသလိုလို။ တစ်ကိုယ်ကောင်းဆန်သူ၊ အတ္တသမားလို့ပဲ ပြောချင် ပြောပါတော့၊ ယောကျ်ားတွေရဲ့ အချစ်ဆိုတာကို မယုံရဲလို့၊ ကြောက်လို့(မမမြရွှေ အဖြစ်က သက်သေလေ)၊ ယောကျ်ားဆိုတာ ... သေတစ်ပန် သက်တစ်ဆုံး ပေါင်းသင်းသွားသည့် ဖေဖေတောင်၊ လူမှုရေးဖောက်ပြန်မှုသာ မရှိတာ၊ မေမေ့ကိုဆို

www.burmeseclassic.com

www.burmeseclassic.com



နိုင်းလိုက်တာ၊ မေမေ့ကို အခိုင်းထူသလောက်၊ ဖေဖေ့ကျတော့ အခွင့်ထူးချည်း။ အိမ်ထောင်တစ်ခုမှာ ပိုက်ဆံရှာပြီး၊ အဲဒီပိုက်ဆံကို မိန်းမလက်ထဲ ထိုးထည့်တတ်ရုံနှင့် အိမ်ထောင့်တာဝန် ကျေပြီလား၊ အိမ်ထောင်ရေး သာယာရေတမ်းလား၊ တခြားသော အိမ်ထောင့်တာဝန်၊ အိမ်ထောင့်ဒုက္ခ၊ အိမ်ထောင့်သောက(သားသမီး ပညာရေးနှင့် နာဖျားမကျန်းကိစ္စကစလို့) အားလုံးဟာ မိန်းမတာဝန်တွေချည်းတဲ့လား။

အဲဒီလို ပုံချလွှဲအပ်ထားတတ်တဲ့ ယောက်ျားတစ်ယောက်ရဲ့ "အချစ်" ဆိုတာ အဲဒါပဲလား။

ယောက်ျားဆိုတာ ... ချစ်တတ်သူလား၊ အချစ်ခံချင်သူလား၊ သူတို့က ပေးဆပ်သမားလား၊ ရယူလိုသူလားဆိုတာ စဉ်းစားစရာ မလိုအောင် အဖြေက ပေါ်ပြီးသားကြီး။

"မင်းကို ချစ်တယ်"

ချစ်ရေး ချစ်ရာမှာ ပထမဆုံးဝါကျတစ်ကြောင်း စတင်ဖွင့်လှစ် ခွင့်တောင်းလိုက်ပြီး၊ မိန်းမသားက လက်ခံလိုက်ပြီးတာနှင့် ... အဲဒီယောက်ျားရဲ့ အချစ်နှင့် ပေးဆပ်မှု၊ သည်းခံစိတ်ရှည်မှု၊ အလိုလိုက် အကြိုက်ဆောင်မှု၊ ဝေယျာဝစ္စတာဝန်ယူမှုတွေ အားလုံးဟာ မိန်းမဆီ ခုန်ကူးပြီး၊ အဲဒီနေ့ကစလို့ မိန်းမသားကပဲ ချစ်တော့၊ ယောက်ျားကတော့ ပထမဝါကျနှင့် ခွင့်တောင်းဖွင့်ဟလိုက်ရုံနှင့် တစ်ဘဝစာလုံး တာဝန်ကျေသွားတတ်တာ ကိုယ်တွေ့မျက်မြင်တွေလည်း အများကြီး။

"ယောက်ျားတွေရဲ့ အချစ်ကို ကြောက်တယ်၊ အထူးသဖြင့် ရှင့်အချစ်ကို ပိုကြောက်ပါတယ် မင်းအံ့ရယ်"



ဘယ်လောက်ကြောက်ကြောက်၊ ဘယ်လိုပင် ကာဆီးတွန်းဖယ်ရင်း၊ ရုန်းကန်တိုးဖေ့ ဝင်ရောက်လာခဲ့တာ၊ အဲဒီအချစ်ပဲ ဖြစ်လေ၏။ အဲသည်တုန်းကတောင် မင်းအံ့ကို ကြောက်ခဲ့သေးတာ၊ အခုလို ဇီဇဝါသင်းသင်းရဲ့ စကားတွေကို နားနဲ့ဆတ်ဆတ်ကြားရပြီးပြီဆိုမှတော့ ... ကျွန်မ ... ဘယ်ကမ္ဘာကို ပြေးရှောင်ပုန်းဝှက်နေရမှာလဲ မင်းအံ့ရယ်။

ဆိုင်ပိတ်ရက်သည် အဓိပ္ပာယ်မဲ့စွာ ကုန်ဆုံးသွားတော့၏။

❋ ❀ ❋

"ဖန့်ဏလေး"

"အဲဒီလို လုံးဝမခေါ်ပါနဲ့ ကျွန်မ မကြိုက်ဘူး"

"မြစိမ်း"

"ကျွန်မ ... မအားဘူး၊ အလုပ်တွေ ရှိသေးတယ်၊ ကျွန်မတို့ဆိုင်က ရတနာဆိုင်။ ရှင် ... ရတနာဝယ်ဖို့ကိစ္စကလွဲပြီး ဘာအကြောင်းနဲ့မှ လာခွင့်မရှိဘူး"

"သူငယ်ချင်းတွေဆီ လာလည်တာ"

"ဘယ်မှာလဲ၊ ရှင့်သူငယ်ချင်း"

"မြစိမ်းဖန့်"

"ကျွန်မ ... ရှင့်သူငယ်ချင်း မဟုတ်ဘူး"

"ခင်အေးမြ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ရှင့်သူငယ်ချင်း မဟုတ်ဘူး"... ဟု မပြောရပါ။ အေးမြက စိတ်ဆိုးဟန်မပြဘဲ၊ ထွင့်နိုင်ထွန်း သူငယ်ချင်းအဖြစ် လက်ခံစကားပြောနေလို့ ဖြစ်၏။

"ပြီးရော"

မြစိမ်း ... စားပွဲမှထကာ၊ ကောင်တာမှန်ပုံးနောက်မှာ သွားရပ်သည်။ ဆိုင်မှ ရတနာတွေ ခင်းကျင်းထားသည့် မှန်ပုံးတွေက နောက်နားနည်းနည်းကျသည်။ ရှေ့မှာ ခုံကလေးတွေ စီချ၍ ညှော်ခန်းသဘော လုပ်ထားသည့်နေရာက ကျယ်၏။ ဆိုင်ထဲသို့ ဝင်ဖို့ကျတော့၊ ဆိုင်ထဲကသာ အပြင်သို့ လှမ်းမြင်ရလျက်၊ အပြင်မှ ဆိုင်ထဲသို့ အလွယ်တကူ မမြင်နိုင်သော မှန်နက်တွန်းတံခါးထူထူလေးလေးကြီးများဖြင့် ကာထားသည်။ မှန်တံခါးနောက်မှာတော့ သံဆွဲတံခါးတစ်ခုနှင့် သစ်သားတံခါးတစ်ခု ရှိသေးသည်။ သစ်သားတံခါးနှင့် သံဆွဲတံခါးကို ညနေဆိုင်ပိတ်မှ သော့ခပ်၍ ပိတ်နေကြပါ။ ကောင်တာမှန်ပုံးတွေရဲ့ အနောက်မှာကျတော့ အတွင်းညှော်ခန်းသဘော၊ အလုပ်ခန်းသဘော စားပွဲနှင့် ကုလားထိုင်တို့ ရှိသည်။ အဲဒီနောက်မှာမှ အတွင်းခန်း ပြီးတော့ အိမ်သာ ရေချိုးခန်း။ ရှေ့နောက် အရှည်ပေခြောက်ဆယ်မှာ အတွင်းခန်းနှင့် အိမ်သာရေချိုးခန်း တစ်ဆက်တည်းမှာသာ မှန်နက်အကာရှိလျက်၊ ရှေ့ပိုင်းကတော့ Hall Type ဟောလ်တိုက်ပံခန်းမပုံစံပဲ ဖြစ်၏။

"မြစိမ်း ... ဘာဖြစ်လို့လဲ"

မင်းအုံ နောက်မှ ထလိုက်လာသည်။

"ဘာမှမဖြစ်ဘူးရှင် ... ကဲ"



"ဆိုင်ပိတ်ရက် တစ်ရက်တည်းမှာ မြစိမ်း ဘာဖြစ်သွားလဲ"

"မင်းအုံ ... ဖြစ်နေတာ ကြာပြီ။ မနေ့ကမှ စဖြစ်တာ မဟုတ်ဘူး။ ရှင်နဲ့ ကျွန်မက ရန်သူတွေ ဖြစ်ခဲ့တာ။ မမမြရွှေးနဲ့ တိုကျော်မျိုးဝင်းတို့ [illegible]ယနာစကတည်းက"

"အဲဒီနောက်မှာ ကိုယ်တို့သူငယ်ချင်းတွေ ဖြစ်ခဲ့တယ်လေ"

"ကျွန်မ သဘောထားသေးရာ ရောက်မှာစိုးလို့ မေးပြောခေါ်ထူး ဆက်ဆံရုံပဲ။ ရှင်က ကျွန်မသူငယ်ချင်း ငွေလနဲ့ အရမ်းရင်းနှီးနေတော့၊ ဒီဆိုင်လာတဲ့အခါမှာ ကျွန်မ... ရန်လုပ်လို့မှသင့်တော်ဘူး၊ နောက်ကျတော့ ... ရှင်က ကိုထွင့်နိုင်ထွန်းကို ခေါ်လာပြန်ရော"

အေးမြကို လှည့်ကြည့်တော့၊ လှမ်းကြည့်နေတာကို တွေ့ရပါသည်။

"ကိုထွင့်နိုင်ထွန်းနဲ့ အေးမြတို့ အဆင်ပြေကြတော့၊ ကျွန်မမှာ ကိုထွင့်နိုင်ထွန်းကိုရော ရှင့်ကိုပါ သူငယ်ချင်းမိတ်ဆွေသဘော ... မဆက်ဆံရင် မကောင်းတတ်လို့ ဆက်ဆံခဲ့ရတာ ...

"ဒီကြားထဲမှာ ... ရှင်က ကျွန်မကို ချစ်တယ်ဖြစ်လာပြန်တယ်။ ကျွန်မ ချက်ချင်းယတိပြတ် ငြင်းခဲ့တယ်နော် ... မင်းအုံ။ ရှင့်ကို ကြိုးရှည်ရှည်နဲ့လည်း မလှန်ဘူး။ စဉ်းစားပါရစေဦးလည်း မပြောခဲ့ဘူး၊ ပြတ်ပြတ်ငြင်းခဲ့တာ ...

"ဒီကြားထဲ ... ရှင်က ဒီဆိုင်ကို ဝင်ထွက်နေတော့ ရှင့်ကို ခြေဆောင့်လိုက်၊ မျက်စောင်းထိုးလိုက် လုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မခေါ်မပြောနေရအောင် ကျွန်မက ဆယ့်လေးနှစ်သမီး လည်း မဟုတ်ဘူး။ လူကြီးလူကောင်ဆန်ဆန် ... အေးဆေး ဆက်ဆံခဲ့တာ"

"ဒါဖြင့်လည်း ... အဲဒီလိုပဲ ဆက်လက်ဆက်ဆံပါလား မြစိမ်းရယ်"

"မဖြစ်နိုင်တော့ဘူး မင်းအုံ။ ကျွန်မရဲ့ ဂုဏ်သိက္ခာအတွက် ရှင်နဲ့ လုံးဝကင်းရှင်းမှ ဖြစ်တော့မယ်"

"ကျွန်တော်နဲ့ သူငယ်ချင်း ဖြစ်ရတာနဲ့ မြစိမ်း ဂုဏ်သိက္ခာ ကျဆင်းသလား"

"ကျဆင်းတယ်"

"ရှင်းပြ"

"ရှင့်အကြောင်း ရှင်သိရင်၊ ရှင် ဘယ်လိုယောကျ်ားဆို တာ ကိုယ့်ကိုယ်ကိုယ် သိရင် ... ရှင့်ကို ကျွန်မလိုမိန်းမ သားက မိတ်ဖြစ်ဆွေဖြစ် နေရဲဝံ့စရာ ရှိသလား"

"မြစိမ်း ဘာဖြစ်လို့ အဲဒီလို ပြောတာလဲ"

"ရှင်နဲ့ ပတ်သက်သမျှ၊ ရှင့်အကြောင်းတွေ အကုန်လုံး သိသွားပြီး၊ အရမ်းကြောက်သွားလို့"

"ဓီဇဝါသင်းသင်းမှ ဟုတ်ရဲ့လား"

"တစ်နေ့က ... ရှင် မသိပါဘူးဆိုတဲ့ မိန်းကလေးတစ် ယောက်ရဲ့ နာမည်ကို ဒီနေ့ထိ မှတ်မိနေသားပဲ"

ပြောပြီးမှ ကိုယ့်နှုတ်ခမ်းကိုယ် ... အပ်နှင့်သာဆွ လိုက်ချင်တော့သည်။ ခနီးခနဲ့လို့ စကားမျိုး ပြောရအောင် သူနှင့် ကိုယ်နှင့် ဘာဆိုင်တာမှတ်လို့။ သူနှင့် ကိုယ်နှင့်ကြားမှာ ဘာပတ်



သက်မှု ရှိတာလိုက်လို့၊ ဘယ်လိုသံယောဇဉ် ငြိတွယ်မှုမျိုးနှင့် နီးစပ်နေတာကျလို့။

"သူ ဘာတွေပြောခဲ့သလဲ ကိုယ်မသိဘူး၊ မြစိမ်း ပြန်ပြော ပြရင် ကျွန်တော် တစ်ခုချင်း ရှင်းနိုင်တယ်"

"ရှင်းရအောင် ကျွန်မက အထင်မှားနေတာ မဟုတ်ဘူး"

"ရွှေစပယ်ဖြူဆီက လာတဲ့သတင်းဆိုရင် အားလုံးအမှား ချည်းပဲ"

"ရှင်နဲ့ ကျွန်မနဲ့ကြားမှာ ... မှားတယ် မှန်တယ် ဆိုတာ လည်း မရှိဘူး၊ စွပ်စွဲစရာလည်း မရှိဘူး၊ ဖြေရှင်းစရာလည်း မရှိဘူး၊ ကျွန်မက ပြောလိုက်၊ ရှင်က ရှင်းလိုက် ... လုပ် နေစရာလည်း မရှိဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ပဋိပက္ခကြီးနဲ့ ...

"သိက္ခာမဲ့သွားရတဲ့ နှစ်ယောက်ဟာ အဝေးဆုံးနဲ့ အကင်းဆုံးနေကြတာ အကောင်းဆုံးပဲ။ ကျွန်မ ရှင့်ကို မချစ်ဘူး။ မိတ်ဆွေသူငယ်ချင်း အဖြစ်တောင် ခင်မင်ချင် စိတ် မရှိဘူး။ ကျွန်မ စကားကုန်ပါပြီ ...

"ရှင် လူကြီးလူကောင်း ဆိုရင် မိန်းမသားတစ် ယောက်ကို အနှောင့်အယှက် မပေးပါနဲ့တော့။ ကျွန်မ တောင်းပန်ပါတယ်"

"ကျွတ် ... မြစိမ်းရယ်"

မင်းအုံ ... ခေါင်းငိုက်စိုက် ကျလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



"မချိတင်ကဲ"… ဆိုသည့် စကားလုံးလေးကို ပူဆွေးဝမ်းနည်း၊ ယူကျုံးမရ … ဆိုသည့် ခံစားမှုများတွင် သုံးစွဲပါသည်။

မြစိမ်း … ပူဆွေးပါသည်။ ဝမ်းနည်းပါသည်။ ယူကျုံးမရ ဖြစ်ရလွန်းလှပါသည်။ အဲဒါကြောင့် … မြစိမ်း မချိတင်ကဲ ဖြစ်နေရပါတော့သည်။

မင်းအံ့ … ဆိုသည့် ကောင်လေးဟာ … (မြစိမ်းနှင့် အသက်ချင်း မတိမ်းမယိမ်း ရှိနိုင်ခြင်း၊ လူကြီးသူမ တစ်ယောက်ကဲ့သို့ ဘယ်တုန်းကမျှ တစ်ဆင့်မြင့် မဆက်ဆံနိုင်ခဲ့ခြင်း၊ စတွေ့ကြကတည်းက … သူငယ်ချင်းသဘောသာ ရှိခဲ့သည်မို့ ကောင်လေး ဆိုသည့် အဆင့်မှာသာ ထားနိုင်ခြင်း) လူဆိုးလေး တစ်ယောက် မဟုတ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

မင်းအံ့ဟာ … မိန်မကျမ်းကျေပြီး၊ ဘယ်မိန်းမသားကျ … ဘယ်နည်းသုံး ဆိုတာမျိုးတွေ တတ်သိကျွမ်းကျင်ခြင်း မရှိခဲ့လျှင် ဘယ်လောက် ကောင်းမလဲ။ တတ်သိကျွမ်းကျင်ခဲ့သည် ဆိုလျှင်တောင် … အဲဒီနည်းတွေကို သူငယ်ချင်းတွေဆီ ဖြန့်ဝေ၊ ဆရာကြီးလုပ်လျက် စီစဉ်သွန်သင် ဆိုတာမျိုး လုပ်ခဲ့ဖူးခြင်း မရှိလျှင် ဘယ်လောက် ကောင်းမလဲ။

မင်းအံ့ ဆိုသည့် ကောင်လေးဟာ … မိန်းမသားတွေနှင့် သွားလိုက် လာလိုက် တွဲလိုက်၊ ဈေးသွားလိုက်၊ မုန့်စားလိုက်၊ ပျော်ပွဲရွှင်ပွဲတွေသွားလိုက်၊ ဖုန်းတွေဆက်လိုက် ဆိုတာ



မျိုး မရှိခဲ့ဖူးသူ ဖြစ်ပါတော့လား။ ရည်းစားလေးတွေ မှီလိုပေါက်လို့ အပြောမခံရတဲ့ ကောင်လေးမျိုး ဖြစ်ခဲ့ပါတော့လား။ အဲဒါတွေဟာ ရည်းစားလေးတွေ မဟုတ်ဘူးဆိုလျှင်တောင်၊ ဟေးလား ဝါးလား အတွဲကမ္ဘလေးတွေပါ ဆိုလျှင်တောင် … အဲဒီအတွဲမျိုးလေးတွေလည်း မရှိဘူးတဲ့ ကောင်လေး ဖြစ်ခဲ့ပါတော့လား။

လူတကာ ရည်းစားရဖို့၊ မိန်းမခိုးဖို့၊ လင်မယားကွဲဖို့ ဆိုတဲ့ ကိစ္စတွေမှာ စပ်စပ်စုစု ဝင်ပါပြီး၊ ဝင်စီစဉ်၊ ဝင်ပြော ဆိုတာမျိုး မရှိခဲ့၊ ဝါသနာကို မပါ၊ ရိုးသားအေးဆေး၊ ရှင်းရှင်းသန့်သန့်ကလေး နေတတ်တဲ့ကောင်လေး ဖြစ်ခဲ့ပါလား။

ရှင်ဟာ … မမမြရွှေး၊ ကိစ္စမှာ၊ ကိုကျော်မျိုးဝင်းရဲ့ အဖော်အဖြစ် … ကျွန်မတို့အိမ်ကို လိုက်မလာခဲ့ပါနဲ့လား။ ကျွန်မရဲ့ အမုန်းရပ်ဝန်းထဲကို မဝင်ရောက်ခဲ့ဖူးသူ ဖြစ်နေပါတော့လား။ ခုတော့ … အားလုံးဟာ ပြင်ဆင်မရနိုင်စွာ … ဖြစ်ခဲ့ပြီ။ ပျက်ခဲ့ပြီ။ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ပြီ။ ဖြစ်သင့်တာတွေ ဖြစ်မလာခဲ့တာလည်း ရှင်ပဲ။

အရာရာဟာ ကြေကွဲဖွယ် ပြီးဆုံးသွားခဲ့ပြီ။ ပြင်ဆင်လို့ မရနိုင်တော့တဲ့ ဖြစ်ရပ်တွေထဲမှာ ရှင်နေခဲ့ဖူးပြီ။

အဲဒီလိုဆိုရင်လည်း မင်းအံ့ရယ် …

အချစ်ဆိုတဲ့ အရာကို ရှင် မခံစားတတ်ပါနဲ့တော့လား။ ကျွန်မ ရင်ထဲ့ အချစ် ဆိုတာကြီးကို … ရှင် ပိုဆောင်တွန်းလွှတ်မပေးပါနဲ့တော့လား။ ရှင်ဟာ ကျွန်မနဲ့ အဝေးဆုံး ထွက်နေရာမှာ (ဘယ်လိုမျှ မပတ်သက်စွာ) သီးသန့်တည်ရှိနေပါတော့လား။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဟာ … ကျွန်မရဲ့ ပတ်ဝန်းကျင်ထဲကို ရောက်အောင် လာခဲ့တယ်။ ရှင်ဟာ လာခြင်းကောင်းသော သူငယ်ချင်းတစ်ယောက် မဟုတ်ခဲ့ဘူး။ ရှင် ကျွန်မကို မချစ်သင့်ဘူး။ ကျွန်မ ချစ်တတ်လာအောင် ရှင် သင်ကြားမပေးသင့်ဘူး။ ခုတော့ … ရှင့်ကျွမ်းကျင်တဲ့ ပညာရပ်ထဲမှာ ကျွန်မ … မချိတင်ကဲ … ခံစားနေရတာ၊ ရှင့်ကြောင့်ပါပဲ မင်းအံ့ရယ်။

ပြောသင့် ပြောထိုက်သည်ထင်လို့ ပြောချလိုက်ပြီးသည့် စကားတွေအတွက်၊ မြစိမ်း နောင်တမရပါ။ မင်းအံ့အပေါ် … မုန်းတီးနာကျင်နေစိတ်တွေ (ပြောချင်တာတွေ ပြောချလိုက်ရလို့ ဖြစ်နိုင်သည်)ကျတော့ သိသိသာသာ လျော့ကျသွားရသည်။ စိတ်ဆိုး ဒေါသထွက်နေတာမျိုးလည်း မရှိတော့။ မင်းအံ့နှင့် ပတ်သက်၍ ခံစားချက်ဟူ၍ နှစ်ခုပဲ ကျန်၏။

တစ်ခုက မင်းအံ့ … ကိုယ့်ကိုချစ်သည် … ဆိုတာကိုမယုံကြည်ခြင်း။

သူ ကျွမ်းကျင်သော ဘာသာရပ်ကို လက်တွေ့ကွင်းဆင်း အကောင်အထည်ဖော်သည့် ဇာတ်လမ်းတိုလေးတွေထဲမှာ ကိုယ်က ရောနှောပါဝင်သွားတာ … ဟုပဲ ထင်သည်။ အဲသည်လို ဆွဲလွဲအသုံးချခံရလေခြင်း … ဟူ၍ နာကျင်၊ နာကြည်းမှုဟာ (သူ့ကို ရင်ထဲရှိသမျှ ပြောဆိုစွပ်စွဲ ငြင်းဆန်ပြီးသည့် အခါမှာ) ရင်ထဲမှာ ကျန်ရှိမနေခဲ့ပါ။ သူ … တကယ်ပဲ ဆွဲလွဲအသုံးချ၊ က, ပြသွားသည့် အချစ်ဇာတ်လမ်းတိုလေးထဲမှာ၊ ကိုယ် … ပါဝင်သွားရသည် ဆိုလျှင်လည်း ခံယူပေးပါသည်။ သူ ဘယ်လိုပင် ဖန်တီး



ပါစေ၊ ကိုယ်ကိုယ်တိုင်က … ရုပ်သေးရုပ် တစ်ရုပ်လို သူကြိုးဆွဲ စမ်းကြည့်သည့်ပွဲမှာ နစ်မြောပါဝင်သွားခဲ့ရတာလေ။

နောက်တစ်ခုက … ဝမ်းနည်းကြေကွဲခြင်း။

မချစ်သင့် မချစ်ထိုက်သောသူကို၊ ချစ်မိသွားခြင်းသည် … မည်သူ့မပြု မိမိမှုတည်း။

သူက မားမိုး၍၊ သေနတ်ပြ၍ ချစ်ခိုင်းခဲ့သည် မဟုတ်ပါ။ အဲသည်လို ဆွဲဆောင်မှုမျိုး၊ အကြမ်းဖြစ်စေ၊ အနုနည်းဖြစ်စေ၊ မသုံးစွဲမိကပင် သူ့ကို ချစ်မိသွားခြင်းဟာ ကိုယ့်ရဲ့ မိုက်မဲမှု သီးသန့်ပင်။ သူ့ကို မချစ်ဘဲ မနေရ၊ ချစ်ကို ချစ်ရမည် ဟူ၍ အတင်းအကျပ် စေခိုင်းမှုမျိုး ကိုယ်ရရှိခဲ့တာမှ မဟုတ်ဘဲ။ ကိုယ့်ရင်ထဲမှာ ဗွယ်တာလာမိတာ၊ စွဲလမ်းသွားမိတာ၊ သူ့အပြုံးတချို့ကို မက်မောသွားမိတာ၊ ကိုယ့်ရဲ့ အိပ်မက်ညများနဲ့ ကိုယ့်အတွေးတွေကို သူ့ဆီ ပေးဆပ် ပေးဆက်လိုက်ခြင်းမှာ၊ ကိုယ့်စေတနာ၊ ကိုယ့်မေတ္တာ၊ ကိုယ့်သံယောဇဉ်သာလျှင်တည်း။

သူ့ထံမှ အစမွတောင်းဆိုမှုမှာ ကိုယ်မရှုန်းသာနိုင်ခဲ့တာမှ မဟုတ်ဘဲ။

"ချစ်မိသည့်ဝန် … ကိုယ်သာလွှန်"… ဆိုသလို။ ရှိသမျှအပြစ်အားလုံး၊ ကိုယ့်ဘာသာပဲပုံလျက်၊ ပူဆွေးဝမ်းနည်းခြင်း၊ နာကျင်ခြင်းတွေ အားလုံး၊ ကိုယ်တစ်ဦးတည်း သိမ်းကျုံးရယူလျက်၊ သူ့အပေါ်မှာ … အမျက်အသိုမှန်သမျှ ခွင့်လွှတ်ပေးလိုက်နိုင်တာ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြပါသည်။

"ဖန့်ကလေး"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးနားမှာ ချထားသည့် လက်ကိုင်ဖုန်းကလေး မြည်သည်မို့ နားထောင်မိလိုက်သည်။ ဒီလို အသုံးအနှုန်းက ဤကမ္ဘာမှာ နှစ်ယောက်မရှိဘူး မဟုတ်လား။ ပြီးတော့ ... နာကျင်နေသည့် အသံ၊ အဲဒီအသံမျိုးကိုလည်း နှစ်ကြိမ်ကြားဖူးဖို့ မလွယ်ပါ။

"ကျွန်မ ... မြစိမ်းပါ"

အေးဆေးစွာပဲ ပြောလိုက်သည်။

"နောက်ထပ် ဘာကို ရှင်းပြရဦးမလဲ မြစိမ်းရယ်"

"မလိုပါဘူး။ အရာရာဟာ ပြီးဆုံးခဲ့ပါပြီ"

"မြစိမ်း အသံက အေးဆေး တည်ငြိမ်လွန်းနေတယ်။ ကျွန်တော့်ကို ဥပေက္ခာပြုလိုက်တဲ့ သဘောကို ပြတယ်။ ကျွန်တော် မခံစားနိုင်ဘူး မြစိမ်း။ ဥပေက္ခာပြုခံရတာနဲ့စာရင် ... ရန်တွေ့ခံနေရတာကို ပိုကြိုက်ပါတယ်"

မြစိမ်း ... သက်ပြင်းယဲ့ယဲ့ချကာ နှုတ်ဆိတ်နေလိုက်ပါသည်။

"ရွှေစပယ်ဖြူတို့မှာ အစ်ကိုတစ်ယောက်ရှိတာ မြစိမ်း သိသလားဟင်"

"မသိပါဘူး"

"မိန်းကလေး တစ်ယောက် ရှိတယ်ဗျာ ... ထားလိုက်ပါတော့။ သူ့နာမည်ကို မပြောတော့ပါဘူး။ အဲဒီမိန်းကလေးကို ကျွန်တော့်သူငယ်ချင်းနဲ့ ရွှေစပယ်ဖြူရဲ့ အစ်ကိုနဲ့ နှစ်ယောက်ပြိုင်ပြီး လိုက်ခဲ့ကြဖူးတယ်။ အဲဒီအခါမှာ ...



"ဘယ်သူမှ မရှုံးဘဲ၊ နှစ်ယောက်လုံး ငြင်းပယ်ခံရတာ ဖြစ်နိုင်သလို၊ တစ်ယောက်ယောက်ကို လက်ခံလိုက်တယ် ဆိုတာလည်း ဖြစ်နိုင်တာပဲ မဟုတ်လားဟင် ... မြစိမ်း၊ ဖြေကြည့်စမ်းပါ"

"ဖြစ်နိုင်ပါတယ်"

"နှစ်ယောက်လုံးကို လက်ခံလိုက်တယ် ဆိုတာတော့ လုံးဝ မဖြစ်နိုင်ဘူး မဟုတ်လား"

"ဘယ်ဖြစ်နိုင်မလဲ"

"စောစောက ဖြစ်နိုင်ချေ နှစ်ခုထဲက ... တစ်ခုဖြစ်ခဲ့တယ်။ တစ်ယောက်ကို ရွေးပြီး လက်ခံလိုက်တယ်။ အဲဒီလို လက်ခံလိုက်တာဟာ ဘာကြောင့်လို့ မြစိမ်းထင်သလဲ"

"ကျွန်မ မထင်တတ်ပါဘူး"

"ချစ်လို့ပေါ့ မြစိမ်းရယ်။ မိန်းမသား တစ်ယောက်ဟာ သူ့ကို ချစ်တယ် ပြောလာတဲ့သူတွေ အများကြီးရှိမယ်၊ ဒါပေမဲ့ ... သူချစ်တဲ့ သူတစ်ယောက်ကိုပဲ လက်ခံမှာပေါ့။ မြစိမ်း ... အဲဒါကို ယုံလား"

"ယုံပါတယ်"

"အဲဒါ ... ကျွန်တော့်ကြောင့်လို့ ပြောလို့ရမလား။ ဟို မိန်းကလေးဟာ ကျွန်တော့်ညီမ၊ ကျွန်တော့် အုပ်ထိန်းမှုအောက်က မိန်းကလေး၊ ကျွန်တော့် ကျွေးမွေးခံ ကျွေးမွေးစား ကျွန်တော့်သြဇာခံ မိန်းကလေးမှ မဟုတ်ပဲ"

"ထားပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေစပယ်ဖြူတို့ အသိုင်းအဝိုင်းမှာ အဲဒီအငြိုးအတေးတစ်ခုလည်း ရှိခဲ့ဖူးပါတယ်။ သူတို့အစ်ကိုက အဲဒီပွဲမှာ ရှုံးတယ်။ ကျွန်တော့် သူငယ်ချင်းက ချစ်သူအဖြစ် ရွေးချယ်ခြင်းခံရတယ်။ ဒီကိစ္စမှာ ... ကျွန်တော့်အပေါ် ဘယ်ပုဒ်မနဲ့ အပြစ်ပုံချမလဲ"

"ရှင်က နည်းလမ်းတွေ ထုတ်ပေးတယ်လို့ ပြောမှာပေါ့"

"ထုတ်ပေးရော မြစိမ်းရယ်၊ ကျွန်တော်က တန်ခိုးရှင်လား။ စုန်းလား၊ မိန်းကလေးတစ်ယောက်ရဲ့စိတ်ကို ဖမ်းစားဖန်တီးနိုင်မလား။ ကျွန်တော်တို့ ယောကျ်ားချင်း ဆိုတာ၊ ဒါမျိုး တိုင်ပင်ရင် ...

"ဟိုလိုလုပ်လိုက်ပါလား၊ ဒီလို လုပ်လိုက်ပါလား၊ ဒီလိုပြော၊ ဟိုလိုပြော ... ဆိုတာတွေနဲ့ မြှောက်ပေးတတ်တာ ရှိပါတယ်။ တစ်ယောက်ရဲ့ ကိစ္စကို သူငယ်ချင်းတွေအားလုံး ဝိုင်းစိတ်ဝင်စားပြီး ကူညီကြတာမျိုးပဲ ရှိပါတယ်"

"ရှင်က ဒါကို အခကြေးငွေနဲ့တောင် သင်တန်းသဘောမျိုး ပို့ချ ..."

ကိုယ့်ဝါကျကိုယ် အဆုံးမသတ်ဖြစ်တော့ပါ။ မပြောရမဲ့ စကားလေ။ ကိုယ်နှင့် ဘာဆိုင်တာမှတ်လို့။

"မြစိမ်းရယ် ... အဲဒီလို လုပ်ရအောင် ကျွန်တော်က ဘာကောင်မို့လို့လဲ။ ဒါမျိုးဟာ သင်တန်းဖွင့်ရမဲ့ ကိစ္စလား၊ အခကြေးငွေနဲ့ ပို့ချတော့ရော ... အရူးတွေမို့ လာတက်ကြမှာလား။ စဉ်းစားလည်း ကြည့်ပါဦး ...



"ကျွန်တော်တို့ သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်ဟာ သူတို့ချစ်သူကို ချစ်ခွင့်ရသွားပြီ ဆိုရင် ... အားလုံး ဝိုင်းပျော်ကြတာပဲ။ ကျွေး ... ကျွေး ... ဆိုပြီး One Table တွေ ဘာတွေ တောင်းကြတာပါပဲ ...

"ဘယ်သူက ... စားချင်လွန်းလို့၊ ဝတ်လို့ ဘယ်ဟုတ်ပါ့မလဲ မြစိမ်းရယ်။ ဝိုင်းပျော်ပေးကြတာပါ။ ကျွန်တော့်မှာ ပီယဆေးလည်း မရှိဘူး၊ ဘာကောင်မှလဲ မဟုတ်ဘူး။ ပါမောက္ခလုပ်ပြီး ပို့ချရအောင် ...

"အချစ်ဗေဒရှယ်လို့လည်း ဘယ်သူမှ သတ်မှတ်ထားတာ မရှိပါဘူး။ ယောကျ်ားနဲ့ မိန်းမ ချစ်ကြတယ်ဆိုတာ၊ ကမ္ဘာဦးအစ၊ လူသားရယ်လို့ ဖြစ်ပေါ်ကတည်းက ... ခံစားမှုချင်း ကိုက်ညီတဲ့သူတွေ ...

"ချစ်သူ ဖြစ်သွားကြတာပါ။ အချစ်ဆိုတာ၊ အချိန်တန် အရွယ်ရောက်ရင် သူ့ဘာသာ ... ခံစားမှုနဲ့ ဖြစ်ထွန်းလာတဲ့ သံယောဇဉ်ပါ။ သင်ယူမှ တတ်တဲ့ ဘာသာရပ်လည်း မဟုတ်ပါဘူး မြစိမ်းရယ်၊ နားလည်ပေးပါ"

"ဟုတ်ကဲ့ ... နားလည်ပါပြီ၊ ဒါပဲနော်"

"ဟာ ... မြစိမ်း၊ နေပါဦး၊ ဖုန်းမချလိုက်ပါနဲ့ဦး၊ မြစိမ်း ... ကျွန်တော့်အပေါ် လက်လွှတ်စပယ်ကို သဘောထားတာပဲလား။ သိပ်မုန်းနေလား"

"ရှင်နဲ့ ပတ်သက်ရင် ကျွန်မ ရင်ထဲမှာ ဗလာပါပဲ"

"မုန်းတော့ မနေဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့။ လူသားချင်းချင်း မုန်းနေရတာ ပင်ပန်းပါတယ်"

"ကျေးဇူးတင်ပါတယ်၊ အမုန်းမရှိဘူး ဆိုရင်ပဲ ကျွန်တော် ဝမ်းသာလှပါပြီ။ ချစ်လာဖို့ကတော့ ... ဖြစ်သော်ရှိ၊ မဖြစ်သော်ရှိ၊ ကြိုးစားရမဲ့ တာဝန်က ကျွန်တော့်ဘက်က"

"ကျွန်မ ငြင်းပြီးပါပြီ"

"မြစိမ်းက မချစ်လို့ ငြင်းတာ မြစိမ်းဘက်က၊ ကျွန်တော့်ဘက်ကကျတော့ ချစ်လို့ အမြဲ ... ချစ်ခွင့်တောင်းနေမှာ။ ဖန့်ကလေးကို အရမ်းချစ်တယ်။ ဒါပဲနော်"

ဖုန်းချသွားပြီမို့ လက်ကိုင်ဖုန်းလေးက သူ့ဘာသာ ပိတ်သာသွားရော၊ မြစိမ်း တကူးတက မပိတ်မိလိုက်ပါ။ ဖုန်းကို ကိုင်ဆဲမှ သက်မဲ့ရွာ ဆိတ်ငြိမ်နေမိတော့သည်။

ရှင့်ကို မမုန်းပါဘူး ,မင်းအံ့ရယ်။

ပြီးတော့ ... ရှင့်ကို ကျွန်မ ချစ်မိသွားပြီ ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် ဝန်ခံထားပါတယ်။ ဒါပေမဲ့ ... ရှင်ဟာ မချစ်သင့်တဲ့သူ။ ကျွန်မဘဝထဲမှာ ... ရှင်မရှိမှ ဖြစ်မှာပါ။ ကျွန်မ သူငယ်ချင်းတစ်ယောက် ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း ရှိတယ်၊ ဘုရားသခင်ကို တိုင်တည်ပြီး ငြင်းဆိုပါတယ်တဲ့။ စေတန် ... မင်းသွားပါတော့တဲ့။ ကျွန်မ ... ရှင့်ကို အဲဒီလို မနှင်ရက်ဘူး မင်းအံ့ရယ်။

* ❀ *



# ၁၂

"နေ့ခင်းတုန်းက မမေတို့အိမ်ကို ထူးဆန်းတဲ့ဧည့်သည် ရောက်လာခဲ့တယ် သမီး"

"ဟင် ... ဘယ်သူတွေလဲ"

"သမီး ... အန်တီရူဘီလေ"

"ဪ ..."

အန်တီရူဘီဟာ ... မေမေ့သူငယ်ချင်း ဆိုလည်းဟုတ်၊ ညီအစ်မနှစ်ဝမ်းကွဲလောက်လည်း တော်နေသေး၊ အဘွားရဲ့အမေတို့ ညီအစ်မသုံးယောက်မှာ တစ်ယောက်က ခရစ်ယာန်ဘာသာဝင်နှင့် လက်ထပ်သွားသည်မို့ အဘွားရဲ့ ညီမတစ်ဝမ်းကွဲတွေထဲမှာ ခရစ်ယာန်ဘာသာဝင်တွေ ရှိခဲ့ကြပါသည်။ အဘွားရဲ့သမီး မေမေက ဗုဒ္ဓဘာသာဝင် ဖြစ်သော်ငြား၊ မေမေ့ညီအစ်မနှစ်ဝမ်းကွဲ အန်တီရူဘီကျတော့ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်မို့ အဘွားသမီး မထွန်းကားသူမို့၊ ချစ်ခင်တွယ်တာစရာ သူ့တူ တူမအရင်းတွေ ရှိပါလျက်၊ ညီမနှစ်ဝမ်းကွဲမှ မွေးသော မြစိမ်းတို့ဘျမှ

www.burmeseclassic.com

www.burmeseclassic.com



ရွေး၍ တော်တော်လေး ချစ်၏။ မေမေဟာ အန်တီရှုဘီနှင့် ညီအစ်မ ဆိုတာထက်၊ သူငယ်ချင်းအနေအထားမှာ ပိုများခဲ့သည်မို့ အန်တီရှုဘီက သူ့ညီကိုမောင်နှမ အရင်းအခြာတွေထက်၊ မေမေ့ကို ပိုချစ်ပါသည်။

"ဆွေမျိုးဆိုတာ ရွေးခင် ရွေးချစ်လို့မရဘူး မေဝင်းရဲ့။ ညီမဆို တူတူ၊ မောင်ဆို တူတူ၊ ဆွေမျိုးသားချင်း ချစ်တယ်ဆိုတာ ကိုယ့်အပေါ် ဆိုးတာ ကောင်းတာတူရင် တစ်ပြေးညီ ချစ်ရတာပဲ ...

"သူငယ်ချင်း ဆိုတာက ရွေးပြီးချစ်ထားတာ၊ ရွေးလို့ရတယ်။ ကိုယ့်အပေါ် ဆိုးတာ ကောင်းတာချင်း ညီပေမဲ့ ကိုယ်ပိုချင်တဲ့ သူငယ်ချင်း အပေါ်မှာ ပိုတယ်။ ပိုမယ်ကွာ ... ဘယ်သူ ဘာပြောမလဲ ...

"မင်း သိထားဖို့က မင်းက ကိုယ်နဲ့ ညီအစ်မနှစ်ဝမ်းကွဲ မဟုတ်ဘူး။ ကိုယ့်သူငယ်ချင်း၊ ကိုယ်တို့မှာ သားထောက်သမီးခံ မရှိတော့ ကိုယ်တို့မရှိတဲ့အခါ ... အမွေကို ပေးချင်တဲ့သူကို ပေးလို့ရတယ် ...

"မေဝင်း သမီး မြစိမ်းကိုပဲ ပေးခဲ့မယ်၊ သေတမ်းစာရေးတဲ့ အချိန်ကျရင် ကိုယ့်မှာကျန်ရစ်သမျှ ပစ္စည်းအားလုံး မြစိမ်း ပိုင်စေလို့ ရေးခဲ့မှာ။ တူတွေ တူမတွေကတော့ ကျေနပ်ချင်မှ ကျေနပ်မယ် ...

"ဒီတော့ ... ကိုယ် အရင်များသေသွားရင်၊ မေဝင်းနဲ့ သမီးမြစိမ်းက ကိုယ့်ကို ကိုယ်ကိုးကွယ်တဲ့ ဘာသာအတိုင်း သဂြိုဟ်ပေးဖို့ တာဝန်ယူပါ"



အဲသည်စကားကို တူ၊ တူမအရင်းများ၊ ထိုမှတစ်ဆင့် တစ်ဝမ်းကွဲများ၊ ညီကိုမောင်နှမများက မကျေနပ်ကြပါ။ အရင်းထက်များ ... တစ်ဝမ်းကွဲတွေကိုကျော်ပြီး၊ နှစ်ဝမ်းကွဲဆီ သွားရတယ်လို့ ... ဟူ၍ စိတ်ကွက်ကြပါသည်။ ဒါကို ပြန်ကြားရသည်မို့ ဒေါ်မေဝင်းနှင့် သမီးမြစိမ်းတို့က ဒေါ်ရှုဘီ့အိမ်ကို တရင်းတနှီး ဝင်ချင် ထွက်ချင်တာတောင်မှ မဝင်ရဲ မထွက်ရဲတော့ပါ။

"ရှုဘီရယ် ... အမွေမက်လို့ မျက်နှာလုပ်နေတယ် ထင်ပါ့မယ်" ... ဟု ပြောကာ အသွားအလာ နည်းခဲ့ပါသည်။ ဒေါ်ရှုဘီကသာ ဒေါ်မေဝင်းတို့အိမ်သို့ လာလေ့လုပ်ခဲ့၏။ နောက်ပိုင်းမှာ ... ဖုန်းသာ တစ်ပတ်ကို နှစ်ခါလောက် ဆက်ဖြစ်လျက် ဒေါ်ရှုဘီကပါ အလာကျဲခဲ့၏။

"မေဝင်းရေ ... ကိုယ်တို့ အဘိုးကြီးနဲ့ အဘွားကြီး နှစ်ယောက်ဝည်း ဆိုတော့လေ ..."

ဒေါ်ရှုဘီ ဖုန်းဆက်လာခဲ့၏။

"အမယ် ... အဘိုးကြီး အဘွားကြီး မဟုတ်သေးပါဘူးကွယ်၊ ခုချိန်ထိ ကိုယ့်ပစ္စည်းနဲ့ကိုယ် ... ဝင်ငွေကောင်းနေတဲ့ လူလတ်ပိုင်းကျော်ကျော်ပဲ ရှိပါသေးတယ်"

ဒေါ်ရှုဘီရော ဦးဖိုးလတ်ပါ နေ့စဉ် အလုပ်သွားခြင်းဆိုတာမျိုး မလုပ်တော့ပါ။ ကုမ္ပဏီသုံးခုမှာ ရှယ်ယာနည်းနည်းစီဝင်ထားတာ တစ်နှစ်တစ်ကြိမ် အမြတ်ခွဲဝေရာမှာ စားလောက်သောက်လောက် (လူကြီးနှစ်ဦးတည်း) ရရှိသည်။ အဲသည်အပြင် ဦးဖိုးလတ်က တစ်ဦးတည်းသောသားမို့ မိဘအမွေအနှစ်ကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ရခဲ့သူ ဖြစ်၏။ အမွေအနှစ်က ခြံနှစ်ခြံနှင့် တိုက်နှစ်လုံးပင်။ တစ်ခြံက ချင်းချောင်းရိပ်သာထဲမှာရှိ၍ တစ်ခြံက ကမ္ဘာအေးစေတီလမ်းပေါ်မှာ ရှိသည်။ ကမ္ဘာအေးစေတီလမ်းပေါ်မှခြံက ပိုကျယ်၊ အိမ်က ပိုကောင်းသည်မို့ နိုင်ငံခြားသား. ငှားထားသည်။

ချင်းချောင်းရိပ်သာထဲမှခြံက တစ်မတ်နီးပါးပဲရှိကာ တစ်ထပ်ခွဲတိုက်ကလေးပဲဖြစ်၏။ ဦးဖိုးလစ်နှင့် ဒေါ်ရှုဘီတို့ နေကြပါသည်။ လစဉ်ဝင်နေသော ပုံမှန်ဝင်ငွေတွေက (နေ့စဉ် အလုပ်သွား အလုပ်ပြန် ဆင်းစရာမလိုတော့ပဲ) လူကြီးနှစ်ဦးအဖို့ သုံးလို့ စားလို့ မကုန်နိုင်ပါ။

"မေဝင်း ပြောတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ... ကိုယ်သာ ခြောက်ဆယ်မပြည့်သေးတာ၊ ဖိုးလစ်က ခြောက်ဆယ့်ခြောက်လေ၊ အဲဒါ မေဝင်းရယ်၊ သွားစရာ လာစရာလည်း သိပ်မရှိတော့ အိမ်မှာ ဒရိုင်ဘာ မထားတော့ဘူး"

"ထားရောပေါ့ကွာ ... မင်း ဖိုးလစ်က မောင်းတုန်းပဲလား"

"အေး ... သွားစရာ လာစရာ ဆိုတာကလည်း သာရေးနာရေးနဲ့ ဈေးဝယ်ရုံပဲ ရှိတော့တာလေ၊ သိပ်ကို နည်းသွားပါပြီ။ ဖိုးလစ်လည်း မောင်းတယ်၊ ကိုယ်လည်း မောင်းတယ်၊ အနီးအနားပေါ့။ ဒရိုင်ဘာ ထားရတာကလည်း ဒရိုင်ဘာ့ဒုက္ခ ရှိတယ် ...

"လူကောင်းရရင် တော်ပါရဲ့၊ လူမကောင်းရင် အလကား စိတ်ဒုက္ခပိုတယ်၊ အိမ်ဖော်ကောင်မလေးတွေတောင် သိပ်ထားချင်တော့တာ မဟုတ်ဘူး။ ဟိုဒီလွှတ်



လည်း စိတ်မချရ။ တော်ကြာ ... ရည်းစားထား၊ ချိန်းခဲ့ပြီး၊ အိမ်တံခါးဖွင့်ထားမှ ... ကိုယ့်အိမ်ထဲ ယောကျ်ားသူခိုး ရောက်မှာ ...

"နေထိုင်မကောင်းရင် ... ဆရာဝန်ကို တစ်နေ့နှစ်ကြိမ်လောက်ကြွဖို့ ပင့်ပြီး နာ့စ်ကို Day and Night ဒေးအင်နိုက် ငှားထားတော့မယ်၊ တူ့တူမတွေလည်း တစ်ခါတစ်ခါတော့ လာအိပ်ပေးကြပါတယ် ...

"ခု ... ကိုယ်ဖုန်းဆက်တာက ဖိုးလစ်က ခရီးဝေးဝေး ကားမမောင်းဘူး၊ ကိုယ်လည်း သိပ်မမောင်းချင်ဘူး၊ ဈေးလေး ဘာလေးလောက် မောင်းတော့တာ၊ ဒရိုင်ဘာလည်း မရှိတော့ဘူးဆိုတော့၊ မင်းဆီ အရောက်အပေါက်နည်းရင် စိတ်မရှိနဲ့လို့"

"ရှိစရာလားကွယ်၊ ဖုန်းဆက်ကြမှာပေါ့"

"အေး ... လိုအပ်ရင် တစ်နေ့ တစ်ခါ ဆက်တာပေါ့"

"ဒါပေါ့ ... လိုတာရှိရင် ပြောပါ။ ကိုယ်နဲ့ သမီးနှစ်ယောက်နဲ့ လာခဲ့ပါမယ်။ ဘာထူးလဲ ... ကိုယ်တို့အိမ်မှာလည်း မိန်းမသုံးယောက်ပဲ အစိကရှိတာ။ အိမ်ဖော်မိန်းကလေးတွေနဲ့ ...

"ဆွေမျိုးတွေက အလုပ်ထဲသာ ဝင်စွက်ပြီး လခထုတ်ချင်ကြတာ၊ အိမ်ပေါ်မှာတော့ ဘယ်သူမှ လာနေမပေးကြပါဘူး၊ သူတို့မိသားစုနဲ့ သူတို့ဆိုတော့လေ။ ခမ်းမြစိမ်းကလည်း၊ ဆွေမျိုးသားချင်း အိမ်ပေါ်မှာ လက်မခံချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို ဖုန်းဆက်ပြီးသည့် နောက်ပိုင်းမှာ ဒေါ်ရွှေဘီ တစ်ခေါက်မှ ရောက်မလာခဲ့တော့ပါ။ ခါတိုင်းလို တစ်ပတ် နှစ်ခါလောက်တော့ ဖုန်းဆက်မြဲပါ။

"မြစိမ်းကို မွေးစားမယ်" ... ဆိုတာကိုလည်း မပြောင်းမလဲ ပြောဆဲပါ။

ဒီနေ့တော့ ဒေါ်ရွှေဘီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်ဆိုပဲ။

"အန်တီရွှေဘီ ကားမောင်းလာခဲ့တာလား။ အန်ကယ်လ်ဖီးလစ်ရော ပါလား မမေ"

"ကိုဖီးလစ် မပါဘူး။ ရွှေဘီ တစ်ယောက်တည်း။ ဒါပေမဲ့ သူမောင်းလာတာ မဟုတ်ဘူး။ သူများကားနဲ့ လိုက်လာတာ၊ အဲဒီကားက ယာဉ်မောင်း သူငယ်လေးကတော့ အိမ်ပေါ်မတက်ဘူးပေါ့။ ဇနီးမောင်နှံ တစ်စုံတွဲရယ်၊ ရွှေဘီရယ် လာတာ၊ မမေ ... မွန်းလွဲလက်ဖက်ရည်ပွဲကို ကျကျနန ပြင်ကျွေးလိုက်တယ်"

"ဇနီးမောင်နှံစုံတွဲ ဆိုတာ ဘယ်သူတွေလဲ မမေ"

"ဦးသစ်ထူး၊ ဒေါ်တင်တင်မင်းတဲ့"

"အဲဒါ ဘယ်သူတွေလဲ မမေ"

"မြန်မာပြည်မှာ ခေတ်အဆက်ဆက် ချမ်းသာကြတဲ့ သူဌေးတွေ၊ အချိန်တွေ ဘယ်လိုပြောင်းပြောင်း၊ စီးပွားမပျက်ဘဲ ဆက်တံပိုးသာ တိုးတိုးလာတဲ့ သူဌေးမျိုးရိုး ဆိုပါတော့၊ မေမေတို့နဲ့ ရွယ်တူ တန်းတူတွေပါပဲ။ မသကာ ... ကြီးနည်းနည်း၊ ငယ်နည်းနည်း ...



"သွင်းကုန်ထုတ်ကုန်လုပ်ငန်း ရှိတယ်၊ ဆောက်လုပ်ရေးလုပ်ငန်း ရှိတယ်၊ ဈေးတွေ ပလာဇာတွေ ကွန်ထရက်တော်တော်များများ ရခဲ့တာပေါ့။ ဥယျာဉ်မြို့တော်တွေလည်း တည်ခဲ့တယ်။ လက်ရှိမှာ ... ပုစွန်ဆိုလည်း မွေးလိုက်တာပဲ ...

"ဆေးကိုယ်စားလှယ် ရထားတာတွေ၊ အလှကုန်ကုမ္ပဏီတွေက ကိုယ်စားလှယ် ရထားတာတွေ၊ ရန်ကုန်မှာ ဘယ်စီးပွားရေး လုပ်ငန်းမျိုး လူသိများလာလဲလို့ ပြောလိုက်ရင် ... အဲဒီလုပ်ငန်း၊ သူတို့လုပ်ပြီးပြီ။ နံပါတ်စဉ်နဲ့ ရေရရင် တစ်ကနေ တစ်ဆယ်အတွင်းကို ... *အလယ်နားကဝင်တဲ့ သူဌေးတွေပါပဲ*"

"သူတို့က ဘာလာလုပ်တာလဲ"

"မေမေလည်း ကုမ္ပဏီလုပ်ငန်းထဲမှာပဲ ဆိုတော့ ... အဲဒီနာမည်တွေ ကြားဖူးထားပါတယ်။ လူချင်းတော့ မတွေ့ဖူးဘူး၊ မေမေ့အလုပ်နဲ့ ဆက်ဆံစရာကိစ္စ မပေါ်သေးတော့လေ။ သူတို့နာမည် ... သတင်းကောင်း ထွက်ပါတယ်"

"အလှူအတန်းများလို့ နေမှာပေါ့"

"လှူတာတန်းတာ ... သတင်းစာထဲ ဘာထဲ သိပ်မတွေ့မိပါဘူး၊ သူတို့ လှူပြီဆိုရင်၊ တကယ်လိုအပ်နေတဲ့ နေရာမှာ လက်တွေ့လှူပြီး ကူညီတာ၊ ဓာတ်ပုံရိုက်ပြီး၊ သတင်းစာထဲထည့်မယ် ဆိုရင် ငြင်းကြတဲ့ သူတွေလို့ ကြားဖူးတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ကုမ္ပဏီ၊ စီးပွားရေးတွေ အောင်မြင်တယ်ဆိုတာ၊ ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာ ပျော်လို့ပဲ။ အားလုံးက စည်းစည်းရုံးရုံးနဲ့ တက်တက်ကြွကြွ လုပ်ကြတော့၊ အုပ်ချုပ်ရတဲ့သူလည်း စိတ်ချမ်းသာတယ်။ ဝန်ထမ်းတွေရဲ့ လူမှုဖူလုံရေးနဲ့ သက်သာချောင်ချိရေးကိုလည်း တော်တော် လုပ်ပေးတယ်လို့ ပြောသံကြားဖူးတယ်၊ နောက်ပြီး ...

"သူတို့နဲ့ ဆက်ဆံဖူးတဲ့ လူတွေဆီက သတင်းကြားရတာပေါ့နော်၊ စိတ်ဓာတ်ကိုက ကောင်းကြတာတဲ့။ သဘောထားကြီးတယ်ပေါ့နော်၊ အလုပ်ခွင်မှာ လိုက်လျောတာတွေ ရှိပေမဲ့၊ တိကျပြတ်သားမှုလည်း ရှိတယ်။ ဆုပေးဒဏ်ပေး ကျတော့ ရက်စက်တယ်တဲ့"

"ဘယ်လို ရက်စက်တာလဲ မမေ"

"ဆုပေးစရာ ရှိပြီဆိုရင် ... တီဗီတစ်လုံး ဝယ်ပေးလိုက်တာတို့၊ လင်ရော မယားရော အလုပ်သွားကြတဲ့ အိမ်ဆိုရင် အိမ်ရှင်မ သက်သာအောင် အဝတ်လျှော်စက်တစ်လုံး ဝယ်ပေးလိုက်တာတို့၊ အဲဒါမျိုးပေါ့။ ရက်ရောတယ် ခေါ်မှာပေါ့။ ဒဏ်ပေးပြီဆိုရင် အလုပ်ကနေ သုံးလစာပေးပြီး နေ့ချင်းပြီး ထုတ်တာတဲ့ ...

"ဖြေရှင်းခွင့်၊ စောဒကတက်ခွင့် မရှိ။ မကျေနပ်တဲ့သူရှိရင် တစ်ခါတည်း အလုပ်က လိုက်ထွက်သွားခွင့်ပေးတယ်၊ သုံးလစာပေးလိုက်မယ်၊ ဒီကုမ္ပဏီကို ငဲ့စောင်းတောင် ကြည့်စရာမလိုဘူးတဲ့။ အဲဒီတော့ ... ဝန်ထမ်းတွေကကြောက်ကြတယ်။ ဒီကုမ္ပဏီမှာက တခြားကုမ္ပဏီတွေထက် ...



"အခွင့်အရေးတွေသာတော့ အလုပ်မြဲချင်ကြတယ်၊ အဲဒီတော့ မခိုရဲ မကပ်ရဲ၊ အလုပ်ကို ကြိုးစားရတော့တာပဲ။ မေမေ့ ကုမ္ပဏီနဲ့တော့ ကွာတယ် သမီးလေးရယ်။ မေမေက ဆွေမျိုးတွေပဲလေဆိုပြီး ... အပြစ်ဆိုလည်း တိတိကျကျ မယူရက်ဘူး၊ သူတို့က ကိုယ့်ဘက်ချည်း ကိုယ်ယက်ကြ ...

"အိတ်ထဲချည်း ထည့်ကြပြန်တော့လည်း ပြောကာဆူကာနီးရင် ... မျက်နှာသေလေးတွေကြောင့် မပြောရက်။ မေမေ မပြတ်သားတာ။ အရင်းအနှီး ပါမလာတဲ့ လုပ်တော်သမက်ကိုလည်း သူတို့က ဆွေမျိုးအခွင့်အရေးနဲ့ နှိမ်ချင်ကြသေးတယ်။ သမီးတို့ ဖေဖေ မရှိကတည်းက ...

"မေမေ့စီးပွားကို ဖျက်တာ၊ သူများမဟုတ်ဘူး၊ မေမေ့ အမျိုးတွေပဲ။ တော်တော်ကျန်ခဲ့လို့သာ ခုချိန်ထိ တင်းခံနိုင်နေသေးတာ၊ သမီးဖေဖေ ရှာဖွေချန်ရစ်တာတွေ မပြုန်းတီးသင့်ပဲ ပြုန်းတီးရတာ မေမေ့ကြောင့်။ မေမေဖြင့် မောင်ကျော်မျိုးဝင်းကိုတောင် အပြစ်မတင်ချင်တော့ဘူး"

"ဦးသစ်ထူး၊ ဒေါ်တင်တင်မင်း ဆိုတာ ... ကိုကျော်မျိုးဝင်း အမျိုးတွေလား"

"မဟုတ်ပါဘူး။ ဟုတ်ရင် မောင်ကျော်မျိုးဝင်း ... သူတို့ဆီ လုပ်မှာပေါ့။ လူချင်းတောင် မသိကြပါဘူး၊ မောင်ကျော်မျိုးဝင်း ဘက်က ပြောပေးသွားလို့ မေမေ စိတ်ပြောင်းတာ မဟုတ်ပါဘူး။ ဦးသစ်ထူးတို့ ဒေါ်တင်တင်မင်းတို့အကြောင်း ကြားဖူးထားတာက သပ်သပ်ပါ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေ ဒီလိုအုပ်ချုပ်တာကို တွေးမိတော့မှ၊ မေမေ အုပ်ချုပ်ပုံ အချိုးမကျတာကို တွေးလိုက်မိတာ။ မေမေ နောင်တရတယ်။ မေမေ့ အမျိုးတွေဟာ၊ မောင်ကျော်မျိုးဝင်း ပြောလည်း ပြောစရာ။ မေမေ့ကုမ္ပဏီကို ဖရဲသီးတစ်လုံးလို သဘောထားပြီး ...

"အားလုံး ဝိုင်းခွဲစားသောက်ကြတာ။ ပြီးတော့ ... မေမေ့သမက်ကိုကျတော့လည်း သူတို့က နှိမ်ချင်သေးတယ်။ အလုပ်ထဲ ... မောင်ကျော်မျိုးဝင်း ရောက်တော့၊ သူတို့ အနေမချောင်ဘူး၊ ဒီတော့ ... ခနိုးခနဲ့ ပြောလားပြောရဲ့၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ယောက္ခမအိမ်ပေါ် တက်လာတဲ့ သမက်ငမွဲပေါ့လေ ...

"မေမေ မှားတာတွေကြောင့် မေမေ့သမီး မြရွှေ၊ တစ်ခုလပ်မလေး ဖြစ်ရရှာတယ်၊ မြရွှေက လူအေး၊ ဘာမှသိတာ/မဟုတ်ဘူး၊ သမီးလိုလည်း ထက်ထက်မြက်မြက်မရှိဘူး၊ သူလည်း မေမေ့လိုပဲ၊ ဦးလေးတွေ အဒေါ်တွေ မြှောက်ပေးရင် မြှောက်တယ်၊ ယောက်ျားအပေါ်မှာ မာနထားတယ် ...

"မောင်ကျော်မျိုးဝင်းက မေမေ့ စီးပွားရေးမှာ ဝင်လုပ်ပြီး၊ ရသမျှပိုက်ဆံနဲ့ အရက်သောက်၊ ဖဲရိုက်၊ မိန်းမရှုပ်ဆိုရင်တော့ အိမ်ပေါ်ကပဲ ရိုက်ချရ၊ ချရပေါ့။ ခုဟာက ... သူက ဘာမှမဖြုန်းဘူး၊ ဆေးလိပ်တောင် သောက်တတ်တာမဟုတ်ဘူး၊ ရသမျှပိုက်ဆံ မေမေ့ဆီ စာရင်းနဲ့အပ်တာပဲ ...



"မေမေကိုယ်တိုင်က ... အမျိုးနဲ့သမက်နဲ့ ယှဉ်ပြီး၊ အမျိုးကတော့ အမျိုးလေ ... ဆိုပြီး၊ ဘက်မင်းခဲ့တာ၊ မြရွှေကလည်း မတုန်မလှုပ်နဲ့သာ ဆိုတယ် မာနကျတော့ အကြီးသား၊ စကားသာနည်းတယ်၊ ယောက်ျားကို ခြောလိုက်ပလားဆို ... ပိဿလေးနဲ့ ဘေးပစ် ...

"ဒါ ... ဦးသစ်ထူးတို့ ပြန်သွားမှ မေမေ့ဘာသာ ထိုင်တွေးနေမိတာကို သမီးကို ပြောပြတာပါ။ သမီး မြရွှေ တစ်ခုလပ် ဖြစ်ရတဲ့ကိစ္စမှာ မေမေနဲ့ မြရွှေ တရားခံပဲ"

"ဒီလူကလည်း မျက်နှာပြောင်ပြောင်နဲ့ကို ဖစ္စည်းခန်း ခွဲတာပါ မေမေရယ်။ လက်ချည်း အိမ်ပေါ်တက်လာရင်၊ လက်ချည်း ပြန်ဆင်းသွားပေါ့"

"သူ့ရဲ့ သုံးနှစ်နီးပါး လုပ်အားတွေ ဘယ်သွားထားမလဲ။ သူ ထိန်းသိမ်းခဲ့လို့၊ ယိုင်နေတာကြီး ပြန်မတ်တယ်။ ပြန်လည်းမတ်ရော ခူးဆွတ်စားသုံးမဲ့ သူတွေက ခုန်တက်လာပြီး၊ သူ့ကို ဆောင်းကြမြောင်းကြ၊ မိန်းမလုပ်တဲ့ သူကလည်း မာနကြီး ...

"သမီးရယ် ... ယောက်ျားဆိုတာ ယောက်ျားစိတ်နဲ့ပဲ။ မေမေတို့ မိန်းမသားတွေရဲ့ စိတ်နဲ့တော့ မတူဘူး"

"တကယ်တမ်း ကွဲကြ ကွာကြတော့ ... ဟိုယောက်ျားသားကတော့ ဘယ့်နှယ်နေတယ် မသိဘူး၊ မမြရွှေတော့ ခံစားရတယ် မေမေရဲ့။ သမီး သိတယ်။ အခန်းထဲကမှ သိပ်မထွက်တော့တာ၊ နဂိုက စကားနည်းရတဲ့အထဲ၊ ခုဆို

www.burmeseclassic.com

www.burmeseclassic.com



မပြောသလောက်ပဲ၊ ကြာကြာနေရင် ချည့်သွားမှာတောင် စိုးရတယ်"

"လူကြီးမိဘ ပေးစားတာ ဆိုပေမဲ့ ... လင်ရယ် မယားရယ် ဆိုတော့လည်း သမီးရယ် ... သံယောဇဉ် ဖြစ်ကြမှာပေါ့။ အိမ်ထောင်လည်းကျ ရည်းစားလည်းရ ဆိုသလို"

ဒေါ်မေဝင်းက ရှက်ပြုံးနှင့် ပြောသည်။

"မမမြရွှေ ... သမီးကို တစ်ခါပြောဖူးတယ်။ အိမ်ထောင်ကျတဲ့နေ့ကျမှ ရည်းစားစထားရတာတဲ့"

"ကွဲပါပြီ ကွာပါပြီဆိုမှ ... မနေနိုင် မထိုင်နိုင်၊ ကြားဝင်စပ်ကြသူတွေကလည်း ရှိတယ်။ ဟိုဘက်ညှိ ဒီဘက်ညှိပေါ့လေ။ စေတနာလည်း ပါပါတယ်။ ဝါသနာကိုလည်း ပါလို့။ တချို့ ... လူတွေရှိတယ်။ နေကိုမနေတတ်ဘူး၊ သူများကြားထဲ ပါကိုပါတယ်။ တချို့ကကျတော့ အဆိုးနဲ့ ဝင်ပါတာ ...

"တချို့ကျတော့ အကောင်းနဲ့ ဝင်ပါတာ။ မေမေတို့ဆီလာပြီး ညှိကြ နှိုင်းကြသလို မောင်ကျော်မျိုးဝင်းဆီလည်း ညှိကြတယ်တဲ့။ မောင်ကျော်မျိုးဝင်းက ... မြရွှေ သူ့ကို ဘယ်လိုပြောပြော စိတ်ဆိုးတုန်း ပြောတာပဲဆိုပြီး ... ငြိုးတေး မထားပါဘူးတဲ့ ...

"ဆွေမျိုးတွေ ပြောတာတော့ နာတယ်တဲ့။ သူကြိုးစားလို့ ဒီစီးပွားရေးလည်း သီးပွင့်ရော၊ လာလည်းခူးဆွတ်စားကြသေးရဲ့၊ ဥယျာဉ်မှူးကို တံတွေးနဲ့ထွေးပြီး ... ရယ်ရတယ် သမီးရယ်"



ဒေါ်မေဝင်းက ခနရယ်၏။

"သစ်ပင်ကိုလည်း ရှူးနဲ့ ပန်းသွားကြတဲ့ ဆွေမျိုးတွေကိုတော့ ရာသက်ပန် စိတ်နာတယ်တဲ့။ သမီး မြရွှေအပေါ်တော့ စိတ်ကွက်ပုံ မရပါဘူး။ သူ့မှာလည်း ... ဒီတစ်ယောက်ပဲ ရှိတာလေ။ မိန်းမရှုပ်တတ်တဲ့သူမှ မဟုတ်တာ"

"ခု ... သူ့စီးပွားရေးက ..."

"အောင်မြင်တယ်တဲ့။ သူ့အတိုင်းအတာနဲ့ပေါ့။ သူ့အလုပ်၊ သူ့ဩဇာလေ သမီးရဲ့၊ သူ ကြိုးစားသလောက် သူ ခံစားရမှာ၊ မခံချင်စိတ်နဲ့ အစွမ်းပြချင်တာလည်း ပါမှာပေါ့"

"မေမေက ပြန်ပေါင်းစေချင်လို့လား၊ မမမြရွှေက ကာယကံရှင်လေ မေမေရဲ့၊ သူ့ဆန္ဒ အရေးကြီးတာပေါ့"

"မြရွှေနဲ့ မေမေနဲ့က တစ်သဘောတည်းပါပဲ။ မိန်းမသားငယ်ငယ်ရွယ်ရွယ် ... တစ်ခုလပ် ဖြစ်နေရတာကျတော့လည်း သိက္ခာကျတယ်လေ။ ကိုယ့်စီးပွားရေးမှာ ဦးဆောင်ခေါင်းရွက် ကြိုးစားပေးမဲ့သူလည်း လိုတယ်၊ မေမေတို့သားအမိသုံးယောက် မိန်းမသားချည်းမှာ ...

"အားကိုးရာလည်း လိုတယ်၊ ဒါပေမဲ့ ... ကိုယ့်ဘက်က စပြီးတော့ ချော့ခေါ်ရတာမျိုးတော့ မလုပ်ချင်ဘူး"

"ဟိုကလည်း ... မာနနဲ့ပဲ။ တောင်းပန်ဦးချိုးပြီး ဘယ်ပြန်လာပါ့မလဲ"

"ကြားလူကောင်းကောင်းရှိရင်တော့ အဆင်ပြေမှာပါပဲ"

"ကြားလူ"... ဟု ဆိုသည်နှင့် "သူ့" မျက်နှာကို ကွက်ခနဲ မြင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကွဲကြ ကွာကြတုန်းက ရှင်ပါလာတာလေ၊ အခု ပြန်ပေါင်းဖို့ကိစ္စ ... ရှင်ပဲ ကြားလူလုပ်" ... ဟုသာ ပြောပစ်လိုက်ချင်တော့သည်။

"အဲဒီအခါကျ ... မေမေ့ဆွေမျိုးတွေကရော"

"သနားရင် သဒ္ဓါရင်၊ ကိုယ်တတ်နိုင်သလောက် အဝေးက ကူညီမှုပဲ ဖြစ်တော့မယ်၊ အလုပ်ထဲမှာ ရာထူးပေးပြီး ဝင်ခိုင်းရင်တော့ အရင်လိုပဲ ပြန်ဖြစ်ဦးမှာပဲ"

"အဲဒါကြောင့် ... သမီး၊ မေမေ့ကုမ္ပဏီမှာ မလုပ်တာ။ ဖေဖေ မရှိကတည်းက၊ မေမေကလည်း မေမေ့အမျိုးတွေအားကိုးတော့လေ ... သမီး တစ်ခွန်း နှစ်ခွန်း ပြောကြည့်ဖူးပါတယ်။ အမယ်လေး ... မမသမီးအငယ်က နှုတ်သီးကောင်း လျှာပါးပါလား ဘာညာနဲ့ ...

"မေမေ့ဆီမှာ တိုင်ကြ တောကြ ငိုကြ ယိုကြနဲ့၊ မေမေပဲ သမီးကို ဆူတာပဲ။ အဲဒီကတည်းက ကိုယ့်ဘာသာ အေးအေးဆေးဆေး ... အေးမြထဲ ရှယ်ယာထည့်ပြီး အောထွက်ထိုင်နေလိုက်တာ အေးရော။ မဟုတ်ရင် ... မမမြရွှေလို သမီးက ပျင်းကြောထူပြီး၊ လက်ညှိုးထောင် ခေါင်းညိတ်နေမှာ မဟုတ်ဘူး ...

"မေမေ့အမျိုးတွေနဲ့ သမီးနဲ့ ထိပ်တိုက်တွေ့ပြီဆိုရင် မေမေက ကြားထဲမှာ ဝင်ဝင်ခံတော့၊ အဲမေနဲ့သမီး ပြဿနာနဲ့ နိဂုံးချုပ်သွားရတာ မဖြစ်ချင်လို့"

"မေမေ သိပါပြီ သမီးရယ်။ ခုတော့ ... မြရွှေကို သနားတာပါပဲ"



"ဦးသစ်ထူးတို့ ဒေါ်တင်တင်မင်းတို့ အိမ်လာလည်ပေးလိုက်ရုံနဲ့။ ဘာတစ်ခွန်းမှ မပြောရဘဲ မေမေက ကိုယ့်လုပ်ငန်းအကြောင်း ကိုယ်တွေးပြီး နောင်တတွေ ရသွားတာပေါ့။ ဟုတ်လား"

"မြရွှေကိစ္စက သူတို့ပြန်သွားပြီးမှ စဉ်းစားမိတာ။ ဒီလို စဉ်းစားမိတာလည်း အကြောင်းရှိတယ်၊ သူတို့က မေမေ့ကို လာတောင်းပန်တာ"

"ဟင် ... ဂရိတ်ကြီးတွေဆို၊ မေမေ့ကို တောင်းပန်ဖို့ ဘယ်လိုအကြောင်းရှိလို့လဲ၊ ရှိရင်ရော အလွယ်တကူ တောင်းပန်မဲ့ လူမျိုးစားလား"

"အဲဒါကြောင့် ... သဘောထား ပြည့်ဝပြီး မာန်မာနမရှိတဲ့ လူကြီးလူကောင်းတွေလို့ ပြောတာပေါ့။ ဒီလို သမီးရယ် ... ရွှေဘိုက ရောက်လာပြီး မေမေနဲ့ မိတ်ဆက်ပေးတယ်။ ဘယ်သူ ဘယ်ဝါပါပေါ့။ မေမေကလည်း ဒီနာမည်တွေ ကြားဖူးထားတော့၊ တလေးတစားပါပဲ ...

"သိက္ခာမ်းခင်မင်ခွင့် ရတာကိုပဲ ဂုဏ်ယူဝမ်းမြောက်တဲ့အကြောင်း ပြောရတာပေါ့။ မိတ်ဆက်ပေးတဲ့ ရွှေဘိုကိုလည်း ကျေးဇူးတင်ကြောင်း ပြောရတာပေါ့။ မိတ်လည်းဆက်ပြီးရော သူတို့က တောင်းပန်ဖို့ လာတာပါလည်းဆိုရော ... အရှမ်းအံ့သြသွားတာ။ ဘာကိစ္စများလဲပေါ့ ...

"သူတို့က မင်းအံ့ထူးရဲ့ မိဘတွေတဲ့ကွယ်"

"သြော် ..."

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ရှည်ကြီးကိုဆွဲ၍ ဩော် ... မိတော့သည်။ ခြေလှမ်းကျဲလိုက်စမ်း မင်းအုံရေ ...။

"သမီးမြွေး ကိစ္စတုန်းက မောင်ကျော်မျိုးဝင်းနဲ့ အတူ လိုက်လာပြီး၊ မောင်ကျော်မျိုးဝင်းဘက် ပါသလိုလိုစကား မျိုး ဝင်ပြောပေးမိသွားတာ သူတို့ရဲ့ သားပါတဲ့။ ဒီလိုကိစ္စ မျိုးဟာ လူကြီးလူကောင်း ပီသရင် ဝင်မပါရဘူးတဲ့။ ယောကျ်ားလေးဘက်က လက်ဖဝါးလို့ မြင်နေမယ်တဲ့ ...

"မိန်းကလေးဘက်ကကျတော့ လက်ဖမိုးလို့ မြင်နေ မယ်တဲ့။ အဲဒီအခါမှာ လက်ဖဝါးမှန်လား လက်ဖမိုးမှန် လားလည်း ကိုယ်မသိဘူး၊ ကိုယ်တင်မသိတာ မဟုတ်ဘူး၊ ဒီလိုကိစ္စမျိုး ဆိုတာ ကာယကံရှင်တွေ ကိုယ်တိုင်တောင် ကိုယ့်ဘက်မှာသာ ကိုယ်ရပ်နေတာ ...

"ဘယ်လောက်မှန်လို့ ဘယ်လောက်မှားလဲ ဆိုတာ ဆုံးဖြတ်ရခက်တဲ့ ကိစ္စတဲ့။ ဘယ်လောက် သမာသမတ်ကျ လည်း သမီးရယ်၊ မေမေက အဲဒီစကားကို သိပ်ကြိုက်သွား တယ်။ ဟုတ်တယ် ... မေမေတို့ သမီးတို့ မြွေးဘက်က ရပ်ကြတယ်၊ မြွေးလည်း သူ့ဘက်စည်းမှာပဲ သူရပ်တယ် ...

"ဒါပေမဲ့ ... မြွေး ဘယ်လောက်မှန်လို့ ဘယ် လောက်မှားလည်းဆိုတာ မြွေးရော၊ သမီးရော မေမေပါ ... ရပ်မဲ့သာ ရပ်နေကြတာ အမှားအမှန်ကျတော့ ပြောရခက် သားပဲ သမီးရဲ့။ သူတို့ ပြောတတ်လိုက်ကြတာ၊ အဲဒီက စပြီး ... မြွေးကိစ္စကို မေမေ ပြန်စဉ်းစားမိသွားတာ ...



"ဒီလို ... အမှားအမှန်ကို ဆုံးဖြတ်ဖို့ ခက်ခဲတဲ့ ကိစ္စတွေမှာ ဝင်မပါရပါဘူး။ ဝင်ပါခြင်းဟာ လူကြီး လူကောင်းတွေရဲ့အလုပ် မဟုတ်ပါဘူးတဲ့။ သူတို့သား မင်းအုံထူးဟာ ငယ်ငယ်ကတည်းက နေရာတကာ စပ်စပ် စုစု ပါတတ်လို့ အမြဲလည်း ဆုံးမခဲ့ရပါတယ်တဲ့ ...

"ကားမောင်းသွားရင်း ကလေးနှစ်ယောက် ရန်ဖြစ် နေတာတွေ့ရင်လည်း ကားရပ်ပြီး ရန်ပွဲဖြင်တတ်တဲ့ သူငယ် တဲ့။ ဒါပေမဲ့ ... ကလေးရန်ပွဲဖြင်တာက ဘာအရေးလဲ၊ သူများတကာ ဇနီးမောင်နှံ အရေးမှာ ပါလာတာ သိပ်ရိုင်း တာပဲတဲ့။ သူတို့ မသိလိုက်ဘူးတဲ့ ...

"ခုမှ သိလို့ ခုမှလာတောင်းပန်ရတာပါတဲ့။ မင်းအုံ ထူးကိုလည်း လွှတ်ပြီး တောင်းပန်ခိုင်းပါဦးမယ်တဲ့။ ပြော ထားပါတယ်တဲ့။ မင်းအုံထူးက ... သူ တောင်းပန်ဖို့ အိမ် ပေါ်တက်သွားရင်၊ သူ့ကို မြင်တာနဲ့ သားအမိသုံးယောက် က နှင်ချကြမှာတဲ့ ...

"မသွားရဲလို့တဲ့။ မိဘမှာလည်း တာဝန်ရှိတယ်ထင် လို့၊ လူကြီးတွေက အရင်လာတောင်းပန်တာပါတဲ့။ သား သမီးမကောင်း မိဘခေါင်း ဆိုသလိုပါပဲတဲ့။ သူတို့သား လာတောင်းပန်ဦးမှာတဲ့"

"အဲဒီတော့ မေမေက ဘာပြောလိုက်လဲ"

"အစ်မကြီးတို့သားက၊ ကျွန်မ သမီးအငယ်ကိုတော့ အကြိမ် ကြိမ် တောင်းပန်ပြီးပြီလို့ ပြောပါတယ်လို့ ပြောပြတာ ပေါ့။ ခွင့်လွှတ်တဲ့ အကြောင်းလည်း ပြောရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ... တောင်းပန်ရလောက်အောင် ကြီးမားတဲ့အပြစ်လည်း မဟုတ်ပါဘူးလို့ ပြောရတာပေါ့ သမီးရယ်။ ဟုတ်လည်း ဟုတ်တာပဲဟာ"

"မြစိမ်းရောင်"မှာ မင်းအုံ့ဝင်ထွက်နေတာ မေမေ့ကို ပြောပြထားခဲ့ပါသည်။ သမီးလိမ္မာတစ်ယောက် အနေနှင့် မေမေ မသိအောင် ဘာတစ်ခုမျှ မလုပ်ချင်ပါ။ မပြောရသေးဘဲ ကျန်နေသေးသည့် အကြောင်းတစ်ခုကိုလည်း ပြောရပါဦးမည်။

အဲဒီအကြောင်းကျမှ နှုတ်ဆွံ့ ဝန်လေးနေရတော့၏။

"မေမေ"

"ဘာလဲသမီး ... ဘာပြောချင်လို့လဲ"

"မေမေ့ကို ပြောစရာတစ်ခု ရှိပါသေးတယ်"

"ဘာတွေလဲ"

"မင်းအုံ့ ... မင်းအုံ့ထူးက သ ... သမီးကို ချစ် ... ချစ်တယ်တဲ့"

"ဩော် ... ဟော် ... ဟော်"

မေမေ ရယ်တော့သည်။

"သမီး ... သူ့ကို အပြတ်ငြင်းပြီးပါပြီ"

"သမီး မကြိုက်ဘူးလား။ ပြီးရောပေါ့။ ဒီသူငယ်ဆိုရင် မေမေက ကန့်ကွက်ဖို့ မရှိသလို။ မက်မောလှချည်ရဲ့လို့လည်း မပြောဘူး။ သမီး သဘော၊ သမီး ဆန္ဒပဲ။ သမီး ငြင်းပြီးရင်လည်း ပြီးပြီပေါ့။ ဩော် ... ကျောချမှ ဓားဖြ မှန်းသိ ဆိုတာ မေမေပဲ ...



"မင်းအုံ့ထူး ကိစ္စ၊ နောက်ဆက်တွဲ လာစရာရှိလို့ မိဘနှစ်ပါးက ... မေမေတို့ အမျက်အနာ ဖြစ်နေနိုင်တဲ့ ကိစ္စကို အရင်လာဖြေရှင်းတာကိုး။ ဒါကိုထောက်ရင် ... သူ့မိဘတွေကတော့ သမီးကို လိုလားတယ် ထင်ပါရဲ့"

"မေမေ့လိုပေါ့။ ကန့်ကွက်စရာ မရှိသလို၊ မက်မက်မောမောလည်း မဟုတ်လှဘူး ဆိုတာမျိုး ဖြစ်နိုင်ပါတယ်။ မေမေ့ဆီ လာသွားတယ် ဆိုတာကတော့ သူတို့သားရဲ့ဆန္ဒက ပိုများပါလိမ့်မယ်။ သားကို အလိုလိုက်တဲ့သဘော ဖြစ်မှာပါ"

"ဟုတ်တာပေါ့ ... ဒါပေမဲ့ သမီးရယ်၊ သူတို့တောင်းပန်ပုံက သားကိစ္စ နောက်ပိုင်းလည်း နောက်ပိုင်းပေါ့၊ သူတို့သားကို အလိုလိုက်တာလည်း လိုက်တာပေါ့။ သူတို့ကိုယ်တိုင် ... ဒီကိစ္စ လူကြီးလူကောင်း မဆန်ဘူး ထင်တာလည်း ပါပုံရပါတယ်။ သူတို့ တော်တော် ချောချော့မော့မော့ တောင်းပန်တာပါ"

"မမမြရွေးက ဘာတဲ့လဲ"

"ဦးသစ်ထူးတို့ လာကြသလို မောင်ကျော်မျိုးဝင်း မိဘတွေကျတော့ လာကြဖို့ သတိမရကြပါလားတဲ့။ လူကြီးချင်းကွာတယ်တဲ့၊ မေမေက ... ဝေဖန်မနေနဲ့တော့ သမီးရယ်လို့ ပြောလိုက်တယ်။ အဲဒီကိစ္စ ... မင်းအုံ့ထူးကို မေမေရော မြရွေးပါ ခွင့်လွှတ်ပါတယ် ...

"ဒီသူငယ်လေးကိုတော့ မေမေက မထောက်ခံ မကန့်ကွက် သဘောပဲ။ ဒေါ်တင်တင်မင်းတော့ သဘောကျတယ် သမီးရေ။ ဒါမျိုးနဲ့ ခမည်းခမက် တော်ရရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ သဘောထားလည်း ပြည့်ဝ၊ ဗဟုသုတလည်း ပြည့်စုံ၊ ဘာသာရေးလည်း ကိုင်းရှိုင်း၊ မိတ်ဆွေအပေါင်း အသင်းလုပ်လို့ ကောင်းတဲ့ပုံပဲ"

မင်းအုံ ... ကိုကျော်မျိုးဝင်းရဲ့ မိဘတွေ လာကြဖို့ မေ့နေတာကျတော့ ရှင် စပ်စုဝင်စွက်ဖို့ စိတ်ကူးမရှိဘူးလား၊ သူ များကြားထဲ ပါရမှ စားဝင်အိပ်ပျော် ရင်ချောင်တတ်တဲ့သူ ...။

* ၆ *

မနက်ခုနစ်နာရီမှာ အိမ်က ကောင်မလေး အေးစမ်းက ပန်းတစ်စည်းနှင့် ကတ်ပြားလေးတစ်ခု အပြာရောင် ဖဲပြားလေး စီးလျက် ... ယူလာ၏။

"ဘယ်က ရတာလဲ"

"ခြံဝက ဘဲလ်သံကြားတော့ လူတစ်ယောက် ... ငါ မင်းအုံထူးတဲ့၊ သူပြောမှ မှတ်မိသွားတာ၊ မမမြစိမ်းကို ပေးလိုက်ဆိုပြီး ပြန်သွားတယ်"

"နင်ကလည်း ... သူပေးတိုင်း ယူလာရလား"

"မယူရဘူးလား"

"မသိဘူး၊ နင့်သဘော"

"ပန်းတွေက လှတယ်မမရဲ့"

"ပြီးရော"

အေးစမ်းက ခိခနဲ ရယ်၍ ထွက်သွားတော့ မြစိမ်း မျက်နှာ သွေးရောင်ဖျန်း၍ ကျန်ရစ်၏။



လက်ကိုင်ဖုန်းလေး မြည်လာသည်။ ဖုန်းနေ့ကတည်းက မှတ်ထားလိုက်မိသည့် နံပါတ်ပါ။

"ဟဲလို"

"ကျွန်တော် အရမ်းချစ်တယ် ဖန့်ကလေး။ ယုံပါ။ ဒါပဲ နော်"

ကြည့် ... သူ၊ ကိုယ့်ကို ဘယ်လိုသဘောထားနေတာတာလဲ။ သူကစားရမည့် အရုပ်တစ်ရုပ်များ ထင်နေသလား။

ညဲ ... ရှစ်နာရီကျော်ကျော်မှာ အေးစမ်း ... ရောမ အရုပ်ကြီးတစ်ရုပ်နှင့် ရောက်လာသည်။

"အစ်ကိုမင်းအုံထူး လာပေးသွားတာ။ ခြံဝကပဲ ပြန်သွားပြီ"

"နင်ကလည်း ယူလာပြန်ပြီ"

"အရုပ်ကြီးက လှလို့ ... ဟီး"

တယ်လီဖုန်း မြည်၏။

"ဖန့်ကလေး ဖက်အိပ်ဖို့ အရုပ်နော် ... ကျွန်တော် အရမ်း ချစ်တယ် ဖန့်ကလေးရဲ့။ ဒါပဲနော်"

ဖုန်းသုံးခါဆက်ကာ ပန်းကတစ်စည်း၊ အရုပ်ကတစ်ခု။ နောက်နေ့တွေကျတော့လည်း ဒီလိုပဲ။ ဖုန်းသုံးကြိမ်ဆက်သည်။ ပန်းကမနက်တိုင်း တစ်စည်းစီ။ ညဘက်လက်ဆောင်လေးတွေက ပြောင်းသည်။ ညမီးအိမ်လှလှလေး၊ လက်သီးဆုပ်သာသာလေးက တစ်နေ့။ နောက်တစ်နေ့ကျတော့ တီးလုံးသံထွက်၍ ဂါဝန်မကာ ကသည့် ဘဲလေးကခြေသည်ရုပ်ကလေး။ နောက် တစ်နေ့ကျတော့ ဂစ်တာတီးနေသည့် မျောက်တစ်ကောင်။ ခလုတ် နှိပ်လျှင် သီချင်းသံထွက်ကာ မျောက်၏ပါးစပ်က အထက်အောက်

www.burmeseclassic.com

www.burmeseclassic.com



ပွင့်သည်။ သီချင်းက ရိုးလှ၊ ကြာလှ၊ ဟောင်းလှပြီ ဆိုပေမဲ့ ထာဝရဆန်းသစ်လျက်ရှိသော More Than I can say.

"To the leaves turn blue
On the ever green trees"

ဒီနှစ်ကြောင်းလေးပဲဆို၍ ရပ်သွားသည်။

အဲဒီ လေးရက်မြောက်နေ့၏ ညဆယ်နာရီခွဲမှာ ငွေလဆီမှ ဖုန်းလာတော့သည်။

"မြစိမ်း"

"ဟယ် ... ငွေလရယ်"

ငွေလ အသံကို ကြားရ၍ဖြင့် ဆွတ်ကြင်လွမ်းမောမှုလေးများ ဖြစ်ထွန်းသွားရလေ၏။

"အိပ်ပြီလား"

"မအိပ်သေးပါဘူး။ ခုမှ ဆယ်နာရီခွဲပဲ ရှိသေးတယ်။ ငွေလရဲ့ ... ခုတလော ကျုပ်က ဆယ့်နှစ်နာရီကျော်မှချည်း အိပ်ပျော်တယ်။ ရှင်တို့ဆီမှာ ဘယ်နှနာရီလဲ"

"ညနေငါးနာရီ။ ရှင်က သန်းခေါင်ကျော်ထိ အိပ်မပျော်နိုင်ရအောင်၊ ဘာတွေ လုပ်နေလို့လဲ"

"စာဖတ်နေတာပါနော် ... တွေ့ကရာတွေ မထင်နဲ့"

"မထင်ရသေးပါဘူး။ မလုံတဲ့အိုးက တုတ်မီးရှုံနဲ့ ဟက်တက်မကွဲနဲ့"

"ကျုပ်မှာ မလုံမလဲ ဖြစ်ရာ ဘာအကြောင်းမှ မရှိဘူး။ ရှင် နေကောင်းလား၊ ဘယ်တော့ ပြန်လာမလဲ"

"ရှင်တို့မင်္ဂလာပွဲ အမီ"



"ကျုပ်နဲ့ ဘာဆိုင်လဲ။ ရှင်လာချင်ရင် အေးမြမင်္ဂလာပွဲအမီပဲ လာခဲ့။ ကျုပ်က အပျိုကြီးလုပ်မှာ"

"နှစ်ယောက်လုံးရဲ့ မင်္ဂလာပွဲအမီ ပြန်လာပြီး၊ ကျုပ်ဝါ မင်္ဂလာဆောင်မှာ"

"ဟယ် ... ငွေလရယ်၊ ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဗမာပဲပေါ့၊ ဟုတ်လား၊ ရန်ကုန်က မို့လို့လား"

"အေးကွ ... နဖူးစာ ရွာလည်ဆိုတာ သိပ်မှန်တာပဲ။ ကျုပ် ... ရန်ကုန်မှာ တစ်သက်လုံး နေခဲ့တယ်၊ သူကလည်း ရန်ကုန်မှာ တစ်သက်လုံး နေလာတာပဲ၊ အဲဒါဟယ် ... အောက်ကစ်ဖို့ဒ်ကို သူက ရောက်လာတယ်။ ရောက်လာပုံကလည်း ကြည့်ဦး ...

"ကျုပ် အလုပ်လုပ်နေတဲ့ ရိုပ်သာက ဦးပဥ္စင်းတစ်ပါးက သူ့အစ်ကိုရင်းတဲ့။ ဆေးရုံတက်ရလို့ စိတ်ပူပြီးလိုက်လာတာ။ ရိပ်သာမှာ ညှော်သည်ရောက်တော့ ချက်ပြုတ်ကျွေးရတာပေါ့။ သူ့အမေလည်း ပါတယ်။ ရေစက်ပေါ့ဟယ် ...

"ကျုပ်တို့နှစ်ယောက် ... ဟိုသီချင်းလိုပေါ့။ မြင်မြင်ချင်း တို့နှစ်ယောက်ဟာ ... ဣန္ဒြေမရ ချစ်ကြတာ ... အယ်လ်အိုဗီအီး ... လဗ်ဗ် ..."

ငွေလ ... ထုံးစံအတိုင်း ရယ်လေ၏။

"သူတို့သားအမိ ပြန်သွားတော့ ... ကျုပ် လွမ်းပြီးကျန်ခဲ့တာပေါ့။ ကျုပ် ပြန်လာတော့မှာ။ ဒီမှာ ရာသီဥတုက

www.burmeseclassic.com

www.burmeseclassic.com



လည်း အားစက်မှုန်မှိုင်း။ သူတို့လူမျိုးတွေရဲ့ မျက်နှာထား တွေကလည်း အားစက်မှုန်မှိုင်း။ ကျုပ် မပျော်ဘူး ...

"ရန်ကုန် ပြန်ရောက်ရင် ... ကျုပ်အမျိုးသားရဲ့ ကုမ္ပဏီမှာပဲ ဝင်လုပ်မှာ။ ရှင်တို့ မြစိမ်းရောင်ကိုတော့ ပြန် မလာတော့ဘူး၊ အဲဒီအတွက် စိတ်မကောင်းဘူး။ သူ့အမေ ကလည်း ကျုပ်ကို သူတို့ကုမ္ပဏီမှာပဲ လုပ်စေချင်တယ်"

"ဦးပဥ္စင်းကရော ... နေကောင်းသွားပြီလား"

"ကောင်းသွားပြီ"

"ရှင်က ပိုက်ဆံတော်တော် စုမိပြီလား"

"မစုမိဘူး၊ စုစရာလည်း မလိုတော့ဘူးကွာ၊ ကျုပ်အလုပ် ကောင်းကောင်းရရင်၊ မိဘနှစ်ပါးကို ပြန်ကြည့်နိုင်ပြီပဲ။ ရှင်တို့ ကျုပ်မိဘတွေဆီ ရောက်ရဲ့လား"

"ရောက်ပါတယ်တော်"

"သိသားပဲ ... ဟီး။ ဟော့ ... ပြောရဦးမယ်၊ ကိုယ့် အကြောင်း ကိုယ်ကြွားနေရတာနဲ့။ ကျုပ် ... ရှင့်ဆီဆက် တာ အကြောင်းရှိတယ်"

"ဘာအကြောင်းလဲ"

"မင်းအုံ့ပေါ့"

လုပ်လိုက်ကွ ... ဟုသာ အော်ချင်တော့သည်။ ဦးမင်းအုံ့ထူးတို့ကတော့ လမ်းကြောင်းတွေ အများကြီးလျှောက် ဖွင့်ပြီး၊ လမ်းကြောင်းထိုင်းကို လျှောက်လှမ်း ဝင်ရောက်နေတော တာပါပဲလား။



"သူက ရှင့်ကို ပရိုပို့စ် propose လုပ်တယ်ဆို"

"လုပ်သားပဲ ... ငြင်းပြီးပြီ"

"ကျုပ်ကလည်း ကျုပ်နဲ့ ပတ်သက်တာ ရှင်းရဦးမယ်"

"ရှင်နဲ့ ပတ်သက်ပြီး မရှင်းတာ ဘာမှမရှိဘူး"

"မရှိပေမဲ့ ရှင်းရမှ ဖြစ်မယ်။ ဒီမှာ ... ကျုပ် ရန်ကုန်မှာ ရှိတုန်းက မင်းအုံ့ကို နည်းနည်းစိတ်ဝင်စားတယ်ကွ၊ သိလား။ ပြောရတာ ရှက်လိုက်တာ၊ ရှက်လည်း မရှက်ပါဘူးနော်။ ချစ်တာ မဟုတ်ဘူးနော်၊ စိတ်ဝင်စားတာ၊ ကြိုက်လည်း မကြိုက်ဘူး ...

"ချစ်တာရယ်၊ ကြိုက်တာရယ်၊ စိတ်ဝင်စားတာ ရယ် ... အဲဒီသုံးခု ... တစ်ခုနဲ့တစ်ခု မတူဘူးကွ။ သိလား။ ကျုပ်ကွာ ... အပျိုကြီးလုပ်ဖို့ မရည်ရွယ်ဘူးလေ။ သင့် တင့်လျောက်ပတ်တဲ့ အိမ်ထောင်ရေးတစ်ခု မဖန်တီးနိုင်ဘူး ဆိုရင်တော့ အပျိုကြီး လုပ်ချင်လုပ်မယ် ...

"ဒီလိုလေကွာ ... တွေ့ကရာတော့ ခွဲလွဲမကြိုက် နိုင်ဘူး။ ယောကျ်ားပဲ ... အားကိုးရမှ ယူမှာပေါ့။ စီးပွား ရေးအရသော် လည်းကောင်း၊ လူမှုရေးအရသော် လည်း ကောင်းပေါ့။ ဒီလို အားကိုးထိုက်တဲ့သူ မတွေ့ရင်လည်း ... ဘာလုပ်ဖို့လဲ၊ ကိုယ့်ပြန်အားကိုးမဲ့ ယောကျ်ားမျိုးတွေအ စိတ်ကူးထဲ မထည့်ဘူး ...

"အဲဒါ ... ကျုပ်ရဲ့ ခံယူချက်။ မင်းအုံ့ဟာ ခင်မှုန်း တော်ဖို့သင့်တော်တဲ့လူကွ။ သူ့မှာ မကြိုက်ချင်စရာတွေ လည်း အများကြီးရှိတယ်။ ချစ်သလားဆိုတော့ ... သူငယ် ချင်း သံယောဇဉ်နဲ့ ခင်မင်စိတ် အခြေခံရှိတယ်၊ ဒီလိုလူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဘဝအဖော်အဖြစ် ရွေးရရင် မဆိုးလှဘူးလို့ ထင်တယ် ...

"ဒီတော့ ... နည်းနည်းပါးပါး စိတ်ဝင်စားတယ်။ အဲဒါကို ကိုယ်တော်က ရိပ်ပုံရတယ်ကွ။ တော်ရုံယောကျ်ားဆို ... မြောင်းပေးနေပြီပဲ ရေစီးရုံ ရှိတာပေါ့၊ ယောကျ်ားပဲ ... အရှုံးရှိတာမှတ်လို့ ဆိုပြီး ချော်လဲရောထိုင် လုပ်မှာပေါ့ ...

"မင်းအံ့ မဆိုးဘူး။ ယောကျ်ားကောင်း ပီသတယ်။ ကျုပ်က နည်းနည်းပါးပါး စိတ်ဝင်စားရာကနေ များများကြီး စိတ်ဝင်စားမသွားခင်၊ ကိုယ်တော်မြတ်က ထိန်းသိမ်းပုံလေး ယဉ်ကျေးတယ်လေ။ သူ ... မြစိမ်းကို သိပ်ချစ်နေပါတယ်တဲ့။ ကျုပ်ကို ပြောတာ။ ကျုပ်တောင် ...

"ကျုပ်စိတ်ဝင်စားတာ ရိပ်မိလို့ ဟန့်တာပဲဆိုပြီး၊ မျက်နှာနည်းနည်း ပူသွားတာပေါ့။ နည်းနည်းလည်း ရှက်သွားသေးတယ် ... ရယ်ရတယ်နော်၊ ဟီး ..."

ပြောရင်း ရယ်နေပြန်သေးသည်။

"နည်းနည်း ... သူနဲ့ရှိန်ပြီး ခပ်ခွာခွာလေးတောင် နေလိုက်မိတယ်။ နောက်မှ ... ဒီလို ရှက်ရမ်းရမ်းပြီး ခပ်ခွာခွာလုပ်လိုက်ရင် အဲဒါကမှ ပိုရှက်စရာကောင်းတာ။ ငါကလည်း သေလုအောင် ကြိုက်နေတာ မဟုတ်ဘူး၊ နည်းနည်းပါးပါး အတွေးထဲဝင်တာ၊ သူကလည်း ငါ့သူငယ်ချင်းကို ကြိုက်တာဆိုတော့ ...

"မင်းအံ့နဲ့ ငါနဲ့ဟာ ... ဒုံရင်း ... ဒုံရင်း၊ သူငယ်ချင်းဟာ သူငယ်ချင်းပဲပေါ့လို့ ကျုပ်ကပြန်တွေးမိတာ။



အဲဒီတော့မှ ကျုပ်လည်း သူနဲ့ အရင်လို တရင်းတနှီး ပြန်နေဖြစ်သွားတော့တယ်။ စိတ်ထဲမှာ ... လိပ်ပြာလည်းသန့်သွားတယ်။ ကျုပ်ကတောင် သူ့ကိုမေးသေးတယ် သိလား ...

"ကူညီရမလား ဆိုတော့ ... မကူညီပါနဲ့တဲ့။ ကိုယ်တိုင်ပဲ ဖွင့်ပြောချင်တယ်တဲ့။ ခုကျတော့လည်း ဘာထူးလဲ ... အကူအညီ လာတောင်းတာပဲ"

"မင်းအံ့ကလား"

"အင်းလေ ... သူက ရှင့်ကိုချစ်တာ ရှင်က မယုံလို့တဲ့။ ယုံအောင် ဝိုင်းပြောပေးကြပါဦးတဲ့။ အေးမြက ရန်ကုန်မှာ ဆိုင်တူတူ ထွက်နေတာ အေးမြကို ပြောနိုင်းပါလားဆိုတော့ ... အေးမြ ပြောရင် မထိရောက်ဘူးတဲ့။ အေးမြက ကိုထွဋ်နိုင်နဲ့ ချစ်နေတာ ...

"ကိုထွဋ်နိုင် ဆိုတာကလည်း မင်းအံ့ရဲ့ ဘော်ဒါ။ အေးမြကလည်း မပြောရဲဘူးတဲ့။ သူ့ အမြီးပြတ်တိုင်း လူတကာ အမြီးပြတ်ဖို့ လိုက်စည်းရုံးတယ် ထင်ခံရမှာစိုးတယ်တဲ့။ အမြီးသတ်ကျတော့ ... ငွေလ ကယ်ပါဖြစ်တော့တာပဲ"

"ငွေလရယ် ... ငါက ... နင်နဲ့ သူနဲ့ကို မျက်စိထဲမှာ အတွဲညီနေတာပါ"

"ညီမနေနဲ့ ... ငါ့မှာလည်း ငါ့လူနဲ့ငါ ဖြစ်နေပြီ။ သူကလည်း နင့်ကိုပဲ ကြိုက်တာ"

စိတ်ပါလက်ပါ ပြောကြပြီမို့ နင်တွေ ငါတွေပြန်ကုန်တော့၏။

"နင်နဲ့ သူနဲ့က ခင်မင်တယ်၊ အမြဲလည်း တည့်တယ်။ ငယ်သူငယ်ချင်းလည်း ဖြစ်တယ်။ ငါနဲ့က ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



က ရန်စလည်း ရှိတယ်၊ တွေ့တိုင်းလည်း ရန်ဖြစ်တယ်လေ။ နင်မရှိတော့မှ ငါ့ဘက်လှည့်လာတာဟာ ငါ့ကိုစော်ကားတာပဲလို့ ငါ အသည်းနာတာ ငွေလရဲ့ ...

"ဒီလူတစ်ယောက်ဟာ မမမြရွှေးကိစ္စတုန်းကလည်း တစ်ခါမှ မသိဘူး မမြင်ဘူးတဲ့အိမ်ကို သူ မျက်နှာပြောင်ပြောင်နဲ့ တက်လာပြီး ကိုကျော်မျိုးဝင်းဘက်က ဝိုင်းကူပြောသွားတယ်"

"အဲဒါ ... တကယ်တော့ မမမြရွှေးဘက်က ပြောတာဟ"

"ငါ့ရင်ထဲမှာ ဒီလူဟာ ငါ့ကို အဘက်ဘက်က လှည့်ပတ်နှောင့်ယှက်၊ စော်ကား၊ ဘယ်ဘဝက ရန်ငြိုးလဲလို့"

"မဟုတ်ရှာပါဘူးဟယ် ... နင်ကလည်း တစ်လွဲတွေးလိုက်တာ။ နင့်ကို သူ သိပ်ချစ်နေတဲ့အကြောင်း ငါ့ကိုပြောတုန်းက ..."

"အဲဒီလို ပြောခဲ့တယ်လို့ သူပြောတာကို ငါ မယုံခဲ့ဘူး"

"ယုံလိုက်ကွ။ တကယ်ပြောတာ"

"အဲဒီတုန်းက နင်က ငါ့ကို ဘာလို့ပြန်မပြောလဲ"

"သူက ပိတ်တာကိုး၊ တောင်းပန်တယ်။ ပြန်မပြောပါနဲ့တဲ့။ ခုချိန်ပြောရင် အမုန်းပဲ ရမယ်တဲ့၊ ခက်ထန်မာကျောနေတဲ့ နင့်ရဲ့စိတ်ခာတ်တွေ နူးညံ့လာတဲ့ထိ ကြိုးစားပါရစေဦးတဲ့။ အဲဒီနေ့ကျမှ သူ့ဘာသာ ဖွင့်ပြောမယ်တဲ့ ...

"အခု ... ငါ့ကို လာပြောတာက၊ သူ့ရင်ထဲမှာ မဆန့်လို့၊ မြစိမ်းနဲ့ အနီးကပ်ဆုံး သူငယ်ချင်းဖြစ်တဲ့ ငါ့ဆီမှာ မနေနိုင် မထိုင်နိုင် ရင်ဖွင့်တာတဲ့တော့ ..."

"နင်က ပြန်လာတာနဲ့ လက်ထပ်မှာလား"



မင်းအံ့ အကြောင်း ပြောလို့ကတော့ ဂျာအေး သူ့အမေရိက် ... ဆိုသလို၊ တလည်လည်တဝဲဝဲနှင့် စကားဆုံးဖို့မမြင်ဝါ။

"အေး ... သူက ငါ့ထက် ငါးနှစ်လောက် ကြီးတယ်ကွ။ သူ့အရွယ်က နောက်ထပ်စောင့်ဖို့ အချိန်သိပ်မရှိတော့ဘူးတဲ့၊ သူချစ်တာ ငါယုံတယ်။ ငါကိုယ်တိုင်လည်း သူ့ကို သိပ်ချစ်တယ်။ ငါက သူ့ကို အရမ်းပြန်ချစ်တယ် ဆိုတာလည်း သူ ယုံတယ်"

"တော်တော့ ... ရှက်လည်း မရှက်ဘူး"

"အေး ... နင်လည်း၊ နင့်ကို မင်းအံ့ အရမ်းချစ်တာ ယုံလိုက်တော့ ကြီးတော် ... ဒါပဲ၊ ဒါပဲ ... ဖုန်းပြောလိုက်ရတာ၊ ငါ့တစ်လခများ ပြွတ်ပြီလားတောင် မသိပါဘူး၊ ရန်ကုန်ရောက်မှ မင်းအံ့ဆီမှာ ပြန်တောင်းရမယ်"

"သူဌေးကတော်လောင်းကများ ..."

"ဘာပဲဖြစ်ဖြစ် ... တောင်းမယ်၊ တောင်းရမှ။ ဒါပဲ ... ဘိုင့် ... ဘိုင်"

ဖုန်းချသွားတော့ ... နာရီက ဆယ့်တစ်နာရီခွဲကာနီးကို ပြနေ၏။ တစ်နာရီနီးပါးပါပဲ ...။

မြစိမ်း ... သီချင်းတစ်ပုဒ်၏ စာသားတစ်ပိုင်း တစ်စကို သတိရလိုက်၏။ အဲဒီစာသားလေးက နှုတ်ခမ်းဖျားပေါ် ရောက်လာသည်။ သက်ပြင်းမောလေး ကျ၏။

"ခုညတော့ ... အိပ်နိုင်မယ် မထင်ဘူး"

✻ ❀ ✻

www.burmeseclassic.com

www.burmeseclassic.com



# ၃၃

"လူတွေက ပြောကြတယ် ... နေရာတကာ စပ်စပ်စုစု ပါတတ်တဲ့၊ သူများသမီးရည်းစား ကြိုက်ကာနီးလည်းပါ၊ ကြိုက်နေလည်းပါတဲ့၊ လက်ထပ်လည်းပါ ... ပါလေရာကြီးတဲ့။ တကယ်တော့ အကျိုးတွေ လိုက်ဆောင်ပေးနေတာပါဗျာ ...

"တကယ့် စေတနာနဲ့ပါ။ စကားပုံကတော့ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်တဲ့။ သူများအကျိုးတွေ ဆောင်ခဲ့ပေးတာ အများကြီး၊ ကိုယ့်အကျိုးကျမှ နည်းနည်းလေးမှ မအောင်ပါလား၊ ကယ်မဲ့သူလည်း မရှိ"

မြစိမ်း ... တွယ်လီဖုန်းလေးကိုင်ရင်း ပြုံးမိရတော့သည်။

"မနေ့ညက ... ငွေလ ဖုန်းဆက်သေးလား"

"ရှင် ဆက်ခိုင်းတော့လေ ... သူ့ခမျာ ဆက်ရရှာတာပေါ့။ ရှင့်ဗျူဟာတွေ မကုန်သေးဘူးလား"



"ထုတ်ကို မသုံးရသေးတာ"

"လူတကာကို ဆရာကြီး လုပ်ခဲ့တဲ့ နည်းလမ်းတွေ ရော"

"တစ်ခုမှ စဉ်းစားလို့ မရဘူး၊ ပျောက်ကုန်ပြီ"

"ပြန်စဉ်းစားပေါ့၊ ရှိသမျှ ဗျူဟာတွေ ထုတ်သုံးပေါ့။ ရှင်နဲ့ ကျွန်မနဲ့ လောင်းမယ်လေ ... ရှင်ရှုံးမလား၊ကျွန်မနိုင်မလား ဆိုတာ"

"မြစိမ်း ပြောတဲ့ထဲမှာ ... ကျွန်တော် အနိုင်ဆိုတာကို မပါဘူး။ အစကတည်းက ကျွန်တော် အရှုံးပေးပြီးသားပဲ။ အနိုင်လည်း မလိုချင်ပါဘူး။ ဒီကြားထဲ သူငယ်ချင်းတစ်ယောက်က လာမေးနေသေးတယ် ...

"သူ့ကောင်မလေး စိတ်ကောက်နေလို့ ဘယ်လိုချော့ရမလဲတဲ့။ မောင်းထုတ်လိုက်တယ်။ လာမမေးနဲ့လို့။ မင်းဖို့ပေးလို့ ငါ့ဖို့တောင် ငါမပြောတတ်၊ ဘာလုပ်ရမှန်း မသိလို့ သေတောင် သေချင်နေတာလို့"

"သေချင်နေတာများ အော်ဟစ်နေစရာ မလိုပါဘူး လွယ်ပါတယ်"

မြစိမ်း ဖုန်းပိတ်ပစ်လိုက်တော့သည်။

မနေ့ညကလည်း အိပ်ရေးပျက်၏။ ဒီညလည်း ပျက်ဦးမှာပဲ ထင်သည်။ ဒီနေ့ တစ်နေ့လုံး မျက်တွင်းလေးဟောက်ပက်နှင့် ရောက်သွားတော့ အေးမြက အကဲခတ်လို့ချည်းနေ၏။ သူတင် သေချင်တာတဲ့လား။ မြစိမ်းလည်း သေချင်တာပဲလေ။ သူ့ကိုချစ်သည့်စိတ်က ကိုယ့်တစ်ကိုယ်လုံးကို ကြိုးကျစ်ကျစ်နှင့် တုပ်နှောင်ထားသလောက် မွန်းကျပ်ရပေမဲ့၊ မချစ်ရဘူး ကြောက်

www.burmeseclassic.com

www.burmeseclassic.com



လန့်နေတာက ဝေဒနာတစ်ခုလောက်ကို ဆွဲမြဲ၏။ သူနှင့်အဝေးဆုံးသို့ ပြေးသွားချင်မိ၏။ သို့ပေမဲ့ ... သူဆက်လာမည်ဖုန်းသံကို မျှော်မိသည်။ သူပို့လာမည့် လက်ဆောင်ကို မျှော်မိသည်။ မြစိမ်း ဒီညတော့ အိပ်ဆေးကူရမှ ဖြစ်တော့မည်လေ။

❋ ၅ ❋

အိပ်ရာကနိုးတော့ ညက ဖုန်းပိတ်ထားတာကို သတိရပြီး ဖွင့်လိုက်တာနှင့် မြည်တော့၏။

"မြစိမ်း ... ဘာလို့ ဖုန်းပိတ်ထားရတာလဲကွ ... မနက်ငါးနာရီတည်းက ခေါ်နေတာ"

"ဟာ ... စောစောစီးစီး"

"To the Leaves turn blue ..."

"သီချင်းကလည်း အစမရှိ ဘာမရှိ၊ ဘယ်နေရာကကောက်ဆိုနေတာလဲ"

"သစ်ရွက်တွေ အပြာရောင် ပြောင်းကုန်တဲ့ထိ။ ဘယ်ကသစ်ရွက်တွေလဲ သိလား။ On the ever green trees အမြဲစိမ်းသစ်တောက အပင်တွေပေါ်က သစ်ရွက်တွေ အပြာရောင် ပြောင်းကုန်တဲ့ထိ ..."

"အဲဒီနေ့မှာ ရှင်သေမလို့လား"

"သေမလို့ ... မြစိမ်းတို့ခြံထဲ လာသေမလို့၊ လာပြီ။ တကယ်လာပြီနော်။ နောက်မှ အဆိုးမဆိုနဲ့"

"ဟော့ ..."



အားကျမခံ၊ သူကစလို့ ဖုန်းပိတ်သွားတော့သည်။ သူလာမည် ဆိုတာကို မြစိမ်း ယုံလိုက်ပါသည်။ ဖြစ်ချင်ရာဖြစ် ဖွတ်တိုးတော့မည်ဆိုတာ အသေအချာပင်။ အဲဒီယောက်ျားတစ်ယောက်ဟာ လူဆိုးပြောရခက်၊ လူကောင်းပြောရခက်၊ လုပ်ချင်တာလုပ်သည့် နေရာမှာတော့ သူ ... ဘုရင်ပါပဲ။

မြစိမ်း ... မျက်နှာသစ်ရင်း ရေပါတစ်ခါတည်းချိုးဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် လှတပတ ပြင်ချင်စိတ် ဖြစ်နေရသည့်အတွက် ရှက်ပြုံးနှင့်ပင် မှန်ရှေ့မှာ ကြာကြာထိုင်ဖြစ်သည်။ သူရောက်လာလျှင် အေးစမ်း လာပြောမှာမို့ အေးစမ်း တံခါးဘယ်တော့ခေါက်မလဲ နားစွင့်ရတာလည်းတစ်ဖက်။ အေးစမ်းက တံခါးလာမခေါက်ပါ။ ကိုယ့်ဘာသာပဲ ထွက်ပြီး ကော်ဖီသောက်ရ၏။ မေမေနှင့် မမမြရွှေတို့တောင် သောက်ပြီးသွားကြပြီဆိုပဲ။

မြစိမ်း ရင်ထဲမှာ ကျိန်းစပ်စပ်၊ အသည်းတယားယား ဖြစ်ရ၏။ အခန်းထဲသို့ ပြန်ဝင်ကာ၊ အိပ်ရာပေါ် ပြန်ခွေမိသည်။ လာမည်ဆိုပြီး ရောက်မလာပြန်တော့ စိတ်တိုင်းမကျရပြန်။ ထလည်း အဆင်မပြေ၊ ထိုင်လည်း အဆင်မပြေ၊ လဲလျောင်းနေလို့လည်း အချိုးမကျ။ မိုးလေးဖွဲဖွဲ ကျလာတော့ မေမေ့အစ်မတစ်ဝမ်းကွဲတစ်ယောက် ပြောဖူးတာကို သတိရပြန်၏။

"ယောက်ျားတွေများ ... ဘယ်တော့မှ မယုံစားနဲ့။ ပါးစပ်ကတော့ ပြောပါလိမ့်မယ်။ သမုဒ္ဒရာကြီး လက်ပစ်ကူးပြီး လာခဲ့ပါရစေတဲ့။ လက်တွေ့မှာကျတော့ ချိန်းထားတာတောင် မိုးရွာရင် ရောက်မလာတော့ဘူး" ... တဲ့။

မြစိမ်း သက်ပြင်းမောကို ချဖြစ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းက သဘာဝလေကို ကြိုက်သည်။ မိုးမရွာလျှင် လေအေးပေးစက် မဖွင့်ဘဲ ပြတင်းပေါက်မှာ ခြင်ဆန်ခါတံခါးပဲ ပိတ်ပြီး မှန်တံခါးကို ဖွင့်ထားလေ့ ရှိပါသည်။ ညတုန်းက မိုးမရွာသည်မို့ ဖွင့်ထားသော တံခါးကို ပိတ်ရပါမည်။ တံခါးသွားပိတ်ဖို့အတွက် လေးလံထိုင်းမှိုင်းနေသည့်စိတ်က တားဆီးနေ၏။ မိုးစက်ပွင့် တော်တော်လေး ကျလာမှပဲ၊ မပိတ်လို့ မရတော့သည်မို့ ပြတင်းဆီသို့ ရောက်သည်။ မျက်နှာပေါ် လာပက်သည့်မိုးစက်ပွင့်တွေကို ခဏတာ ခံယူလိုက်ရမှ ရင်ထဲ ဒေါသနည်းနည်းငြိမ်းသလိုလို ရှိသည်။ ဘာကိုမှန်းမသိ … ဒေါသလည်း ထွက်နေသည်။ ရင်ထဲ … ပူပူလောင်လောင်နှင့်၊ စိတ်တိုင်းမကျစွာ ခံစားရပါဘိခြင်း။

"ဟင် …"

ခြံထဲက စိန်ပန်းပြာပင်နား တန်းလျားဖြူဖြူလေးပေါ်မှာ လူတစ်ယောက် လှဲအိပ်နေသည်။ ပက်လက်အနေအထားနှင့်မို့ … မင်းအံ့ မျက်နှာကို မြင်လိုက်ရသည်။ သူ … ဘယ်တုန်းက ရောက်နေပါလိမ့်။ မိုးက သည်းလာ၏။ မိုးရွာနေသည်မို့ နေမပူသော်ငြား၊ မိုးထဲမှာ အဲဒီလို အိပ်နေလို့ ဖြစ်မတဲ့လား။ ကိုယ့်ကိုယ်ကိုယ် … သတိမထားမိနိုင်စဉ်မှာပင်၊ ထီးတစ်ချောင်းဆွဲ၍ နောက်ဖေးပေါက်မှ ဆင်းလာဖြစ်တော့သည်။ မင်းအံ့ နားမှာရပ်လိုက်၏။ ထီးဆောင်းပေးတော့ သူ့မျက်နှာပဲ လုံသည်။ တစ်ကိုယ်လုံးမှာ ရွှဲရွှဲစို။

သူ့ကို ထီးမိုးပေးဖို့ ရည်ရွယ်ချက်လည်း မရှိခဲ့ပါဘဲ။

"ဘာလုပ်နေတာလဲ"



"သေနေတာ"

"ဒါလည်း … ဇျူဟာတစ်မျိုးပဲပေါ့ … ဟုတ်လား"

"ကျွတ် … စိတ်ပျက်တယ်ကွာ"

"မိုးတွေ ရွာနေတယ်"

"လူသေကောင်က မိုးရွာတာကို မခံစားတတ်ဘူး"

"လူမြင်မကောင်းဘူးရှင့်။ ခြံတွေက မနီးလှပေမဲ့၊ နှစ်ထပ်တိုက်တွေဆိုတော့၊ အပေါ်ထပ်တွေက ကြည့်ရင်၊ ရှင့်ကို မြင်နိုင်တယ်။ ရှင်က ဒီခြံထဲ … မိုးရွာကြီး လာလှဲအိပ်နေတော့ ဘာထင်ကြမလဲ"

"သေစရာရှားလို့ ဒီခြံထဲ လာသေတယ် ထင်မှာပေါ့"

"ရှင် ကျွန်မကို အရှက်ခွဲတာလား"

"ဘယ်လူသေကောင်၊ ဘယ်အလောင်းမှ တစ်ဖက်သားကို အရှက်မခွဲတတ်ဘူး"

"အလောင်းက စကားတော့ ပြောတတ်လား"

"အသက်သာ သေတာ … နှလုံးသားမှ မသေတာ။ နှလုံးသား မသေတော့၊ အချစ်လည်း မသေဘူး၊ အချစ်မသေတော့ ချစ်တဲ့စကားကို ပြောနိုင်တယ်။ ဖန့်ကလေးကို အရမ်းချစ်တယ်"

"သေရှင် … သေချင်တာသေ၊ ရှင့်ဘာသာ သေပြီးနေတော့"

မြစိမ်း အိမ်ဘက်သို့ ပြန်လှည့်လိုက်၏။

စိတ်လည်းတို၊ ဒေါသလည်းထွက်၊ သူ့ကို ဘဲ့ထုထုရိုက်လည်း လုပ်ချင်၊ လုပ်ချင်စိတ်လည်း မရှိ။ ကိုယ့်စိတ်

www.burmeseclassic.com

www.burmeseclassic.com



တောင် ကိုယ်နားမလည်နိုင်အောင်၊ လုပ်မီလုပ်ရာ၊ ထီးတစ်ချောင်းဆွဲပြီး နောက်ဖေးပေါက်က ဆင်းလာခဲ့မိတာဟာ မသိစိတ်ရဲ့တိုက်တွန်းမှုပါပဲ။ နောက်ဖေးပေါက်က ဆင်းလာခဲ့တော့ အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရပ်ထားသည့်ကားကို မတွေ့ခဲ့ရပါ။ အပြန်ကျမှ ... အိမ်ရှေ့ကတက်ဖို့၊ ခြေလှမ်းတွေက အလိုအလျောက်သယ်ဆောင်ကြသည်မို့ ဒီဘက်ရောက်လာခဲ့တာပါ။

မြစိမ်း... နောက်ဖေးပေါက်မှပဲ ပြန်တက်ခဲ့တော့သည်။

"အေးစမ်း ... ဘယ်က ဧည့်သည်တွေလဲ"

"ပုဆိုးနဲ့ တိုက်ပုံနဲ့ ဝတ်ထားတဲ့ ဦးလေးကြီးက ... ဟိုနေ့က အန်တီရှုဘီနဲ့ တူတူလာတဲ့ ဦးသစ်ထူး"

"ဟင် ..."

"ဟို ... သိပ်မဝတဲ့ အန်တီချော်ချော်ကြီးက ဒေါ်တင်တင်မင်းတဲ့။ နောက်ထပ် တစ်စုံတွဲတော့ ကျွန်မ မသိဘူး။ ဒီနေ့မှ ပါလာတာ"

"ဘာလာလုပ်ကြတာလဲ"

"မသိဘူး မမရဲ့။ ကျွန်မက ဒီမှာ စားဖို့သောက်ဖို့ စီစဉ်နေရတာ"

မြစိမ်း ရင်တွေ ဒိန်းဒိုင်းခုန်တော့၏။

ဒေါ်တင်တင်မင်း ဆိုသည့် အမျိုးသမီးကြီးကို၊ ထမင်းစားခန်းမှ ချောင်းကြည့်ပစ်လိုက်၏။ တော်တော်နုနုနယ်နယ် လှလှပပ ရှိသည်။ မိန်းမချင်းမို့ သူ့အဝတ်အစားတွေရဲ့တန်ဖိုးကို သိလိုက်ပါသည်။ အဖိုးတန် ဈေးကြီးလှပေမဲ့၊ တောက်



တောက်ပပ လက်လက်ဖြာဖြာကြီး မဟုတ်ဘဲ၊ အများထဲမှာရော နှောနေသည့် အဆင်နှင့် အရောင်အသွေးက တင့်တယ်သလောက် ကျက်သရေရှိလှတော့သည်။ မေမေ့နားကပ်ကာ တရင်းတနှီးပြောဆိုနေပုံက ငယ်ပေါင်းကြီးဖော်လား ထင်ရ၏။

သိပ်ကြီးလည်း ကလက်တက်တက် ရွှန်းရွှန်းဝေဝေ မဟုတ်။ ဣန္ဒြေလည်းရ၊ သိက္ခာလည်းရှိ၊ ရင်းနှီးသည့်ပုံစံသည်း ဝင်အောင် သူမို့ ပြုံးတတ်ပါဘိခြင်း။ အထက်စီးလည်း မထ ာ်၊ အောက်စည်းလည်း မကျ၊ မေမေနှင့် တန်းတူရည်တူ နေရာမှာ နေ၍ ခင်မင်နေသည့် ပုံစံကြီးကို ... သူမို့ နေတတ်တိုင်တတ် ပြောဆိုတတ်ပါဘိခြင်း။ နောက်ပါလာသည့် တစ်စုံတွဲကို မြစိမ်း သေသေချာချာ ကြည့်တော့ မှတ်မိသည်။ ဖေဖေ ရှိတုန်းက အိမ်မှာ တစ်ခါတလေ ဝင်ထွက်ဖူးသည်။ ဖေဖေ တလေးတစားပေါင်းသည့် မိတ်ဆွေ။ အန်တီကြီးလည်း တူတူမင် ဦးလေးကြီးနှင့် ပါလာတော့ မေမေက ဖေဖေ့နှယ်ပင် တလေးတစား တရင်းတနှီး ပြောဆိုဆက်ဆံခဲ့ဖူးတာကို မှတ်မိ၏။ ဖေဖေ မရှိကတည်းက မရောက်ဖြစ်တာ ကြာပြီမို့ နာမည်တွေတော့ မေ့နေပြီ။

"သမီးရေ ... အေးစမ်း၊ သမီးမမလေးကို ခေါ်ချေပါဦး ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်လို့"

"ဟုတ်ကဲ့"

မြတ်စွာဘုရား။ မေမေက အေးစမ်းတို့ကိုလည်း အမြဲလိုလို သမီးခေါ်ကာ နေရာလေးထား၍ ဆက်ဆံလေ့ရှိ၏။ မေမေ လှမ်းခိုင်းပြီ ဆိုမှတော့ အေးစမ်းက ခေါ်ခြင်း အပေါ်ထပ်သို့ တက်ခေါ်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဟဲ့ … အမယ်လေး။ လုပ်ကြပါဦး၊ ငါ့ကိုယ်အောက်ပိုင်း တစ်ပိုင်းလုံးက မီးတွေခွဲနေတာ။ တော်ပါသေးရဲ့၊ အပေါ်ထပ်တက်တဲ့ လှေကားကို ညေ့ခန်းက မမြင်ရလို့"

အော်လည်းအော်၊ ပြေးလည်းပြေး၊ အပေါ်ထပ် … ကိုယ့်အခန်းထဲ … ဘယ်လို ရောက်လာခဲ့မိမှန်း မသိ။ လုံချည်အခြောက်တစ်ထည် အမြန်ရှာလဲရသည်။ အကျီတော့ … လဲမနေတော့ပါ။ ကြာနေဦးမည်။ ဆံပင်က ရေနည်းနည်း စိုနေ၏။ စိုပစေတော့ … နည်းနည်းပါးပါး ပိရိသွားအောင် ဘီးနှင့်ဆွဲ၍သပ်၊ မျက်နှာကို လှည့်ပတ်ကြည့်၊ စိတ်စောတိုင်း ပျာယာခတ်ပေမဲ့ လှေကားမှ ဆင်းလာသည့်အခါကျတော့ လှေကားတစ်ဝက်မှာပင် … ဆင်မယဉ်သာ။

ဩော် … မူယာမာယာ ဆိုတာ လိုအပ်၍ ထုတ်သုံးရသော အပြုအမူပဲ။ အဆိုးသို့ မညွှန်းလျှင် ပြီးရော၊ ကောင်းစေဖို့ … သရုပ်ဆောင်ရခြင်းဟာ ယဉ်ကျေးမှုတစ်ရပ်ပါပဲလေ။

"ဩော် … သမီးလာ။ မိတ်လည်းဆက်ပေးရဦးမှာ။ သမီး ဒီဦးဦးနဲ့ ဒီအန်တီ မှတ်မိလား"

"ဟုတ်ကဲ့ … ဖေဖေ ရှိတုန်းက၊ ဖေဖေ လေးစားရင်းနှီးရတဲ့ မိတ်ဆွေတွေမှန်း မှတ်မိပါတယ်"

"ကြည့်စမ်း … သမီးက ပြောတတ် ဆိုတတ် ရှိလိုက်တာ။ ရင်းနှီးတာ မှန်ပါတယ် သမီးရဲ့။ လေးစားတာ မဟုတ်ပါဘူး။ ဦးဦးကလည်း ညည်းအဖေကို လေးစားတာပါပဲ"

"ဟုတ်ကဲ့"



ပြုံး၍ ခေါင်းညိတ်ရင်း … မှမမြရွေး ဆင်းလာ စီစဉ်ဖို့ မပြောခဲ့မိတာ နောင်တရနေ၏။ ဒီလူကြီးနှစ်ယောက်ကို ကျွေးဖို့ မွေးဖို့ အေးစမ်း စီစဉ်တာ အဆင်မှ ပြေပါ့မလား။ မကောင်းတတ်လို့သာ။ ခုနေ … ကြိုက်သည့်ပုံစံမှာ နေစမ်း … ဆိုလျှင် ရင်ညွှန့်ကလေးကို ဖိထားချင်သည်။ ခုန်လွန်းလို့ပါ။

"ဒီဦးဦးနဲ့ ဒီအန်တီက ဦးသစ်ထူးနဲ့ ဒေါ်တင်တင်မင်းလေ"

"ဟုတ်ကဲ့ပါ"

ခေါင်းကလေး ညိတ်၍ပဲ ပြုံးပြလိုက်တော့သည်။ လူကြီးနှင့် လူငယ်မို့ … တွေ့ရတာ ဝမ်းသာပါတယ် … တို့ အ တို့ ပြောလျှင် အဆင်မပြေဘူး ထင်သည်။

"မောင်မင်းအံ့ထူးရဲ့ မိဘနှစ်ပါးလေ"

"ဟုတ်ကဲ့ပါ"

နောက်တစ်ခါပြုံး၍ ခေါင်းညိတ်ရပြန်သည်။ ဘာ ပြောရမှန်းလည်း မသိတော့။ ဒီထက် စကားနည်းနည်း … လျက်၊ ရှိသေလေးစားခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းဆိုတို့ … ပါသည်။ ဘယ်လိုပြုရမှန်းလဲ မသိတော့ပါ။

"သမီးရေ … ဒေါ်မေဝင်းကိုတော့ တလေး … ဆိုပြီးပါပြီ။ သမီးကိုတော့ တရင်းတနှီးပဲ ပြော … ဦးဦးတို့က သမီးတောင်း လာကြတာကွယ့်"

ဖေဖေ့မိတ်ဆွေ ဦးဦးက ရယ်၍ပြော …

"အန်တီတို့ကို အတင်း လာပူဆာတာလေ … နဲ့အတူ လိုက်တောင်းပေးပါတဲ့။ မရရင် … တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မိတ်ဆွေ အန်တီကြီးကလည်း ရင်းနှီးဟန်ပြလျက် ရယ်၍ပြောတော့၏။

"ဒေါ်တင်တင်မင်းတို့နဲ့လည်း ခင်မင်ရင်းနှီး၊ ဒေါ်မေဝင်းနဲ့လည်း ခင်မင်ရင်းနှီးတဲ့ လူကြီးစုံတွဲကို သူမို့ မနားမနေ ရှာဖွေစုံစမ်းနိုင်ပါပေရဲ့။ အန်တီ့ဆီကို နေ့တိုင်းကို လာနားပူတာ။ ဒေါ်တင်တင်မင်းကလည်း ... သူ့သားနဲ့အပြိုင် အန်တီ့ကို အပါခေါ်တာ"

မြစိမ်း ... ခေါင်းလေး ငုံ့ရပါတော့သည်။

"မနက်က ... ဒီနေ့ ... သမီး ဆိုင်ပိတ်ရက်တဲ့။ သမီးအိမ်မှာရှိမယ်တဲ့။ ဒီနေ့ပဲ သွားပြောပေးပါလို့ အတင်းပူဆာတာ။ ရှဘို့တောင် လှမ်းခေါ်သေးတယ်။ ဖြန်းစားကြီးပြောတော့ ရှဘီက မလိုက်နိုင်ဘူး၊ အလှူတစ်ခု သွားစရာရှိနေတယ်၊ အဲဒါကြောင့် ကျန်ရစ်တာ ..."

"သားကတော့ ... နောက်က လိုက်လာမယ် ပြောတာပဲ။ ခုတော့ မရောက်သေးဘူး"

မြစိမ်း ... ခေါင်းကလေး ပြန်မော့ရ၏။

"သူ ... ရောက်နေပါပြီ"

"ဟော ... ဟုတ်လား။ အိမ်ပေါ်လည်း တက်မလာပါလား၊ ကားထဲမှာလား"

မြစိမ်းဆံပင် နည်းနည်းစိုနေတာကို ဒေါ်တင်တင်မင်းက သတိထားလိုက်မိဟန်တူ၏။

"ကားထဲမှာဆိုလည်း အိမ်ပေါ်ခေါ်လိုက်လေ ... သမီး"

ဒေါ်မေဝင်းက ဝင်ပြော၏။



"ဟို ... သူ ... ခြံထဲမှာပါ"

"ဟောတော့ ... ခြံထဲ ... ဘယ်နေရာသွားနေသလဲ၊ မိုးတွေလည်း ရွာနေတာ၊ ခြံထဲမှာ ရေလုံမိုးလုံ နေစရာနေရာမှမရှိဘဲ"

"စိန်ပန်းပြာပင်အောက ခုံတန်းလျားမှာ မေမေ"

"ဘာလုပ်နေတာလဲ၊ သွားခေါ်လေ။ မြန်မြန်"

"သူ ... ဟို ... သေနေတာလို့ ပြောပါတယ်"

ဘာပြန်ပြောရမှန်း မသိဘဲ၊ ထွက်မိထွက်ရာ ထွက်သွားသည်မို့ (အဲဒါ အမှန်အတိုင်းလည်း ဖြစ်၏။) လူကြီးစုံစုံ ပေါင်း ငါးယောက်တို့က ဝါးခနဲ ပွဲကျသွားရတော့သည်။ ရင်းနှီးမှုတစ်ရစ်တိုးလျက် ပိုမိုနီးကပ်သွားကြသလိုပါပင်။

"ဟယ် ... သမီးရယ်။ ဖြစ်မှ ဖြစ်ရလေ၊ လုပ်ကြပါဦး"

ဒေါ်မေဝင်းကလည်း ရုက်ကိုးရုက်ကန်းနှင့် ပြောမိပြောရာ ပြောပြီးမှ ...

"သမီးက အိမ်ရှင်လေ။ သွားခေါ်ခဲ့မှပေါ့" ... ဟု ပြော၏။ ဒေါ်တင်တင်မင်းက ...

"သမီးရေ ... နောက်ပိုင်းတော့ သမီးသဘောပါ။ ခုတော့ မိုးရေထဲက သွားခေါ်ပေးပါဦး၊ ဖောက်ကြာ ဖျားနာရင် ဆေးမကုဘူးဆိုပြီး နောက်တစ်မျိုးနဲ့ ဆန္ဒပြဦးမှာ ကြိုသိနေလို့ သမီးရေ"

သူ့သားတစ်ယောက်လုံး (တစ်ဦးတည်းသော သားကလည်း ဖြစ်သေး) မိုးထဲ ဒီလောက်ကြာနေပြီဆိုတော့ ဒေါ်တင်တင်မင်း၌ စိုးရိမ်စိတ်နှင့် မှုပန်မျက်နှာက ဖုံးမရ။

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်း ... လှစ်ခနဲ မပြေးမိအောင် မနည်းကြီး သတိထား၍ ထမင်းစားခန်းသို့ ဝင်၏။

"ဟာ ... ကျေးဇူးတင်လိုက်တာ၊ မမ ဆင်းပြီး စီစဉ်ပေးနေတာလား"

ထမင်းစားခန်းသို့ ရောက်နေပြီဖြစ်သည့် မြရွှေသီက ပြုံး၍ ခေါင်းညိတ်၏။ မြစိမ်းက ... စောစောက ထီးကိုပဲ ကောက်ယူ၍ နောက်ဖေးပေါက်မှပင် ဒုတိယတစ်ခေါက် ဆင်းရတော့သည်။

"မင်းအုံ ... အိမ်ပေါ်ကို လာတဲ့။ ရှင့်ကို ခေါ်ခိုင်းလိုက်တယ်"

"ဖန့်ကလေး ထူမှထမယ်ဗျို့"

"အပိုတွေ လုပ်မနေနဲ့"

"ဖန့်ကလေး စေတနာမပါရင် မထဘူး"

"အဲဒါ ... ရှင့်ရဲ့ ဗျူဟာနံ့ဝါတ် ဘယ်လောက်လဲ"

"သုည"

"အဲဒီ ပြောင်ချောင်ချော်တွေ၊ ကလေးကလားတွေကြောင့် ရှင့်ကို မယုံတာ။ ရှင်လုပ်နေပုံလည်း ကြည့်ဦး။ ရှင့်လို လူကို ဘယ်နည်းနဲ့ ယုံရမလဲ"

"ယုံဖို့ နည်းလမ်းရှာမနေနဲ့။ မျက်စိမှိတ်ပြီး ယုံလိုက်"

"ရှင် ... မိန်းမတစ်ယောက် အတွက်နဲ့ ကြောင်တောင်တောင် အလုပ်တွေလုပ်တာ မရှက်ဘူးလား"

"မရှက်ဘူး၊ ရှင်ထဲက အချစ်က ... အဲဒီလိုလုပ်လို့ ... ခိုင်းတယ်"

"ကဲပါ ... ထပါတော့။ မှားလာလိမ့်မယ်"



"ချစ်လား"

"အဲဒီကိစ္စကို ခဏထားလိုက်ပါဦး။ နောက်မှ ဆက်ဆွေးနွေးမယ်၊ ခုတော့ ... အိမ်ပေါ်တက်ပါ။ ခက်တာပဲ။ ရှင်း တစ်ကိုယ်လုံးလည်း ရွှဲစိုနေတာပဲ။ လဲစရာအဝတ်ပေးဖို့ လည်း မရှိဘူး"

"ထူ"

လက်ကြီးတစ်ဖက် မြောက်တက်လာသည့်ဆီသို့၊ ကိုယ့်လက်ကို လှမ်းပေးပြီး ထူသလို ဖြစ်သွားတော့၊ သူပဲ သူ့ဘာသာ အားယူ၍ ထလေ၏။ မိန်းမသား ခွန်အားလေးဟာ ... လှဲနေသည့် ယောက်ျားတစ်ယောက် ထူမတ်လာအောင် ဘယ် ဆောင်ရွက်နိုင်မှာလဲ။ မြစိမ်းက ထူသလိုလိုပေမဲ့၊ မင်းအုံထူး ... သူ့ဘာသာ ထရပ်ရခြင်း ဖြစ်သည်။

"ညနေကျရင် ... ကိုကျော်မျိုးဝင်းနဲ့ သူ့မိဘနှစ်ယောက် လုံး လာမယ်ဆိုတာ သိပြီးပြီလား"

"ဟင့်အင်း ... ဘာအတွက်လဲ"

"မမမြရွှေးကို ဒုတိယအကြိမ် ပြန်တောင်းဖို့"

"ရှင့်အစီအစဉ်မှ ဟုတ်ရဲ့လား"

"ဘယ်သူ ဘယ်လို စီစဉ် စီစဉ် ... ကာယကံရှင် ကျေနပ်မှ ဖြစ်မှာ၊ တောင်းတဲ့သူက လိုလိုချင်ချင် တောင်းမှာ၊ တောင်းပန် ချော့မော့မှာ။ သိပြီလား"

မင်းအုံထူးက လက်ဖဝါးကို နှစ်ဖက်လုံး ဆောင်ခြင်းသည်။

www.burmeseclassic.com



မင်းအံ့ထူး ... ဆိုသည့် ယောကျ်ားတစ်ယောက် ... အိမ်ဦးသခင်အဖြစ် ဦးဆောင်သွားမဲ့ လမ်းတစ်လျှောက်မှာ၊ ကိုယ်က ဖြစ်စေချင်နေတာတွေ သူက လိုက်လုပ်ပေးနေရသလိုလိုဖြစ်အောင်၊ သူ့ဘေးမှာရယ်၊ သူ့အရိပ်ကိုခိုလျက်ပေမဲ့ ... ကိုယ်က ဆားကလေးခပ်၊ နမ်းကလေးဖြူးပြီး၊ ခွန်အားပေါက်စလေးသုံးကာ ... ဆရာမလေး (တစ်သက်တာ ထာဝရ) လုပ်နေတော့ဖို့ ဆုံးဖြတ်ချက် ကျလေသတည်း။

မိုးက သည်းထန်စွာရွာဆဲ။

"တစ်ခုတော့ ပြောချင်တယ် မင်းအံ့။ ကျွန်မဟာ မွေးကတည်းက ဘာကိုမှ လောဘမကြီးခဲ့ဖူးဘူး။ အင်မတန်ရောင့်ရဲနိုင်တဲ့ ကလေးလို့ ချီးကျူးခံခဲ့ရတယ်။ ကျွန်မ ... ပထမဆုံး လောဘကြီးမိတာ ... ရှင့်ဆီက အချစ်တွေပဲ။ အများကြီး ရချင်တယ်။ သီးသန့် အပိုင်ရချင်တယ်။ ဘယ်သူ့ကိုမှ ခွဲဝေမပေးနိုင်ဘူး။ အဲဒါ ... ရှင် သိထားဝါ မင်းအံ့ရယ်"

မိုးက ပိုလို့ သည်းလာခဲ့တော့၏။

စာချစ်သူတိုင်းကို ချစ်တဲ့

နေနွယ်ဇင်မြင့်

BURMESE CLASSIC

www.burmeseclassic.com